|သမထ|

|ဦးဧအောင်မြတ်|

# သမထ မျက်လုံး



လက်ရွေးစဉ်

အမှတ် (၆)

၂၉၄-၈

ဖြန့်ချိရေး

ကဝိရတနာ
စာပေတိုက်

၂၀၄၊ လမ်း-၃၀၊ ရန်ကုန်။

ဖြန့်ချိရေးနှင့်ပုံနှိပ်လုပ်ငန်း

ကဝိရတနာ ပုံနှိပ်တိုက် — ၂၀၄၊ လမ်း-၃၀၊ ရန်ကုန်။

ပထမ အကြိမ်၊ — ၁၉၇၅၊ စက်တင်ဘာလ

စောင်ရေ — ၂၀၀၀

မျက်နှာဖုံးပန်းချီ — မောင်မောင်သိုက်

အဖုံးရိုက် — ချင်းတွင်းတိုက်

ဘလောက် — လွင်

ရောင်းဈေး — ၆ ကျပ်

ပုံနှိပ်သူ -- ထုတ်ဝေသူ

ဦးချင်းမြင့် ( မြ-၀၁၆၄၄ ) ကဝိရတနာ ပုံနှိပ်လုပ်ငန်း ၂၀၄၊ လမ်း-၃၀၊ ရန်ကုန်။

သမထဦးအောင်မြတ် (ခ) ဦးအုံးညွန့် (မြ-၀၁၃၇၅)' အမှတ် ၅၄၊ ၉၄ လမ်း၊၊ ကန်ဘော်ဇလေး၊ ရန်ကုန်။

* လူသားသည်(သမထ)ယာနိကကို အားထုတ်ကြိုးစားသော ကြောင့် ဈာန်အဘိညာဉ်ကို ရရှိခဲ့သည်။
* ဈာန်အဘိညာဉ်ကို ရရှိအောင်ကြိုးစား အားထုတ်သူ သည် လူသားဖြစ်သည်။
* လူသားအကြောင်း၊လူ့လောကအကြောင်း ရေးခြင်းသည် ဝတ္ထုဖြစ်၏။
* ထို့ကြောင့်—
* (သမထ)မျက်လုံးပိုင်ရှင်သည် သူကျင်လည် ခဲ့ရသော ဘဝ အကြောင်းကို ပြတ်ပြတ် သားသား ရှင်ရှင်လင်းလင်းရေး သားတင်ပြထားသည်။

## သမထဦးအောင်မြတ်၊ ရေးသား ထုတ်ဝေပြီးသော စာအုပ်များ


၁။ ကိုယ်တွေ့ သမထကျင့်နည်း (၁၉၇၃)

၂။ သမထ ၏ အကျိုးအကြောင်းများ (၁၉၇၃)

၃။ ဘိုးတော် အောင်မင်းခေါင် (၁၉၇၄)

၄။ ကိုယ်တွေ့သမထကျင့်နည်း (၃ အကြိမ်)၁၉၇၅

၅။ အပြုတစက်အမဲတရာ (၁၉၇၅)


## ဆက်လက်ထွက်ပေါ်လာမည့်စာအုပ်—


၁။ တတိယမျက်လုံးပိုင်ရှင် ဆရာဇော်

(မြန်မာပြန်)

အမှန်တရား၊ ကို သိ၍ လွတ်မြောက်သူ၏ စိတ်သည် ငြိမ်သက်၏။
စကား၊ လည်း၊ ငြိမ်သက်၏။ အလုပ်လည်း ငြိမ်သက်၏။

(ဓမ္မပဒ)

သဗ္ဗာ ဟူငြား၊ မှန် တရားလည်း၊ တိမ်းပါး မရှိ၊ မြဲစေ ဘိဿား
တောင်ရှိ မပြို၊ မယိမ်းယိုနှင့်။

(မာန်လည် ဆရာတော်ဘုရား)

သာမန်လူတို့သည်၊ ဘာသာရေး အကြောင်းကို တလှေကြီး ပြောကြ၏။ သို့သော် တရွေးသား မျှ မလုပ်ကြ၊ ပညာရှိ တို့ကား အနည်းငယ် သာပြော၍ တဘဝလုံး စွန့်လွှတ် ဆောင်ရွက်ကြသည်။

(ရမာခရစ်ရှနာ)

ဝိဇ္ဇာပညာရပ်ကို ဥာဏ်မမှီလျှင်၊ ကြံစည်စိတ်ကူး၊ ဖြင်း၊ ဖြင့်၊ ဝေ
ဝန်ရှုပ်မရချေ။ ကိုယ်တိုင်ကျင့်ကြံ၍ ယုံကြည်အား၊ ထား၊ ရသည့်အ
ချက်အလက်များ၊ ကို တွေ့တတ်ရလေသည်။

(သမထ)ဦးအောင်မြတ်၊

# သမထ ဖျက်လုံး

(သမထ) ဦးအောင်မြတ်

# စာရေးသူအမှာ

စာဖတ်ပရိသတ်၏ အားပေးချီးမြှောက်ခဲ့သည့် အတွက် ဤသမထမျက်လုံးစာအုပ်သည် ဆင့်မမြှောက်ခဲ့ပါသည်။

ကျနော်၏ စာပေမြတ်နိုးသောစိတ်ဓာတ်နှင့်အတူ စာဖတ်သူအား အစဉ်လေးစားလျက်ရှိတတ်သော ကျနော်သည်၊ စာအုပ်တိုင်းတွင် ကိုယ်တိုင်ကျင့်ကြံအားထုတ်လေ့လာခဲ့သည့်အကြောင်းရပ်တွေကိုသာ အစဉ်တစိုက် ရေးသားလျက် ရှိပါသည်။

ကျနော်သည် ဘာသာရေးဆိုင်ရာ စာပေကျမ်းဂန်များအရ ကိုယ်တိုင်အားထုတ်သည့် အခါတိုင်း မလွဲမသွေ သွားအောင် အယူအဆ မတိမ်းပါးသွားရန် ကျင့်ကြံ အားထုတ်ပြီးတိုင်း အမြဲပင်စာနဲ့ လက်တွေ့ကို ပေါင်းစပ်လေ့လာခဲ့ပါသည်။

ထို့ကြောင့် ကျနော် လေ့လာလိုက်စား ကျင့်ကြံအားထုတ်သော သမာဓိစာရဏ တနည်းဆိုသော် သမထယာနိက ပညာရပ်တိုင်းတွေ့ရှိခဲ့သည့် အကြောင်းအချက်များကို စာဖတ်ပရိသတ်နားလည်လွယ်အောင် ဝတ္ထုပုံစံမျိုးဖြင့် ရေးသားခဲ့ပါသည်။

စာအရေးအသားနှင့်ပတ်သက်၍ သာယာနာပျော်ဘွယ်ရှိအောင် ညက်ညော ပျော့ပျောင်း နူးညံ့သိမ်မွေ့ ခြင်းကိုသာ ရေးသားခဲ့ပါသည်။ -

## စာရေးသူအမှာ

ဤသမထမျက်လုံး စာအုပ်ကို ဖတ်ပြီးနောက် စာဖတ်ပရိသတ်အနေဖြင့် ဇာတ်ကောင်ဟောနှင့် ရင်းရင်းနှီးနှီး မရှိသေးပါက ကျနော်ရေးသားခဲ့သော (အဖြူတစက် အမဲတရာ) စာအုပ်ကိုဖတ်လိုက်ပါက ဘဝင်ကျသွားဘွယ်ရာရှိပါသည်။

စာဖတ်သူများအား ကျနော် တောင်းပန် လိုသည်မှာ ဤသမထမျက်လုံး စာအုပ်တွင် ရေးသားသော အကြောင်းရပ်များသည် တဖက်သူအား နစ်နာလိုသောဆန္ဒမျိုးဖြင့် ရေးသားခြင်း လုံးဝမပါပါ၊စာဖတ် သူများအတွက် ဗဟုသုတ ရစေရန်နှင့် မိမိတို့ကျင့်ကြံသော ပညာလမ်းများလည်း အမှန်ကိုမြင်ကြရန်နှင့် ပါရမီစာရဏ လမ်းစဉ်ကို လိုက်စားသူများအတွက် အကျိုးပွားကြစေရန် စေတနာကောင်းဖြင့် ရေးသားလိုက်ပါသည်။

ဤကမ္ဘာပေါ်တွင် သူတော်ကောင်းတရား အနှစ်၅၀၀၀ လွှမ်းမိုးနိုင်ပါစေသတည်း။

(သမထ) ဦးအောင်မြတ်

# အမှာစာ

ကျနော်သည် လွန်ခဲ့သော ၁၀ နှစ်လောက်ကစပြီး လက်ဝဲစာပေများကို လေ့လာ မှတ်သားခဲ့သူတဦးဆိုလျှင်တော့မှန်ပါသည်။ မျိုးရိုးအနေဖြင့်ဆင်းရဲသား တောင်သူလယ်သမားအများဆုံးဖြစ်သော မျိုးရိုးဖြစ်သဖြင့်လည်း ဆင်းရဲသား ပစ္စည်းမဲ့များအတွက် ခုခံကာကွယ်ရေး၊ တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ရေး၊ ဖိနှိပ်သူလူတန်းစား တိုက်ဖျက်ရေး၊ ခေါင်းပုံဖြတ်သူချေမှုန်းရေး၊ ပြည်သူတို့ အာဏာလွှမ်းမိုးရေး စသော အယူအဆများကို လက်ခံလာခဲ့သူပင်ဖြစ်ပါသည်။ ဝတ္ထုစာအုပ်ဖိုးဆိုလျှင် ငါးပြားစေ့ပင် အကုန်မခံချင်သော ကျနော်သည် နိုင်ငံရေးစာအုပ်များကို မူရင်းတန်ဖိုးထက် တဆ နှစ်ဆ သုံးလေးဆ ပေး၍ဝယ်ပါသည်။ မှန်ပါသည်။ တရိုတသေ သိမ်းထားပါသည်။ ထိုလက်ဝဲစာပေများက အတွင်းစိတ်ကိုမုန်းတီးခြင်း၊ ခံပြင်းခြင်း၊ ရွံရှာခြင်း၊ ရဲရင့်ခြင်း၊ ဒေါသထွက်ခြင်း၊ ကြင်နာသနားခြင်း၊ တက်ကြွခြင်းစသည့် ရောပြွန်းသော ရသအမျိုးမျိုးကို ခံစားစေခဲ့ပါသည်။ ထိုခံစားချက်နှင့်အတူ မောပမ်းနွမ်းနယ်မှု၊ အားမလိုအားမရဖြစ်မှု၊ နေမထိထိုင်မသာဖြစ်မှု၊ မရိုးမရွဖြစ်မှုများ ကြုံခဲ့ရပါသည်။

ဤကဲ့သို့ ခံစားလှုပ်ရှားလာမှုသည် ယနေ့အထိဆိုလျှင် ၁၀ နှစ်တာကာလသို့ ချဉ်းနင်းဝင်ရောက်လာခဲ့ပြီးဖြစ်ပါသည်။

သို့တိုင်အောင် ဘဝင်ကျသည်ဟူ၍ မရှိခဲ့ပါ၊ အနည်းငယ်ဖြေသာရုံသာ ရှိခဲ့ပါသည်။ ထိုအခြေအနေတွင် "ငါဟာ ဗုဒ္ဓဘာသာဝင်တယောက်ပါလား၊ ငါ့သားသမီးတွေမေးရင် ဘာသာရေးအကြောင်း ဘာတွေဖြေရပါ့မလဲ၊ ဒီလောကီအလုပ်တွေချည်းအားပြုနေလို့ ပြီးပြီလား" ဟူသောဆန်းစစ်ချက်ကြောင့် ကိုယ့်ကိုယ်ကိုယ် ဇဝေဇဝါဖြစ်မှုန်းမသိ ဖြစ်လာပါသည်။ ဘာသာရေးကို တနှစ်ကျော်ကာစ၍ လေ့လာလိုက်စား လာခဲ့ပါသည်။ ဘာသာရေး စာပေဖတ် အားတက်လာပါသည်။ ဘာသာရေးစာပေဖတ်မိသောအခါ သည်းခံတတ်လာခြင်း၊ စိတ်တည်ငြိမ်ချမ်းမြေ့လာခြင်း၊ နူးညံ့ သိမ်မွေ့လာခြင်း၊ အလိုရမက်နည်းပါးလာခြင်း၊ သက်ရှိသက်မဲ့ အရာခပ်သိမ်း၏ ဖြစ်မှုပျက်မှုသဘောကို အထိုက်အလျောက် နားလည် လာပါတော့သည်။

ကျနော်သည် တက္ကသိုလ်ပညာကို လေးငါးနှစ်သင်ထားသူ ခေတ်ပညာတတ် လူငယ်တဦးပီပီ အရာရာကိုစူးစမ်းလိုစိတ်ရှိပါသည်။ သိပ္ပံခေတ် သိပ္ပံအတွေးအခေါ်များကြောင့် ဖော်ပြခဲ့ပြီးသော "အချို့ပြုပြင်ရန်ခက်ခဲသော အယူအဆများ" ကို ဆရာဦးအောင်မြတ်နှင့် ဆွေးနွေးတိုင်ပင် နှီးနှောခွင့် ရလာပါသည်။ ဆရာသည် ခေတ်အမြင် ခေတ်အတွေး ရှိသဖြင့်လည်း ပိုအဆင်ပြေပါသည်။ ဆရာဦးအောင်မြတ်ရေးသားသော "ကိုယ်တွေ့သမထကျင့်နည်း" "အဖြူတစက်အမဲတရာ"ဘိုးတော်အောင်မင်းခေါင် စသည့်စာအုပ်များကို လေ့လာမှတ်သားမိပါသည်။ တွေ့ဆုံ ဆွေးနွေးခွင့်များကိုလည်း အကြိမ်ပေါင်း များစွာရလာပါသည်။ အရှိကိုအရှိ၊ အမှန်ကိုအမှန် မကွယ်မဝှက် ဖွင့်ဟ

ဆွေးနွေးမှုသည်ပင်လျှင် ဆရာ၏ပင်ကိုယ် အရည်အသွေးများ ဖြစ်ကြောင်း တွေ့လာရပါသည်။ ဆရာသည် ငါမှငါဆိုသော ဝါဒရှိသူမဟုတ်ဘဲ အမြဲတန်း၊လေ့လာဆည်းပူးနေသူ၊ သတ္တဝါ အပေါင်းကို မေတ္တာပွားနေသူ တဦးပင်ဖြစ်ပါသည်။ ဆရာနှင့် ဆရာ့စာပေများက ဘာသာရေးသည် လောကုတ္တရာအကျိုး စီးပွားကိုသာ ပေးသည်။ လောကီအကျိုးစီးပွားနှင့် မဆိုင်ဟူ သော ကျနော့အယူအဆကို ပြုပြင်ပေးလာပါသည်။ လောက ကြီး၌ ကိုယ်မသိသောအရာများနှင့် ပြည့်နှက်နေပြီး မိမိဘာမျှ လေ့လာလိုက်စား ကျင့်ကြံအားထုတ်ခြင်း အလျဉ်းမပြုရသေး ဘဲနှင့် ဝေဘန်မှု၊ ပစ်ပယ်မှု မပြုလုပ်သင့်ကြောင်းလည်းနားလည် လာပါသည်။

ဘာသာရေးသည် လောကုတ္တရာအရေးသက်သက် ဆိုသူ များ၊ စိတ်၏ဆန်းကြယ်မှုကိုလေ့လာသူများ စူးစမ်းကြည့်စမ်း ပါဟူ၍ အဆိုပြုလိုက်ပါတော့သည်။

မောင်လူမွှေး (ပြန်တန်ဆာ)

# ၁

ကတ္တရာလမ်းပေါ်မှ မော်တော်ကားသံများ၊ မော်တော်ကားဝပ်ရှော့မှ ကားရိုက်သံများ၊ စက်စမ်းသံ၊ ကလေးများ၏ ပြေးလွှားဆော့ကစားသံများ စသည့် ဆူညံနေသော ပတ်ဝန်းကျင်ကြောင့် ကိုအေးလွင်သည်အိမ်ရှေ့မှ တံခါးခေါက်သံကိုပင် မကြားလိုက်မိချေ။

တံခါးခေါက်သံ နောက်ထပ်ခပ်ပြင်းပြင်း၊ ခပ် သေးလေးမှန်မှန် ခေါက်လိုက်သောကြောင့် အိမ်ထဲ၌ ဂါဖတ်နေသော ကိုအေးလွင်သည် ကုလားထိုင်ပေါ်မှထပြီးတံခါးမကြီးရှိရာသို့ သွားလိုက်ပါတော့သည်။

သူသည် တံခါးဖွင့်လိုက်သည်နှင့်တပြိုင်နက်ကိုကိုအောင်၏ မျက်နှာကို ကွက်ကွက်ကွင်းကွင်းမြင်လိုက်ပါသည်၊

'ဒီလောက်တံခါးခေါက်နေတာတောင် မကြားဘူးလားကွ၊ သူငယ်ချင်း—အရေးအကြောင်းရယ်လို့ မင်းဆီ အကူအညီ ပြေးဘောင်းရင် ဒုက္ခဘဲနော်....'

ကိုကိုအောင်သည် မကျေနပ်သော အမူအရာမျိုးဖြင့် နိဒါန်းပျိုးလိုက်ပါသည်။

'အေးပါ သူငယ်ချင်းရယ်၊ငါအိမ်ထဲမှာစာဖတ်စောင်း နေလို့ပါကွာ၊ ဒီတခါတော့ခွင့်လွှတ်ပါ....'

ကိုအေးလွင်က တောင်းပန်သော မျက်နှာမျိုးနှင့် ပြော လိုက်သော စကားကြောင့် ကိုကိုအောင်က ကျေနပ်သွားလေ သည်။

'သူငယ်ချင်း ဘာသောက်မှာလဲ၊ အပူလား အအေး လား....'

ကိုအေးလွင်၏အမေးကြောင့်

'အပူတခွက်ပေါ့ကွာ၊ လက်ဖက်ရည်နော်....'

သူတို့နှစ်ဦးစကားပြောနေရာမှ အမှတ်မထင် ကိုအေးလွင် က လှမ်းမေးလိုက်ပါသည်။

'မင်းခုတလော ဆရာကြီးဦးနန္ဒအိမ် မရောက်ဘူးလား'

ကိုကိုအောင့်အမေးကြောင့်

'အေး လူတော့ခုတလောမရောက်ဘူးကွ၊ ဒါပေမဲ့စိတ် ကတော့ အမြဲရောက်နေပါတယ်....'

'မင်းရောရောက်သေးသလား....'ဟုကိုအေး လွင်၏အမေး ကြောင့်

'ငါခုဘဲ ဆရာကြီးဆီက ပြန်လာတာ....'

'ငါလဲ ဆရာကြီးဆီ ဒီအပတ်ထဲသွားဖို့ စိတ်ကူး ထား တယ်....'

'ဘာကိစ္စလဲ....'

'အရေးကြီးတဲ့ကိစ္စမဟုတ်ပေမဲ့ ငါ့အတွက် မရှင်းမလင်း ပြဿနာတခုပေါ့—'

'ဘာပြဿနာလဲ....'

'ဝိဇ္ဇာလမ်းစဉ်နဲ့ပတ်သက်တဲ့ပါရမီစရဏလမ်းစဉ်ပေါ့....'

'ဒီလိုဆိုပါရမီစခန်းမဟုတ်ဘူးပေါ့....'

'မဟုတ်ဘူး....'

'ဘာကြောင့်လဲ....'

'စခန်းနဲ့ စရဏဟာ ဘယ်ဟာက ပိုမိုခိုင်မြဲသလဲ....'

'စရဏက ပိုမိုခိုင်မြဲတာပေါ့....'

'မင်းကလဲ ဒီအချက်ကလေးကို ထူးထူးထွေထွေလုပ်ပြီး သွားမမေးပါနဲ့....'

'သိချင်တဲ့အကြောင်းတွေ အများကြီးရှိသေးတယ်....'

'ဒီလိုဆို ဘာအကြောင်းတွေလဲ....'

'ငါသိလိုတဲ့အကြောင်းတွေကဒီလိုရှိတယ်....'ဟု ကိုအေးလွင်က အစချီ၍ပြောကြားလိုက်ပါသည်။

'သာသနာ ၂၅၀၀ နောက်ပိုင်း သကြား သာသနာ ကျရောက်လာတဲ့ အချိန်ကာလမှာ ဆုခိုင်နှုန်းအရပေါ်ကွာ၊ ကတော့ပွဲထိုးတဲ့သူတွေဟာ ပိုမိုများပြားလာတယ်....'

နောက်တချက်က ဘယ်ရပ်ကွက်မှာကြည့်ကြည့်ပဆော့ဂ ကုတဲ့ဆရာတွေ၊ သမထဗေဒင်ဆရာတွေ၊ အကြားအမြင်ပေါက် ဆရာတွေ၊ (၃၇)မင်းနတ်ပွဲတွေ၊ ဘုမ္မိယဉ်စွာစောင့်ပူးပြောတာ တွေ၊ ဝိဇ္ဇာတွေ၊ဘိုးတော်တွေစတဲ့ အစစ်ရှိသလိုအဘုအယောင် တွေက မနည်းဘူးနော်....'

ဧ၂၄၃

'အချို့လူတွေကြပြန်တော့ ဝိဇ္ဇာလမ်းစဉ် ခေတ်လမ်းစဉ် ခေတ်စကားတွေပြောကြ။ မဇ္ဈိမဏလာတဲ့ ဘိုးတော်ပုဂ္ဂိုလ်တွေရဲ့ စကားတွေကိုကြားရတော့ ငါ့အဖို့ဒီပြဿနာရဲ့အတိမ်အနက်ကိုသိတဲ့လူတွေဆီမှာ မေးမြန်းလိုတဲ့ ဆန္ဒတွေ ဖြစ်ပေါ်လာလို့ ဆရာကြီး ဦးနန္ဒဆီသွားဖို့ရှိတယ်....'

ကိုအေးလွင်၏ ပြောပြချက်ကို စိတ်ဝင်စားစွာ နားထောင်နေသော ကိုကိုအောင်သည် ကိုအေးလွင်၏ စကား ပြီးဆုံးသည်နှင့်တပြိုင်နက် သူပြောလိုသောအကြောင်းအချက်တွေကိုလည်း ပြောရှာသေးသည်။

'အေး မင်းပြောသလိုဘဲ ငါလဲ ဒီကိစ္စကို စဉ်းစားနေမိတယ်၊ မင်းဘဝင်မကျသလို ငါလဲဒီကိစ္စရပ်ကို ဘဝင်မကျခဲ့ဘူးကွ....'

ဤသို့ ပြောလိုက်ပြီးနောက် ကိုကိုအောင်သည် စားပွဲပေါ်ရှိ သတင်းစာကိုလှမ်းယူ ဖတ်ရှုနေပါတော့သည်။

ကိုအေးလွင်သည် ကိုကိုအောင်သတင်းစာဖတ်နေသော အချိန်တွင် အိမ်ရှေ့ခန်းမှ ထလာပြီးနောက် ကြောင်အိမ် ဘီဒိုပေါ်ရှိ ရေနွေးဗူးကို လှမ်းယူပြီး လက်ဘက်ရည်တခွက် ဖျော်ရန်အတွက် ပန်းကန်လုံးထဲ ငှဲ့ထည့်နေပါသည်။

ကိုကိုအောင်သည် ကိုအေးလွင်လာချပေးသော လဘက်ရည်ပန်းကန်ကိုလှမ်းယူသောက်လိုက်ပါသည်။

'မင်းက ဆရာကြီးဆီကို တယောက်တည်း မသွားချင်လို့ ငါ့ကိုအဖော်စပ်တာမဟုတ်လား၊ ဒါကြောင့်ခုလို လက်ဘက်ရည်ကို ခပ်မြန်မြန်ဖျော်ပြီးငါ့ကိုလာတိုက်တာပေါ့နော်....'

'မဟုတ်ရပါဘူးကွာ၊ တကယ် စေတနာနဲ့ ဖျော်တိုက်တာပါ....'

ကိုအေးလွင်သည် သူ့ရင်ထဲ၌ရှိသောစေတနာဗလဝကို သွင်းဘွင်းနှင့်ရှင်းရှင်းပြောချလိုက်ခြင်းပင်ဖြစ်ပါသည်။

'မင်းဘယ်တော့သွားဘို့စိတ်ကူးထားသလဲ....'

ကိုကိုအောင်သည် ကိုအေးလွင် စိတ်ဆိုးသွားသည့် အကြောင်းကို ရိပ်စားမိသဖြင့် ဤသို့မေးလိုက်ခြင်းပင် ဖြစ်သည်။

'ဒီအပတ်ထဲသွားမယ်လို့စိတ်ကူးထားတယ်။ မင်းလဲငါနဲ့ အတူလိုက်ခဲ့ပါလား....'

'အေး....ကောင်းသားဘဲ....'

သူတို့နှစ်ဦးသည်သွားမည့်နေ့ရက်ကိုရွေးချယ်လိုက်ကြပြီးနောက် ကိုကိုအောင်သည် ကိုအေးလွင်အိမ်မှ ပြန်လာခဲ့လေသည်။

# ၂

အိမ်ဦးခန်းမှကိုကိုအောင်ပြောလိုက်သောစကားကြောင့် အိမ်ရှေ့လှေခါးမှတက်လာသော ကိုအေးလွင်၏ မျက်နှာတခွင်သည် ပြုံးယောင်သန်းလျက်ရှိနေပါသည်။ ကိုကိုအောင် ပြောလိုက်သောစကားမှာ

"ဒါပေါ့ကွာ၊ ဦးတဲ့လူကပြောကြစတမ်းပေါ့....'

တဖန် ကိုအေးလွင်က

'သူငယ်ချင်း ဆရာကြီးလဲမတွေ့ပါလား....'

'အေး ငါရောက်တော့ အပြင်ထွက်သွားတယ်လို့ ဆရာ့အိမ်သားတွေကပြောတယ်၊ ကိစ္စရှိလို့ထွက်သွားတာပါ မကြာပါဘူး....'ဟု ကိုကိုအောင်က ပြန်ပြောလိုက်ပါသည်။ ကိုအေးလွင်သည် သူ့အိပ်ထဲ၌ပါလာသော စီးကရက်ဗူးကို နှိုက်ယူလိုက်ပါသည်။ တလိပ်ထုတ်ယူပြီး ကိုကိုအောင့်ကို လှမ်းပေးလိုက်ပါသည်။

'သူငယ်ချင်း ဆေးလိပ်သောက်အုံး....'

'အေး....'

ကိုအေးလွင်သည် ကိုကိုအောင်၏ပါးစပ်တွင် ထည့်ထားသော စီးကရက်ကိုမီးညှိပေးလိုက်ပါသည်။ သူတို့ နှစ်ဦး၏ တရှိုက်ရှိုက်ဖွာလိုက်သော စီးကရက်ငွေ့ဏလေးများသည် လွင့်ပျံကာ တွန်လိမ်ယှက်နွယ်လျက် ငွေချည်မျှင်တန်းနေပါတော့သည်။

သူတို့ နှစ်ဦးသည် ဆေးလိပ်ငွေ့ ငွေချည်မျှင်နှင့် အတူ အတွေးအမြင်များလည်း သွယ်တန်း နေလေသည်။ကိုယ့်အတွေးနှင့်ကိုယ် ဖြစ်နေသောကြောင့် အချိန် အတော်ကြာအောင်ပင် တဦးကိုတဦး စကားစ၍ ဘယ်သူမှမပြောမိကြပေ။

အိမ်ရှေ့လှေခါးမှတက်လာသော လူတဦးခြေသံ ကြားရသောအခါမှ နှစ်ဦးသား လှေခါးဆီသို့ပြိုင်တူထ၍ ကြည့်လိုက်ကြပါသည်။

ထိုအချိန်တွင်....

သူတို့နှစ်ဦး၏မျက်နှာသည် တပြိုင်နက် ပြုံးလိုက်ကြ ပါ

သည်။ ရင်တွင်း၌ ဖြစ်ပေါ်လာသောဆန္ဒသည် ဤ နေရာတွင် တူညီမှုရှိနေကြောင်း သက်သေခံလျက် ရှိနေပါသည်။

အိမ်ရှေ့လှေခါးမှတက်လာသောသူမှာ ဆရာကြီးဦးနန္ဒပင်ဖြစ်ပါသည်။ ဆရာကြီးမှာ အသက်အရွယ် ကြီးပေလင့် သွားလာမှု လှုပ်ရှားမှု လုပ်ကိုင်မှုများတွင် လျင်မြန်ဖျပ်လတ်လျက် ရှိနေပါသေးသည်၊ ဆရာကြီးသည် လူငယ်တဦးကဲ့သို့ပင်လျင်မြန်စွာ လှေခါးထစ်မှ တက်ရောက်လာပါသည်။

ဆရာကြီးဦးနန္ဒနှင့် သူတို့နှစ်ဦး တွေ့ဆုံကြသော အခါတွင်....

'ကိုကိုအောင်တို့ ရောက်နေကြပြီလား'

ဆရာကြီးက ဤသို့နှုတ်ဆက်လိုက်သောအခါ

'မကြာသေးပါဘူး၊ ခုနကပါဘဲ'

'အေး'ဟု ဆရာကြီးသည် တအောက်တနား ကိုကိုအောင်တို့နှင့်စကားပြောပြီးနောက် အိမ်ထဲသို့ဝင်သွားပါသည်၊ သူတို့နှစ်ဦးသည် စောဦးကထိုင်နေသော နေရာတွင်ပြန်လည်ထိုင်ချလိုက်ပါသည်။

ဤသို့ထိုင်နေရာမှ ကိုကိုအောင်သည်ရုတ်တရက်ထလိုက်ပြီး သူ၏တူရှေ့တွင်ရှိနေသော စာအုပ်ဘီဒိုထဲမှ ကောင်းနိုး ရာရာ စာအုပ်တအုပ်ကို ထုတ်ယူလိုက်ပါသည်၊ ဘီဒိုနားမှနေ ကိုအေးလွင်အားလှမ်း၍ ပြောလိုက်သောစကားမှာမူ....

'သူငယ်ချင်း၊ မင်းဘာစာအုပ်ဖတ်အုံးမှာလဲ....'

'သင့်မဲ့စာအုပ်တအုပ်ပေါ့....'

ကိုကိုအောင် လှမ်းပေးလိုက်သော စာအုပ်၏ခေါင်းစီး ကို ဖတ်လိုက်ပါသည်၊ 'The Miracle Of Your Mind' မြန်မာလို စိတ်၏တန်ခိုးစွမ်းအင်လက္ခဏာဟု အဓိပ္ပာယ်ရသော စာအုပ်တအုပ်ပင်ဖြစ်ပါသည်။ ၎င်းစာအုပ်အစကို ဖတ်လိုက်သော အခါ

"The human brain is the most wonderfully complicated thing in the world. No machine, no computer, can do so many jobs so quickly. The quiet electrical and chemical activity of brain is more complex than one can imagine."

ကိုအေးလွင်သည် ထိုစာပိုဒ်ကလေးဖတ်ပြီး သဘောကျ နေပါတော့သည်။ တခိုးတည်းကြိတ်ရယ်နေသောကြောင့်ဘဖက် တွင်ရှိနေသူ ကိုကိုအောင်မှာ လှမ်းကြည့်ပြီး ဤသို့ မေးလိုက် ပါသည်။

'ဟေ့ကောင် ရူးနေတာလား၊ တယောက်တည်းဘာ တွေ သဘောကျပြီး ရယ်နေတာလဲ'

'ဒီလိုပေါ့ကွာ၊ ဒီစာအုပ် ထဲမှာ ပါတဲ့ အကြောင်းရပ် ကလေးကို သဘောကျလွန်းလို့ပါ'

'ဘာတွေမို့ ဒီလောက် သဘောကျနေတာလဲ'

'လူတယောက်ရဲ့ အတွေးဟာ ကျင်မြန်လွန်းလို့ ကမ္ဘာ ပေါ်ရှိ တိုင်းတာနိုင်တဲ့ စက်ကိရိယာတွေတောင် လိုက်လို့မမှီနိုင် ဘူးလို့ ဆိုထားလို့ပါ'

ကိုအေးလွင်သည် ဤသို့ပြန်ပြောလိုက် ပါသည်။ သူတို့နှစ်ဦးသည် စကား အပြေအပပြောနေကြရာမှ အမှတ်မထင်အိမ်ရှေ့ခန်းသို့ ရောက်လာသော ဆရာကြီးဦးနန္ဒကို မြင်တွေ့ရသော အခါတွင် တပည့်နှင့် ဆရာတို့ ကျင့်ဝတ်အရ သူတို့နှစ်ဦးသည် ပုဆစ်တုတ်ပြီး ဝတ်ပြုလိုက်ပါသည်။

'မောင်အေးလွင်တယောက်လဲ ခုတလော မရောက်လာတာ အတော်ကြာသွားပြီဘဲ'

ဆရာကြီး ဦးနန္ဒပြောလိုက်သော စကားကြောင့် ကြုံ့ကြုံ့ရုံ့ရုံ့ ကလေးထိုင်နေသော ကိုအေးလွင်သည် ခေါင်းကလေး မော့လာခါ....

'ဟုတ်ကဲ့ဆရာ၊ ကျနော်လဲ လာဖို့စိတ်ကူးနေတာ ကြာလှပါပြီ၊ ခုမှစိတ်ထဲမှ မကျေနပ်တဲ့အကြောင်းတခုကို သိချင်သော ဆန္ဒကလေးလဲ မေးရန်ဆိုပြီးပေါ့'

'အေး....'

ဆရာကြီးသည် စားပွဲပေါ်ရှိ ကွမ်းအစ်ကို လှမ်းယူပြီး ကွမ်းတရာရာလျက် တမြုံ့မြုံ့ ဝါးနေ ပါသည်။ ဆရာကြီးသည် ယောဂီသင်္ကန်းကို ပခုံးပေါ်တွင် တင်ထားပြီး အပေါ်အင်္ကျီမှာမူ ယောဂီယောင်ဖြစ်ပါသည်။ လုံချည်မှာ အဖြူပေါ်တွင် အနက်ရောင် ကန့်လန့်ဖြတ် အစင်း ရှိသော ချည်လုံချည် တပတ်နွမ်းကလေးကို ဝတ်ဆင်ထားပါသည်။

ကိုအေးလွင်သည် ဆရာကြီးနားသို့ တိုးကပ်လိုက်ပြီးဤသို့ ပြောလိုက်ပါတော့သည်။

'ဆရာကြီး ကျနော်တို့ မြန်မာပြည်မှာ တချို့လူတွေဟာ အတော်ကလေးလိုက်စားလာတဲ့ ဝိဇ္ဇာ လမ်းစဉ်တွေ၊ နတ်တွေ၊ ဥစ္စာစောင့်တွေ၊ အနောက်မဏ္ဍိုမက ပုဂ္ဂိုလ်ကြီးတွေ၊ နောက်ပြီး ရှိသေးတယ်၊ ဘုရားလက်ထက်က ဘိုးတော်တွေ ကြွတယ်လို့ ခေတ်စားလာလို့ပါ....'

ကိုအေးလွင် ပြောသော စကားကို တလုံးချင်း နား ထောင် ပြီးနောက် ဆရာကြီး ဦးနန္ဒ သည် သူ ဝါးနေသော ကွမ်းများကို တဖြေးဖြေးဖြင့် ဝါးလျက် ရှိပါသည်။ ၎င်းနောက် သူ၏နံဘေးတွင်ရှိသော ထွေးခံကိုလှမ်းယူပြီး တံတွေးထွေးလိုက် ပါတော့သည်။

'ခအေးပေါ့ မောင်အေးလွင်၊ လောကမှာ အကြောင်း တရားရယ် အကျိုးတရားရယ်လို့ နှစ်မျိုးဘဲရှိတယ်၊ကောင်းတာ လုပ်တဲ့ ပုဂ္ဂိုလ်ဟာ ကောင်းတဲ့ အကျိုးခံစားရမယ်၊ မကောင်း တာလုပ်တဲ့ ပုဂ္ဂိုလ်ဟာ မကောင်းတာ ခံစား ရမယ်၊ ဒါဟာ လောက နိယာမ အကြောင်းကြောင့် ဖြစ်လာတဲ့ အကျိုး တရား တွေပေါ့'

'မင်းစောစောက ပြောလိုက်တဲ့စကားတွေထဲမှာ အကျိုး တရားဖြစ်မဲ့ အလုပ်ပေါ့ကွာ၊တခြားနည်း ပြောရရင် လုပ်ရပ်တခု ဟာ အကျိုးမဲ့လည်း မဖြစ်ရဘူး အကျိုးဖြစ်ဖို့လိုတယ်'

'အဲဒီ လုပ်ရပ်တွေ ကျင့်ကြံအားထုတ်တဲ့ နည်းလမ်းတွေ ဟာ ပညာရှိတွေကဲ့ရဲ့မှုလဲ မဖြစ်ရဘူး၊ ချီးမွမ်းမှုဘဲ ဖြစ်ရမယ်။ အများက လက်ခံနိုင်တဲ့ နည်းလမ်းလဲ ဖြစ်ရမယ်၊ မိမိတို့ ကိုး

ကွယ်တဲ့ ဘာသာတရားက လက်ခံနိုင်တဲ့ အကြောင်းရပ်တွေလဲ ဖြစ်ရမှာပေါ့....'

'ဟုတ်ကဲ့....'

ဆရာကြီးသည် မီးညှိလက်စရှိသော ဆေးလိပ်ကိုအားပါးတရ ဖွာရှိုက်နေပါသည်။

'မင်းပြောသလိုပါဘဲ သကြားသာသနာ ရောက်တော့မှ ဝိဇ္ဇာကြိုး၊ နတ်ကြိုး၊ (၃၇)မင်းနတ်ကြိုး၊ဘုမ္မိယကြိုး၊ ဇီဝကကြိုး စတဲ့ကြိုးတွေဟာအမြောက်အမြား ပေါ်ပေါက်လာတယ်'

ကိုအေးလွင်သည် ဆရာကြီး ပြောလိုက်သော စကားကို သေချာဂရုစွာ နားမလည်သော စကား တလုံးကြောင့် .

'ဆရာကြီး ကြိုးဆိုတာဘာလဲ'

'ကြိုးဆိုတာက မင်းတို့ခေတ်မှာ တယ်လီဖုန်း ဆက်တဲ့ ကြိုးလိုပေါ့ကွာ၊ သူတို့ အားထားနှစ်သက်တဲ့ ဝိဇ္ဇာ၊ နတ်၊ဥစ္စာစောင့်၊ ရုပ်ကဇိုးစတဲ့ ပုဂ္ဂိုလ်တွေထံ ဆက်တဲ့အကြောင်းကို ကြိုးလို့ ခေါ်တာပေါ့'

'ဒီလိုဆို ခေတ်ခန်းတွေ၊ ခေတ်နန်းတွေမှာ မိမိကိုးကွယ်တဲ့ ပုဂ္ဂိုလ်ခေတ်ပုံရှေ့မှာ ငှက်ပျော အုန်းပွဲပေး၊ ဒါန ပြုပြီး ချထားတာ ကြိုးချထားတယ်လို့ ခေါ်ပါသလား'

'တချို့ဆရာတွေက မင်းပြောတဲ့အတိုင်းဘဲပြုလုပ်နေတာ တွေ့ဘူးတယ်'

'ဒါပေါ့ မောင်အေးလွင်၊ဘယ်သူတွေဘာတွေ လုပ်ပေမဲ့ မိမိနဲ့ ရှေးဘဝက ပါရမီဆိုတဲ့ ဆည်းပူး ကျင့်ကြံ အားထုတ်တဲ့

စေတနာ အရှိန်အဟုန်လေး ရှိအုံးမှ ခုဘဝမှာအမှန်ကို အမှန်အတိုင်းမြင်ရမှာ၊နောက်မို့ဆိုမိမိတို့ကိုးကွယ်တဲ့တရားမြတ်တရားထူးတွေကို မဟုတ်မမှန်တဲ့ ပုဂ္ဂိုလ်တွေထဲကကာရံထား တတ်တယ်၊ ဒါကြောင့် ခု မင်းမေးတဲ့ ကိစ္စရပ်တွေမှာ သွားရောက် စုံစမ်းနေဖို့မလိုဘူး၊ ကောင်းတယ် ဆိုးတယ်လို့ ပြောနေဖို့ မလိုဘူး၊ ဗုဒ္ဓရှင်တော်မြတ်ရဲ့ သူတော်ကောင်းတရား(၇)ပါးထဲက သုတ၊ ပညာ၊ သတိ၊ ဤသုံးချက်ကို လေးလေးနက်နက်နားလည်ထားရင် ဘာကိစ္စမဆိုပင် ကိုယ့်အသိနဲ့ကိုယ်ဝေဖန်နိုင်စွမ်းရှိမယ်'

ကိုအေးလွင်သည် ပြူတင်းပေါက်မှ တိုက်ခိုက်လာသော လေနုအေးကလေးကို အားပါးတရရှူရှိုက်လိုက်ပါသည်။ သူ၏လက်တွင် ဆုပ်ကိုင်ထားသော စာအုပ်ကို အနီးတွင်ရှိသော စားပွဲပေါ်သို့ ပစ်တင်လိုက်ပါသည်။ သူသည် ခံတွင်း ချဉ်လာသောကြောင့် အိတ်သဲ၌ ရှိသော ဓီးကရက် ဗူးကို နှိုက်ယူလိုက် ပါသည်။ ၎င်းနောက်တခြားတနေရာသို့ ထွက်သွားပြီးမှ ဆေးလိပ်ကို မီးညှိလိုက်ပါတော့သည်။

ဒီတခါမူ ကိုကိုအောင် အလှည့်သို့ ရောက်လာ ပြန်ပါသည်။

ဆရာကြီး—ကိစ္စ ပြီးစီးတဲ့ ထွက်ရပ်ပေါက် ဆရာကြီးတွေ ဘယ်နှစ်ပါးလောက် ရှိပြီဆိုတာ ပြောပြနိုင်ပါ့မလား'

'ဘုရား လက်ထက်ကစပြီး ခုထိဆိုရင် မနည်းတော့ဘူး ပေါ့ကွ။ ထွက်ရပ်ပေါက် ကျင့်ကြံတဲ့ လမ်းစဉ်ဟာ ပါချမီစချဏ ဖြစ်တယ်....'

'ဟုတ်ကဲ့ အမိန့်ရှိပါအုံး....'

ကိုကိုအောင် ဆက်ပြောလိုက်သောစကားကြောင့်....

'ထွက်ရပ်ပေါက် လမ်းစဉ်ဆိုတာ (ပါရမီ)ဖြည့်ဆည်းတဲ့ လမ်းစဉ်ပေါ့။ တနည်းပြောရရင်တော့ ဆုကြီးပန် လမ်းစဉ်ဆိုလဲ မမှားပါဘူး....'

'အဲဒီနေရာမှာ "ပါရမီ" ဆိုတဲ့ စကားလုံးဟာ အလွန် လေးနက်တယ်၊ "ဖြည့်ကျင့်မှု"လို့ အဓိပ္ပာယ်ရတယ်'

ကိုကိုအောင်သည် ဆရာကြီးပြောကြားနေသည့် ကြားမှ ထပ်မံ၍ စေ့ဒက တက်လိုက်ပြန်ပါသည်။

'မြန်မာပြည်မှာ ခုခေတ် ရေပန်းစားနေတဲ့ ပေါက်ဆရာ (၆၄)ပါးဆိုတာဟုတ်ရဲ့လား....'

'မင်း မေးတဲ့ မေးခွန်းလေးကို ဆရာကြီးသဘောကျ သွားပြီ၊ဘာကြောင့်လဲဆိုရင် ဘုရားမပွင့်မီကာလအပိုင်းအခြားနဲ့ ခုကာလတိုင်အောင် ပေါက်ဆရာ တွေဟာ မနည်းဘူး။ အဲဒီ ပုဂ္ဂိုလ်တွေ အဓိဋ္ဌာန်ပြုထားတဲ့အတိုင်း ဖြစ်သွားတဲ့ပုဂ္ဂိုလ်ရှိသလို မဖြစ်သေးတဲ့ ပုဂ္ဂိုလ်တွေလဲ မနည်းဘူး ရှိသေးတယ်၊ ဒို့မြန်မာ ပြည်က၊တောင်၊အောင်၊ခေါင်၊ ဗားဆိုတဲ့ အက္ခရာစဉ် အတိုင်း အသေစွဲမှတ်ပြီး ပြောနေကြတာ....'

'အဲဒီပေါက်ဆရာ (၆၄) ပါးဆိုတာ ဘယ်လိုလုပ်ပြီး ဖြစ်ပေါ်လာတာလဲ၊ အနည်းငယ်ရှင်းပြခွင့်ပြုပါ ဆရာကြီး....'

'မိစ္ဆာခေတ်ဖျက်ရန်အတွက် ပေါက်ဆရာ ဝိဇ္ဇာကြီးတွေ က အတွင်းကြိုးကိုင်ပြီး သာသနာ့ပန္နက်ရိုက်လိုကြတယ်။ အဲဒီအ ချိန်မှာ အင်္ဂလိပ်အစိုးရက တကျပ်မှာ(၆၄)ပြားသုံးတဲ့အချိန်

ပေါ့။ ပေါက်ဆရာဝိဇ္ဇာတွေက(၆၄)ပြားကို ချေဖျက်လို့ပေါက်ဆရာ ၆၄ ပါးလို့အခေါ်ပြုလာတာ....'

'ဒါနဲ့ပတ်သက်ပြီး ကျနော်လဲမေးမြန်းကြည့်ပါတယ်၊အဲဒီပေါက်ဆရာ ၆၄ ပါးဟာတကယ်မှန်ကန်စွာသမိုင်းအထောက်အထားရှိခဲ့ရင် ယနေ့အထိ(၆၄)ပါးသောပုဂ္ဂိုလ်တွေရဲ့ ဘွဲ့ အမည်တွေကိုသိကြမှာပါ။ ခုတော့ဘယ်သူ့ကိုမေးလိုက်မေးလိုက်ပေါ့ ပေါက်ဆရာ (၆၄)ပါးဟု ခြုံပြီး ပြောကြသည်မှ လွဲပြီး အခြားမပြောနိုင်ကြပါဘူး....'

'အေး....'

ဆရာကြီးက ဤသို့အဖြေပေးလိုက်ပါတော့သည်။ ဆရာကြီးသည် နံ့သာရိုးကွမ်းအစ်အဖုံးကိုဖွင့်ပြီး ကွမ်းတရာ ဆုစား လိုက်ပါသည်။ ၎င်းနောက် ဤသို့ ပြောလာပါသည်။ထိုအချိန်တွင် ကိုကိုအောင်နှင့် ကိုအေးလွင်သည် ဆရာကြီးရှေ့၌ရှိနေပါသည်။

'ယနေ့ဒို့ကိုးကွယ်နေတဲ့ ဂေါတမဗုဒ္ဓရဲ့ပါရမီတော်ခန်းကို ပြန်ကြည့်ရင် ဒီပင်္ကရာဘုရားရှင်သည် အရှင်ရသေ့၏ ဦးခေါင်းရင်း၌ ရပ်တန့်တော်မူပြီးလျှင် နောင်ရေး နောင်တာကို ဆင်ခြင်တော်မူပြီးနောက် မိမိကိုယ်ကို တံတားလို ခင်း လျက်ထက်မြက်သောအကျင့်ဖြင့် တင့်တယ်သောဤရသေ့ကိုကြည့်ရှုကြလော့။ဤရသေ့သည် လေးအသင်္ချေနှင့် ကမ္ဘာတသိန်း လွန်သောအခါ ငါဘုရားကဲ့သို့'ဂေါတမဗုဒ္ဓ' ဟူသော အမည်ဖြင့် ဘုရားတဆူဖြစ်လိမ့်မည်ဟု ဘုရားတံဆိပ်ဗျာဒိတ်တော်မြတ်ကိုခပ်နိုင်

တော်မူပြီးလျှင် ယခင်ကြာပန်းရှစ်စည်းဖြင့် ရသေ့အပေါ်ကြဲ ဖြန့်ကာ ရသေ့၏နံဘေးမှ ရှောင်လွဲ၍ ကြွတော်မူလေသည်။

အလောင်းတော်ဟာ ဗျာဒိတ် ရတော်မူပြီးနောက် ၌ ညွှန့်ပြောင်းမထတော်မူပြီး တင်ပလ္လင်ဖွဲ့ခွေ ထိုင်နေတော်မူကာ စဉ်းစားဆင်ခြင်သည်မှာ များစွာသော သတ္တဝါအပေါင်းကို သံသရာ ရေယာဉ်မှကယ်တင်ဖို့ရာ လွန်စွာမြင့်မြတ်သောဘုရား အဖြစ်သည် သာမန်ကောင်းမှုပါရမီဖြင့် ပြည့်ဝနိုင်သောအဖြစ်မျိုး မဟုတ်၊ ဘုရားဖြစ်ဖို့အကြောင်း ကောင်းမှု ပါရမီတော်ဟာ ဘယ်လောက်များကြောင်း ဆင်ခြင်တော်မူရာ ဆယ်ပါးတော် ပါရမီကို အစဉ်အတိုင်း မြင်တော်မူလေတယ်။ ပါရမီဆိုတာဟာ မြင့်မြတ်သူတို့၏ နိဗ္ဗာန်ကိုရည်မှန်းတဲ့ လှူဒါန်းမှု သီလစောင့်တည်စသည့် လောကီစည်းစိမ်ချမ်းသာကို ရည်မှန်း၍ လှူဒါန်းခြင်းဟာ ပါရမီကုသိုလ်လို့သတ်မှတ်လို့မရဘူး။

ခုပြောမဲ့ ပါရမီဘာဂ၌(၁၀)ပါးတွင်သာမန် ပြည့်ကျင့်မှုကို'ပါရမီ'ဟု ခေါ်တယ်၊ မျက်စိ၊နား၊နှာခေါင်း၊ အင်္ဂါခြေလက်တို့ အဖျက်အဆီးခံ၍ပြည့်ကျင့်မှုကို 'ဥပပါရမီ'ဟုခေါ်တယ်၊ အသက်ကိုပင် မငဲ့ညှာဘဲလွန်စွာဖြည့်ကျင့်မှုကို 'ပရမတ္ထပါရမီ' လို့ခေါ်တယ်၊ ယခင်က(၁၀)ပါးကို (၃)မျိုးဖြင့် မြှောက်ရင် (၃၀)ပါရမီ ဖြစ်တယ်။

ဆရာကြီးဦးနန္ဒက ပါရမီအကြောင်းကို သဘောပေါက်နားလည်အောင် ရှင်းပြ လိုက်သောကြောင့် သူတို့နှစ်ဦးသည် အထူးပင်ဝမ်းသာ သွားကြလေသည်။

သူတို့နှစ်ဦးသည် ဆရာကြီးထံမှ ထွက်ခဲ့ကြပါသည်။ လမ်းပေါ်သို့ရောက်သောအခါတွင် ကိုအေးလွင်သည် သူပြုဖွယ်ရှိသောအကြောင်းရပ်များကိုမေးရန် မေ့သွားသောကြောင့်....

'သူငယ်ချင်း ငါတော့ မေးစရာအကြောင်းတခု မေ့သွားတယ်ကွာ'

'နောက်နေ့ လာမေးလဲ ရပါတယ်'

ကိုကိုအောင်ပြောလိုက်တော့မှ ကိုအေးလွင်သည်အနည်းငယ်စိတ်ပျက်နေရာမှ ရှင်လန်းဝမ်းမြောက်သွားပါသည်။

# ၃

'ကိုင်း ဆိုစမ်းပါအုံး၊ဘယ်လိုအရေးတကြီးအကြောင်းကိစ္စများအသူ့ရှိလို့ နံနက်စောစော လာကြတာလဲ'

ဆရာကြီးဦးနန္ဒသည် သူ့ရှေ့၌ရောက်နေကြသော ကိုကိုအောင်နှင့် ကိုအေးလွင်တို့ကို ပြောလိုက်ခြင်းဖြစ်ပါသည်။

'ဒီလိုပါ ဆရာကြီး ဝိဇ္ဇာ အကြောင်းနဲ့ ပတ်သက်တဲ့ အကြောင်းရပ်တွေများ သိရမလားလို့ပါ'

ဆရာကြီးသည် ပြုံးရယ်လျက် ပြန်လည်အဖြေပေးလိုက်ပါသည်။

'ဝိဇ္ဇာဆိုတာက မြန်မာလို ပြန်ရင်တော့ အသိဉာဏ်ဘဲ

ဖြစ်တယ်၊ နောက်တချက်ကတော့ ကျမ်းဂန်အရဆို (၁) ဝေဒဝိဇ္ဇာ၊ (၂) မန္တဝိဇ္ဇာ၊ (၃) ဂန္ဓာရီဝိဇ္ဇာ၊ (၄) လောကာယတဝိဇ္ဇာ၊ (၅) အရိယဝိဇ္ဇာ လို့ ငါးမျိုးရှိတယ်'

'နောက်တချက်က ဂန္ဓာရီဆိုတာက ပါဠိအခေါ် ဖြစ်တယ်၊ ဂန္ဓာရာ ဝရေတိတိ၊ ဂန္ဓာရေ ဂန္ဓာရေသုယသာ အာ တသ္မိံ ဝိဇ္ဇာတီတိ ဂန္ဓာရီ၊ ဂန္ဓာရာ ၊ ဝိဇ္ဇာမယ ညာဏ်ကို စာရေသိ ဆောင်ရွက်တတ်ဘယ်လို့ ဆိုထားပြန်တယ်'

'နောက်တချက်က 'ဂန္ဓာရီ' ပုဒ်ကို ဝိဂြိုဟ်ပြု၍ ခွဲမှာ အနက်ပြန်မယ်ဆိုရင် ဝိဇ္ဇာမယဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ဂန္ဓာရီဝိဇ္ဇာလို့ ခေါ်တယ်'

'ဝိဇ္ဇာဂိုဏ်တို့သည် ဂန္ဓာရီစသော မန္တာန်မန္တရားကိုလည်း မှတ်သောအစဉ်ဖြင့်ရွတ်၍ ကောင်းကင်သို့ သွားကုန်လေသည်၊ ကောင်းကင်၌ ဆင်ကိုပြကုန်လေသည်၊ ယသုံးယူး အပြားပြား များသော စစ်သည် အပေါင်းတို့လည်း ပြကုန်လေသည် လို့ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ ကျမ်းမှာဖော်ပြထားတယ်'

ဆရာကြီးသည် စာပေ ကျမ်းဂန် အရ ပြောကြားပါသည်။

'ဒီလိုဆို ဆရာကြီး ကျမ်းဂန်အရ ပြောကြားတဲ့စကား ထဲမှာ ဓမ္မဝိဇ္ဇာ ဆိုတဲ့ စကားလုံးမပါလို့ မေးပါရစေ၊ ဓမ္မဝိဇ္ဇာ ဆိုဘာဟာ ဘာကိုဆိုလိုတာလဲ'

ကိုကိုအောင်၏ အမေးကြောင့်....

'ဓမ္မဝိဇ္ဇာစာလုံးကိုတော့စာပေကျမ်းဂန်တွေထဲမှာ မတွေ့မိဘူး၊ ကျမ်းပြုဆရာတော်ဘုရားများ ရေးသားတဲ့ ကျမ်းဂန်တွေထဲမှာလဲ မဖတ်ခဲ့ရဘူး'

ဟု ဆရာကြီးက ပြန်ပြောလိုက်ပါသည်။

'ကိုကိုအောင် ဒီစာလုံးကို ဘယ်ကကြားခဲ့တာလဲ'

ဆရာကြီးဦးနန္ဒ၏ အမေးကြောင့်....

'ကျနော် အချို့ဆရာတွေ ရေးသားထားတာ ဖတ်ဖူးလို့ မေးရတာပါ'

'အေးပေါ့ကွာ ဝိဇ္ဇာစာလုံးတွေကို ရေလဲသုံးနေတဲ့ခေတ်ဆိုတော့ မင်းတို့လဲ ချင့်ချိန်ယုံပေါ့'

ဆရာကြီးဦးနန္ဒသည် သူပြောလိုသောစကားများ ပြီးဆုံးသွားသဖြင့် ထိုင်နေရာမှ ထလိုက်ပါ၍ အညောင်းအညာ ပြေစေရန်အလို့ငှာ အိမ်ထဲမှာပင် လမ်းလျှောက် နေပါသည်။ သူတို့နှစ်ဦးကလည်း ဆရာကြီး၏ ပြုမူလုပ်ဆောင်ချက်အရိပ်အခြေကိုကြည့်ပြီး သူတို့မေးလိုသောစကားများကို ထပ်မံမေးရန်ဟန်ပြင်လိုက်ပါသည်။ ဆရာကြီးသည် လမ်းလျှောက် နေရာမှ တဖန်ပက်လက် ကုလားထိုင်တွင် ထိုင်ချလိုက်ပါသည်။ ၎င်းနောက်လက်တွင် ညှပ်ထားသော ဆေးပြင်းလိပ်တိုကို မီးညှိရန် မီးခြစ်ရှာနေသည်ကို တွေ့မြင်ကြရသော ကိုကိုအောင်နှင့်ကိုအေးလွင်တို့နှစ်ဦးသည် သူတို့၌ ပါလာသော မီးခြစ်ကို ထုတ်ယူပြီး ပေးလိုက်ပါတော့သည်။

သူတို့ နှစ်ဦးသည် ဆရာကြီးထိုင်လျက်ရှိသော ပက်လက်ကုလားထိုင်ရှေ့တွင် ထိုင်လိုက်ပြီး တဦးနှင့်တဦး ကြည့်လိုက်၊

ဆရာကြီးကိုကြည့်လိုက်ဖြင့်သာ အချိန်အနည်းငယ်ကုန်စေခဲ့လေသည်။ ဆရာကြီးသည် ဆေးပြင်းလိပ်ကိုသာ တသင်းသင်းခုနေသဖြင့် မီးသဘော်ကဲ့သို့ပင် မီးခိုးများသည် တလိပ်လိပ်ပျံ့လွင့်နေပါသည်။

ဆရာကြီး၏အရိပ်အခြေအနေကို အကဲခပ်လေ့လာနေကြသော ကိုကိုအောင်တို့မှာ စိတ်ပျက်ခြင်းမရှိပေ။ သူတို့သိလိုသော အကြောင်းရပ်များက လိုသေးသဖြင့် ဤကဲ့သို့ငုတ်တုတ်ကလေးထိုင်နေကြပါသည်။

ဆရာကြီးလက်ထဲတွင် ကျန်ရှိနေသော ဆေးပြင်းလိပ်တိုကလေးမှာ လက်ချောင်းကလေးများကိုပင် မီးလောင်မတတ်ရှိသောအခါ ထိုင်နေရာမှ ရုတ်တရက် ထလိုက်ပါ အိမ်ရှေ့မြေတင်းပေါက်ကိုကျော်၍ လွှင့်ပစ်လိုက်ပါတော့သည်။

သူတို့နှစ်ဦးသည် ဆရာကြီးပြန်ထိုင်လိုက်သောအခါတွင် သက်ပြင်းရှည် တခုကို မှုတ်ထုတ်လိုက်ကြပါသည်။

ငင်းနောက်....

ဆရာကြီးသည် သူတို့နှစ်ဦး၏မျက်နှာတခုကို စိုက်ကြည့်လိုက်ပြီး ဤသို့အမိန့်ရှိပြန်သည်။

'မင်းတို့ သေသေချာချာ မှတ်ထားကြနော်၊ အခုပြောမဲ့စကားဟာ သိပ်အရေးကြီးတဲ့အကြောင်းရပ်တွေ၊ဘာကြောင့်လဲဆိုတော့ မင်းတို့အနေက ငယ်ရွယ်တဲ့အချိန်ကစပြီး ဘာသာရေးနဲ့ပတ်သက်တဲ့ စာပေကျမ်းဂန်တွေ လေ့လာကျက်မှတ်သင်ကြားခွင့်မရကြဘူး။ ဒီတော့ စာပေကျမ်းဂန်တတ်တဲ့ပုဂ္ဂိုလ်တွေ

က တိုတိုတုတ်တုတ်လိုရင်းကို ထိထိမိမိပြောကြားတဲ့ စာပေတွေကို နားနဲ့ စွဲမြဲမှတ်ထားဖို့ သိပ်အရေးကြီးတယ်'

'ဟုတ်ကဲ့ ဆရာကြီး'

ဤသို့အရိုအသေပေး၍ ပြောလိုက်ကြပါသည်။

သူတို့ပြောသောစကား ဆုံးသည်နှင့်တပြိုင်နက် ဆရာကြီးသည် သူပြောရမည့် စကားကို ဆက်ပြော နေပါတော့သည်။

ပိဋကတ်သုံးပုံဆိုတာ အလွန်ကြွယ်ဝနိုးတယ်၊ ပိဋကတ်သုံးပုံကို အကျဉ်းချုံးရင် ဗောဓိပက္ခိယတရား (၃၇) ပါးရပါတယ်၊ ဗောဓိပက္ခိယ တရား (၃၇)ပါးကို အကျဉ်းချုံးရင် မဂ္ဂင်ရှစ်ပါးရတယ်၊ မဂ္ဂင်ရှစ်ပါးကို အကျဉ်းချုံးရင် သိက္ခာသုံးပါးရတယ်၊သိက္ခာသုံးပါးကိုအကျဉ်းချုံးရင်(ကောဓမ္မော) တခုတည်းသော တရားပင်ဖြစ်တယ်'

'သိက္ခာသုံးပါးဆိုတာဟာ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာပါဘဲ၊ အဓိသီလ အားကောင်းရင် စိတ်တွေသောင်းကျန်းမှုမရှိဘဲ ငြိမ်ဝပ်ပိပြား တည်နေရင် (သမာဓိ) ဖြစ်တယ်၊ အဲဒီ (သမာဓိ) ကို အဓိစိတ္တလို့ခေါ်တယ်'

ဒါကြောင့် ကမ္မဋ္ဌာန်းတရားမှာ (သမာဓိ) ဟာအဓိကဘဲ....'

ဆရာကြီး ပြောပြီးသွားသော စကားလုံးများ ထဲတွင် (သမာဓိ) အကြောင်းကို ထပ်ခါထပ်ခါ အရေးကြီးကြောင်း ပြောသည်ကို သူတို့၏နားဝယ် စွဲမြဲစွာမှတ်သား နာယူရသဖြင့် ဤသို့ထပ်ဆင့် မေးလိုက်ကြပြန်ပါသည်။

'သမာဓိ ဆိုသော အနက် အဓိပ္ပာယ်ကို မသိရဘူးလား....'

'အေး မင်းတို့နားလည်အောင်ပြောရမယ်ဆိုရင် 'သမာဓိ'မှာ နှစ်မျိုးရှိတယ်၊ (၁) ဥပစာရသမာဓိ၊ (၂) အပ္ပနာသမာဓိ၊ ၎င်းနှစ်ပါးလုံးကို အားထုတ်ကြရတယ်၊ ၎င်းနှစ်ပါးတို့မှာ ဆယ်ပါးသော ကမ္မဋ္ဌာန်းသော်၎င်း၊ ရှစ်ပါးသောအပ္ပနာစျာန်တို့ရဲ့ ပုဗ္ဗဘာဂစိတ္တုပ္ပါဒ်ကို၎င်း၊ ကောဂ္ဂတာ စေတသိက်ဟာ ဥပစာရ သမာဓိဖြစ်တယ်....'

ကြွင်းသော သုံးဆယ်သော ကမ္မဋ္ဌာန်းတို့မှာ စိတ္တေကဂ္ဂတာဟာ အပ္ပနာသမာဓိဖြစ်တယ်....

အဲဒီ(သမာဓိ)ဘာဝနာအားထုတ် ပုဂ္ဂိုလ်ရရှိတဲ့အကျိုးဟာ....

(၁) မျက်မှောက်သောကိုယ်၏အဖြစ်၌ ချမ်းသာစွာနေရခြင်းဖြစ်တယ်၊ အဲဒါဟာ အပ္ပနာသမာဓိကိုပွားစေခြင်းရဲ့ အကျိုးဘဲ

အဲဒီစကားဟာ မှန်တယ်လို့ ကျမ်းဂန်တွေမှာ အဆိုပြုထားတယ်....'

'ကုန်ပြီးသော အာသဝေါရှိကုန်သော အကြင်ရဟန္တာပုဂ္ဂိုလ်တို့သည် စျာန်ဝင်စားကုန်၍ တည်ကြည်သောစိတ်ရှိကြသည်ဖြစ်၍ ချမ်းသာစွာ တနေ့ပတ်လုံးနေကုန်အံ့ဟု နှလုံးသွင်း၍ အပ္ပနာသမာဓိကို ပွားကုန်၏။ ထိုရဟန္တာပုဂ္ဂိုလ်တို့၏ အပ္ပနာသမာဓိကို ပွားစေခြင်းသည် မျက်မှောက်သောကိုယ်၏ အဖြစ်၌ ချမ်းသာစွာနေရခြင်းအကျိုးအာနိသင်ရှိသည်ဖြစ်၏။

ထို့ကြောင့် မြတ်စွာဘုရားသည် "အို....စုန္ဒ, ဤဈာန်တရားတို့ကို ငါဘုရား၏သာသနာတော်၌ ကိလေသာကို ခွာတတ်ခေါင်းပါးစေတတ်သောအကျင့်ဟူ၍မဆိုအပ်ကုန်၊ ထိုတရားတို့ကို ငါဘုရား၏သာသနာတော်၌ မျက်မှောက်သောကိုယ်၏ အဖြစ်၌ ချမ်းသာစွာနေကြောင်းဖြစ်သော တရားတို့သာဟူ၍ ဆိုအပ်ကုန်သည်"ဟု မိန့်တော်မူ၏။

ထို့ကြောင့် မြတ်စွာဘုရားသည် "အိုရဟန်းတို့သမာဓိကို ပွားကြကုန်လော၊ကောင်းစွာအာရုံ၌ထားအပ်သောစိတ်ရှိသောသူသည်ဟုတ်မှန်သောအတိုင်းသိ၏"ဟူ၍ ဟောတော်မူအပ်၏။

ဤသို့ဆရာကြီးစကားဆုံးသည်နှင့်တပြိုင်နက်ကိုကိုအောင်ကပင်

"ဆရာကြီး(သမာဓိ)ဆိုတဲ့ ဝေါဟာရဟာ (သမထ)ကို ဆိုနိုင်ဖွယ်ရှိနိုင်ပါလား...."

"အေးပေါ့ကွ၊ သမာဓိဟာ သမထပေါ့...."ဟု ပြန်ဖြေလိုက်ပါသည်။

ကိုကိုအောင်သည် သမထ ဆိုသောစကားလုံးကို ကြားရသောအခါတွင်ကိုအေးလွင်ဘက်သို့စောင်းငဲ့ကြည့်၍ပြုံးလိုက်ပါသည်။အကြောင်းမှာမူ ကိုအေးလွင်သည်လိုက်ပြီးဆရာကြီးထံ ခုလိုလာရောက်နေခြင်းမှာလည်း သမထယာနိကကို အားထုတ်လိုသောကြောင့်ပင်ဖြစ်ပါသည်။

"ဆရာကြီး ကျနော်သမထ၊ ဘာဝနာ အားထုတ်ပုံ အကြောင်း အနည်းငယ်ရှင်းပြစေလိုပါတယ်။ အား ထုတ် ခြင်းဖြင့် ဘယ်လိုအကျိုးကြီးပုံကို ပြောပြစေလိုပါတယ်...."

ကိုအေးလွင်က ပြောလိုက်သောအခါ

"သမထ(စိတ်တည်ငြိမ်မှု)ကိုပေါက်မြောက် အောင်မြင်ရန်အတွက် ကမ္မဋ္ဌာန်း (စိတ်စူးစိုက်ရာဌာနများဖြစ်ကြတဲ့ ကမ္မဋ္ဌာန်း(၄၀)တို့)မှ မိမိကြိုက်နှစ်သက်ရာ တပါးပါးကိုအားထုတ်ရတယ်—"

ဥပမာ အာလောက(အလင်း) ကသိုဏ်းကို အားထုတ်လိုသောသူသည် အလင်းရောင်ရရှိသည့် ပြူတင်းပေါက်အလင်းမဲ့သောအခန်းထဲသို့ အလင်းရောင် ဝင်လာသည့်အခါတွင် ၎င်းအလင်းရောင်ကို မျက်စိဖြင့်ကြည့်ရှုလျက်'အလင်း-အလင်း'ဟုအဖန်ဖန် နှလုံးသွင်းနေရမယ်...."

အဲဒီလိုနှလုံးသွင်းဖန်များသောအခါ ထိုကသိုဏ်း နိမိတ်ဟာ မျက်စိမှိတ်ထားသော်လည်း မျက်စိဖွင့်လျက် ရှိနေသကဲ့သို့ပင် ထင်ရှားစွာ ပေါ်လွင်နေလိမ့်မယ် -

အဲဒီလိုထင်ပေါ်နေတာကို ဥဂ္ဂဟနိမိတ်လို့ ခေါ်တယ်

ဥဂ္ဂဟနိမိတ်ရရှိပြီးနောက်ပေါ့ကွာ၊ နောက်တဖန် 'အလင်း၊ အလင်း'လို့နှလုံးသွင်းဖန်များတဲ့အခါ အဲဒီကသိုဏ်းဝန်းဟာ မူလကနဲ့မတူတော့ဘဲ အရောင်အဆင်းနဲ့တကွ၊ သန့်ရှင်းကြည်လင်စွာပေါ်လာတယ်။

အဲ့ဒီနိမိတ်ကို ပဋိဘာဂနိမိတ်လို့ ခေါ်တယ်၊ ထိုစိတ်ဟာ ကာမစ္ဆန္ဒစသောနီဝရဏတို့မှ ကင်းစင်တယ်၊ အဲဒီလို ပဋိဘာဂနိမိတ်အာရုံမှာသာ စူးစိုက်တည်ငြိမ်လျက်မပြတ် ဖြစ်နေရမယ်၊ တည်ငြိမ်စွာဖြစ်နေတာကို ဥပစာရ သမာဓိလို့ ခေါ်တယ်...."

အဲဒီဥပစာရ သမာဓိဓာပဋိဘာဂနိမိတ် အာရုံကို မပြတ် နှလုံးသွင်းနေတဲ့အခါ စိတ်ဟာ ထိုကသိုဏ်း ပဋိဘာဂနိမိတ်အာ ရုံထဲမှာ သက်ဝင်သကဲ့သို့ ငြိမ်သက်လျက်ရှိနေတယ်၊ဒါကိုအပ္ပ နာသမာဓိလို့ ခေါ်ပြန်တယ်....'

အဲဒီအပ္ပနာသမာဓိအဆင့်ရောက်တော့ ပထမစျာန်၊ဒုတိ ယစျာန်၊တတိယစျာန်၊စတုတ္ထစျာန်ဆိုတဲ့စျာန်အင်္ဂါ လေးပါးကို ပြန်သုံးသပ်ရပြန်တယ်....'

ဝိတက်၊ဝိစာရ၊ပီတိ၊သုခ၊ ဧကဂ္ဂတာ စတဲ့ စျာန်အင်္ဂါ ၅ ပါးကိုပြန်ပြီး ဆင်ခြင်ရပြန်တယ်....

ပထမစျာန်မှာ ဝိတက်နဲ့ဝိစာရကို ပယ်ရတယ်၊ အဲဒီ တော့ ဒုတိယစျာန်ရတယ်၊ နောက်တခါပီတိ၊သုခ၊ ဧကဂ္ဂတာ တို့ကို လွန်မြောက်အောင် အားထုတ်လိုက်ရင် နောက်ဆုံး စတုတ္ထစျာန်ကိုရတယ်၊ ၎င်းစျာန်မှာ စိတ်မရွှင်မညှိုး အလယ် လတ် သဘောကျတော့ ဥပက္ခာနှင့် ဧကဂ္ဂတာဟူသော စျာန် အင်္ဂါ(၂)ပါးပင် ထင်ရှား လာပြန်တယ်....'

ဆရာကြီးသည် ကိုအေးလွင်အား တရားအားထုတ်မှုတွင် အစကောင်းမှ အနှောင်းသေချာ သဘောမျိုးဖြင့် အစဏနဦး ပြုလုပ်မည့်အကြောင်းများကို ရှင်းပြပါသည်။

'မောင်အေးလွင် ကမ္မဋ္ဌာန်းကို အားထုတ်တော့မယ် ဆို ရင် ဆိတ်ငြိမ်ရာ အရပ်မှာ တင်ပလ္လင်ခွေလျက် ဖြစ်စေ၊ကြာရှည် စွာ နေနိုင်မယ့် အခြားနည်းနဲ့ဖြစ်စေ ထိုင်လျက် အထက်ပိုင်း ကိုယ်ကို ဖြောင့်မတ်စွာထားပြီး မိမိပြုလုပ်နေတဲ့ ကသိုဏ်းဝန်းကို စူးစိုက်ကြည့်ရှုရမယ်'

အဲဒီလိုကြည့်နေတုံးမှာ နီဝရဏစိတ်များ ပေါ်ပေါက်လာလိမ့်မယ်။

ထိုအချိန်တွင်....

ကိုအေးလွင်သည် ဘဝင်မကျသော စကားတလုံးကြောင့်-

'ဆရာကြီး နီဝရဏစိတ်ဆိုတာ ဘာလဲ'

'ကမ္မဋ္ဌာန်းတရားစထိုင်တဲ့ အချိန်မှာ ဖြစ်ပေါ် လာတဲ့ စိတ်ကြိုက်အာရုံတွေကိုလည်း ကြံစည်နေဘာကိုကာမစ္ဆ နီဝရဏလို့ ခေါ်တယ်၊ စိတ်ထိုင်းမှိုင်း ပျင်းရိတာကို ထိနမိဒ္ဓ နီဝရဏလို့ ခေါ်တယ်၊ ပြုမှားပြောမှား ခဲ့ဘူးသည်ကို ပြန်လည်စဉ်းစားစိတ်ပူပန်နေတာကို ဥဒ္ဓကုက္ကုစ္စ နီဝရဏလို့ ခေါ်တယ်....'

ကိုအေးလွင်သည် တရားအားထုတ်တိုင်း ထိုနီဝရဏစိတ်များ ပေါ်လာခြင်းကြောင့်....

'ဟုတ်တယ်ဆရာကြီး၊ အဲဒီလိုနီဝရဏစိတ်များ ပေါ်ရင် ဘယ်လိုလုပ်ရမှာလဲ....'

ကိုအေးလွင် ထပ်ဆင့် မေးလိုက်သောကြောင့်ပင် ဆရာကြီးသည် ခေတ္တမျှ အနားယူရန် ဟန်ပြင်နေရာမှ တဖန် ပြောရပြန်လေသည်။

'အဲဒီ နီဝရဏစိတ်တွေ ပေါ်လာရင်အဲဒီအာရုံကိုဆက်လက်စိတ်မကူးဘဲ မူလကသိုဏ်း အာရုံ၌သာ စူးစိုက် ထားပြီး 'အလင်း အလင်း'လို့ အမြဲမပြတ် နှလုံး သွင်းသွားပြီး ပကတိကသိုဏ်းဝန်းရှိရာ ဌာနသို့သွား၍ မျက်စိဖြင့်ကြည့်ရှုလျက် တဖန်ထင်မြဲထင်ပေါ်လာအောင် နှလုံးသွင်းရမယ်'

ကိုအေးလွင်သည် ဆရာကြီး ဩဝါဒကို ကြားသဖြင့် စိတ်တွင်ကြံဆနည်းလမ်းရဆိုသကဲ့သို့ပင် နည်းလမ်းကောင်းများ ကို ကြားနာရသောကြောင့် သူသည်ဝမ်းထဲမှနေ တဦးတည်း 'သာဓု'သုံးကြိမ်ခေါ်လိုက်ပါတော့သည်၊

'နောက်ပြီးရှိသေးတယ် မောင်အေးလွင်၊ ကမ္မဋ္ဌာန်း စီး ဖြန်းကာစ ပုဂ္ဂိုလ်သည် ဤတဆယ့် လေးပါးသော အချင်း အရာတို့ဖြင့် စိတ်ကိုဆုံးမပြီး ပြုလုပ်လိုသော ဆန္ဒကိုဦးစီးခေါင်း ဆောင်ပြုပြီး ဝီရိယကို ဦးစီးခေါင်းဆောင်ပြု၊ ဝီမံသကို ဦးစီး ပြု၍ဝင်စားခြင်း၏ အစွမ်းဖြင့်၎င်း၊ အာဝဇ္ဇနစသော လေ့လာ မှုဝသီဘော်၏ အစွမ်းဖြင့် နူးညံ့စွာတန်ခိုးဖန်ဆင်းနိုင်လောက် အောင်အမှုကို ခံပြုလျက် ဣဒ္ဓိ ဝိဇအဘိညာဥ်ရဖို့ဟာဘာဝနာ ကို ပွားများမှု ပြုလုပ်ရမယ်'

'တန်ခိုး ဘယ်နှစ်မျိုးရှိပါသလဲ ဆရာကြီး'

'ဆယ်မျိုးရှိတယ်....၊ အဲဒီတန်ခိုးတွေက'

၁) များသည်၏ အပြစ်စသည်ကိုဓိဋ္ဌာန်သောအဓိဋ္ဌာန် ဣဒ္ဓိတန်ခိုး။

၂) ရုပ်အမျိုးမျိုးဖန်ဆင်းသောဝိကုဗ္ဗနာ ဣဒ္ဓိတန်ခိုး၊

၃) စျာန်စိတ်ကြောင့် ပြီးသော ကိုယ်ကို ဖြစ်စေသော မနောမယ ဣဒ္ဓိတန်ခိုး၊

၄) အရဟတ္တမဂ်ဉာဏ်၏ ပျံ့ခြင်းအဟုန်ရှိသောဉာဏ ဝိပ္ဖာရ ဣဒ္ဓိတန်ခိုး၊

၅) သမာဓိ၏ ပျံ့ခြင်း အဟုန်ရှိသော သမာဓိ ဝိပ္ဖာရ ဣဒ္ဓိတန်ခိုး၊

၆) အရိယာ၏ ကိုယ်ပိုင်ဥစ္စာဖြစ်သော အရိယာ ဣဒ္ဓိ တန်ခိုး၊

၇) အမှတ်မထင်သောကံ၏ အကျိုးကြောင့် ဖြစ်သော ကမ္မဝိပါကဇဣဒ္ဓိတန်ခိုး၊

၈) လွန်ကဲသော ဘုန်းကံပါရမီ ရှိသူ တို့၏ အဖြစ် ဟူသော ပုညဝတော ဣဒ္ဓိတန်ခိုး၊

၉) အာတပ္ပန ကျမ်းအတတ်ကြောင့်ဖြစ်သော ဝိဇ္ဇာမယ ဣဒ္ဓိတန်ခိုး၊

၁၀) ထိုထိုကိစ္စကြီးငယ်တို့မှာသင့်လျော်သော ဥပါယ်တမျဉ်ဖြင့် အားထုတ်ခြင်းကြောင့် ပြီးစီးပြည့်စုံသောသမ္မာပယောဂ ပစ္စယ ဣဒ္ဓိတန်ခိုး၊

ဆရာကြီးစကားရပ်သွားသည်နှင့်တပြိုင်နက်ကိုကိုအောင်က ကိုအေးလွင်ကို လက်တို့ကာ အသံ ခပ်အုပ်အုပ်ဖြင့် ပြောလိုက်ပါသည်။

'မင်းကလဲ သိချင်တဲ့ကိစ္စကိုသာ လိုအင်ဆန္ဒပြုပြီး မမေးနဲ့အုံး။ ဆရာကြီး အနားယူပါစေ'

'အေးပါကွာ....'

ထို့နောက်ဆရာကြီးက....

'ဟေ့ မောင်အေးလွင်၊ မင်းကသိုဏ်းအကျင့်ကို ပါရမီရင့်သန်တော့ ငါ ခုပြောမဲ့ စကားကို သေသေချာချာ နားထောင်....'

'ဟုတ်ကဲ့....'

ကိုအေးလွင်သည် ဆရာကြီး ပြောသောစကားကိုသေချာစွာ နားထောင်လိုက်ပါသည်။

'သမထ ကမ္မဋ္ဌာန်း စီးဖြန်း ပွားများမယ် ဆိုရင် ဗုဒ္ဓာနုဿတိ ကမ္မဋ္ဌာန်းကို ပထမဦးစွာ စီးဖြန်းရမှာယ်၊ဒါမှမင်းစီးဖြန်းလိုတဲ့ ကသိုဏ်း ကမ္မဋ္ဌာန်းမှာ ဗုဒ္ဓနိမိတ် ရထားတော့ တခြားကြောက်မက်ဖွယ်ရာ နိမိတ်တွေ တွေ့ပေမဲ့ မကြောက်တော့ဘူး၊ ဒါကြောင့် ဗုဒ္ဓာနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းဖို့မမေ့နဲ့နော်....'

'ဟုတ်ကဲ့ ဒါနဲ့ ဆရာကြီးခင်ဗျား၊ ဗုဒ္ဓာနုဿတိကမ္မဋ္ဌာန်းကို ဘယ်လိုအားထုတ်ရမလဲ'

ဗုဒ္ဓာနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းပွားများရာမှာဘုရားရှင်၏ ပုံတြွပ်တော်ကို အာရုံပြုပြီး မစီးဖြန်းရ၊ဂုဏ်တော်ကိုအာရုံပြုပြီး စီးဖြန်းရမယ်၊ အဲဒီအာရုံပြုနည်းကို ဥပမာ ပြောရရင်....

ရှေးရှေးတုန်းက ငါတို့ရဲ့ ဘုရား အလောင်းတော်ဟာ တခုသော ဘဝမှာ 'ထိလောကဝိဇယ' မည်သောစကြာမင်းဖြစ်ဘူးတယ်၊ အဲဒီမင်းဟာ သံဃာတော်တွေနဲ့ရှေးရှေးကဗုဒ္ဓရှင်တော်မြတ်, ပစ္စေကဗုဒ္ဓါတို့ကိုစိတ်ထဲ ထင်မြင် လာအောင် စိတ်ကူးတယ်။ စိတ်ကူးထဲထင်လာတဲ့ ဘုရားရှင်ကို လက်အုပ် ချီပြီး ဦးခေါင်းညွှတ်လျက် နှစ်သက်ကြည်ညိုရှိသေစွာ ရှိခိုးဦးချတယ်၊ အဲ့လို ရှိခိုးဦးချရုံတင်အားမရသေးဘဲ ရတနာမျိုးခုနစ်သွယ်လှယ်ထားတဲ့ 'ဝေဇယန္တာ'မည်တဲ့ ရတနာ ဗိမာန်ပြာသာဒ် ကြီးကိုအထပ်ပေါင်းများစွာဆင့်လျက် စိတ်ကူးနဲ့ ပန်ဆင်လိုက်တယ်-၊ ဗိမာန်ကြီး၌ လောကဝယ် တင့်တယ်သားနားတဲ့ အခင်းမျိုးစုံကိုလည်း စိတ်ကူးနဲ့ခင်းထားလေတယ်၊ သူ့နေရာနဲ့သူ ချေပြည့်

အိုး ပန်းပြည့် ရေတဂေါင်းတွေကိုလည်း တည်ထားတယ်။ ကျယ်ပြန့်တဲ့ တံခါးကြီးများက နောက်ပေါ် သံဃာတော်များနဲ့ ဘုရားရှင်များ စွာ, ပစ္စေကဗုဒ္ဓါ များစွာတို့လည်း မိမိ၏ ပင့်ဖိတ်ချက်အရ ကြွတော်မူလာကြပြီး ရွှေသားအတိပြီးတဲ့ပလ္လင်တော်များဝယ် အသီးသီးထိုင်နေတော်မူပုံကို စိတ်ကူးပြန်တယ်၊ ဒါကြောင့် ပုံအတွင်း ဂုဏ်သွင်းတဲ့ ကမ္မဋ္ဌာန်းဖြစ်လာအောင် စီးဖြန်းရမယ် သိလား မောင်အေးလွင်’

‘ဟုတ်ကဲ့ ...’

ထိုနောက် ကိုအေးလွင်သည် အရိုအသေပြုပြီး လက်စုံမိုး၍ ဝတ်ပြုလိုက်ပါသည်။

# ၄

သဘောတရားပိုင်းကိုတော့ သိသင့်သလောက် သိခဲ့ချေ၏။

သို့သော်....

လုပ်ငန်းပိုင်းကိုတော့ ကိုယ်တိုင်ကျင့်ကြံမှ အကျိုးအမြတ်ဆိုသော အဖြေမှန်သည် ပေါ်လာပေလိမ့်မည်။

ဒါက ကိုအေးလွင်၏ အသိဘရားပင့်ဖြစ်ပါ၏။

သူသည် ရုံးဆင်းခဲ့ပြီးနောက် ရွှေတိဂုံဘုရားပေါ်သို့ တက်ရန် သူ့ခြေလှမ်းတွေက ဟန်ပြင်လိုက်သည်။

သူရောက်လိုသော နေရာသို့ ရောက်နှင့်လျက် ရှိနေပါသည်။ ခြေလှမ်းတွေက မဆိုင်းမတွ တလှုပ်လှုပ်ဖြင့် လျှောက်လှမ်းနေရှာ၏။

ဤနေရာသို့ အရောက်သွားမည်ဟူသော ဆုံးဖြတ်ချက် ချထားသည်။ စိတ်သည် တမျိုးတဖုံ လွင့်ပါး ပျောက်ကွယ်၍ မနေပေ၊ တည်ငြိမ်လျက်ရှိ၏။ ရောက်မည့်နေရာကိုသာစိတ်စောနေသည်။ သူလျှောက်နေသော ခြေလှမ်းတွေက သွက်လက်သည်။ လျင်မြန်သည်။ နှေးကွေးမှုမရှိ။

ဒီတော့....

ကိုအေးလွင်သည်ရွှေတိဂုံဘုရားပေါ်ရှိ နောင်တော်ကြီး စေတီတော် ရင်ပြင်ပေါ်သို့ ရောက်ရှိတော့မှ သူ့ခြေလှမ်းတွေမှာ မော်တော်ကားစက်ရပ်သည့်အလား တုန့်ကနဲရပ်တန့်သွားတော့သည်။

ရင်းနောက်....

သူသည် ပင့်သက်ကလေးတချက် ရှူသွင်းလိုက်ပါသည်။ တိတ်ဆိတ် ငြိမ်သက် အရိပ်ကောင်းသော နေရာတွင် ထိုင်ချလိုက်ပါသည်။

နေပူပြင်မှလျှောက်လာသူသည်အရိပ်အောက်သို့ရောက်ရှိလာသောအခါတွင် စိတ်သည် အေးမြသွားသကဲ့သို့ကိုအေးလွင် တယောက်မှာမူ ဗုဒ္ဓ၏အရိပ်အာဝါသကို ခိုလှုံပြီး ကြည်ညိုဖွယ်

ရာ ရွှေရောင်ပကတိရှိသော စေတီတော်ကြီးကို ဖူးမျှော်ရသဖြင့် သူ၏စိတ်တွင်လည်း အေးမြကြည်လင်လာပါသည်။

ဤနေရာသို့ရောက်ရှိလာမှ ကိုအေးလွင်အကြောင်း အနည်း ငယ်ရှင်းပြရန် လိုလာသည်။သူသည် ဘာသာတရားကို ယုံကြည် လေးစားသည်။ သဒ္ဓါလည်းပေါက်သည်။

ထို့ကြောင့်....

သူသည် ကသိုဏ်း (၁၀)ပါးတွင် (အာလောက) အလင်း ကသိုဏ်းကို စတင်ကျင့်ကြံသူတဦး၊ အင်းအိုင်၊ လက်ဖွဲ့၊ မန္တာန် စသည်တို့ကို လိုက်စားခြင်းမရှိ၊ ဝါသနာလည်း မပါ၊ အဘယ်ကြောင့်နည်း ဟူ၍ပြောမရ။ ကိုယ့်ဝါသနာ စရိုက်အရ ကိုယ်ကျင့်ကြံသော ကသိုဏ်းဝန်းဝဥ္စဗုဒ္ဓနိမိတ်ပေါ်အောင်တော့ သူကျင့်ကြံနိုင်ခဲ့၏။

ဤသို့ဗုဒ္ဓနိမိတ် ဖူးရပြီးနောက် (အာလောက)အလင်း ရောင်ကသိုဏ်းကိုကျင့်ရန် သူ့စိတ်ကိုဖန်တည်းပြန်သည်။ ဆန္ဒက ပေါ်လာသည်။

သူ့အကျင့် ကတော့ တရက်၊ တနေ့၊ တချိန်တည်းနှင့် ကျင့်ကြံ ပေါက်ရောက်မည် မဟုတ်ကြောင်း သူနားလည်သည်။ နှစ်ရှည်လများ ကျင့်ကြံနိုင်မှ ဖြတ်သန်းရမည့် တိုက်ပွဲတွေက တော့ သူ့အတွက် အတော်အောင်မြင်နိုင်ရန် ကြိုးစားရန်လို လေသည်။ ဤနေရာတွင် သူ့ခံစားချက် တခုကိုရေးသား လိုပေ သည်။ အကြောင်းမူ သူသည် ဗုဒ္ဓရှင်တော်မြတ်ထံရုပ်နာမ်နှစ်ပါး ကို လှူဒါန်းပြီးနောက် ဤသို့သစ္စာပြုလိုက် ပါသည်။ 'ဘုရား တပည့်တော် ယခု ဤသို့ ကျင့်ရသော မဟာဂန္ဓာရီ လမ်းစဉ်

တနည်းဆိုသော် (သမထ) ယာနိကမှာကိုယ်ကျိုးအတွက်မဟုတ်ပါဘုရား၊ ရရှိသော သမထ ပညာရပ်တိုင်းကို ဘုရားတပည့်တော်သည် သတ္တဝါအကျိုးကိုရှေ့ရှုပြီး ရတနာသုံးပါး အရိပ်အာဝသအောက်သို့ ပို့ပေးနိုင်သော သူတော်စင်တဦး ဖြစ်ရပါလို၏ အရှင်ဘုရား’ဟု ဝတ်ပြုပြီးနောက် ဤသို့ သစ္စာလိုက်ပြုပါသည်။

ဒါက သူ၏သစ္စာ....။

သစ္စာတရားမှန်ကန်ပါက နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏။

သစ္စာသည်သောက်ရှုးကြယ်ကဲ့သို့၊ မိုးအခါ၌ သော်ငှင်း၊ ဆောင်းအခါ၌သော်ငှင်း၊ နွေဥတုအခါ၌သော်ငှင်း မိမိသွားမြဲဖြစ်သော ခရီးလမ်းကြောင်းမှ တည့်မတ်စွာ သွားသကဲ့သို့ပင် မှန်ကန်သော သစ္စာသဘောတို့၏ လမ်းကြောင်းသဖွယ်ဖြစ်သော မြင်အပ်သောအရာ၊ မမြင်အပ်သောအရာ၊ မကြားအပ်သော အရာ၊ မရောက်အပ်သောအရာ၊ မသိအပ်သောအရာ၊ ဤရှစ်ဖြာသော ခရီးလမ်းမှ မဖယ်မလွဲလေလင့်....။

ဤသည်ကား ဗုဒ္ဓ၏ ဩဝါဒ သစ္စာတရားပင် ဖြစ်လေသည်။

အာလောက ကသိုဏ်းမှူ အလင်းရောင်ကို ကြည့်ရှုခြင်းဖြစ်လေသည်။

ကိုအေးလွင်သည် ‘အလင်း’ ကမ္မဋ္ဌာန်းတရား အားထုတ်ရန်အတွက် အလင်းရရှိမည့် နေရာဌာနများကို လေ့လာကြည့်လိုက်ပါသည်။ သို့သော် သူစီးဖြန်းရမည့်ကသိုဏ်းနှင့် ပတ်သက်

သော အကြောင်းအချင်းအရာများကို လေ့လာကြည့်ရှုသော် အလင်းနှင့်ပတ်သက်သည့် အကျိုးပြုမည့် အကြောင်းများမရရှိသဖြင့် အလင်းကသိုဏ်းကိုမထိုင်တော့ချေ။

အလင်း ဖြစ်ပေါ်လာခြင်းကို သူသည်တဦးတည်း ထိုနေရာတွင်ထိုင်၍ လေ့လာ ကြည့်မိ ပါသည်။ နေမှာ ကိုယ်ပိုင်အလင်းရောင် ပေးနိုင်စွမ်း ရှိလေသည်။ လမှာမူ နေမှရရှိသော အလင်းကို တဆင့်ပြန်လွှတ်သည့် အလင်းမဲ့ ဝတ္ထုတခု ဖြစ်လေသည်။ ထို့ကြောင့် နေမှရသော အလင်းကို ကသိုဏ်းဝန်းအဖြစ် ပြုလုပ် စီးဖြန်းပါက သူ့အတွက် ကောင်းပေလိမ့်မည် ဟူသော အသိက ဆုံးဖြတ်လိုက်ပါသည်။ သို့သော် သူ့အတွေးများသည် ဤနေရာတွင်ပြီးဆုံး၍ မသွားသေးချေ။ အလင်း၏ နိယာမကို ပြန်လည်သုံးသပ်သွားပြန်သေးသည်။

ထို့ကြောင့် အလင်းဟူ၍ ရှိကြောင်းကို တိုက်ရိုက်သိကြရသည်မဟုတ်၊ မျက်စိတွင် အမြင်တည်းဟူသော အာရုံကို မည်သို့ရသည့်အချက်ကို ရှင်းလင်းဆက်စပ် တွေးခေါ်ရာမှ သိရခြင်းဖြစ်လေသည်။ လူ၏မျက်စိကို ထိသဖြင့် အမြင် တည်း ဟူသော စက္ခုအာရုံကို ပေးသည့် ကိုယ်စားလှယ်ကို အလင်းဟူ၍ သိပ္ပံပညာရှင်များက အသိအမှတ် ပြုထားလေသည်။

ဤနေ့အဖို့ ကိုအေးလွင် ရည်ရွယ်ထားသော လုပ်ငန်းများသည် အထမြောက်ခြင်းမရှိချေ။

# ၅

အလွန်အေးချမ်းတိတ်ဆိတ်သော အချိန်သာပင်. နံနက်ဦး၏အလင်းရောင်နှင့်အတူ ငှက်ငယ်ငယ်လေးများ ကြွေနေသောကြောင့် လူတိုင်းအဖို့ ဤအချိန်မျိုးတွင် ဂွမ်းထည်များ၊ သက္ကလပ်ထည်များကြားတွင် တုပ်တုပ်မျှမလှုပ်မယှက်ဘဲ စည်းစိမ်ယူနိုင်ပါတိသည်။

ခေတ်ဆန်ဆန် နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးတွေမှာမူ တောခေါင်ပမာ ဆိုင်းဆိုင်းသစ်ရိပ်တွေက စိမ့်ကာအေးနေပါသည်။ နေ့အခါတွင် စိမ်းစိမ်းလတ်လတ်နှင့် ညိုဖြတ်သော သစ်ရွက်သစ်ခက်၊ သစ်လက်ညွန့်တို့မှာ အရိပ်တို့ဖြင့်မဲမှောင်နေသည်။

မှန်ပြူတင်းတို့သည် ငှက်နှင်းရည်ငှေ့နှင့် မှုံမှိုင်းကုန်ကြလေသည်။ ဖြူနီဝါရောင်စုံ ပန်းမာလာတို့၏ အရွက်အညှာအခက်အလက်တို့မှာ မြောက်လေ အကြားဝယ် လူးလွန့်လျက်ရှိနေသည်။

ကိုအေးလွင်၏စိတ်တွေမှာ အေးချမ်း တိတ်ဆိတ်သော အချိန်ကာလတွင် လှုပ်ရှားစပြုနေပါတော့သည်။ အကြောင်းမှာမူ "အလင်း" ကသိုဏ်းကမ္မဌာန်းတရား စီးဖြန်းရန်အတွက်ပင်ဖြစ်ပါသည်။

ပတ်ဝန်းကျင်လောကတခုလုံးသည် နေရောင်ခြည်များ ဖိုးလွှမ်းနိုင်စွမ်းမပြုသေး၊ ငှက်နှင်းကဗ္ဗလာကျသော မင်းမူလျက်

ရှိသေးသည်။ ဤကဲ့သို့အခြေအနေကိုတွေ့မြင်နေရသောကိုအေး လွင်တယောက်မှာ ကမ္ဘာဦးအစ လူသားများ နေဆောင်ကို တောင့်တသော လူသားများကဲ့သို့ပင်ရှိနေသည်။

သူသည် အိမ်ထဲတွင် တဦးတည်း ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေပါသည်။ သူ၏လှုပ်ရှားပုံမှာ ဒေါသ၊လောဘ မောဟဖြစ်ပေါ်နေသော စိတ်ရိုင်းမျိုးတော့မဟုတ်ပေ။

ရမက်ဆန္ဒ ဖြစ်ပေါ်သော စိတ်မျိုးလည်းမဟုတ်၊ သူ၏ စိတ်လှုပ်ရှားပုံမှာ တည်ငြိမ်အေးချမ်းမှုတော့ရှိပေသည်။ သူ၏ ခန္ဓာရုပ်က လှုပ်လှုပ်ရွရွရှိနေသည်မှလွဲ၍ အတွေမလွန်ကဲချေ။

ဤသို့အရှေ့အနောက် လမ်းလျှောက်နေသော်လည်း သူ့ လက်ထဲတွင်ရှိ ပုတီးကုံးမှာ လှုပ်ရမ်း၍ စိတ်ပုတီးလုံးကလေး များသည် တလုံးချင်းကျဆင်းနေပါသည်။

'စက္ကန့်မှမိနစ်ပိုင်းသို့ ကူးပြောင်းချေတကား' ရုတ်တရက် အသိတရားတခုက သူ့ဦးနှောက်သို့ ဝင်ရောက် ရိုက်ခတ်လိုက်ပါ တော့သည်။ ယင်းအကြောင်းကမူ ဘုရားဝတ်ပြုရန်ပင် ဖြစ်ပါ သည်။ သူပြုလုပ်ရမည့် နိစ္စပတ်ကို ပြုလုပ်ပြီးသွားသော အခါ ဤနေရာမှထ လိုက်၍ ပတ်ဝန်းကျင်သို့ ပြူတင်းပေါက်မှနေ လှမ်း ကြည့်လိုက်ပါသည်။

နှင်းရိပ်နှင်းပွင့်များ ကွယ်ပျောက်ခဲ့လေပြီ။

သူ၏ရင်ထဲ၌ခံစားချက်သည် ရှင်လန်းဝမ်းမြောက်သည့် သဘောကိုဆောင်လျက်ရှိနေသောကြောင့် ပြင်ပ၏ ရုပ်လက္ခဏာ မျက်နှာတခွင်သည် ပြုံးရောင်သန်းလျက် ရှိလာပါတော့သည်၊

ဝမ်းသာသောရုပ်အသွင်သည် သူ့အတွက် အောင်မြင်ခြင်း လမ်းစကို အထောက်အကူ ပြုနေပါသည်။

အိမ်၏ဒေါင့် တနေရာတွင် ထင်ရှားစွာ ပေါ်လွင်နေသော သင်ဖြူးချောဖျာငယ် တချပ်ပေါ်တွင် တရားထိုင်ရန် ပြုလုပ်ထားသော ထိုင်ခုံငယ်တခုလည်းရှိသည်။ ကိုအေးလွင်သည် သင်ဖြူးကိုယူလိုက်ခါ ပွင့်နေသော ပြူတင်းပေါက်နှင့် လေးတောင်မျှ ကွာဝေးသော နေရာတွင် ချထားပါသည်။

ကိုအေးလွင်သည်ဤသို့'အလင်း'ကသိုဏ်းထိုင်ခဲ့သည့်ရက်ပေါင်းမှာမှု မနည်းချေ။ လပေါင်းများစွာ အချိန်မှန်မှန် အားထုတ်ခဲ့လေသည်။ ထို့ကြောင့် အလေ့အကျင့် မှန်ကန်မှုကြောင့် လုပ်ရပ်မှာလည်း တိုးတက်လာခဲ့ပါသည်။

ကိုအေးလွင်သည် ကြာရှည်စွာနေနိုင်မည့် ကိုယ်နေ ကိုယ်ဟန်မျိုးဖြင့်သော အထက်ပိုင်းကို ဖြောင့်မတ်စွာ ထားပြီး တင်ပလ္လင်ခွေလျက်ထိုင်လိုက်ပါသည်၊ သူသည် ကမ္မဋ္ဌာန်းတရားအားထုတ်ပိုင်း သစ္စာ အဓိဋ္ဌာန်ပြုသည်။

'ဘုရားတပည့်တော်သည် ယခုကျင့်ကြံအားထုတ်ဆဲ ဖြစ်တော်မူသည့် (သမထ) ပညာရပ်တိုင်းမှာ ကိုယ်ကျိုး အတွက်ပြုလုပ်ကျင့်ကြံ အားထုတ်နေခြင်းမဟုတ်ပါဘုရား'

'ဘုရားတပည့်တော်သည် ရရှိသော (သမထ) ပညာရပ်များဖြင့် သတ္တဝါအကျိုး သယ်ပိုးနိုင်ပြီးသတ္တဝါအပေါင်းသည် ရတနာသုံးပါး အရိပ်အာဝါသ အောက်သို့ ပို့ပေးနိုင်သော သူတော်စင်တဦး ဖြစ်ရပါလို၏'။

ဟု အဓိဋ္ဌာန် သစ္စာကို စိတ်ထဲမှာ ရွတ်ဆိုလိုက်ပါသည်။ သူသည် ပြူတင်းပေါက်ဆီသို့ လှမ်းကြည့်လိုက်ပါသည်။ သူ့အကြည့်မှာ စူးစိုက်သောအားမပါ၊ ရိုးရိုးပင်၊ မျက်လုံးကိုအားပြု၍ ကြည့်ရသောကမ္မဋ္ဌာန်းတရားပင်ဖြစ်သော်လည်း၊မျက်လုံး၏အားကိုးအစွမ်းကုန်ထုတ်၍ မယူပေ၊ လူဘဦး၏ နဂိုကြည့်လေ့ကြည့်တတ်သော အနေအထားမျိုးကိုသာ ကြည့်နေ ပါသည်။

သူ၏ စက္ခု၊ အလင်းရောင် အင်အားမှာ တဖန်ရိုးရိုးတွေ့နေကြ ပြင်ပလက္ခဏာမျိုးမဟုတ်ပေ။ သူသည် ဤကဲ့သို့မျက်လုံးအစုံကို ပြူတင်းပေါက်သို့ လှမ်းကြည့်လိုက်သည်နှင့် တပြိုင်နက် ပြူတင်းပေါက်မှ ကြောင်တကောင် ရုတ်တရက်ခုန်ဝင်လာသည့်အလား ကောင်းကင်၌ ပြာမှိုင်းမှိုင်း ရှိနေသော တိမ်သားများကို ထိုးဖောက်ဖြတ်သန်းလာရသော အလင်းရောင်မှာ ခိုပြာရောင်သဖွယ် ပြူတင်းပေါက်၏ အကျယ်အဝန်းရှိသလောက်ထိုးဖောက်ဝင်ရောက် ပြာကျလာပါသည်။

သူ၏ (သမထ) မျက်လုံး တနည်း ဆိုသော် သမာဓိစိတ်တန်ခိုးတွေကြောင့် ပြူတင်းပေါက်မှ ပြာကျနေသောအလင်းရောင်ထုကြီးမှာ မပျောက်မကွယ်မရွေ့မလျားဘဲ ရှိနေပါသည်။

သူ၏ စိတ်အာရုံသည် တခုတည်းသော 'အလင်း'ဟု ရေရွတ်နေခြင်းမှအပ အခြား အပြင်မှ လာရောက်သော နီဝရဏဖောက်ပြန်သော စိတ်များကို အဝင်မခံချေ။

သူသည် ဤကဲ့သို့ 'အလင်း-အလင်း'ဟု ရေရွတ်နေခြင်းမှ တဖန် အချိန်ကြာညောင်းသောအခါတွင်မျက်စေ့ကိုပိတ်၍ 'အလင်း-အလင်း'ဟု စိတ်ထဲမှ ရေရွတ်နေပြန်သည်။

သူ၏မှိတ်ထားသော မျက်စေ့ထဲတွင် မြင်ပမှ ပေါ်လွင်နေသော လင်းရောင်ခြည်တန်းကြီးသည် မြူတင်းပေါက်မှ ဖြာကျနေသည့် အတိုင်းပင် တဖြေးဖြေးပေါ်လာပါသည်။ပေါ်လွင်နေသော အလင်းရောင်ကို သူသည်မလှုပ်မရှက်ဘဲ ကြည့်မြဲကြည့်နေပါသည်။

သူ့စိတ်များသည် တခုတည်းသော အာရုံပေါ်တွင် စူးစိုက်နေရသောကြောင့် ခန္ဓာရုပ်၌ ဖောက်ပြန်နေသောဝေဒနာမှန်သမျှကို မေ့ပျောက်လျက်ရှိနေပါသည်။

ကသိုဏ်းကမ္မဋ္ဌာန်း တရား စတင် ဆည်းပူးခါစကမူ ပေါင်ကြောများတက်ခြင်း၊ ခါးကြောများ ကိုက်ခဲသဖြင့် ကြာရှည်စွာ မထိုင်နိုင်ခြင်း၊ မျက်နှာတခွင်တွင် အားထုတ်မည်ဟု ရည်ရွယ်လိုက်သည်နှင့်တပြိုင်နက် ပိုးကောင်ကလေး များသည် တရွရွဖြင့် ထိုးဆွပြေးလွှားနေသည့် ဝေဒနာမျိုး ခံစား ခဲ့ရပြီး တရားကိုပင် ထိုင်ရန် စိတ်ပျက်ခဲ့ရပေါင်းလည်း မနည်းချေ။

အောင်မြင်မှုဆိုသည်မှာ ပန်းခမွှေ့ရာကဲ့သို့ပင် ချောမွေ့ခြင်းမရှိပေ၊ ဆူးညှောင့်ခလုတ်ကန်သင်းများဖြင့်ပြည့်နှက်လျက်ရှိတတ်သည်ကို သူသိရှိနားလည်ပါသည်။ ထို့ကြောင့် သူ၏ဆန္ဒကို ဝီရိယလုံ့လဖြင့် ဖြည့်တင်းပေးနိုင်ခဲ့လေသည်။

သူသည် ဖြာကျနေသော အလင်းရောင်ကြီးသည် တခါတရံ ဘက်လိုက်ကျလိုက်ဖြင့် ရှိတတ် ပါသည်။ ထို့ကြောင့် အလင်းရောင်ကြီးသည် အပေါ်သို့ မဘက်သွားရန် သူ၏ စိတ်သည် (အလင်း-အလင်း)ဟုသူ၏စိတ်ကို ဖြေးဖြေးနှင့်လေးလေး ရွတ်ဆိုနေပါသည်။

ရင်းအလင်းရောင်ဖြာကြီးအောက်ဖက်အစွန်းတွင် အဝါရင့်ရင့် အရောင် ပေါ်ထွက်လာပြန်သေးသည်။ ရင်းအဝါရင့်ကို တဖန် သူ၏မျက်လုံးက ကြည့်နေရပြန်သည်။ အဝါရင့်ရောင်ကို သေချာစွာ ကြည့်ရှုနေရင်းပင် မျက်လုံး၏အကျယ်အဝန်းပမာ ဝိုင်းဝန်းသော သဏ္ဍာန်တခုတည်း ပေါ်လာပြန်ပါသည်။

သူသည်ဤသုံးခုသောနိမိတ်ကို သေသေချာချာကြည့်နေရာမှ သူ၏စိတ်များသည် တခါတရံ အာရုံပြုနေသော(အလင်း-အလင်း)ဟူသော စိတ်သည် ပျောက်ကွယ်သွားတတ်ပါသည်။ ဤသို့ပျောက်ကွယ်သွားသည်နှင့် တပြိုင်နက် ခန္ဓာရုပ်၏ တနေရာတွင် ပေါ်ပေါက်နေသော ဝေဒနာလည်း ဖြစ်လာတတ်ပါသည်။

သူ၏ရုပ်က မူတည်လျက်ရှိပါသည်၊ အနည်းငယ်မျှလှုပ်ရှားခြင်း မရှိပေ။ မျက်လုံးများ ကလည်း တနေရာသို့ စူးစိုက်ကြည့်ရှုနေသည်ကလွဲ၍ အခြားတနေရာသို့ ပြောင်းလွဲခြင်း မရှိချေ။ သူ၏ သမာဓိအားကောင်းကြောင်းကို သက်သေ ထူထားခြင်းပင်ဖြစ်ပါသည်။

သူ၏စိတ်သည် အခြားသို့ လွင့်ပါးခြင်းလည်း မရှိ၊ တခုတည်းသော အာရုံပေါ်တွင် တင်ထားသဖြင့် တခါတရံ သူ၏နှာသီးများမှ ရှူသွင်းလိုက်သော လေတိုး မှုကို သိလေသည်၊ အခြား (အလင်း-အလင်း)ဟု ရေရွတ်နေသော အကြောင်းကို သိသည်။

ထို့ကြောင့် တချိန်တည်းနှင့် အလုပ်နှစ်ခု ပြုလုပ်နေနေသည်ကို သူသတိပြုမိသည်။ သူ့အထင် သူ့အတွေး

ကမူ နှာသီးဖျားလေဝင်တိုးသည်ကိုသိခြင်းသည်စိတ်(Mind) ဖြစ်ပေသည်။ အခြားသိမှတ်မှုတခုသည် ဝိညာဉ် (Soul) ပင် ဖြစ်လိမ့်မည်ဟု ထင်မှတ်နေလေသည်။

သူသည် တခုတည်းသောအာရုံပေါ်တွင်စိတ်တည်ထား သောကြောင့် ရုပ်တွင်ဖြစ်ပေါ်နေသော ဝေဒနာ မှန်သမျှကို မမှတ်ယူချေ၊ မခံစားပေ။

အချိန်ကြာညောင်းအောင် ထိုင်နေသောသူ၏ ကိုယ်ကာ လေးသည် ပေါ့ပါးလျက်ရှိနေသည်ကို သတိပြုမိပါသည်။ မျက်စေ့မှိတ်၍ ကသိုဏ်းဝန်းကို အဖန်တလဲလဲပွားနေသည့် အ ခါတွင် ရုပ်နာမ်နှစ်မျိုးလုံးပင် ပျောက်ကွယ်နေတတ်ပါသည်။ ဤကမ္မဋ္ဌာန်းတရားသည် သူ့အဖို့ပီတိဖြစ်လျက်နေလေသည်။

ဒီအချိန်တွင် သူသည်အလင်းဆောင်ပေါ်တွင်အာရုံတည် ထားသောကြောင့်တဖြေးဖြေးနှင့်လင်းလိုက်ထင်လိုက်သဏ္ဌာန်တ ခုသည် ပေါ်လိုက်ပျောက်လိုက်ဖြစ်နေပါသည်။သူ၏စိတ်တွေမှာ လည်း ပျောက်လိုက်ပေါ်လိုက်ဖြစ်နေသော သဏ္ဌာန်ကိုသိလို သောစိတ်က ရုတ်တရက်ခံစားရသောအခါ သူ့စိတ်သည် တခု တည်းသော အာရုံကိုသာအမိဖမ်းလိုက်မိပါတော့သည်။ အခြား သို့ ပြောင်းလဲခြင်းမရှိအောင် ပြုလုပ်ဖန်တီးပါသည်။

သူ၏မျက်လုံးများသည် ၎င်းအလင်းဆောင်ကို ပျောက်ကွယ် သွားခြင်းမရှိအောင် ကြည့်ရှုနေရာမှ ၎င်းအလင်းထဲတွင် သူ၏ ရုပ်သဏ္ဌာန်သည် ကမ္မဋ္ဌာန်းတရား ထိုင်နေသည့်အတိုင်း ပေါ် လာပါတော့သည်။

သူသည် ဤကဲ့သို့ပေါ်လာအောင် ကျင့်ကြံ အားထုတ်

ရသည့် နှစ်ပင်ကျော်လွှားခဲ့ရလေသည်။ ထိုသဏ္ဍာန်ကို ကြည့်နေရသည်မှာ သူ့အတွက် ပီတိဖြစ်လျက်ရှိနေပါသည်။

ဤသို့ကမ္မဋ္ဌာန်းတရားအားထုတ်မှု အချိန်သည်(၃)နာရီမျှကြာညောင်းခဲ့သဖြင့် ထိုကသိုဏ်းကြည့်ရှုမှုကိုရပ်ဆိုင်းလိုက်ပါသည်။

သူသည် အညောင်းအညာပြေ လမ်းလျှောက်နေဆဲမှ ဆရာကြီး ဦးနန္ဒမှာလိုက်သော စကားကိုသတိရလိုက်ပါသည်။ အကြောင်းကမူ ဆရာကြီးနှင့်အတူ နယ်တွင် တရားအားထုတ်ရန်ပင်ဖြစ်ပါသည်။

# ၆

ဝဿန်ဦးကာလ ....

မိုးနှင့်လေသည် အားပြိုင်လျှက်။

နွားကရုန်းကန်သွားလျက် ထွန်သွားများနောက်မှ မြေတို့သည် ပွလျက်ကျန်ရစ်ခဲ့လေသည်။ လယ်သမားကြီးသည် မဖျင်းမရိလယ်ထွန်နေသည်။ မြေကြီးများသည်ပွလျက်၊ထွန်သွားကြောင်းတို့သည် လမ်းဆုထင်နေကြသည်။ ပွပွမွမွ ရှိနေသော မြေကြီးတို့မှာ မိုးဦးဝယ်နီနီညိုညို အသွေးကို ဆောင်လျက်ရှိနေလေသည်။

ထိုနောက် လယ်ကွင်းထဲ၌ ရေတွေဖွေးနေအောင် မြင်ရသည်။ ခမောက်ကိုယ်စီ၊ ပလိုင်းကိုယ်စီ၊ကဒူးကိုယ်စီနှင့် လယ်သူမတို့သည် လယ်ထဲသို့ထွက်ကာ ကောက်စိုက်လျက်ရှိကြလေသည်။

လယ်ထဲရှိ ရေတို့ကား မြေကွက်များ၊ လယ်ကန်သင်းများအလယ်၌ ဖွေး၍နေသည်၊

ချမ်းသာရွာ၏ မြောက်ဘက် ဘုန်းတော်ကြီးကျောင်း၊ ပုရဝုဏ်အတွင်းရှိ တရားအားထုတ်ရန် ဆောက်လုပ်ထားသော ဇရပ်ကလေးပေါ်မှနေ၍ ပြင်ပသို့ လှမ်းမျှော်ကြည့်လိုက်နေသော အခါမြို့ပေါ်တွင်အနေများခဲ့သောကိုအေးလွင်လိုလူတဦး၏စက္ခုအာရုံတွင် တရေးရေးထင်ဟပ်လာသော သဘာဝ မြင်ကွင်းအလှအပကို ငေးမော၍မဆုံး ကြည့်ရှုလျက် ရှိနေပါသည်။

ဤသို့ကြည့်နေရာမှ တဖြေးဖြေးနှင့် မိုးအား လေအား လျော့စပြုလာပြီး လုံးဝမိုးတိတ်သွားခဲ့လေသည်။ ကောင်းကင်ပြင်တခုလုံးသည် မိုးသားတိမ်လိပ်ကင်းရှင်းလျက် ရှိလေသည်။

မကြာမီ နေပွင့်လာတော့သည်။

တခါတခါလေပြေနုကလေးများသည် ဆော့ကာနော့ကာ ဝှေ့ရမ်းတိုက်ခိုက်လာသောအခါ ချမ်းစိမ့်စိမ့်ဖြစ်လာပါသည်။

ဆရာတော်ဘုရား၏ ကျောင်းပုရဝုဏ်းထဲတွင် ကိန်း ဝပ်စံပွါယ်တော်မူသော (ပြည်လုံးချမ်းသာ) စေတီတော်မြတ်ဆီမှ ဆည်းလည်းသံတချွန်ချွန်များကလည်း တရားဓမ္မ အားထုတ်လိုသော သူတော်စင်များအတွက် ကြည်နူးစေလေသည်။

ကိုအေးလွင်သည် ဤသို့ငေးမောနေရာမှ ချောင်း ဟန့်သံကြောင့် အနောက်သို့လှည့်ကြည့်လိုက်ပါသည်။

ဆရာတော်ဦးဝိမယဖြစ်နေသည့်အတွက် အရိုအသေပေး ကာထိုင်၍ ဝတ်ပြုလိုက်ပါသည်။ ဆရာတော်နှင့်ကိုအေးလွင်တို့သည် ဇရပ်ပေါ်တွင်ထိုင်ရင်း စကားပြောနေကြပါတော့သည်။

'တကာလေးလဲ ပျင်းနေပြီထင်တယ်....'

ဆရာတော်၏ စကားကြောင့်၊

'ဘပည့်တော် မပျင်းပါဘူးဘုရား'ဟု ဤသို့အဖြေပေးလိုက်ပါတော့သည်။ သူသည်ဤကျောင်းသို့ ရောက်ရှိလာပုံမှာ ဆရာကြီးဦးနန္ဒနှင့်အတူ လာရောက်ခြင်းဖြစ်ပါသည်။ ဆရာကြီးသည် ကိုအေးလွင်အား ဤကျောင်း၌ အမိဋ္ဌာန် ဝင်ခိုင်းပြီး ဆရာကြီး၏လုပ်ငန်းကိစ္စနှင့်ပတ်သက်၍ အခြားတောင်မကြီးဆီသို့ ထွက်ခွာသွားချေပြီ။

"တကာလေး... သူတော်ကောင်းဆိုတာ ပျင်း တယ် ပျော်တယ်မရှိပါဘူး၊ ပုထုဇဉ် လိုတော့ မဟုတ်ဘူး၊ သူတော်ကောင်းတွေက . သိလန့် သမာဓိပေါ်မှာ မွေ့လျော်တယ်၊ ပုထုဇဉ်တွေကတော့ အာရုံငါးပါးပေါ်မှာ ပျော်ပါးတယ်'

'တင်ပါဘုရား ...'

'ခုဝင်မဲ့ အမိဋ္ဌာန်က'

ဤသို့ မေးမြန်းလိုက်သည်။ ကိုအေးလွင်အပို့ ဆက်ပြောရန် လမ်းကြောင်းပေးထားသည်။

'မှန်လှပါဘုရား၊ တပည့်တော်က ရေအမိဋ္ဌာန်(၃)ရက်နဲ့ မီးလှုံတဲ့အမိဋ္ဌာန် (၉)ရက် ဝင်မယ့်ပါဘုရား....'

ရေအခိဋ္ဌာန်ဆိုသည်မှာ ရေချည်းဘဲ အာဟာရ အဖြစ် သောက်ရပါသည်၊ မီးလွတ် ဆိုသည်မှာ သစ်သီးဘဲ စားရပါ သည်၊ မီးဖြင့်ချက်သော ပစ္စည်းများကို လုံးဝမစားရပါ။

ကိုအေးလွင်သည် ဆရာတော်ဘုရားအား ဤသို့လျှောက် ထားပြန်သည်။

'ဆရာတော်ဘုရားသည် တပည့်တော်အတွက် သာသနာ တော်သုံးရပ်မှ တဆူးမမှဖြစ်သည့် ပရိယတ်၊ပဋိပတ် စသည်တို့ ကို ဟောကြားဆုံးမတော်မူပါဘုရား....'

ဤသို့ ရိုသေစွာ လျှောက်ထားခြင်းကြောင့်....

ဆရာတော် ဘုရားသည် ဒါနကိုလည်း အားပေးတော်မူ သည်၊ သီလကိုလည်း အားပေးတော်မူသည်၊ သမထ ကိုလည်း အားပေးတော်မူသည်၊ ဤနည်းအတိုင်းပင် အားပေးတော် မူ ခဲ့သော်လည်း ဒါနထက်သီလ၊ သီလထက်ဘာဝနာ စသည်တို့ဖြင့် တဆင့်ပြီးတဆင့် အားကိုးအားထား ပြုပုံကို ဆုံးမဩဝါဒ ပြု လေသည်။

ဝင်းနောက်....

ဆရာတော်သည် ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ စိတ် ကို ဆင်ခြင်ခြင်း တဆယ့်ခြောက်ပါး အကြောင်းဟောကြား တော်မူလေသည်။

'မြတ်စွာဘုရား ဟောကြားတော်မူသည်က စိတ်၌စိတ် ကိုယ် အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေရပြီး ဤသာသနာ တော်၌ ရဟန်းသည်ဝင်း၊ အရိယာသူတော်စင်သော်ဝင်း၊ တပ် မက်ခြင်းနှင့်တကွသော စိတ်ကိုလည်း တပ်မက်ခြင်းစိတ်ဟု သိရ

ပြီး တပ်မက်ခြင်းကင်းသောစိတ်ကိုသည်း တပ်မက်ခြင်းကင်းသော စိတ်ဟု သိရမည်၊ အမျက်ထွက်ခြင်းနှင့်တကွသော စိတ်ကိုလည်း အမျက်ထွက်သော စိတ်နှင့် တကွသောစိတ်ဟု သိရမည်၊အမျက်ထွက်ခြင်းကင်းသော စိတ်ကိုလည်းအမျက်ထွက်ခြင်းကင်းသော စိတ်ဟုသိရမည်၊တွေဝေခြင်းနှင့် တကွသော စိတ်ကိုလည်း တွေဝေခြင်းနှင့်တကွသော စိတ်ဟုသိရ၏။ တွေဝေခြင်းကင်းသော စိတ်ကိုလည်း တွေဝေခြင်း ကင်းသောစိတ်ဟု သိရ၏။ ကျုံ့သော စိတ်ကိုလည်း ကျုံ့သော စိတ်ဟု သိရ၏၊ ပျံ့သောစိတ်ကိုလည်း ပျံ့သောစိတ်ဟုသိရ၏။ ရူပ,အရူပစိတ်ကိုလည်း ရူပ, အရူပ စိတ်ဟု သိရ၏။ ကာမဝစရ စိတ်ကိုလည်း ကာမ ဝစရ စိတ်ဟု သိရ၏။ ရူပ အရူပ စိတ်ကိုလည်း ရူပအရူပစိတ်ဟုသိရ၏။ အပ္ပနာ သမာဓိ,ဉပစာရသမာဓိရှိသော တည်ကြည်သောစိတ်ကိုလည်း အပ္ပနာသမာဓိ,ဉပစာရ သမာဓိရှိသော တည်ကြည်သောစိတ်ဟုသိရ၏။ သမာဓိ နှစ်ပါးကင်းသော မတည်ကြည်သောစိတ်ကိုလည်း သမာဓိနှစ်ပါးကင်းသောမတည်ကြည်သောစိတ်ဟုသိရ၏း လွတ်မြောက်သောစိတ်ကိုလည်း လွတ်မြောက်သောစိတ်ဟု သိရ၏။မလွတ်မြောက်သောစိတ်ကိုလည်း မလွတ်မြောက်သောစိတ်ဟုသိရ၏။

ဤသို့မိမိ၏စိတ်၌မူလည်း စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍နေ၏။ သူတပါးစိတ်၌မူလည်း စိတ်ကိုအကြိမ်ကြိမ် ရှုလေ့ရှိနေသည်ဖြစ်၍နေ၏။မိမိသူတပါး၏စိတ်၌မူလည်း စိတ်ကိုအကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေ၏။စိတ်၌ဖြစ်ကြောင်းတရားနှင့်ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေ

၏။စိတ်၌ပျက်ကြောင်းတရားနှင့်ပျက်ခြင်းသဘောကိုအကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။ ထိုကြောင့် စိတ်သည်သာလျှင်ရှိ၏။ သတိသည် ရှေ့ရှုထင်၏။ ထိုသတိသည်အဆင့်ဆင့် အသိဉာဏ် တိုးပွားခြင်းသာဖြစ်၏။ ရဟန်းသည်သော်ငင်း၊အရိယာသူတော် စင်တို့သည် တဏှာဒိဋ္ဌိတို့ဖြင့် မမှီမတွယ်၍လည်းနေ၏။

လောက၌ တစုံတရာကိုမျှလည်း ငါ၏ဥစ္စာဟုလည်း မစွဲ လန်း၊ စိတ်၌စိတ်ကိုအကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသည် ဟု ဟောကြားတော်မူတယ်....'

ထိုနောက်တဖန် ဆရာတော်ကဆက်၍

'ဤသို့တည်ကြည်သောစိတ်သည်စင်ကြယ်လတ်သော် ဖြူ စင်လတ်သော် ညစ်ကြေးမရှိလတ်သော်ညစ်ညူးခြင်း ကင်းလတ် သော် နူးညံ့လတ်သော် ပြုခြင်းငှာ သင့်လျော်လတ်သော် တည် တံ့လတ်သော်၊ မတုန်လှုပ်ခြင်းသို့ ရောက်လတ်သောစိတ်ဖြင့် ပြီး သောကိုယ်ကို ဖန်ဆင်းခြင်း၊ 'မနောမယိဒ္ဓိဉာဏ်' အလို့ငှာ စိတ်ကို ရှေ့ရှုပို့ဆောင်၏။ ရှေးရှုညွတ်စေ၏။ ဤမိမိကိုယ်မှ တပါးသောရုပ်ရှိသောစိတ်ဖြင့် ပြီးသောအင်္ဂါကြီးငယ်အလုံးစုံရှိ သောဣန္ဒြေမချို့တဲ့သောကိုယ်ကို ဖန်ဆင်းနိုင်တယ်ဆိုတာမနော မယိဒ္ဓိဉာဏ်ဖြစ်တယ်'

"ဤသို့တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်း ကင်း လတ်သော် ပြုခြင်းငှာ သင့်လျော်လတ်သော် တည်တံ့ လတ် သော် မတုန်လှုပ်ခြင်းသို့ရောက်လတ်သော် တန်ခိုးဖန်ဆင်း ခြင်း

'ကသိဏ ဝိဓဉာဏ်'အလိုငှာ စိတ်ကိုရှေ့ရှုပို့ဆောင်၏။ ရှေ့ရှုညွတ်စေ၏။ ဤသို့ဖြင့် များ ပြား သော တန်ခိုး ဖန်ဆင်းခြင်းကို ပြီး စေ ၏။ တယောက်တည်း ဖြစ် လျက် လည်း အများ ဖြစ်သွားတယ်၊ အ များ ဖြစ် လျက် လည်း တယောက်တည်း ဖြစ်လာတယ်၊ ကိုယ်ထင်ရှားဖြစ်စေတယ်....၊ ကိုယ်ပျောက်ဖြစ် စေတယ်၊ နံရံတဖက် တံတိုင်းတဖက် တောင်တဖက်သို့ မထိမငြိဘဲ ကောင်းကင်၌ကဲ့သို့သွားတယ်၊ မြေ၌လည်း ငုပ်ခြင်း ပေါ်ခြင်း၊ ရေ၌ကဲ့သို့ပြုဘယ်၊ ရေ၌လည်းမကွဲစေဘဲ မြေ၌ကဲ့သို့ သွားတယ်၊ ကောင်းကင်၌လည်း ထက်ဝယ်ဖွဲ့ခွေလျက်အတောင်ရှိသော ငှက်ကဲ့သို့ သွားတယ်၊ ဤသို့ တန်ခိုးကြီး ကုန်သော ဤသို့ အာနုဘော်ကြီးကုန်သော ဤနေလ တို့ကိုလည်း လက်ဖြင့်သုံးသပ်တယ်၊ ဆုပ်ကိုင်တယ်၊ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို မိမိအလိုအတိုင်း ဖြစ်စေနိုင်တယ်ဆိုတာ ကသိဏဝိဓဉာဏ် ဖြစ်တယ်'

ဤသို့ တည်ကြည်သော စိတ်သည် မတုန်လှုပ် ခြင်းသို့ ရောက်လတ်သော် ဒိဗ္ဗသောတဉာဏ်အလို့ငှါ စိတ်ကို ရှေ့ရှုပို့ ဆောင်တယ်၊ ရှေ့ရှုညွတ်စေ၏။ အထူးသဖြင့် စင်ကြယ်သော လူတို့၏ နားထက်သာလွန်သော နတ်တို့၏ နားနှင့်တူသော 'ဒိဗ္ဗသောတ' ဉာဏ်ဖြင့် နတ်၌လည်းဖြစ်ကုန်သော၊ လူ၌လည်း ဖြစ်ကုန်သော၊ ဝေးသည်လည်းဖြစ်ကုန်သော၊ နီးသည်လည်း ဖြစ်ကုန်သော နှစ်မျိုးသောအသံတို့ကိုကြားရတယ်ဆိုတာဒိဗ္ဗသောတ ဉာဏ် ဖြစ်တယ်....'

'ဤသို့တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော်

ဖြူစင်လတ်သော၊ညစ်ကြေးခြင်းမရှိလတ်သော ညီးညူခြင်းကင်းလတ်သော၊ နူးညံ့လတ်သော ပြုခြင်းငှာ သင့်လျော်လတ်သော၊ တည်တံ့လတ်သော၊ မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော သူတပါးတို့၏စိတ်ကိုပိုင်းခြား၍သိသော'စေတောပရိယ'ဉာဏ်အလို့ငှာစိတ်ကိုရှေးရှုပို့ဆောင်တယ်၊ရှေးရှုညွတ်စေတယ်၊တပါးသောသတ္တဝါ၊ တပါးသောပုဂ္ဂိုလ်တို့၏စိတ်ကို မိမိစိတ်ဖြင့်ပိုင်းခြား၍သိနိုင်တာ စေတောပရိယဉာဏ်ဖြစ်တယ်....''

''ဤသို့တည်ကြည်သောစိတ်၊ မတုန်လှုပ်ခြင်းသို့ရောက်လတ်သော ရှေး၌ဖြစ်ဘူးသောဘဝကို အောက်မေ့၍သိသော 'ပုဗ္ဗေနိဝါသာနုဿ'ဉာဏ်အလို့ငှာ စိတ်ကိုရှေးရှု ပို့ဆောင်၏။ ရှေးရှုညွတ်စေ၏။ များပြားသော ရှေး၌ ဖြစ်ဘူးသော ဘဝကို အောက်မေ့နိုင်ခြင်းမှာ၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြစ်တယ်''

''ဤသို့တည်ကြည်သော စိတ်သည် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် သတ္တဝါတို့သည် သေခြင်း ဖြစ်ပေါ်ခြင်းကို သိသော 'စုတူပပါတ'ဉာဏ်အလို့ငှာစိတ်ကို ရှေးရှု ပို့ ဆောင်၏။ ရှေးရှုညွတ်စေ၏။ အထူးသဖြင့် စင်ကြယ်သောလူတို့၏မျက်စိထက်သာလွန်သော နတ်တို့၏ မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် သေဆဲသတ္တဝါ၊ဖြစ်ပေါ်ဆဲသတ္တဝါ၊ယုတ်သောသတ္တဝါ၊ မြတ်သောသတ္တဝါ၊ အဆင်းလှသောသတ္တဝါ၊ အဆင်းမလှသောသတ္တဝါ၊ ကောင်းသောလားရာရှိသော သတ္တဝါ၊ မကောင်းသောလားရာရှိသော သတ္တဝါတို့ကို မြင်၏။ ကံ အားလျော်စွာဖြစ်သော သတ္တဝါတို့ကို သိနိုင်ခြင်းမှာ စုတူပပါတဉာဏ်ဖြစ်တယ်....''

“ဤသို့တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော်
ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော်၊ညံ့ညှိုးခြင်းကင်း
လတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ၊ သင့်လျော်လတ်သော်
တည်တံ့လတ်သော်, မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော်,အာ
သဝတို့ကိုကုန်စေသော ‘အာသဝက္ခယ’ဉာဏ် အလို့ငှာ စိတ်
ကို ရှေ့ရှုပို့ဆောင်၏။ ရှေ့ရှုညွတ်စေ၏။ ဤကားဆင်းရဲခြင်းဟု
ဟုတ်မှန်သောအတိုင်းသိ၏၊ ဤကား ဆင်းရဲဖြစ်ပေါ် ခြင်း၏
အကြောင်းဟု ဟုတ်မှန်သောအတိုင်းသိ၏။ ဤကားဆင်းရဲချုပ်
ရာ နိဗ္ဗာန်ဟု ဟုတ်မှန်သော အတိုင်းသိ၏။ ဤကား ဆင်းရဲချုပ်
ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဟု ဟုတ်မှန်သောအတိုင်း
သိ၏။ ဤသည်တို့ကား အာသဝတို့ဟု ဟုတ်မှန်သော အတိုင်း
သိ၏၊ ဤကား အာသဝတို့ ဖြစ်ပေါ် ခြင်း၏ အကြောင်းဟု
ဟုတ်မှန်သော အတိုင်း၊ သိ၏။ ဤကားအာသဝတို့ချုပ်ရာ နိဗ္ဗာန်ဟု
ဟုတ်မှန်သော အတိုင်းသိ၏၊ ဤကားအာသဝတို့ချုပ်ရာ၊ နိဗ္ဗာန်သို့
ရောက်ကြောင်းအကျင့်ဟု ဟုတ်မှန်သော အတိုင်းသိ၏။ ဤသို့သိ
သော၊ ဤသို့မြင်သောစိတ်သည် ကာမာသဝ မှလည်း လွတ်
မြောက်၏။ ဘဝါသဝမှလည်းလွတ်မြောက်၏။ အဝိဇ္ဇာသဝမှ
လည်း လွတ်မြောက်၏။ လွတ်မြောက်ပြီးလတ်သော် လွတ်မြောက်
လေပြီဟု အသိဉာဏ် ဖြစ်ပေ၏။ ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်
သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ မဂ်ကိစ္စကိုပြုပြီးပြီ၊ ဤမဂ်ကိစ္စ
အလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ဟု သိနိုင် ခြင်းမှာ
အာသဝက္ခယဉာဏ်ဖြစ်တယ်၊ ဒါကြောင့်ဘုရားရတနာ၊တရား
ရတနာ သံဃာရတနာ သုံးပါးကို အသက်ထက်ဆုံး ကိုးကွယ်

ဆည်းကပ်မှတ်သားတော်မူပါလေ”

ကိုအေးလွင်သည် ထိုတရားကို ကြားနာ ရသည့်အတွက် သာဓု မောဒနာ သုံးကြိမ်ခေါ်၍ ဆရာတော်ဘုရားအား ဝတ်ပြု လိုက်ပါတော့သည်။

ဆရာတော်ဘုရားသည် မိမိစံကျောင်းသို့ဤဇရပ်မှ ထွက် ခွာသွားတော့သည်။

# ၇

ကိုအေးလွင်သည် ဆရာတော်ကျောင်းသို့ ရောက်ရှိ နေ သည်မှာ (၂)ရက်ပင် ရှိခဲ့လေသည်။

တညနှင့် တနေ့ခရီးကို နှင်ခဲ့ရသည်။

ရထားတတန်၊ လှည်းတတန်၊

ခရီးလမ်းတွင် အိပ်ရေးကမဝ၊ မှေးလိုက် နိုးလိုက်ဖြင့် ...

ကျောင်းအရောက် လှည်းလမ်းကကြမ်းသည်၊ တလမ်း လုံးလှိုင်းထနေသည်၊ ကြာကြာလှည်းစီးရတော့ ခါးတွေနာလာ သည်။ လှည်းပေါ်မှာတယောက်တည်း မျောက်မီးခဲကိုင်မိသလို ဖြစ်နေသည်။

ဟိုရွေ့ ဒီရွေ့။

ဒီတုန်းက....

ဆရာကြီး ဦးနန္ဒကပြောလာသည်။

"မောင်အေးလွင် နည်းနည်းတော့ သီးခံလိုက်ပါ၊ ရောက်တော့မှာပါ၊ ဂန္ဓာရီခရီးလှည့်တဲ့အလုပ်ဆိုတာ ဒုက္ခ အမြဲရောက်တယ်၊ တခါတလေ ဆရာကြီးတို့ဆို နေ့ရောညပါ လမ်းလျှောက်သွားရတဲ့ ခရီးတွေ မနည်းဘူး နော်...."

ဆရာကြီးစကားအရမူ ယခုခရီးသည် သိပ်မဆိုးသေးချေ။

ထို့ကြောင့်....

တကိုယ်လုံးနွမ်းနယ်နေသဖြင့် ဆရာတော် ကျောင်းတွင် အနားယူနေခြင်းဖြစ်လေသည်၊

သည်နေ့....

မိုးကမရွာ မိုးလိပ်မိုးသားတွေ ကောင်း ကင် ပြင်ဝယ် ဆင်းရှင်းနေပါသည်။

ဒီတော့....

နံနက်နေရောင် အားကောင်းနေသည်။

ကိုအေးလွင်သည် အိမ်မှယူလာသောယောဂီရောင်အင်္ကျီနှင့် လုံချည်ကို လွယ်အိတ်ထဲမှ ထုတ်ယူပြီးဝတ် လိုက်ပါသည်။

မကြာမီ

ဆရာတော် သီတင်းသုံးတော်မူသည့်စံကျောင်းသို့ရောက်သွားသည်။

အကြောင်းကမူ....

သူသည် အမိဋ္ဌာန်ဝင်ရန်အတွက် လာရောက်ခြင်း ဖြစ်သည်။

ရင်းနောက်....

ကိုဒေအးလွင်သည် တဆက်တည်းပင် သီလကိုတပါတည်း ယူလိုက်ပါတော့သည်။

ဆရာတော်သံတွင် သီလယူပြီးနောက် စံကျောင်းနံဘေးရှိ ဇရပ်ပေါ်တွင် ကပ္ပိယ ဦးသူတော်ထံသွား၍ ရေအဓိဋ္ဌာန်ယူရန် ရေအိုးတလုံးနှင့် ရေတခွက်သွားတောင်းလေသည်။

'ဆရာကြီး ဦးသူတော်....'

ဤသို့ ဇရပ်အောင်ဖက်မှ အသံပြုလိုက်သည်။

'ဟဲ့...ဘယ်သူလဲဟ၊ နံနက်စောစော'

'ကျနော်ပါ ဆရာကြီး'

အသက်အရွယ်အားဖြင့်(၆၀)နီးပါးခန့်ရှိပြီး ဝတ်ဖြူစင်ကြယ်မြင့် ခေါင်းတွင် အဖြူရောင် အုပ်ခေါင်းကို ပေါင်းထားသည့် ဦးသူတော်သည်ဤကျောင်းသို့ရောက်ရှိလာပြီး တရားဓမ္မလမ်းသို့ လိုက်စား အားထုတ်ခဲ့သည်မှာ (၁၀) နှစ်ကျော်ရှိခဲ့ပြီး မြင်ကြောင်း ဘဝယာက်မှ အစဆိုသကဲ့သို့ တဆင့် စကား တဆင့်ကြားခဲ့လေသည်။

'ကျနော် ရေ အဓိဋ္ဌာန်ဝင်မလို့ ဆရာကြီး'

'ဒေအး ကောင်းဘာပေါ့ကွ၊ သီလတို့အဓိဋ္ဌာန်တို့ ဆိုတာ မျက်မှောက် အရေးကြီးတယ်နော်....၊ ဒါကြောင့် ဗိုဓိ ဘုရားက တိကာအကြောင်း ဒီလို ဟောကြားခဲ့တယ်....'

မြတ်စွာဘုရားသည် နဋ္ဌနမြို့၌ အလိုရှိသမျှနေတော်မူပြီးလျှင် 'အာနန္ဒာလာသွားကုန်အံ့၊ ပါဋလိရွာ ဆီသို့ ချဉ်းကပ်ကုန်အံ့'ဟု အသျှင် အာနန္ဒာအား မိန့်တော်မူ၏။

'အရှင်ဘုရား ကောင်းပါပြီ' ဟု အသျှင် အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံ၏။

ထိုအခါ မြတ်စွာဘုရားသည် များစွာ သော ရဟန်းသံဃာတို့နှင့်အတူ ပါဋလိရွာသို့ ကြွရောက်တော်မူ၏။

ပါဋလိရွာသား ဥပါသကာ တို့သည် 'မြတ်စွာ ဘုရား ပါဋလိရွာသို့ ရောက်တော်မူ၏'ဟုကြားကုန်၏။ ထိုအခါပါဋလိရွာသို့ ဥပါသကာတို့သည်မြတ်စွာဘုရားထံသို့ချဉ်းကပ်၍ မြတ်စွာဘုရားကိုရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်ကုန် ပြီးသော် 'မြတ်စွာဘုရားသည် အကျွန်ုပ်၏ ဧည့်တည်းရာဇရပ်ကို လက်ခံတော်မူပါ မြတ်စွာဘုရား'ဟု မြတ်စွာဘုရားအား လျှောက်ကုန်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူ၏။

ထိုအခါ ပါဋလိရွာသား ဥပါသကာတို့သည် မြတ်စွာဘုရား လက်ခံတော်မူသည်ကို သိသဖြင့် နေရာမှထကာ မြတ်စွာဘုရားကိုရှိခိုးလျက် အရိုအသေပြုပြီးလျှင် ဧည့်တည်းရာဇရပ်သို့ ချဉ်းကပ်ကုန်၍ ထိုဧည့်တည်းရာ ဇရပ်၌ ခင်းနှီး အပြည့်ခင်းခြင်း ထိုင်နေစရာတို့ကို ပြင်ထားခြင်း ရေပြည့်အိုးကြီးကို တည်ထားခြင်း၊ ဆီမီးထွန်း ထားခြင်း တို့ကို ပြုပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ် ပြန်ကုန်၏။ ချဉ်းကပ် ပြီး၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ရပ်ပြီးသော် ပါဋလိရွာသား ဥပါသကာတို့သည် မြတ်စွာဘုရားအား ဤစကားကို လျှောက်ကုန်၏။

'အရှင်ဘုရား၊ ဧည့်တည်းရာဇရပ်၌ ခင်းနှီး အပြည့်ခင်း ပြီးပါပြီ၊ ထိုင်နေရာတို့ကိုလည်း ပြင်ထားပြီးပါပြီ၊ ရေပြည့်

ဆိုးကြီးကိုလည်း တည်ထားပြီးပါပြီ၊ ဆီမီးကိုလည်း ထွန်းထားပြီးပါပြီ၊ အရှင်ဘုရားယခုအခါ၌ ကြွတော်မူရန်အချိန်ကို မြတ်စွာဘုရားသိတော်မူပါသည်။(ကြွရန်မှာ မြတ်စွာဘုရား၏ အလိုတော် အတိုင်းပင်ဖြစ်ပါသည်)’ဟု လျှောက်ကုန်၏။

ထိုအခါမြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်တော်မူ၍ သပိတ်သင်္ကန်းကိုယူလျက် ရဟန်း သံဃာနှင့် ညီတည်းရာဇရပ်သို့ ချဉ်းကပ်တော်မူပြီးလျှင် ခြေဆေးတော်မူ၍ ညီတည်းရာဇရပ်သို့ ဝင်ပြီးသော် အလယ်တိုင်ကိုမှီလျက် အရှေ့အရပ်သို့ မျက်နှာမူကာ ထိုင်နေတော်မူ၏။

ရဟန်း သံဃာသည်လည်း ခြေဆေး၍ ညီတည်းရာဇရပ်သို့ဝင်ပြီးသော် အနောက်ဖက်နံရံကိုမှီလျက် အရှေ့ အရပ်သို့ မျက်နှာမူကာ မြတ်စွာဘုရားကိုသာလျှင် ရှေ့ထား၍ ထိုင်နေ၏။

ပါဋလိရွာသား ဥပါသကာတို့သည်လည်း ခြေဆေးကုန်၍ ညီတည်းရာဇရပ်သို့ ဝင်ကုန်ပြီးသော်အရှေ့ဖက်နံရံကိုမှီလျက် အနောက်အရပ်သို့မျက်နှာမူကာ မြတ်စွာ ဘုရားကိုသာလျှင် ရှေ့ထားလျက်ထိုင်နေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ပါဋလိရွာသား ဥပါသကာတို့ကို မိန့်တော်မူ၏။

ဥပါသကာတို့ သီလမရှိသူ၏ သီလပျက်ခြင်း၌ ဤ ငါးပါးသော အပြစ်တို့သည်ရှိကုန်၏။ အဘယ်ငါးပါးတို့နည်းဟူမူ....

ဥပါသကာတို့ ဤလောက၌ သီလမရှိသော သီလပျက်သောသူသည် မေ့လျော့ခြင်းကြောင့် များစွာသော စည်းစိမ်

ဆုံးရှုံးခြင်းသို့ရောက်၏။ ဤကားသီလမရှိသူ၏ သီလပျက်ခြင်း၌ ရှေးဦးစွာသော အပြစ်ပေတည်း။

ဥပါသကာတို့တဖန် ထို့ပြင်လည်း သီလမရှိသော သီလပျက်သောသူ၏ မကောင်းသောကျော်ဇောသတင်းသည် ပျံ့နှံ့၍ထွက်၏။ ဤကားသီလမရှိသူ၏ သီလ ပျက်ခြင်း၌ နှစ်ခုမြောက်အပြစ်ပေတည်း။

ဥပါသကာတို့ တဖန် ထို့ပြင်လည်းသီလမရှိသော သီလပျက်သောသူသည် မင်းပရိသတ် ရဟန်းပရိသတ်၊ ပုဏ္ဏားပရိသတ်၊ သူကြွယ်ပရိသတ်အလယ်သို့ ချဉ်းကပ်ခဲ့သော် ကြောက်ကြောက်ရွံ့ရွံ့ မျက်နှာညှိုးငယ်လျက် ချဉ်းကပ်ရ၏။ ဤ ကား သီလမရှိသူ၏ သီလပျက်ခြင်း၌ သုံးခုမြောက် အပြစ်ပေတည်း၊

ဥပါသကာတို့ တဖန်ထို့ပြင်လည်း သီလမရှိသော သီလပျက်သောသူသည် တွေတွေဝေဝေဖြစ်လျက် သေရ၏။ ဤကား သီလမရှိသောသူ၏ သီလပျက်ခြင်း၌ လေးခုမြောက်အပြစ်ပေတည်း။

ဥပါသကာတို့ သီလမရှိသော သီလပျက်သော သူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည့်နောက်၌ မကောင်းသောလားရာ ပျက်စီး၍ကျရောက်ရာ ငရဲ၌ ဖြစ်ရ၏။ ဤကား သီလမရှိသောသူ၏ သီလပျက်ခြင်း၌ ငါးခုမြောက် အပြစ်ပေတည်း။

ဥပါသကာတို့ သီလမရှိသူ၏ သီလပျက်ခြင်း၌ အပြစ်တို့သည် ဤငါးပါးတို့ပေတည်း။

ဥပါသကာတို့ သီလရှိသူ၏ သီလနှင့်ပြည့်စုံခြင်း၌ ဤငါး

ပါးသော အကျိုးအာနိသင်တို့သည် ရှိကုန်၏။ အဘယ်ငါးပါး တို့နည်းဟူမူ-

ဥပါသကာတို့ ဤလောက၌ သီလရှိသော သီလနှင့်ပြည့်စုံသောသူသည် မမေ့လျော့ခြင်းကြောင့် များစွာသော စည်းစိမ်အစုကိုရ၏။ ဤကား သီလရှိသူ၏ သီလနှင့်ပြည့်စုံခြင်း၌ ရှေးဦးစွာသော အကျိုး'အာနိသင်'ပေတည်း။

ဥပါသကာတို့ တဖန်ထို့ပြင်လည်း သီလရှိသော သီလနှင့် ပြည့်စုံသောသူသည် မင်းပရိသတ်၊ ရဟန်းပရိသတ်၊ ပုဏ္ဏားပရိသတ် သူကြွယ်ပရိသတ်အလယ်သို့ချဉ်းကပ်ခဲ့သော် မကြောက်မရွံ့မျက်နှာ မညှိုးငယ်ဘဲချဉ်းကပ်ရ၏။ ဤကား သီလရှိသူ၏ သီလနှင့်ပြည့်စုံခြင်း၌ သုံးခုမြောက် အကျိုး 'အာနိသင်' ပေတည်း။

ဥပါသကာတို့ တဖန်ထို့ပြင်လည်း သီလရှိသော သီလနှင့် ပြည့်စုံသောသူသည် တွေဝေခြင်းမရှိဘဲ သေရ၏။ ဤကား သီလရှိသူ၏ သီလနှင့်ပြည့်စုံခြင်း၌ လေးခုမြောက် 'အာနိသင်' ပေတည်း။

ဥပါသကာတို့ တဖန်ထို့ပြင်လည်း သီလရှိသော သီလနှင့်ပြည့်စုံသောသူသည်ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်၌ဖြစ်ရ၏။ ဤကား သီလရှိသူ၏ သီလနှင့်ပြည့်စုံခြင်း၌ ငါးခုမြောက် အကျိုး 'အာနိသင်' ပေတည်း။

ဥပါသကာတို့ သီလရှိသူ၏ သီလနှင့်ပြည့်စုံခြင်း၌အကျိုး 'အာနိသင်'တို့သည် ဤငါးပါးတို့ပေတည်း'ဟု (မိန့်တော်မူ၏)

'ကပ္ပိယဦးသူတော်၏သီလအကြောင်းတရားကို နားကြားရခဲ့လေပြီ။

ကိုအေးလွင်သည် ရေအိုးတလုံးနှင့် သောက်ရေခွက်တခုကို ချိုမလျက်သူနေထိုင်သော ဇရပ်ဆီသို့ လာခဲ့၏။ ဇရပ်ပေါ်တွင် ချိုမခဲ့သော ရေအိုးကို သန့်စင်သောနေရာတွင် တင်ထားလိုက်ပါသည်။

ရေသာ သူ့အတွက်အာဟာရ။

အစာကိုမမှီဝဲခြင်းကြောင့် ဘာအကြောင်းများ ထူးမည်နည်း။

အာဟာရရုပ်ကြီးသည် အာဟာရ မမှီဝဲခြင်းကြောင့် ဘာဖြစ်မည်လဲ။

သူရင်ဆိုင်ရမည့် အခြေအနေက သူ့အတွက် မေး ခွန်းတရပ်ပေါ်လာခဲ့၏။

ယခုမှ ဧေအမိဋ္ဌာန်ဝင်လို့ မိမိကိုယ်ကို မေးခွန်းတရပ်အနေဖြင့် မေးနေရခြင်းမဟုတ်ချေ။

ဤမေးခွန်းသည် ယခုမှ ပေါ်လာခြင်းမဟုတ်ပေ။ ဟိုတချိန်။

တနည်းဆိုသော်....

တရားအားထုတ်သည့်အချိန်ကစ၍ သက်သတ်လွတ်စားခြင်း၊ ဥပုသ်စောင့်ခြင်းစသည့် လုပ်ငန်းများကို ဆောက်တည်အားထုတ်ခဲ့သည်။

ဤကဲ့သို့အမိဋ္ဌာန်ကို မကြာမကြာဝင်ခဲ့ဘူးသည်။

ပထမတော့၊

သူ့မွေးနေ့တိုင်း ဥပုသ်စောင့်သည်။နောက်တဆင့်။

ဝါတွင်းသုံးလပတ်လုံး သူဥပုသ် စောင့်လာပြန်သည်။

ခုတော့၊

ရေအာဗ်ဌာန်၊ မီးလွတ်အာဗ်ဌာန်စသည့် အဓိဌာန်က အဆင့်မြင့်လာသည်။

မကောင်းသော ဒုစရိုက်များကို တနေ့တခြားမပြုလုပ်ဘဲကောင်းသော သုစရိုက်ကိုပြုကျင့်လာတတ်တော့သည်။

ကိုအေးလွင်သည် ရေအဓိဌာန်ဝင်ရန် သူနေသောဇရပ်ပေါ်ရှိ ဘုရားစင်ရှေ့တွင် ရိုသေစွာထိုင်လိုက်ပြီးနောက် ဘုရား၏ ဂုဏ်တော်ကို ရည်မှန်းအာရုံပြု၍ ရှိခိုး ပြီးလျှင် အမိအဖဆရာနှင့် ကျေးဇူးရှိသူသောသူ အားလုံးကိုအပြစ်ကြီးအပြစ်ငယ်များရှိပါက မှန်း၍ကန်တော့ ဝန်ချတောင်းပန် ပြီးလျှင် ဆရာမိဃကို အစထား၍ အလုံးစုံသော သတ္တဝါအပေါင်းကို မေတ္တာပို့လိုက်ပါသည်။

မိမိခန္ဓာကိုယ်ကို ဘုရားအား လှူဒါန်းလိုက်ပါ တော့သည်။

ဘုရားတပည့်တော်သည် သစ္စာလေးပါး မြတ်တရားကိုသိရှိကာ နိဗ္ဗာန်တရားမြတ်ကို မျက်မှောက်ပြုနိုင်ပါစေ ဘုရား။

ဤသို့ အနုဗ္ဗော အနန္တ ငါးပါးကိုရှိခိုးပြီးနောက် ဂုဏ်တော်(၉)ပါး ပုတီးစိပ်ရန်အတွက် တင်ပလ္လင် ဖွဲ့ခွေ ထိုင်လိုက်ပါတော့သည်။ ခြေထောက်ချင်းမထပ်စေဘဲ အထက်ပိုင်းကိုယ်ကို ဖြောင့်ဖြောင့် မတ်မတ်ထားပြီးနောက် ဂုဏ်ကို အာရုံ ပြုပြီး

ပုံတော်ကို အာရုံမပြုမိစေရန် ကိုအေးလွင်သည် ပုတီးစိပ်နေပါ တော့သည်။

ဤသို့ ပုတီးစိပ်ပြီးနောက်သတိကိုနှာသီးဖျားဌ်သာ ထား လျက် ထွက်သက်ဝင်သက် လေကို မှတ်လိုက်ဖြင့် သတိသညာနှင့် အားထုတ်နေလေသည်။

သူသည်အားထုတ်ပြီးသောအခါတွင် ရေအိုးစင်ရှိရေအိုး ကို ဘုရားရှင်ရှေ့တော်မှောက်သို့ ယူလာခဲ့ပြီး အာဟာရသိဒ္ဓိ အဖြစ်ပြောင်းလဲရန်အလို့ငှာ ရေကိုသိဒ္ဓိတင်လိုက်ပါတော့သည်။

ထို့ကြောင့်

၎င်းရေသည် သိဒ္ဓိရေစင်ဖြစ်သွားသောကြောင့်သောက် သောအခါတွင် အာဟာရမှီဝဲရသကဲ့သို့ ရှိလေသည်။

မဟာဂန္ဓာရီ ပရိပတ်ကျင့်သောပုဂ္ဂိုလ်တိုင်းသည် ဤသို့ မှတ်ယူကြလေသည်။

သူသည် အာဟာရအဖြစ် အစာကိုမမှီဝဲဘဲ၊ ဆာလောင် မွတ်သိပ်သောအခါတွင် ရေကိုသာ အာဟာရအဖြစ် မှီဝဲလျက် ရှိသည်။

နံနက်ပိုင်းတော့....

သူသည် အစာစားသည့်အချိန်တိုင်းတွင် ရေကို မှီဝဲပြီး နေနိုင်၏။

နေ့လည်ပိုင်းသို့....

အစာအာဟာရမရှိသော ကိုအေးလွင်၏ ဝမ်းဗိုက်သည် ပူလောင်သော ဝေဒနာသော်၎င်း၊ ဇက်ကြောကြီး နှစ်ခုသည်

အာဟာရဓာတ် မရှိခြင်းကြောင့် သွေး များသည် လှုပ်ရှားမှု ဒဏ်ကြောင့် ကိုက်ခဲနေပါတော့သည်။

သူသည် ပထမတော့ လမ်းလျှောက်၍ သော်လည်းကောင်း။ ထိုင်၍သော်လည်းကောင်း၊ စိပ်ပုတီးစိပ်နေ၍ ရသေး၏။ ဤသို့စကြံ့န်လျှောက်နေရာမှ သူ့မျက်စေ့များသည်ပြာဝေလာသည်။ တခါတခါ ခေါင်းထဲမှာ မူးဝေလျက် ရှိလာပါသည်။

ဒီနေ့....

ကိုအေးလွင်သည် တကိုယ်လုံး သွေးလှုပ်ရှားခြင်း နှုန်းမှာ အလွန်ပြင်းထန်ပြီး ဇက်ကြောကြီး နှစ်ခု၏ လှုပ်ရှားသော ဝေဒနာခံရသည်မှာ မသက်သာလှချေ။

ထို့ကြောင့်....

သူ့ဝေဒနာ အေးငြိမ်းစေရန်အတွက် အထူးမလှုပ်ရှားတော့ချေ၊ ငြိမ်ငြိမ်ကလေးပင် အိပ်ရာပေါ်တွင်အိပ်၍ စိပ်ပုတီးစိပ်၍ စိတ်ကိုတည်ငြိမ်မှု သမာဓိဖြစ်စေရန် အတွက် အာဟာရဖြစ်ပေါ်သော ဝေဒနာကို အထူးမေ့နိုင်ရန် ကြိုးစား နေပါတော့သည်။ ဤသို့တရားသဘော နှလုံး သွင်းနေရာမှ တမှေးလောက်တော့ အိပ်ပျော်သွားတော့သည်။

သူအိပ်ရာက နိုးလာ၏။ အသေ့အထသိပ်မရှိသေးသောကြောင့် သူ၏ဝိတ်ချားက အာဟာရတခုခု စားချင်တောင့်တလာပြန်သည်။

ဒီတော့....

သူသည် ဆန္ဒဖြစ်ပေါ်မှုကိုမေ့ပျောက်ရန် ကြိုးစားလိုက်ပြီး ရေအိုးစင်ရှိရာဆီသို့ သူ့မျက်လုံးက ရောက်ရှိသွားပါသည်။

သူ၏ သီလပျက်မှု မရှိစေရန် စိတ်အာရုံကို တမျိုးတဖုံ ပြောင်းလွှဲ လိုက်ပါတော့သည်။

နေရောင်ပျောက်ကွယ်သွားချေပြီ။

သူသည် ဒီညအဖို့ ဘုရားဝတ်ပြုပြီး ခံစား နေရသော ဝေဒနာကို မေ့ပျောက်ရန်အလို့ငှာ ဒီနေ့တနေ့အဖို့တော့ ကျင့်သားမရသေးသောကြောင့် အိပ်လိုက်ပါ တော့သည်။

ဒုတိယနေ့....

ဤနေ့သည် အခြားနေ့များကဲ့သို့မဟုတ်ချေ။ ထူးခြားမှု ရှိလာသည်။ အာဟာရသိဒ္ဓိ မြောက်သလို ရှိနေ၏။

အကြောင်းမူ....

ပထမနေ့က အာဟာရတောင်းတမှုဝေဒနာသည် ပြင်းပြစွာရှိ၏။ ထိုဒဏ်ကို အလူးအလဲခံရရှာသည်၊ ထို့ကြောင့် ရေသောက်၍ ကျင့်ကြံအားထုတ်ခြင်း၏ သဘောတရား တနည်းဆိုသော် အာဟာရမရှိသော ခန္ဓာရုပ်၏ ကိလေသာ ကင်းသော ရုပ်၏ အာရုံများမှာမူ တမျိုးဘဖုံ ထူးဆန်း လျက် ရှိနေ ပါ တော့သည်။

သူသည် နေ့စဉ်ပြုလုပ်နေကြ နိစ္စပတ်ကို ပြုလုပ်လျက် ရှိပါသည်။ ဂုဏ်တော် (၉) ပါးကို စိပ်ပြီးနောက် အာနာပါန ကမ္မဋ္ဌာန်းတရားကို အားထုတ်ပါတော့သည်။ ထိုအချိန်တွင် သူ့မျက်စေ့ထဲ၌ ယခင်ကလို အရောင် အဆင်းများ မတွေ့ရဘဲ၊ စက္ခုအာရုံနိမိတ်တွင် တွေ့မြင်ရသောသဏ္ဌာန်များသည် ရုပ်ရှင်

ဇာတ်ကားတခု ကြည့်ရသကဲ့သို့ ကွက်ကွက်ကွင်းကွင်း ထင်ထင်ရှားရှား တွေ့မြင်ရ၏။

ၔင်းတို့မှာ....။

တောတောင်ထဲတွင် ကျင့်ကြံ အားထုတ် နေကြသော ရဟန်းသံဃာတော်များသည် ဂူ၊ ကျောင်း စသည်တို့၌ နေထိုင်ကြပုံ၊ အချို့ရဟန်း တွေမှာမူ တောင်ပေါ်သို့ တက်နေကြပုံ၊ အချို့ လူသူတော်စင်များမှာလည်း တခုတည်းသော ကမ္မဋ္ဌာန်းတရားကို အားထုတ်နေသည်ကို ရုပ်ရှင်ကြည့်နေရသကဲ့သို့ မြင်တွေ့ရလေသည်။

ကိုအေးလွင်သည် ယင်းကဲ့သို့ အားထုတ်ပြီးနောက် ဖူးမြင်ရသော အကြောင်းတရပ်ကို ပြန်လည်စမ်းစစ်လေသည်။

ယခင့်ယခင် သူဥပုသ်စောင့်သည်။ သက်သတ်လွတ်စားသည်။ သို့သော် ဤမျှလောက် အာရုံမြင်ကွင်းတွင် တွေ့ရသော ပုဂ္ဂိုလ်များမှာမူ မထင်ရှား။

ယခုတော့....။

အာရုံထွင် မြင်ရ ဖူးရသောမြင်ကွင်းမှာ မတူးဆန်းသည်မှာ ၔင်း၏ခန္ဓာရုပ်ရှိ အသွေးအသား များသည် အသားများစားခြင်း၊ အာဟာရကို ပြည့်ဝ စေခြင်း၊ ခန္ဓာရုပ် အတွင်း၌ရှိသော မကောင်းသော အာရုံကြော များသည် တမျိုးတဖုံ တဏှာကို အားပေးသည်ဟု ထင်မှတ်စရာ။

ထို့ကြောင့် ရေသောက်ခြင်း၏ အဓိဋ္ဌာန်သည် ကောင်းကြောင်းသူနားလည်ခဲ့၏။ ရေအဓိဋ္ဌာန်ဝင်သောအခါတွင် နှုတ်ပိတ်စကားမပြောသော အဓိဋ္ဌာန်ကိုပါ တပါတည်း ဝင်ရလေ

သည်။ စကားပြောခြင်းသည် အားအင်ဆုတ်ယုတ်စေကာ အာဟာရစားသောက်၍စကားပြောသည်မှု မဆိုလိုချေ။ ရေအဓိဋ္ဌာန်ဝင်သူများအဖို့ နှုတ်ပိတ်ခြင်းကြောင့် အားအင် မဆုတ်လျော့ဘဲရှိနေပါသည်။

ရေအဓိဋ္ဌာန် ဝင်သောပုဂ္ဂိုလ်သည် လှုပ်ရှားမှုကြောင့် ဖြစ်ပေါ်သော အားအင်ကုန်ခမ်းသော အလုပ်မျိုးကို မပြုလုပ်ရပေ၊ အကြောင်းမူ အာဟာရမရှိသော ရုပ်သည် တနေရာတည်းတွင် မိမိပြုလုပ်သောကမ္မဋ္ဌာန်းတရားကို ပွားများရ၏။

ဆရာတော်ဘုရား၏ ကျောင်းပရဝုဏ်းရှိ သစ်ပင်ကြီးငယ်များမှာမူ အတော်ပင် ပေါများလှ၏။ နှစ်ရှည်လများစိုက်ထားသဖြင့် အချို့အပင်များမှာ အိုမင်း ရင့်ရော်လျက် ရှိချေ၏။ နှစ်စဉ် သီးလျက်ရှိသော သစ်သီးများမှာမူ ဖူးပွင့်ဖူးငုံလျက်ရှိလေသည်။

သူ့အဖို့ မီးလွတ်ဝင်ရသော်လည်း အထူးသစ်သီးဝယ်ယူရန်မလို၊ ကျောင်းအတွင်းရှိ သစ်သီးများကို ခူးယူစားသောက်ရုံနှင့်ပင် လုံလောက်လျက်ရှိနေ၏။

သူသည် ရေအဓိဋ္ဌာန်ဝင်ရောက် ပြီးဆုံးတော့ မီးလွတ်အဓိဋ္ဌာန် ဝင်ရပြန်တော့သည်။ ရေကဲ့သို့ အာဟာရမှာမူ အလွန်ပင်ပမ်းနွမ်းနယ်မှုတော့မရှိချေ။ ငှက်ပျောသီး တလုံးစ၊ နှစ်လုံးစ ဆားလောင်မွတ်သိပ်ခြင်းကို တမျိုးတဖုံ စားလိုက်ခြင်းကြောင့် အားဖြစ်နိုင်၏။

ကိုအေးလွင်သည် အချိုသီး၊ အချဉ်သီး စသည့် မီးဖြင့် ချက်ပြုတ်သော ပစ္စည်းမဟုတ်သည့် အစာမှန်သရွေ့ကို စားတော့သည်။ မီးလွတ်အဓိဋ္ဌာန်သည် ဆေးလိပ်ပင် မသောက်ရပေ။

ထိုကြောင့် သူအလွန်ကြိုက်တတ်သောဆေးလိပ်ကိုမသောက်မိရန် အထူးသတိထားရပြန်သည်။ ဆေးလိပ် သောက်လိုသောဆန္ဒ ဖြစ်ပေါ်လာသောအခါတိုင်း မသောက်ရသဖြင့် ခံတွင်းချဉ်နေပါတော့သည်။

စားနေကျထမင်း မစားရသည်ကို အာဟာရဖြင့် မမှီဝဲလိုသောစိတ်ကို သမာဓိ ရင့်ကျက်မှုရှိပြီး ရောင့်ရဲတင်းတိမ်မှုဖြစ်စေရန်အတွက် ဤအကျင့်ကို ကျင့်၏။ ယခုလူတဦးတွင် နှစ်မျိုးရှောင်ကျဉ် နေရသည်နှင့် တူနေ၏။ မီးဖြင့် ချက်သောထမင်းနှင့် ဆေးလိပ်ပင် မသောက်ရတော့ချေ။

ရေအဓိဋ္ဌာန်နှင့်စာပါက မီးလွတ်က တော်သေးသည်။ စားလိုသောဆန္ဒ ဖြစ်ပေါ်လာပါက အာဟာရအဖြစ် သစ်သီးသစ်ဖုကို မှီဝဲခြင်းကြောင့် တမျိုးတဖုံ အာဟာရဖြစ်စေသည်။

သူသည် ရေအဓိဋ္ဌာန်ဝင်သည်ကနိမိတ်သုံးပါး၏နောက်ဆုံးပဋိဘာဂ နိမိတ်တွင် ပေါ်လာခဲ့သော အကြောင်းအရာကဲ့သို့ပင် မီးလွတ်ဝင်စဉ်တွင် ဤကဲ့သို့ကြည်လင်ပြတ်သားသောနိမိတ်များကို ဖူးမျှော်ရပြန်သည်။

အဓိဋ္ဌာန်ဝင်ခြင်းတော့အောင်မြင်သွားချေ၏။ ဆရာကြီးဦးနန္ဒအား ဤကျောင်းမှနေ စောင့်ဆိုင်းရန် မလိုတော့ပေ။ အကြောင်းမူ ဆရာကြီးသည် မည်မျှကြာအောင် အဓိဋ္ဌာန်ဝင်

မည်ကိုတော့ ပြောမသွား၊ ဆရာကြီး ပြောသွားသော စကား မှာမူ။

'မင်းအစိမ်းဝတ်ဝင်ပြီးရင် မင်းသဘော....' ဟု အမိန့်ပေးခဲ့လေသည်။

ထို့ကြောင့်....။

ကိုအေးလွင် တဦးထဲ မိမိဌာနေဆီသို့ ပြန်လာ ခဲ့လေသည်။

သူသည် အစိုးရဝန်ထမ်းတဦး....။

ယခု သွားရောက်ခဲ့သည်မှာ ရုံးမှခွင့်ယူ၍ သွားရောက်တရားအားထုတ်ခဲ့ခြင်းပင်ဖြစ်၏။ သို့သော် ခွင့်ရက်ကို အားထုတ်မည့်ရက်ထက် ပို၍ယူထားသောကြောင့် သူ့အနေနှင့် အိမ်သို့ပြန်ရောက်လာပေမင့် ချက်ချင်း ရုံးသို့တက်ရန်မလိုသေးချေ။

သူ့အတွက် ရုံးမတက်ရသေးသော်လည်း အိမ်တွင်တဦးတည်း ငိမ်ခံနေရသူမဟုတ်ပေ။

အကြောင်းတခုရှိ၏။ အခြားမဟုတ်ချေ။

သူသည် အလုပ်တခုလုပ်ပါက မပြီးမချင်း ဝိရိယနှင့်ဇွဲကို ပေါင်း၍ အားပြုတတ်၏။ အားလျော့ အရှုံးပေး တတ်သည့်စိတ်မျိုးလည်း သူ့၌မရှိချေ။

ဒီတော့....။

လူသားတဦး၏ ကိုယ်တိုင်ကြိုးစား အားထုတ်၍ ရသောဈာန်၊ အဘိဉာဉ်၊ အသိဉာဏ်ထူးတွေ ဖြစ်ပေလင့် ဘာသာရေးကိုတော့ ဦးစွာယုံကြည်ရကြောင်းကို သူနားလည်သည်။

သူသည် စက်၌ အဘိဉာဉ်၊ သောတအဘိဉာဉ် စသည့် အကြောင်းတရားများမှာ အကျိုးသက်မှုတွင် ကြိုးစားခြင်း၏ ရလာဒ်တခုပင် ဖြစ်လာနိုင်ဘွယ် ရှိနေကြောင်း သူယူဆယုံကြည် လျက်ရှိနေ၏။

ဒါကြောင့်သူသည် အားကျိုးမာန်တက် စိတ်ပါလက်ပါ (တနည်းဆိုသော်) သေလိုက သေစေ တရားကျင့်ကြံအားထုတ် ရခြင်းသည် မြတ်တယ်ဆိုသည့် သဘောတရားများသည် သူ့နှလုံး သားဝယ် ကိန်းအောင်း မှတ်ကျောက် တင်ထားလျက် ရှိနေပါ သည်။

နယ်သို့သွားရောက်၍ အငြွောန်ဝင်ခဲ့သော်လည်း ရန်ကုန် သို့ ပြန်ရောက်ခဲ့ သည်နှင့် ခွင့်ရက်က ကျန်နေ သေးသဖြင့် နေကသိုဏ်းကို ဆက်လက် အားထုတ်ပြန်သည်။

လူဆိုသည် ရုပ်နှင့်နာမ်ပူးတွဲ လှုပ်ရှားနေသည်။ နာမ် ပိုင်း၏လှုပ်ရှားမှုသည် ရုပ်ကပြုလုပ်ဆောင်ရွက်နိုင်သည်။ မလုပ် နိုင်သည်ကို မသိသော်လည်း ကြာရှည်စွာ နာမ်က လှုပ်ရှားလာ သောအခါတွင် တနည်းမဟုတ်တနည်း ရုပ်သည်အားအင် ကုန် ခမ်းခဲ့လေသည်။

နာမ်လိုမှာမှ ရုပ်သက်သာဟူသော စကားသည် သူ့အ တွက် နောက်ကျသွားခဲ့လေပြီ။

သူ့ခန္ဓာရုပ်သည် တနေ့တခြား ရောဂါဖိစီးလာခဲ့လေ သည်။ အဘယ်ကြောင့်နည်း-

ဤသို့သောမေးခွန်းသည် သူ့အတွက် အထူးတလည် အဖြေကိုရှာဖွေရန်မလိုပေ။ အလုပ်က သက်သေပြလိုက်ခြင်း

သည် မဇ္ဈိမမဏ္ဍိပတာဟူသော အလယ်အလတ်လမ်းကို လွန်၍ တဖက်စွန်းသို့ ရောက်သွားချေတကား။

ကိုအေးလွင်တယောက် ကျန်းမာရေး အခြေအနေ ဆိုးဝါးသောကြောင့် လူကြီးတွေက ဆေးရုံတက်ရန် တိုက်တွန်းကြပါသည်

'ဟလို....ဟလို-အမှတ်( )စစ်ဆေးရုံကလားဗျာ....'

တဖက်မှ မေးလိုက်သောအမေးကြောင့်၊

"ဟုတ်ပါတယ်"ဟုအဖြေကြောင့်

ဤသို့အဖြေကြားလိုက်ရသည့်အတွက် ကိုအေးလွင်အား ဆေးရုံတင်ရန် ဆေးရုံကားကို အကူအညီတောင်းလိုက်ပါတော့သည်။

၈

ညနေစောင်းအရိပ်ရှည်ကြီးများထိုးကျလာသဖြင့် ခမှောင်စမျိုးလာ၏။ ညခ့်လောကသည် အသံဗလံများဖြင့် အသက်ဝင်လှုပ်ရှားစ ပြုလာ၏။ ဆောင်း၏အလှညာ နှစ်သက်ဖွယ်ရာ ငွေလရောင်ကလည်းဖြာလျက်၊ ငွေလရောင်၏ အရိပ်ဘို့က သစ်ရွက်သစ်ကိုင်းများကြားမှ ယိုဖိတ်၍ ဖြာဆင်းနေ၏။ ဖြေဖြေညှင်းညှင်းတိုက်နေသည့် လေအရှိန်ကြောင့် ကြွေလျော ကျနေသော သစ်ရွက်ခြောက် များက မြေပြင်ကို ရှပ်တိုက်၍ ပြေးလွှားချင်း

တရှဲရှဲတချတ်ချတ်နှင့် ညဏ်အလှကို အဖော်ကျူးနေဟန် တူလေသည်၊

လမင်းနှင့်အတူ တဖျတ်ဖျတ် မျက်တောင်ခတ်နေသည့် ကြယ်ကလေးများကလည်း လရောင်ကိုမဝံ့တဝံ့ အံတုနေကြသည်။ ဆောင်း၏ အလှအပကို မက်မောတတ်သူအဖို့ ကြည်နူးစရာ ကောင်းသလောက်ညီးငွေ့တတ်သူအဖို့မူ ညီးစိစိ ချမ်းစိမ့်စိမ့်ဖြစ်၏။

ညသည် ညဉ့်ဦးပိုင်းသို့ ကူးပြောင်း အားယူနေသော အချိန်ပင် တိတ်ဆိတ်ခြင်းက မင်းမူစပြုနေသေး၏။ ချမ်းအေးသောညတွင် မှည်သူမှအပြင်သို့ထွက်၍ လမ်းလျှောက်ခြင်း မရှိပေ။ သို့သော် စောစောစီးစီး အိပ်ယာထဲသို့ စောင်ခေါင်းမြီးခြုံ၍အိပ်သူ များခဲ့သည်။

တစတစဖြင့် အမှောင်ဘက်သို့ ကူးပြောင်းသွားပါတော့သည်။ တခါတရံ ည၏အမှောင်ထု၏တိတ်ဆိတ်ခြင်းအား ဖြိုခွင်းလိုက်သော ညဉ့်ငှက်ကလေးများ၏ အသံများသည် ပတ်ခန်းကျင်သို့ဆိုးဖောက် ထွက်ပေါ်လာတတ်သည်။

လမ်းမကြီး အသွယ်သွယ်တို့တွင် မာကြူရီမီးချောင်း၏ အလင်းရောင်မှလွဲ၍ အခြားမီးရောင်က မရှိသလောက်ပင်၊ မာကြူရီ မီးရောင်ကြောင့် ဖြောင့်ဖြူးသော မဟူရာရောင် ကတ္တရာလမ်းမကြီးပေါ်တွင် ပိုးဖလံကောင်ကလေးများသည် ပြွန့်ကျဲစွာကျရောက် နေပေတော့သည်။ အချို့ပိုးဖလံကောင်ကလေးများသည် မီးရောင်နှင့်အတူ ဆော့ကစားနေဟန် တူလေသည်။

လူသားတိုင်းသည် အာရုံငါးပါး၏ သားကောင်သဖွယ် ဖြစ်ခဲ့ကြသော်လည်း ဤညာ၏အလှကို ဖီလာပြုနေသော အစိမ်းရောင် လူနာတင် ကားတစီးသည် မဟာရာကတ္တရာ လမ်းမကြီးပေါ်တွင် လူနာပါလာ၍ အခြားကားများ ဖယ်ရှားပေးရန် အတွက် သတိပေးဥသြသံမှာမူ တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်ပါသည်။

ထိုလူနာတင်ကားမှ အချက်ပေး ဥသြသံကြောင့် လမ်းပေါ်တွင်မောင်းနှင်လျက်ရှိသော ကားအချို့သည် လမ်းဘေးသို့ ထိုးရပ်လိုက်ကြပါတော့သည်။

အချက်ပေးဥသြသံနှင့်အတူ လူနာတင်ကားခေါင်မိုးပေါ်မှမီးလုံး၏ လည်ပတ်ဝှေ့ရမ်းနေသောအရောင်မှာ ညာ၏အမှောင်ကို ထိုးဖောက်သင့်သလောက် ထိုးဖောက်နေ၏။ ကား၏ရှေ့မီးကိုလည်း တခါတရံ ပိတ်လိုက်ဖွင့်လိုက်ဖြင့် အရှေ့မှလာသော ကားများကို အချက်ပေးနေပါသေးသည်။

လူနာတင်ကားသည် လူနာတဦးမျှသာ အရေးပေါ်တင်နိုင်ရန်အတွက် စီမံထားသော ကားငယ်တစီးပင် ဖြစ်ပါတော့သည်။ ပတ်ဝန်းကျင်တွင်ရှိသောလူအချို့သည် ထိုကားထဲတွင်ရှိမီးရောင်တွင် လှုပ်ရှားဖြစ်ပျက်နေသော အချင်းအရာများကို ရိုးတိုးရိပ်တိတ် မြင်တွေ့လိုက်ကြပါသည်။ လူနာကို ဖေးမထားသော ယောကျ်ားပျိုတဦးနှင့် အခြားတဖက်တွင် အစိမ်းရောင်ဝတ်ဆင်ထားသော ရဲဘော်တဦး၊ ကားရှေ့ ထိုင်ခုံတွင် ယဉ်မောင်းသူနံဘေး၌ အသက်လေးဆယ်ကျော်ခန့်ရှိ ယောကျ်ားတဦး၊ ထိုယောကျ်ားသည် အရေးတကြီး လိုက်ပါလာရသဖြင့်

ကိုယ်ပေါ်တွင် စွပ်ကျယ်အင်္ကျီနှင့် တပတ်နွမ်း စစ်ဘောင်းဘီ၊ ခြေညှပ်ဖိနပ်တရံ စသည့် အဝတ်တန်ဆာတွေမှာ သေသပ်မှုမရှိပေ။ တခါတရံ သူ၏မျက်ခွံကို ပွတ်သပ်နေရင်း အိပ်ချင်လို သောဇောကြောင့် သန်းနေတော့သည်။

'ဆရာမြင့်ထူးကလဲဗျာ အရေးထဲကျရင် သန်းနေတော့တာဘဲ၊ ဒီလိုဆိုလဲအဆောင်မှာ ဝင်အိပ်နေရောပေါ့၊ အလကား လိုက်လာသေးတယ်....'

'ရဲဘော်စိန်လင်းက လုပ်တော့မယ်....'

'ကျုပ်ကအပြင်ထွက်ပြီးဗိုက်ဖြည့်မလို့စိတ်ကူးပြီး ခင်ဗျားတို့နောက်လိုက်ခဲ့တာ၊ ခုတော့ လှူနာအခြေအနေက သိပ်မဟုန်လို့ ကျုပ်အစီအစဉ်ဖျက်လိုက်ရတာပေါ့....'

လှူနာတင်ကားပေါ်တွင် ပါလာသော ကားမောင်းသူနှင့် နံဘေးတွင်ထိုင်၍ လိုက်ပါလာသောသူ နှစ်ဦးသည် ဤသို့ ပြောဆိုနေကြပါသည်။ ကားလမ်း၏ အလယ်တွင်တမာပင်များ အစီအရီ ပေါက်လျက်ရှိပါသည်။ ၎င်းအပင်များ ဘယ်ညာ တလမ်းမောင်းစနစ်ဖြင့်မောင်းရန် အတားအဆီးသဖွယ်ရှိနေပါတော့သည်။ ၎င်းလမ်းမကြီးသည် ဖြောင့်ဖြူး၍ ကားမောင်းသူအဖို့ လွတ်လပ်စွာမောင်းနှင်နိုင်လေသည်။ ထိုလမ်းမကြီးသည် ဦးဝိစာရလမ်းမကြီးဖြစ်ပါသည်။

ကားရှင်း နေသောကြောင့် လှူနာတင်ကားကလေးသည် အရှိန်ပြင်းစွာ မောင်းနှင်ပါတော့သည်။

အော်စတင်ကားနက်ကလေးတစီးပေါ်တွင် ယောကျ်ားတွေ၏ပြောဆိုသံများက ဆူညံလျက်ရှိပေသည်။

မောင်းရင်မမူးနဲ့၊ မူးရင်မမောင်းနဲ့ဆိုသောဆောင်ပုဒ်ကို ဖိလာပြုလျက်ရှိသော အော်စတင်ကားနက်ကလေး တစီးသည် အရှိန်ပြင်းစွာ မောင်းလျက်ရှိသည်။ ကားပေါ်တွင် ပါလာသူများ၏ ပြောဆိုအော်ဟစ်သံသည် ညခေါ်တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်သော်လည်း ပတ်ဝန်းကျင်တွင် ရစ်ဝဲပျောက်ကွယ်၍ ကျန်ရစ်ခဲ့လေသည်။ ၎င်းကားသည် တဖြေးဖြေးနှင့် ဦးဝိစာရလမ်းမကြီးပေါ်သို့ ရောက်ရှိရန် လမ်းတိုကလေးတခုမှ ထွက်မည်အပြုကား၏ ရှေ့မီးကိုငြိမ်းသတ်ခါ အရှိန်ပြင်းစွာဖြင့် မောင်းထွက်လိုက်ရာ လူနာတင်ကား၏ ကားမီးရောင်ရှေ့တွင် ဘွားကနဲပေါ်လာသောအခါတွင် လူနာတင်ကားမောင်းသူသည် ကျင်လည်ဖြတ်လပ်စွာ စီရာတိုင်ကို တဖက်သို့ အသာဆွဲပြီး ပြန်တည့်မတ်လိုက်ပါတော့သည်။ ကားပေါ်တွင်ပါလာသူများမှာလည်း အထိတ်တလန့်ဖြစ်သွားကြပြီး 'ဟာ....ဟယ်' ဟူသောအာမေဋိတ်သံများ ထွက်ပေါ်လာတော့သည်။

အော်စတင် ကားနက်ကလေး မောင်းသူမှာလည်း ရုတ်ချည်းဖြစ်ပေါ်လာသော အရေးပေါ်တရပ်ကို ရဲရဲဝံ့ဝံ့အရက်အရှိန်ကြောင့် ပြုလုပ်လိုက်ရာ ကားစီရာတိုင်ကို တအားချိုးလိုက်သောကြောင့် လူနာတင်ကားကိုမတိုက်မိဘဲ အလိုလိုအံရှေ့ဘက်သို့သွားနေသော ကားသည် နောက်ဖက်သို့ လှည့်ထွက်မောင်းနှင်သွားသည်ကို မြင်လိုက်ရသောအခါ ကားပေါ်တွင်ပါလာသည့် အရက်အရှိန်မပြေသေးသောသူများမှ ရယ်မောနေကြပါသည်။

'ဒီလိုအရေးကြုံလာရင်တော့ ရဲဘော် စိန်လင်းကို အား

ကိုးရတယ်၊ ဒီနေရာမှာ မလည်မပတ် လုပ်နေရင်တော့ သေချာတယ်၊ ငါတို့လဲဆေးရုံပေါ်ရောက်နေမှာ....'

ဆရာတင်ထူးက ကားမောင်းသူအား ချီးကျူးပြီးနောက် အကြောင်း တစုံတရာကို တွေးတောဟန် ရှိနေပါတော့သည်။ ဆရာတင်ထူးနှင့် ရဲဘော်စိန်လင်းတို့နှစ်ဦးသည် ဤဆေးတပ်သို့ ရောက်လာကြသည့်အခါမှ သိကြသော သူများ မဟုတ်ချေ။ သူတို့နှစ်ဦးသည် ခြေလျင်တပ်ရင်းတွင် ဆရာတင်ထူးက မော်တော်ယာဉ်တပ်စုတွင် အကြပ် ရာထူးရှိပြီး ရဲဘော်စိန်လင်းကား ရိုးရိုး မော်တော်ယာဉ် မောင်းသူ ဖြစ်လေသည်။

ရှမ်းပြည်တောင်ပိုင်းတွင် ရန်ကြီးအောင် စစ်ဆင်ရေးပြုလုပ်ရာ သူတို့နှစ်ဦးပါဝင်ခဲ့ပါသည်။ ထိုအချိန်က ရဲဘော်စိန်လင်းသည် အလွန်ခက်ခဲသော နေရာသို့ ရိက္ခာများပေးပို့ ရသောအခါတွင် အခြားသူများကိုမလွှတ်ဘဲရဲဘော်စိန်လင်းကို အထူးလွှတ်လေ့ရှိပါသည်။ အကြောင်းမှာတောင်ပိုင်းရှမ်းပြည်အတွင်းရှိ ကျိုင်းတုံမရောက်မီ စပယ်ရှယ်တောင်ကို ကျော်ဖြတ်သွားရလေသည်။ထိုတောင်ကို ကျော်ဖြတ်၍ ရိက္ခာပို့ရသောအလုပ်မှာ လွယ်ကူသော အလုပ်မဟုတ်ပေ၊ ထိုတောင်သည် အလွန်မြင့်မားပြီး မတ်စောက်လျှက်ရှိပါသည်။ ရိက္ခာမော်တော် ယာဉ်များ တောင်ပေါ်သို့ရောက်ရှိရန်အတွက် ရဲဘော်စိန်လင်းသည်တောင်ခြေမှနေ အရက်ကိုမူးအောင်သောက်ပြီး အရက် အရှိန်ကြောင့် ရဲဝံ့သောစိတ်ဓာတ်လည်း မြင့်မားလာခါ တရှိန်ထိုး တောင်ပေါ်အရောက် မောင်းတက်ပါတော့သည်၊ ဤမျှ မော်တော်ယာဉ်မောင်းသည့်နေရာတွင် လျှင်မြန်မှု ရှိတတ်ပါသည်။ ဆရာ

တင်ထူးသည် ဤအကြောင်းကို ပြန်လည်တွေးလိုက်ခြင်းဖြစ်ပါသည်။

'ဘယ်လိုတုံး ဆရာတင်ထူး၊ ဘာငိုင်နေတာလဲ၊ ဆရာကြည့်ရတာ စောစောကဖြစ်ရပ်ကို အတော်ကလေးစိတ်ထိခိုက်သွားတယ်ထင်တယ်....'

'မဟုတ်တာကွာ....'

'ဒီလိုဆို ဆရာ့မျက်နှာက ဝမ်းနည်းသလိုဘဲ'

'ဘာတွေများ အတွေးခေါင်နေတာလဲ'

'အခြားမဟုတ်ပါဘူးကွာ....၊ ဒို့ ၂ယောက် စစ်ဆင်ရေးတုံးက အတွေ့အကြုံတခုဟာ ငါ့ခေါင်းထဲ ပေါ်လာလို့ပါ'

သူတို့၂နှစ်ဦးသည်စကားတပြောပြောနှင့်ကားကို အရှိန်မပျက် မောင်းလျက်ရှိပါသည်။ ဤသို့မောင်းနေရာမှ တဖက်သို့ချိုးကွေ့လိုက်ပါတော့သည်၊ သို့သော်ဆေးရုံဂိတ်ရှိ အချက်ပေးမီးများကြောင့် မော်တော်ကားမောင်းသူမှာ အတော်ပင်ကသိကအောက် ဖြစ်သွားပါတော့သည်၊ အကြောင်းမှာ သူသည်အား စီယာတိုင်ကို ကွေ့လိုက် ပြီးနောက် ချက်ချင်း ဆိုသလိုဆေးရုံဝင်းထဲသို့ ဝင်ရောက်နိုင်ရန်အတွက် ၁၈ရှိန်မရပ်ဘဲ ကွေ့လိုက်ရသော စီယာတိုင်မှာ ပြန်လည် တည့်မတ်စွာ ထားလိုက်သော်လည်း မျှော်မှန်းထားသည့်အတိုင်းဖြစ်မလာသောကြောင့်စိတ်ပျက်သွားလေသည်။

သူသည်စိတ်မရှည်တော့ဘဲ ဘရိတ်ကို စောင့်နင်း လိုက်သဖြင့် ကားပေါ်တွင်ပါလာသော သူများမှာ အနည်းငယ် ယိုးတိုးယိုင်တိုင် ဖြစ်သွားကြပါသည်။

'ရဲဘော်စိန်လင်းကလဲ စိတ်ရှည်ရှည်ထားမှပေါ့၊ တာဝန်ကျ အိပ်ငိုက်သွားပြီထင်တယ်၊ အချက်ပေးလိုက်လေ....'

ဆရာတင်ထူး၏ ပြောလိုက်သော စကားကြောင့်....

'မဟုတ်ပါဘူးဆရာ၊ ဒီကောင်တွေ တခြားမှာ သွားပြီး ဝတ္ထုဖတ်နေလို့ဖြစ်မှာပါ'

ရဲဘော်စိန်လင်းသည် စိတ်မရှည်ဟန်ဖြင့် မော်တော်ကားဟွန်းကိုဖိ၍ နှိပ်လိုက်ပါတော့သည်။ မော်တော်ကား ဟွန်းသံကြောင့် ဆေးရုံအတွင်းမှ တာဝန်ကျ စစ်ယူနီဖောင်းဝတ်စုံနှင့် လူတယောက်သည် ဆေးရုံဂိတ်ဝသို့ ပြေးလာသည်။ ဂိတ်ဝရှိ ကင်းရုံသို့ ဝင်သွားပြီး မီးနှိပ်ထားရာမှ မီးစိမ်းကို လှဲပြောင်း အချက်ပေးခါ ဂိတ်ဝတွင် ဘားယားသော သံပိုက်လုံးကြီးကို အပေါ်သို့မြှင့်တင်ရန်အတွက် ချည်နှောင်ထားသောကြိုးများကို ဖြေလိုက်ပါသည်။

'ဟေ့ လှမောင် ဘယ်ရောက်သွားနေတာလဲ၊ ကိုယ့်တာဝန် ကိုယ်ကျေအောင်လုပ်နော်....၊ တော်တော်ကြာတာဝန်မှုး မိသွားလို့ မနက်သဲအိတ်ထမ်းပြီး ပြေးနေရအုံးမယ်'

ရဲဘော်စိန်လင်းသည် လှမ်း ပြီး ဂိတ် ဖွင့်ပေးနေသော ရဲဘော်လှမောင်အား အော်လိုက်ပါသည်၊

'မင်းလဲသတိထားအုံး၊ လူနာ ပါလာတယ်ဆို အချက်ပေးဦးသြဆွဲရမှာ ဘာသံမှ မပေးဘဲ ဝင်လာတော့ ငါလဲ ရိုးရိုးဘဲ အောက်မေ့လို့ပေါ့ကွ....'

လှမောင်သည် ဂိတ်ဝတွင် စကား အခြေအတင် ပြောပါတော့သည်။

ဆောင်းည၏ ငွေလရောင်အောက်ဝယ် တိတ်ဆိတ်လျက်ရှိသော ဆေးရုံအဆောက်အဦကြီး၏ အဆောင်တိုင်းတွင် လူနာများအသီးသီး အိပ်မောကျနေပေသည်။ မီးရောင်များမှာလည်း တာဝန်ကျသော အခန်းများမှလွဲ၍ အခြား မီးရောင်များသည် ပြင်ပသို့ ထွက်ပေါ်လာခြင်း မရှိပေ၊ သို့သော် ဆေးရုံကြီး၏ ဆင်ဝင်အောက်တွင် မီးတလုံးအားသည် ပတ်ဝန်းကျင်ကိုလင်း ထိန်စေပါသည်။

လူနာတင်ကားသည် ၎င်းဆင်ဝင် အောက်သို့ ရောက်ရှိလာသောအခါတွင် ကား၏စက်သံများသည်တဖြေးဖြေးပျောက်ကွယ်သွားပါတော့သည်။ မီးရောင်ကြောင့် ရှေ့လုပ်ရမည့် လုပ်ငန်းဆောင်တာများ လွယ်လင့်တကူ ပြုလုပ်နိုင်လေသည်။

လူနာတင်ကား စက်သံ ပျောက်ကွယ် သွားပြီး မရှေးမနှောင်းပင် ကားတံခါး တွန်းဖွင့်လိုက်သော အသံ နှစ်ခုသည် တပြိုင်နက် ထွက်ပေါ်လာခဲ့ပါသည်။ ၎င်းနောက်ဆရာတင်ထူးနှင့် ရဲဘော်စိန်လင်းတို့သည် ကား၏ တဖက် တချက်မှ ကားနောက်ပိုင်းဆီသို့ လျှောက်လာကြပါသည်။

ကားနောက်ပိုင်းရှိ တံခါးမကို သူတို့ နှစ်ဦးက ဖွင့်လိုက်ပါသည်။ မကြာမီ ကားတွင်း၌ရှိသော လူမမာနှင့်အတူ ထိုင်နေသော သူများသည် အပြင်ဖက်သို့ ထွက်ရန် ဟန်ပြင်လိုက်ကြပါတော့သည်။

ကားတွင်းမှရှိနေသော လူတဦးသည် အပြင်ဖက်သို့ထွက်လာပြီး လူနာတင်ကားပ်ကို ဆွဲထုတ်ရန် ပြင်ဆင်လိုက်သည်။ လူနာတင်ကာပ်ပေါ်တွင် ငြိမ်သက်ကာ ရင်တွင်း၌ ခံစားနေရသော

ဝေဒနာကြောင့် လူနာ၏ ပါးစပ်မှ ငြီးငြူလိုက်သော အသံများသည် ပတ်ဝန်းကျင်ရှိ လူကောင်းများကိုပင် စိတ်နှလုံးမချမ်းမြေ့ဘွယ်ရာ ဖြစ်လာစေခဲ့ပါသည်။

ဆေးရုံ၏ ဆင်ဝင်အောက် တဖက်တွင်ရှိ ခန်းမကြီးဆီမှ မီးရောင်များသည် ထိန်လင်း၍ လာခဲ့ပြန်သည်။ မီးရောင်နှင့်အတူ တံခါးမကြီး ဖွင့်လိုက်သော အသံမှာမူ ကျယ်လောင်စွာ ပေါ်ထွက်လာခဲ့ပါသည်။

လူနာများရောက်ရှိလာပါက နေ့မှုညမှုအချိန်အခါမရွေး ၎င်းတံခါးမကြီးမှနေ ဆေးရုံတွင်းသို့ သယ်ယူရပါသည်။ လူနာတင်ကပ်ကို ရှေ့တယောက်နောက်တယောက် ချီမခဲ့ပြီးဖွင့်လှစ်ထားသော တံခါးပေါက်မှ အတွင်းသို့ယူဆောင်လာခဲ့ကြပါသည်။

ဆေးရုံတွင်၌ တာဝန်ကျသူနာပြု ရဲဘော်၊ ဆရာဝန်စသည့်သူများသည် လူနာတင်ကပ်ပေါ်တွင် ငြီးငြူလိုက်သော လူနာ၏အသံ ကြောင့် အားလုံးလိုလိုပင် လူနာထံပါးသို့ပြေးလာကြပါသည်။

ဆေးရုံ၏ စင်္ကြံလမ်းတဖက်တွင်ရှိ လူနာတင် အရေးပေါ်ကုတင်ပေါ်သို့ လူနာအားတင်လိုက်ကြပါသည်။

ဆရာလှထွေး ဗိုလ်ကြီးကိုသွားသတင်းပို့လိုက်အုံး....’

၎င်းဆေးရုံတွင် ဗိုလ်ကြီး အဆင့်ရှိသူများပင် ဆရာဝန်များဖြစ်ကြပါသည်။ သူနာပြုရဲဘော်များကို(ဆရာ)ဟု ခေါ်ကြရပါသည်။

တာဝန်ကျသောသူများထဲမှ ဤသို့ ပြောဆို လိုက် သံ

ကြောင့် အမိန့်ပေးခံရသူသည် မဆိုင်းမတွဘဲ ဆရာဝန် တာဝန် မှူးခန်းထံသို့ သုတ်ခြေတင်ပြေးသွားပါသည်။

မကြာမီဆရာလှထွေးနှင့်အတူ အသားဖြူဖြူ အသက် အရွယ် ၃၀ ကျော် ပတ်ဝန်းကျင်ရှိထောင်ထောင် မောင်းမောင်း တည်ကြည်ခန့်ညားပြီး သွက်လက်ဖြတ်လပ်ခါ ခေါင်ဆောင်သူ ၏နောက်မှ ထပ်ချပ်မကွာ လူနာစမ်းနပ်ကြပ်ကို လည်ပင်းတွင် သိုင်းလျှက် လာနေပါတော့သည်။

အတွေ့အကြုံက များလာသဖြင့် လူနာများ၏ ညည်း ညူသောအသံကို နားရည်ဝပြီးဖြစ်၍ ကြောက်လန့်ခြင်း မရှိ၊ မိမိဆောင်ရွက်ရွာဖွေစမ်းသပ်ရမည့်အရေးကိုသာ ဦးစားပေးဆောင် ရွက်နေပါတော့သည်။

'ဒီလောက်လဲစိတ်ဓာတ်ကျမနေပါနဲ့ ယောကျ်ား တ ယောက်လုပ်ပြီး စိတ်ခိုင်ခိုင်ထားလိုက်စမ်းပါ၊ ဝေဒနာဖြစ်လာ ရင် အနည်းနဲ့အများ ခံစားရမှာပေါ့ဗျာ....''

ဆရာဝန်၏အားပေးချက်သည် လူနာရှင်အဖို့ ဆေးတ ခွက်ဖြစ်ပေလင့်၊ ခံစားနေရသော ဝေဒနာရှင်ကာမူ မနေနိုင်မထိုင် နိုင်လောက်အောင်ပင် ခံစားနေရရှာသည်။

''ဒီမှာရဲဘော်ကြီး၊ ဆေးရုံရောက်လာရင်တော့ ဘာမှ အားငယ်စရာမရှိဘူးလို့မှတ်လိုက်စမ်းပါ....''

ဘေးတဖက်တချက်တွင် ရပ်နေကြသော သူနာပြုဆရာ တဦး၏ ပြောလိုက်သောစကားပင် ဖြစ်လေသည်။

လူနာတင်ကုတင်ပေါ်တွင်ရှိသော လူနာအား အခြား လက်တွန်းလှည်းပေါ်သို့ လွှဲပြောင်းတင်လိုက်ကြပါသည်။ လူ

နာများဝတ်ဆင်ရန်အတွက် အဝတ်အထည်များ သိမ်းဆည်းထားသော စတိုခန်းထဲမှ ရဲဘော်တဦးသည် ထွက်လာပြီး လူနာတင်လှည်းဘက်ဆီသို့တူရှုလာခဲ့ပါသည်။ ၎င်းနောက်သူ၏လက်ဖြင့် ပွေ့မခဲ့သော ခေါင်းအုံး၊ခြင်ထောင်၊ ထမင်းပန်းကန်၊ဇွန်းရေခွက်စသည့် လူနာအသုံးအဆောင် ပစ္စည်းများကိုလာရောက်ပေးအပ်ပါတော့သည်။

လူနာတင် လှည်းကလေးသည် တဖြေးဖြေးနှင့် လူနာဆောင်များကို တခန်းပြီးတခန်း ကျော်ဖြတ်ခဲ့၏။ ဤသို့ကျော်ဖြတ်ရာတွင် အချို့နေရာများတွင် ဓာတ်လှေကားဖြင့်၎င်း၊ စကြံန်ပေါ်တွင် ဖြတ်သန်း၍၎င်း လစ်လပ်သော နေရာဆီသို့ တွန်းပို့လိုက်ပါသည်။

စကြံန်လမ်းရှိ မီးရောင်များမှလွဲ၍ အခြား မီးရောင်များက ငြိမ်းလျက်ရှိ၏။ ဆေးရုံ၏လူနာဆောင်အားလုံးသည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ အချို့အဆောင်မှာမူ မီးလင်းလျက်နေတတ်ပါသည်။ ၎င်းမီးလင်းနေသော နေရာများသည် သူနာပြုတာဝန်ကျ အခန်းများဖြစ်ပါသည်။

လူနာတင် လှည်းပေါ်တွင် လိုက်ပါလာသော ဝေဒနာရှင်၏ အော်ဟစ် လိုက်သော အသံကြောင့် အိပ်နေကြသောလူနာအချို့မှာ အလန့်တကြားနိုးလာပြီး၊ မီးရောင်အချို့လည်း လင်းထိန်လာပါတော့သည်။

၎င်းနောက် အချို့လူနာများသည်ခြုံထားသောစောင်များကို လှစ်လပ်ပြီး စကြံန်ဘက်ဆီသို့ လှမ်းကြည့်ကြပါသည်။

အချို့မှာမူ ကုတင်ပေါ်မှအောက်သို့ဆင်းလိုက်ခါလူနာနောက်သို့ တမျှော်တခေါ်လိုက်ငေးကြည့်သေး၏။

လူနာတင်လှည်းပေါ်တွင်ပါလာသော လူနာသည် လူနာဆောင်သို့ ရောက်လာလင့်၊ကုတင်ပေါ်သို့ ပြောင်းရွှေ့ထားလိုက်ကြပြီးနောက်၊ ဤသို့၊ အမည် ကိုအေးလွင်၊ အသက်(၄၀) ရောဂါအမည်စသည်တို့ကိုဆေးမှတ်တမ်းကဒ်ပြားတခုပေါ်တွင် ရေးမှတ်ပြီး ကုတင်ခြေရင်းတွင် ချိတ်ဆွဲလိုက်ကြပါသည်။

ဤလူနာဆောင်သို့ ကိုအေးလွင် မရောက်သေးသော အချိန်ကမူ ဤအခန်းသည် အလင်းရောင် ကင်းမဲ့ပြီး အမှောင်ထုက လွှမ်းခြုံထားလိုက်သည်။ အလင်းရောင်များ လင်းအားကောင်းလာသောအခါတွင် လူနာအချို့သည် အိပ်ပျော်နေသည့်ကြားမှ လန့်နိုးခါ ငုတ်တုပ်ကလေး ကုဘင်ပေါ်တွင်ထိုင်၍ အချို့ကမူ ဝင်လာသော လူနာရှင်ကိုအေးတွင်အား စိုးရိမ်စွာ ကြည့်ရှုကြပါသည်။

ကိုအေးလွင်တယောက်သည် ကုဘင်ပေါ်သို့ ရောက်ရှိပြီးနောက်၊ မကြာမီအချိန်တွင် တဖြေးဖြေးညည်းညူသော အသံ ပျောက်ကွယ်စပြုလာပါ၏။ အကြောင်းမူသူ၏တင်ပါးပေါ်သို့ ချွန်မြသောအပ်ကိုမြုပ်ဝင်အောင် ထိုးထည့်လိုက်ပြီး စက္ကန့်အနည်းငယ်အတွင်း ပြန်လည်နုတ်ယူလိုက်ပါတော့သည်။ကိုအေးလွင်သည် တုဘ်တုတ်မျှမလှုပ်တော့ဘဲ ငြိမ်လျက်သား အိပ်ပျော်သွားပါတော့သည်။

အလင်းရောင်ပျောက်လျက် အမှောင်ကပြန်လည် မင်းမူပြန်သည်။

# ၉

နံနက်နေရောင်ခြည်သည် ပြူတင်းပေါက်မှန်ချပ်တံခါးတွေကို ထိုးဖောက်ပြီး ကိုအေးလွင်၏ မျက်နှာဆီသို့ ထိုးကျနေသောကြောင့် သူသည်ရုတ်ချည်းမျက်လုံးအစုံကိုဖွင့်လိုက်ခါပတ်ဝန်းကျင်သို့အနည်းငယ်ငေးမော ကြည့်ရှုလိုက်ပါသည်။ သူ၏ရောဂါအခြေအနေ သက်သာဟန် ရှိနေခြင်းကြောင့် မျက်လုံးများသည် စူးရှလှပါသည်။ ညကမူ တညလုံး အိပ်ရေးဝသောကြောင့်ပင် ဖြစ်ပါသည်။

ကျယ်ဝန်းသော ဆေးရုံကြီးကိုသူ၏မျက်စေ့တဆုံးလိုက်ကြည့်နေရှာသည်၊ မမှိတ်မသုန်သောမျက်လုံးအစုံမှုဆေးရုံ၏ပတ်လည်တွင် လှပခန်းနားစွာ ဆောက်လုပ်ထားသော အဆောင်အခန်း၊ အနေအထားများကပင် သမရိုးကြမဟုတ်ချေ။ ဝက်ဘာလိုအကောက်အကွေ့ များလှသည်။ အထပ်အားဖြင့် သုံးထပ်ရှိ၏။ လူနာများမပျင်းရအောင် ရေဒီယိုသံများကြားရန်အတွက်စပီကာများ တပ်ဆင်ထားပါသည်။ ပန်ကာ၊ စာကြည့်မီးများလည်း တပ်ဆင်ထားပါသည်။

ဆေးရုံကြီး၏ ပတ်ဝန်းကျင်ရှိ မြေကမ္ဗလာ ပေါ်တွင်အလှတကာအလှထဲ၌ အလှသရဖူဆောင်း၍နေသည့်ဆောင်းရိပ်

သန်းလျက်ရှိသော စိမ်းလဲ့လဲ့ မြက်ခင်းပြင်တို့မှာ ပုလဲနှင်း ပေါက်တို့ဖြင့် ပြန့်ကြဲနေ၏။ စွတ်စိုနေ၏။ စိန်ပန်းပင်၊ ငုပင်၊ ပုဏ္ဏားရိပ်ပင်၊ ကုက္ကိုပင်၊ ရွက်လှပင်စသည့် အပင်ကြီးငယ်တို့ မှာ လေအလာတွင်ကိုင်းညွတ် ယိမ်းနွဲ့နေလေသည်။ ကောင်း ကင်ပြင်တခုလုံးသည် အုံ့မှိုင်းမှိုင်းနောက်ခံလျက်ရှိသောကြောင့် လှပသော ပန်းချီကားချပ်ပမာ သယာဆန်းတင့် နေပါတော့ သည်။

သူ၏စကြာအာရုံဝယ်တွေ့မြင်ရသောသက်မဲ့အရာတိုင်းသည် အလွန်လှပနေသည်ဟု ထင်မှတ်ရပေ၊ ပတ်ဝန်းကျင်လှုပ်ရှား မှုသဏ္ဍာန်များမှ အသက်ဝင်လှုပ်ရှားနေသော သက်ရှိအရာတိုင်း သည် အလွန်နည်းပါး သောကြောင့်ပင်း၊ သူ၏မျက်စေ့အဆုံး တွင် တွေ့ရသောအရာတိုင်း သည်သည်း ကျဉ်းမြောင်းသော မြင်ကွင်းကြောင့်ပင် ဖြစ်ပါသည်။

ကိုအေးလွင်သည် ဤဆေးရုံသို့ရောက်လာသည်မှ ယခု အကြိမ်နှင့်ဆိုလျှင်နှစ်ကြိမ်ပင်ရှိခဲ့လေပြီ။ ထို့ကြောင့် သူ၏အတွေ့ အကြုံက သူ့အတွက် ပညာပေးထားခဲ့သည်။ သူသည် ကုတင် ပေါ်မှ အောက်သို့ ဆင်းလိုက်ပါတော့သည်။ မျက်နှာသစ်ရန် အတွက် ရေခွက်ကိုယူပြီး အိမ်သာဖက်သို့ သွားလိုက်ပါသည်။ ရေချိုးခန်းထဲရှိ ရေပိုက်ကို အားပါးတရ ဖွင့်လိုက်ခါ ရေခွက်ကို ခေါင်းအောက်သို့ ထိုးခံလိုက်ပါတော့သည်။ သို့သော် သူနေ သောအထပ်မှာ အပေါ်ဆုံးထပ်ဖြစ်နေ၍ ရေအတက်နည်း၏။ ဤအချိန်မျိုးတွင် လူနာတိုင်း သူ့ထက်ငါ အလုအယက်မျက်နှာ သစ်နေကြပါသည်။

ကိုအေးလွင်သည် ဘုံဘိုင်ခေါင်းမှ ကျနေသောရေကို စိတ်ရှည်စွာခံနေပါတော့သည်။ရေခွက်ထဲတွင် ရေပြည့်လာတော့မှ မျက်နှာသစ် ပါးစပ်ဆေးလိုက်ပါတော့သည်။ သူသည်မျက်နှာသုတ်ပုဝါကို လည်ပင်းတွင် ရစ်သိုင်းလိုက် ပါသည်။ သူသည် သွားလေ့သွားထရှိခဲ့ဘူးသောကြောင့်ခြေလှမ်းများက ကြောက်ရွံ့ တုန်လှုပ် နှေးကွေးနေခြင်းမရှိပေ။

သူ့အိပ်ရာသို့ ရောက်လာသောအခါတွင် အိပ်ရာခင်းကို သေသပ်စွာ ခေါက်လိုက်သည်။ခြင်ထောင်၊ စောင်၊ခေါင်းအုံး စသည့် အထည်အလိပ်များကို တခုပြီးတခု သပ်ရပ်စွာ ခေါက်နေပါ၏။

'ဒီလိုမှပေါ့ ကိုအေးလွင်....'

သူ့အားတရင်းတနှီး ပြောလိုက်သောစကားသံကြောင့် အသံလာရာဖက်သို့ လှည့်ကြည့်လိုက်ပါသည်။

'ဆရာမောင်အေးပါလား....'

'ခင်ဗျားက အောင့်မေ့လိုက်ပြန်တာလား....'

'မဟုတ်ပါဘူးဗျာ....'

'အခြေအနေက သိပ်မကောင်းလို့ပါ....'

'ဟုတ်ရဲ့လားဗျာ....'

'ဟုတ်ပါတယ်....'

'မယုံရင်ဆရာလှထွန်းကို မေးကြည့်ပါလား....'

ကိုအေးလွင်သည် ညစောင့် တာဝန်ကျသော သူနာပြု ဆရာကို အကြောင်းပြုလိုက်ပြန်ပါသည်။

'ကျုပ်လဲ ကြားပြီးပါပြီ၊ ခင်ဗျားညက ဆယ်အိမ်ကြား အောင်အော်ပြီးတက်လာတယ်လို့...'

'ဟုတ်တယ်ဗျာ၊ မခံနိုင်အောင်ထိုးလွန်းလို့ပါ၊ နောက်မို့ ဆိုမအော်ပါဘူး....'

'ကိုအေးလွင် သိပ်စကားမများနေနဲ့အုံး၊ ဒီနေ့ဗိုလ်မှူး အလှည့်စစ်ဆေးရန်ရှောင်းရှိတယ်၊သေသေသပ်သပ်လုပ်ထားအုံး နော်....'

'စိတ်ချ ဆရာ....'

သူသည် အလွန်ဝမ်းသာသွား၏။ တပတ်မှာနှစ်ခါ၊ သုံး ခါမျှ လူနာများကို အဘူးကုဆရာဝန်ကြီးက လှည့်လည်ကြည့် ရှုလေ့ရှိတတ်ပါသည်။ ဤကဲ့သို့ ဆရာဝန်ကြီးများနှင့် တွေ့ဆုံ ကြရသောအခါတွင် လူနာများအဖို့အထူးအဆင်ပြေရပါသည်။ နောက်မူရောဂါအခြေအနေကို ဆရာဝန်ကြီးများ၏ သတ်မှတ် ချက်ကို စောင့်ဆိုင်းနေရသောရက်မှာ တခါတရံ အလွန်အချိန် ကြာညောင်း သောကြောင့် လူနာအချို့သည် ညည်းညူလာ တတ်ပါသည်။

ထို့ကြောင့် သူ့အဖို့ ဤနေ့သည် ရောဂါ အခြေအနေ နှင့် ရောဂါအမည်ကို သတ်မှတ်ခံရမည်။

ကိုအေးလွင်သည် သူ၏ကုတင်ကို ရှင်းလင်းပြီးနောက် ဘေးပတ်ဝန်းကျင်ရှိ လူနာများဆီသို့ သူ၏မျက်စေ့ အစုံစာ ရောက်ရှိသွားပြန်သည်။ ယခင်က တဦးနှင့်တဦး သိကျွမ်းခြင်း မရှိပေမဲ့ ဤနေရာသို့ရောက်လာသောအခါ တဦးနှင့်တဦးအလွန် ရင်းနှီးသောမိတ်ဆွေပမာ ချစ်ခင်အားကိုးကြပါသည်။

'ဒီမှာရဲဘော်ကြီး ဒီစာအုပ်ခဏပေးဖတ်ပါလား....'

သူ့နံဘေးရှိ လူနာထံမှ ဝတ္ထုစာအုပ် တအုပ် ငှားရမ်းနေပါသည်။ သူသည် ငှားရမ်းခဲ့သောစာအုပ်ကိုကိုင်ပြီး ကုတင်ပေါ်သို့တက်လိုက်ကာ ဇိမ်ယူ၍ ဖတ်လိုက်ပါတော့သည်။

ဆေးရုံတခုလုံးသည် တိတ်ဆိတ်လျက်ရှိ၏။ လူနာတိုင်းသည် မိမိတို့ကုတင်ပေါ်တွင် နေကြရန် သူနာပြု ဆရာများက လိုက်လံသတိပေးထားခြင်းကြောင့် အားလုံးလိုလိုပင် တိတ်ဆိတ်ငြိမ်သက်စွာကုတင်ပေါ်ထိုင်နေသူအိပ်နေသူ၊အချို့မှာမူ အခန်းဝမှနေ တခြားတဘက်သို့လှမ်းကြည့်သူက ကြည့်လျက်ရှိပါသည်။ သို့သော် စကားပြောသံများမှာမူ ပေါ်ထွက်၍မလာချေ။အခန်းတိုင်းလိုလိုပင် ဆရာဝန်ကြီး၏ စစ်ဆေးချက်ကို ခံယူလိုသောဆန္ဒက ပြင်းပြလျက်ရှိပါသည်။

'ဒီမှာဆရာကြီး ဟိုဖက်ခန်းမှာ ဗိုလ်မှူး ရောက်နေပြီ၊ စာအုပ်ခဏချထားအုံး....'

ဘေးဘက်ရှိ လူနာ၏ ဖြေးညှင်းစွာ အသံပြုလိုက်သဖြင့် ကိုအေးလွင်သည် ဖတ်လက်စရှိသော စာအုပ်ကို ခေါင်းအုံးအောက်ထဲသို့ ထိုးထည့် လျှို့ဝှက်လိုက်ပါတော့သည်။

မကြာမီစစ်ဝတ်စုံအပြည့် ဝတ်ဆင်ထားသော အရာရှိနှစ်ဦးနှင့် သူနာပြုရဲဘော်တဦး၊ သူနာပြုအမျိုးသမီးတဦးစသည့်သူများသည် အခန်းထဲသို့ ဝင်လာကြပါသည်။ ဦးဆုံးဝင်လာသူနှစ်ဦးမှာ အရာရှိများဖြစ်ကြပါသည်။ သူတို့၏ပခုံးများပေါ်တွင် ရွှေရောင်သပြေခက်များ၊ ကျယ်တပွင့်နှင့် သပြေခက်တခက်ရှိသောသူ တဦးသည် ရှေ့ဆုံးမှ ဝင်လာပြီး လူနာရှင်တွေ၏

ရောဂါအခြေအနေကို အင်္ဂလိပ်လို ပြောနေကြပါသည်။ ၎င်းတို့နှစ်ဦးနောက်မှ မှတ်စုစာအုပ်ကိုင်ပြီး လိုက်ပါဝင်လာသူမှာအမျိုးသမီးသူနာပြုတဦးဖြစ်ပါသည်။ သူမလည်းပခုံးပေါ်တွင်သပြေခက်တခက်တင်ထားပါသည်။ ကျန်သူနာပြု ရဲဘော်မှာမူ စောစောကကိုအေးလွင်ထံတွင် လာရောက်စကားပြောသော ဆရာမောင်အေးပင်ဖြစ်ပါသည်။

သူတို့ ဝင်လာကြသောအခါတွင် အခန်းထဲတွင်ရှိသော လူနာတိုင်းပင် ကုတင်ပေါ်၌ တုတ်တုတ်ကလေးမျှ မလှုပ်မရှက်ဘဲ ကုတင်ခြေရင်းတွင် လူနာမှတ်တမ်းစာရွက်နှင့်အတူ ငြိမ်ချက်သားကောင်းနေကြပါသည်။

ဆရာဝန်ကြီးသည် တဦးပြီးတဦးစမ်းသပ် သွားပြီး နေကောင်းသောလူနာအချို့ကို ဆင်းခွင့် ပြုလိုက်သည်။ ကိုအေးလွင်ကုတင်ဆီသို့ ရောက်လာပါတော့သည်။ ဆရာဝန်ကြီးသည် သူ၏ ခြေရင်း၌ရှိသော စာရွက်ကို လှမ်းယူပြီး စစ်ဆေးကြည့်ရှုနေပါသည်။ ၎င်းနောက်အိပ်ရန် အမိန့် ပေးလိုက်ပါသည်။ သူ၏ လက်တွင် ပါလာသော နားကြပ်မြင့် ကိုအေးလွင်၏ရင်ပြင်တခုလုံးကို စမ်းသပ်နေပါသည်။

'ဘယ်ကနာသလဲ'ဟု မေးလိုက်သော ဆရာဝန်ကြီး၏အမေးကြောင့် ကိုအေးလွင်သည်သူ ခံစားနေရသော ဝေဒနာအခြေအနေကို ပြောပြ နေပါတော့သည်။ ဆရာဝန် ကြီးသည် ပြုလုပ်ဆောင်ရွက်ရမည့် အချက်အလက်များကို မှတ်တမ်းတွင် ရေးမှတ်သွားပါတော့သည်။

ဗိုလ်မှူးလှည့်လည်စစ်ဆေး ပြီးဆုံးသွားပြီဟု အသံထွက် လာသည်နှင့်တပြိုင်နက် လူနာဆောင်များတွင် အသံဗလံများက ဆူညံစွာပေါ်ထွက်လာတော့သည်။အခန်းတိုင်းမှလူနာများသည် ဟိုအခန်းကူး၊ သည်အခန်းကူးဖြင့် အလုပ်များနေကြပါသည်။ ဆေးရုံတင်ရမည့်သူရှိသကဲ့သို့ မဆင်းရဘဲရှိသော သူတွေမှာစိတ် မချမ်းသာသော အမှုအရာများမှာ မျက်နှာပေါ်တွင် ပေါ်လွင် နေပါသည်။

အသံချဲ့စက်ပြည့်ဝသူတဦး၏ဟစ်အော်ပြောဆိုလိုက်သော အသံသည်!ဆေးရုံရှိလူနာဆောင်အားလုံးလိုလိုပင် ထိုအသံကိုပီပီ ပြင်ပြင် ကြားရပါတော့သည်။

'ဆေးရုံဆင်းမဲ့ သူတွေ ဒီနားကိုလာခဲ့ကြပါ'

ထို အသံ ပျောက်ကွယ် သွားပြီးနောက် ဆေးရုံဆင်း အားလုံးသည် အထက်ပါ အမိန့် အတိုင်း လာကြပါတော့ သည်။

'ရဲဘော်အားလုံး မိမိတို့ထုတ် ယူလာခဲ့သော လူနာဝတ် ပစ္စည်းတွေကိုအရင်သွားအပ်ပြီး ဆေးရုံဆင်းလက်မှတ်ကို နောက် မှလာယူ နံနက်စာစားလို့တဲ့ သူတွေ ရှိရင် တော်တော် ကြာ ထမင်း စားဖို့ လက်မှတ် လာယူကြ အားလုံး နားလည် ပြီလား'

'ဟုတ်ကဲ့....'

ဆေးရုံဆင်းအားလုံးသည် ထိုနေရာမှ ထွက်ခွာပြီး မိမိတို့ လူနာခန်းဆီသို့ ပြန်လည် သွားကြပါတော့သည်။ ကိုအေးလွင် သည် ဆေးရုံဆင်းသူတွေ၏ လုပ်ရပ်တွေကို တဝေးတမော ကြည့်

နေရှာပါတော့သည်။ သူတို့၏ အခန်းတွင် ဆေးရုံဆင်း လူနာ တဦးအား ကျန်လူနာများက နောက်ပြောင် ပြောဆို နေကြပါ သေးသည်။

'ကိုအောင်ငွေတယောက် မရှိတော့ဘူးဗျာ၊ ကျွန်တော် တို့တော့ ပျင်းပြီး ကျန်ရစ်ခဲ့မှာဘဲ၊ ခင်ဗျားလို အာလူး ပေး ကောင်းတဲ့သူ မရှိတာနာဘယ်၊ ညတိုင်းလိုခင်ဗျားရဲ့ ဇာတ်လမ်း တွေက ကျွန်တော်တို့အတွက် အပျင်းပြေဗဟုသုတ ဖြစ်စေတယ်၊ အတွေ့အကြုံချင်းလဲ ဖလှယ်လို့ ရခဲ့တယ်၊ နောက် တချက်က ခင်ဗျားက လေတပ်က ဆိုတော့ လေပေးနိုင်တာ ကိုတော့ ချီး ကျူးမိပါတယ်ဗျာ....'

အခန်းထဲမှ ကျန်လူများထဲက လူရွယ် တဦးမှာ ဤသို့ ပြောဆိုနေခြင်းပင်ဖြစ်ပါသည်။

'ဟော့....အေးထွန်း၊ မင်းကလည်း ဆေးရုံ ဆင်းတဲ့သူ သံယောဇဉ် ပိုဘွယ်မိအောင် မပြောပါနဲ့ကွာ....၊ လွတ်ရာကျွတ် ရာ သွားတဲ့ကိစ္စဘဲ....'

'ဒီလိုလဲ ပြောလို့မရသေးဘူးနော်၊ ခင်ဗျား မှတ်မိမှာ ပေါ့၊ ညနေတိုင်းလာတဲ့ သူ့အဆက်ကလေး လာရင် ဘယ်လို လုပ်ပြီး ပြောရမဲ့ကိစ္စကို စဉ်းစားအုံး နော်....တော်ကော်ကြာ သူ့အဆက်က မျက်ရေစက်လက်နဲ့ တောင်မေးမြောက်မေး ဖြစ် အုံးမယ်....'

'ဒီမှာ မိတ်ဆွေကြီးတို့ ကျုပ်မနေ့ညနေကဘဲ ပြောလိုက် ပြီးပြီး ဂါမရှိတဲ့ နောက်ပိုင်းမှာ ဒီကလူကြီးတွေကိုမယုံနဲ့၊ အဲဒီ

က အသားညိုညို အသက်ငယ်ငယ်နဲ့လူက ကြာကူလီ ရိုက်တတ်တယ်လို့....’

ဆေးရုံ ဆင်း ရဲဘော် အောင်ငွေ၏ ပြောလိုက်သော အသားညိုညို၊ အသက်အရွယ် အားဖြင့် ၂၀ ကျော် ခန့်ရှိ တုတ်တုတ်ခိုင်ခိုင် မျက်နှာ လေးဒေါင့်ရှိပြီး သူပြောပုံဆိုပုံအရ မူ စစ်သက်မရင့်သေးသော သူတဦး ဖြစ်ကြောင်း ထောက်ခံနေပါသည်။ ထိုသူကပင် စတင်၍ ကြာကူလီဇာတ်လမ်းကို အနည်းငယ်ရှင်းပြပါတော့သည်။

‘နေကြပါအုံးလေ၊ ကျွန်တော်လဲ နားထောင်ပါရစေအုံး။ ဒီမှာလဲ အဝတ်တွေသိမ်းလို့ ပီးတော့မှာပါ’

ထိုအုပ်စုထဲတွင် ကိုအေးလွင် တဦးလည်း ပါဝင်ခဲ့ပါသည်။

‘ဇာတ်လမ်းအစကတော့ တိုက်ပွဲအခြေခံရမဲ့ ဇာတ်လမ်းဗျ၊ ကျွန်တော်ကလဲ ရဲဘော်သစ်ဆိုတော့ ရဲဘော် ဟောင်းဆရာသမားတွေရဲ့ အမိန့်ကို နားထောင်ရတယ်၊ သူတို့ ခိုင်းတဲ့ အလုပ်တွေကိုလည်းကူညီပေးရတာပေါ့၊ တနေ့တော့ ကျွန်တော်တို့ တပ်စုတစုဟာ အထက်အမိန့်အရပေါ့ဗျာ၊ ဖားအံမြို့နဲ့ မိုင် သုံးဆယ်လောက်ဝေးတဲ့ ကချင်ရွာကိုဝိုင်းပြီး ကရင် သူပုန်တွေကို တိုက်ဖို့ တပ်ရင်းကထွက်ခဲ့တယ် သတင်းပေးချက်အရ ပေါ့ဗျာ၊ ရွာကို ညက ဝိုင်းထားပြီး မနက်မိုးလင်းတာနဲ့ တပြိုင်နက် ဝိုင်းတိုက်မယ်လို့ အစီအစဉ်လုပ်ထားတယ်။ ကိုယ်တော်ချောတွေက ဘယ်အချိန်မှာအပြင်ရောက်သွားတယ်မသိဘူး၊ မနက်လင်းတော့ မရှိတော့ဘူး၊ ဒါနဲ့ ကျွန်တော်တို့လဲ ရှေ့ဆက် ချီတက်ကြတာ

ပေါ့ဗျာ’ ဒီလိုဘဲ ချီတက်ခဲ့တာ မကြာမီ တောင် နှစ်လုံးကြား ထဲ ရောက်သွားပါရောဗျာ့၊ ဘာပြောကောင်းမလဲ သေနတ်သံ တွေဆိုတာ မိုးသီးမိုးပေါက်ကျနေတာဘဲ၊ တဒိုင်းဒိုင်းတဒက်ဒက် နဲ့ပေါ့၊ အကာအကွယ်ယူပြီး ခံတွယ်ပေမဲ့ အငိုက် ခံလိုက်ရလို့ ကျွန်တော်တို့ဖက်က အတော်ကလေး အကျအဆုံးနဲ့ ရင်ဆိုင်ကြ ရတာပေါ့။ တိုက်ပွဲပြီးလို့ ကျည်ဆံ သံတွေ မကြားရတော့မှ ကျွန်တော်နဲ့အတူပါလာတဲ့ ရဲဘော်ခင်မောင်အုန်းဟာ ကျသွား တဲ့ ရဲဘော်တွေဆီပြေးပြီး တဦးချင်း သေနတ်မှန်ပုံ မှန်နည်းကို စစ်ဆေးနေတာကိုတွေ့လိုက်လို့ကျွန်တော်လဲအံ့သြသွားတယ်။ သူ့ ကို မေးကြည့်တော့ နံဖူးတည့်တည့်မှာ ကျည်မှန်တဲ့ ရဲဘော်ကို လိုက်ကြည့်တာတဲ့။ နံဖူးတည့်တည့်မှာ ကျည်မှန်တဲ့သူဟာ ကြာ ကူလီသမားလို့ တပ်ထဲမှာ ပြောကြလို့ ဟုတ်မဟုတ်ဆိုတာလိုက် ကြည့်တာပါတဲ့ဗျာ....’

ထိုကြာကူလီ ဇာတ်လမ်းသည် နဖူးတည့်တည့်ကျည်မှန် တဲ့သူတွေမှာ ကြာကူလီသမား ဖြစ်ကြောင်း သက်သေ ထူခြင်း အကြောင်းရပ်မှာ ဤတွင်ပြီးဆုံးသွားတော့သည်။

အလ္လာပ သလ္လာပ ပြောဆိုနေကြသည့် အချိန်မှ ထမင်း စားရန် အချိန်ကျရောက် လာပြန် သောကြောင့် လူစု ခွဲလိုက် ကြသည်။

ထမင်းဟူသောအသံသည် သူ့နားထဲသို့ထိုးဝင်လာသဖြင့် သူ၏ရင်မှာ ခံစားချက် တမျိုး ဖြစ်သွားပါ တော့သည်၊ ဟာ တာဘာဖြစ်လာပြီး ထမင်းစားချင်သလိုလို ဖြစ်နေပါသည်။ထို ကြောင့်သူသည် အနီးအနားရှိသူများကို အကဲခပ် ကြည့်လိုက်

ပြန်သည်၊ ထမင်းစားနေကြသော သူတွေမှာ ပတ်ဝန်းကျင်သို့ မကြည့်ဘဲ ထမင်းကိုသာ မှိန်ရှက်စွာ စားသောက် နေသော အသွင်ကို မြင်ရပြန်တော့ သူ၏ရင်တွင်း၌ ဖြစ်ပေါ် နေသော ခံစားချက်ကို ပြင်ပသို့ တရှိန်ထိုး ထွက်ပေါ်လာပါသည်။

'ထမင်းလက်မှတ် မပို့ကြဘူးလား....'

သူပြောလိုက်သော စကားကြောင့် ထမင်းစားနေ ကြသော လူစုထဲမှ တယောက်သော သူက

'လက်မှတ်တခုတော့ရှိပါတယ်၊ ဒါပေမဲ့ ငင်ဗျားစားလို့ ရပါ့မလား၊ တော်တော်ကြာနေပါအုံးမယ်ဗျာ....'

'မှင်းကလေးကွာရှိရင်ပေးလိုက်ပေါ့၊ဆေးချိုရောက်နေပြီဘဲ၊ ဖြစ်လဲဆေးအစဉ်သင့်, ဆရာဝန်အစဉ်သင့်ဘဲ၊ ဘာကြောက်စရာ မှတ်လို့ကွာ၊ မဟုတ်ဘူးလားဆရာ....'

ထိုအုပ်စုထဲမှပေါ်ထွက်လာသော အသံကြောင့် ကိုအေး လွင်သည် အနည်းငယ် ပြုံးရယ်လျက်

'ကျွန်တော် ထမင်းမစားရတာ သုံးရက် ရှိသွားသို့ပါ၊ ခုလဲ စသည့်နိုး ဖြစ်ချင်တာဖြစ်ဆိုပြီး စားလိုက်ရင် ကောင်း မလားလို့...'

'ရဲဘော်ကြီး စဉ်းစားမနေနဲ့ စားမဲ့ဟာ စားပစ်လိုက် ပေါ့၊ ကဲ ထမင်းစား လက်မှတ်နဲ့ သွားယူပြီး စားလိုက်ပေါ့ ဗျာ....'

မကြာမီ ကိုအေးလွင်၏ လက်များသည်ထမင်းထည့်ယူ လာသော လင်ပန်းကို ဘီဒိုပေါ်သို့တင်ပြီး ငိုက်မရှက်ငတ်မရှက် ဆိုသော ရှက်ခြင်း၏ ထိန်းသိမ်းမှု ကင်းမဲ့သော ဆောင်ပုဒ်

သည် သူ့အတွက်မှန်များ မှန်နေမလားဟု မပြောတတ်ချေ၊ ခေါင်းမဖော်ဘဲ ငုံ့လျက်ပင် စားနေပါတော့သည်။

'ဟော့ ကိုအေးလွင် ခင်ဗျား ထမင်းတွေစားနေတယ်။ ဒီမှာကြည့်၊ ဗိုလ်မှူးက ခင်ဗျားရောဂါ ထမင်းမကျွေးရသေးဘူးလို့ စာရေးထားလို့ ခင်ဗျားကို ကျနော်တို့က ထမင်းမကျွေးတာ တရက်နှစ်ရက်လောက် အောက်နေလိုက်ရင်တော့ ကောင်းမယ်....''

သူနာပြုဆရာတဦး၏ ပြောဆိုလိုက်သောစကားကြောင့် ကိုအေးလွင်၏မျက်နှာသည် အနည်းငယ်ညိုးလျှလျှဖြစ်သွားပါတော့သည်။ သို့သော် ကိုအေးလွင်ကိုဆုံးမလိုက်သောစကားသံများက နောက်ကျသွားပါတော့သည်။ ထမင်းတွေ လင်ပန်းထဲမှ ပြောင်သလင်းရှိတော့မှ ဤသို့စကားသံကိုကြားလိုက်ရခြင်းဖြစ်ပါသည်။

## ၁၀

အသွားမတော်တလှမ်း၊ အစားမတော်တလုပ် ဆိုသည့်အတိုင်း ရောဂါဖြစ်ရခြင်း၏ အကြောင်းရင်းများကတော့ မ်တည့်သောအာရုံငါးပါးမှ မတည့်သော အရာဝတ္ထုတွေကြောင့် ဝေဒနာဖြစ်ရ၏။ တနည်းဆိုသော် မျက်စိ၊ နား၊ နှာခေါင်း၊

ပါးစပ်၊အထိအတွေ့မှ ကိုယ်နှင့်မတည့်သောအရာ၊ အနံ့၊ အသံ၊ အာဟာရကြောင့် ဝေဒနာရ၏။ ၎င်းနောက် အစားကြောင့် ဝေဒနာဖြစ်ရသည်က များလေသည်။

တငွေ့ငွေ့တောက်လောင်နေသော ဆီခမ်းမီးဇာ၏ အငွေ့အသက်မှာမူ အမှန်တကယ်မီးရောင်စကလေးများသည်ငြိမ်းတော့မယောင်ယောင်ဖြင့် ရှိဟန် ဖြစ်နေသော်လည်း တကယ်ငြိမ်းသွားခြင်းမရှိသေးပေ။ လေအဝှေ့သော်၎င်း၊ ဆီထည့်ပေးသောသူရှိခဲ့မူ ဆီမီးခွက်ကလေး၌ရှိသော မီးဇာသည် အလင်းရောင် တောက်လာနိုင်ဘွယ်ရှိလေသည်။

ထို့ကြောင့် ညနေအချိန် ကုန်လွန်ပြီးနောက် မှောင်စပျိုးချိန်တွင် ကိုအေးလွင်သည် ဆောက်တည်ရာမရ ဖြစ်လာပါတော့သည်။ အငွေ့အသက် မကုန်သေးသောသူ၏ ရောဂါမှာ ဆီခမ်းတော့မည့်မီးဇာကို ဆီလောင်းပေးလိုက်သည့်အလား၊ပြာပုံးနေသော မီးကျိုးခဲကို ယပ်ခပ်ပေးလိုက်သောအခါ မီးကျိုးခဲသည် အပူရှိန်ပြင်းလာသကဲ့သို့ ရှိလေသည်။

ကိုအေးလွင်သည် အလွန်ဆာလောင် မွက်သိပ်နေသော ငါဝမ်းပူဆာမနေသာဆိုသည့်အလား ဝမ်းထဲမှ ကြိတ်မနိုင် ခဲမရအောင် တောင်းတလာသော ထမင်းစားလိုသည့်ဆန္ဒကို ဖြည့်တင်းလိုက်ပြီးနောက် ဤကဲ့သို့ဝေဒနာသည် အရှိန်အဟုန် ပြင်းစွာဖြင့် နေမထိ ထိုင်မသာဖြစ်၍ အော်နေရပါတော့သည်။

"လုပ်ကြပါအုံးဗျာ၊ ဗိုက်ထဲက ထိုးလွန်းလို့ ဆရာကို ခေါ်ပေးပါအုံး...."

သူ၏နံဘေးတွင်ရှိကြသော သူနာများကို အကူ အညီ တောင်းခံလျက်ရှိနေပါသည်။

"စိတ်ချပါဆရာကြီး...."ဟု သူ၏နံဘေးတွင်ကုတင်ခြင်း ယှဉ်လျက်ရှိသော လူနာတဦးသည် နံဘေးရှိအရေးပေါ်ဘဲလ်ကို ဖိနှိပ်လိုက်ပါသည်။

"ကလင်....ကလင်"ဟု အသံများသည် တာဝန်မှူး အခန်းတွင်း၌ ဆူညံသွားပါတော့သည်။ ၎င်းအသံ ဖြစ်ပေါ်လာသောအချိန်တွင် မည်သည့်အခန်းမှခေါ်သည်ကို အခန်းအမှတ် စဉ်ပြသော အနီရောင်မီးရောင်များသည် မှိတ်လိုက် လင်းလိုက်ဖြင့်ရှိပါသည်။ ၎င်းတာဝန်မှူးအခန်းမှ သူနာပြု ဆရာမနှင့် ဆရာတဦးသည် မီးရောင်ပြသော အခန်းအမှတ်ကိုကြည့်လိုက်ကြပြီးနောက် အပြင်ဘက်သို့ရုတ်ချည်း ပြေးထွက်လာခဲ့ကြပါသည်။

သူတို့နှစ်ဦးသည် ကိုအေးလွင်၏ ခံစားနေရသော ဝေဒနာနှင့်အကူ လူပ်ရှားပြုလုပ်နေသည့်အချက်အလက်များကို မြင်တွေ့ကြပါသည်။ ကိုအေးလွင်သည် လက်နှစ်ဖက်ဖြင့် သူ၏ ရင်ခေါင်းကိုဖိနှိပ်ပြီး ဟစ်အော်၍ အစာများအန်လျက် ရှိနေပါသည်။ စားထားသောအစာများကို လက်မခံသောကြောင့် အပြင်ဘက်သို့ တရှိန်ထိုးထွက်လာနေဟန်တူပါသည်။

ထိုမြင်ကွင်းကို မြင်တွေ့လိုက်ရသော သူနာပြုဆရာ နှစ်ဦးတို့မှာ ကိုအေးလွင်အား ဝိုင်းဝန်းပြုစုနေရာမှတဖန် သန့်ရှင်းရေးအလုပ်သမားအား လှမ်းခေါ်လိုက်ကြပါသည်။

အခန်းတွင်းသို့ သန့်ရှင်းရေး အလုပ်သမားရောက်လာပြီး သန့်ရှင်းရေးလုပ်ငန်းများကို စတင်ပြုလုပ်နေပါသည်။ အိပ်

ယာခင်းအသစ်များ ပြန်လည် လဲလှယ်ပေးခြင်း၊ ပေကျံနေ သော အင်္ကျီဘောင်းဘီကို လဲပေးခြင်းစသည့် အလုပ်များကို ပြု လုပ်ပေးရပြန်ပါသည်။

သူသည် အော့ရ အန်ရ အော်ရသောကြောင့် ကုတင် ပေါ်တွင် ညည်းညူနေလျက် တစောင်းကလေးမှေးခါ ရှိနေ ပါသည်။ သူ့နံဘေးတွင် အခြားအခန်းမှလူနာ အချို့လည်း ဝိုင်းဝန်းလာကြသည်။ ပတ်ပတ်လည်တွင် သူနာပြုဆရာများနှင့် လူနာအချို့က ဝိုင်းရံထားပါသည်။

မကြာမီညတာဝန်မှူး ဆရာဝန် ရောက်ရှိလာပြီး ကုသ မှုရရှိသောအခါမှ ၎င်း၏ရောဂါသည် အနည်းငယ် သက်သာ ခွင့်ရသွားပါတော့သည်။

ည၏ တိတ်ဆိတ်ခြင်းကို ထိုးဖောက်ပေါ်လွင်လာသော သံချောင်းခေါက်သံ(၉)ချက်သည် ဆေးရုံကြီး၏ ပတ်ဝန်းကျင် သို့ ပြန့်လွင့်လိုက်သောကြောင့်၊

"အခန်းတွေ မီးမှိတ်ထားပါ...."

လူနာများအိပ်ချိန်ဟု သတ်မှတ်ထားသော အချိန် ကျ ရောက်လာသဖြင့် တာဝန်ကျ သူနာပြု ရဲဘော်၏ အမိန့်သံနှင့် အတူ လူနာဆောင်တခုလုံးသည် အမှောင်ထုထဲတွင် မလှုပ် မ ယှက် ငြိမ်လျက်သား ရှိနေပါသည်။

ညတာဝန်မှူး ဆရာဝန်၏ လက်ချောင်းကလေးများ သည် ကိုအေးလွင်၏ အခန်းထဲ၌ရှိသော မီးခလုပ်ကလေးကိုဖြေး ညှင်းစွာ နှိပ်လိုက်သောကြောင့် ထိုအခန်းထဲတွင် အလင်းရောင် များသည် ထိန်လင်းလာပါတော့သည်။ ဆရာဝန်သည်မီးရောင်

ကိုအားပြုပြီး ကိုအေးလွင်နားသို့ လျှောက်သွားပါသည်။ သူ၏မျက်လုံးအစုံက ခြင်ထောင်ထဲ၌ အိပ်မောကျနေသော လူနာ၏အခြေအနေကို အကဲခပ် ကြည့်ရှုနေပါသည်။ သူသည် ပြင်ပမှ ထိုးဖောက်အားယူကြည့်နေရသည်ကိုအားမရသဖြင့် ခြင်ထောင်ကိုလှန်လိုက်ပြီးကိုအေးလွင်၏ အသက်ရှူလှုပ်ရှားနေသောရင်ပြင်ကို သေချာစွာကြည့်မိတော့မှ ခြင်ထောင်ပြန်ချပြီး အရေးမကြီးကြောင်း သိခွင့်ရလိုက်သောကြောင့် ထိုနေရာမှ ပြန်လည်ထွက်ခွာပါတော့သည်။

တာဝန်မှူးသည် သူ၏ ဝတ္တရားအရ အခန်းတိုင်းတွင် အလွန် အရေးကြီးသော လူနာများ၏ အခြေအနေကို အကဲခပ် ကြည့်ရှုနေပါတော့သည်။ ဆေးရုံဟုဆိုလိုက်သည့် အရမှု ဝေဒနာသက်သာသူရှိသကဲ့သို့ ဝေဒနာပြင်းထန်သူရှိလေသည်။ အိပ်မောကျနေသော လူနာများရှိခဲ့သည်။ အချို့လူနာများမှမူ အိပ်နေသည်ဟု ထင်ရသော်လည်း အိပ်လျှတ်ပင် ညည်းညူနေသော အသံများသည် ပတ်ဝန်းကျင်သို့ ပေါ်ထွက်လာတတ်ပါသည်။

ဤသို့ဖြစ်ရပ်ဖြင့် ရင်ဆိုင်ရသောအချိန်တွင်တာဝန်ကျဆရာဝန်၊သူနာပြုအချို့မှာသေချာစွာရင်း၊လူနာအားဝင်ရောက်ကြည့်ရှုစစ်ဆေးကြရပါသည်။

ထို့ကြောင့် မစည်ကားအပ်သောနေရာများတွင် ဆေးရုံလည်း အပါအဝင်ဖြစ်လေသည်။

နှင်းရိပ်နှင်းငွေ့များ ပျယ်စပြုချိန်ဝယ်၊ နေရောင်ခြည်သည် လောကဓာတ်တခုလုံးကို ပိုင်ပိုင်နိုင်နိုင် အုပ်စိုးလိုက်ပါ

တော့သည်။ သူသည် ညဉ့်ဦးပိုင်းကစ၍ ကောင်းမွန်စွာအိပ်လို့ မရသဖြင့် တောင်စဉ်ရေမရ တောင်စဉ်းစား မြောက်စဉ်းစား ဖြင့် ညဉ့်ဝက်ဘာထဲတွင် တဝဲလည်လည်ဖြစ်နေကာမှ အာရုံဦးပိုင်းသို့ ရောက်လာချိန်တွင် တမှေးလောက် အိပ်ပျော်သွားပါတော့သည်။

နံနက်ရောင်ခြည်များ အတော်လင်းထိန်တော့မှ ကိုအေးလွင် နိုးရန် အားပြုလာ၏။ သူ၏မျက်လုံးများက မှေးစက်လို သေးသည်။ အိပ်ရန်အားပြုလိုက်၏။ ၎င်းနောက် သူ၏တကိုယ်လုံးမှာ တွန့်လိမ်၍ အညောင်းဆန့်လိုက် ပြန်သေးသည်။ ညက အိပ်ရေးပျက်ခြင်းကို သူ၏မျက်လုံးအစုံများက သက်သေခံနေပါသည်။ မျက်လုံးနှင့်ဖက်လုံးသည် နီကျင့်ကျင့် အသွင်ကိုဆောင်လျက်ရှိနေပြန်သည်။ သူအိပ်ယာနိုးပြင်လိုက်သော်လည်း အချိန်နှောင်းသွားခဲ့ချေ၏။ အဘယ်ကြောင့်မူ သူ၏နံဘေးတွင် သူနာပြုဆရာများရောက်လာကြသည်။ သူတို့က ကိုအေးလွင်အား သေချာစွာ စိုက်ကြည့်လိုက်ကြပါသည်။

'ဆရာကြီး ဘယ်လိုနေသေးလဲ၊ ညကအိပ်လို့ မရဘူးထင်ဘယ်၊ ခုထိသန်းတုန်းဘဲ၊နေ့လည်ကျတော့မှ အိပ်ပေါ့ဗျာ....'

သူနာပြုများ၏ ပြောဆိုလိုက်သော စကားသံကြောင့် ကိုအေးလွင်သည် အိပ်ရန်အားပြုနေရာမှ ထ၍ ထိုင်လိုက်ရပါသည်။

'ကဲ...ပါးစပ်ဟ'

သူနာပြု ဆရာ၏ ပြောလိုက်သော စကားသံကြောင့် ကိုအေးလွင်သည် ပါးစပ်ကို ဟလိုက်ပါတော့သည်။ ၎င်းနောက်

အဖျားတိုင်း ပြဒါးတိုင်ကလေးကို ပါးစပ်ထဲသို့ ထည့်လိုက်ပါသည်။ သူ၏လက်တဖက်ကို ကိုင်ပြီး သွေးစမ်း နေပါသည်။ အချိန်အနည်းငယ် ကြာလင့်၊ သူ၏ပါးစပ်တွင်ရှိ ပြဒါးတိုင်ကို ဆွဲနှုတ်ယူလိုက်ပါ အလင်းရောင်ဖက်သို့ ထောင်၍ ကြည့်နေပါသည်။ ခြေရင်းတွင်ချိတ်ဆွဲထားသော ဆေးမှတ်တမ်းကို ဆွဲယူလိုက်ပြီးနောက် အဖျားအပူချိန် ဘယ်လောက်ရှိကြောင်း ရေးသားလိုက်ပါသည်။

သူနာပြုဆရာ အခန်းတွင်းမှ ထွက်ခွာသွားသောကြောင့် ကိုအေးလွင်သည် ကုတင်ပေါ်၌ ပြန်လည်အိပ်စက်ရန် ဟန်ပြင်လိုက်သည်။ လူတဦးသည် အခန်းထဲသို့ သစ်သားတိုင်တခုယူဆောင်လာပြန်သည်။ သူ၏နံဘေးတွင် လာရောက် ထောင်ထားပြန်သည်။

ကိုအေးလွင်သည် ကုတင်ဘေးတွင် ရောက်ရှိနေသော သစ်သားတိုင်ကြီးကိုကြည့်ပြီး ငေးငိုင်လျက်ရှိနေပါတော့သည်။ သူအိပ်လိုသောဆန္ဒများသည် သစ်သားတိုင်ကို မြင်လိုက်သည့်အချိန်မှစ၍ ကွယ်ပျောက် သွားပါသည်။ ဤသစ်သားတိုင်နှင့် သူသည် မည်သို့ ဆက်စပ်နေဟန်ရှိကြောင်း ပြန်လည်စဉ်းစားနေသည်။

မကြာမီ သူနာပြုဆရာနှစ်ဦး လက်ထဲတွင် ပုလင်းတလုံးနှင့်နိုင်ငံခြားလုပ် ပလပ်စတစ်ပိုက်ရှည် တချောင်းကိုကိုင်လျက် ဝင်လာကြပါသည်။

ကိုအေးလွင်သည် ဝင်လာသူနှစ်ဦး၏ မျက်နှာသို့ စူးစိုက်ကြည့်လိုက်ပါတော့သည်။

တဦးနှင့်တဦး အပြုံးချင်းဖလှယ်ပြီးနောက်....။

'ကိုအေးလွင် မျက်နှာသစ်ရော၊ အပေါ့သွားစရာ ရှိရင် ခုကတဲက ထသွားထားနော်၊ ခင်ဗျားကို မေဉ်ရမင်း (ဒရစ်ပ်) လုပ်မယ်၊ တခါသွင်းရင် ၃ နာရီလောက်ကြာတယ်—'

သူနာပြု ဆရာနှစ်ဦး၏ ပြောလိုက်သော စကားအရ ကိုအေးလွင်သည် ကုတင်ပေါ်မှ ရုတ်ချည်းထလိုက်သောကြောင့် မူးဝေသွားပါသည်။

'ကိုအေးလွင် ဖြေးဖြေးထမှပေါ့၊ ခင်ဗျားအားနဲ့နေလို့ ခုလိုအားဆေး သွင်းရတာနော်၊ လမ်းလျှောက်လဲ ဖြေးဖြေး လျှောက်နော်....'

နောက်ထပ် သတိပေးလိုက်သောကြောင့် သူသည်အေး ဆေးတည်ငြိမ်စွာဖြင့် မျက်နှာသစ်ရန် ရေချိုးခန်း ဖက်ဆီသို့ ထသွားပါတော့သည်။ သူသည်အခန်းထဲသို့ ပြန်ရောက်လာပြီး မရှေးမနှောင်းအချိန်ကလေးမှာပင်....။

'လဘက်ရည်သောက်ကြမယ်....' ဟု အသံပြုလိုက်သော ကြောင့် အခန်းတွင်း၌ရှိကြသော လူနာအားလုံးလိုလိုပင် အပြင် သို့ထွက်၍ လဘက်ရည်ယူသောက်ကြပါသည်။

ကိုအေးလွင်လည်း လဘက်ရည်တခွက်လောက် သောက် လိုသောဆန္ဒကြောင့် အပြင်ဖက်သို့လှမ်း၍ သူ၏မျက်လုံးအစုံက ရောက်သွားခြင်းကို နံဘေးရှိ သူနာပြုဆရာက အကဲခတ်လိုက်မိ သောကြောင့်....။

'ကိုအေးလွင် ခင်ဗျားလဘက်ရည် သောက်ချင်ရင်လဲ သွားယူသောက်လေ၊ နောက်ပြီးတော့မှဘဲ အေးအေးဆေးဆေး လုပ်ကိုင်ကြရအောင်....'

'ဒီလိုဆိုကောင်းသားဘဲ၊ ကျနော်လဲ ဝမ်းထဲကဆာနေလို့ပါ....'

သူသည် ဤသို့စကားပြောပြီးနောက် လဘက်ရည်လှည်းရှိရာသို့ သွားလိုက်ပါတော့သည်။ သူ့မျက်လုံးများသည် လဘက်ရည်၏ တန်ခိုးအာနိသင်ကြောင့် အိပ်စက်လိုသော ဆန္ဒများပေါ်ပေါက်လာသည်။

'ကဲ....ကိုအေးလွင် သောက်ပီးရင် ကုတင်ပေါ်မှာ အိပ်ပေတော့....'

ဤသို့ပြောဆိုပြီးနောက် သူ၏လက်တဖက်ကို ကိုင်တွယ်လိုက်ခါအကြောများ ထောင်ထလာစေရန်အလို့ငှာ ကျန်ရှိနေသော လက်ဖဝါးဖြင့် လက်ဖျန်သားကို တအား ပွတ်တိုက်လိုက်ပါသည်။ ၎င်းနောက် အကြောများထောင်ထ လာတော့မှ ချွန်ထက်သော အပ်တချောင်းသည် လိုချင်သော အကြောထဲသို့ ထိုးသွင်းလိုက်ပါတော့သည်။

ဤသို့ ထိုးသွင်းလိုက်သော အပ်၏အရှိန်ကြောင့် သူ၏ တကိုယ်လုံးမှာ တွန့်ဆုတ်လျက် တီကောင်ဆားပက်ခံရသကဲ့သို့ ဖြစ်သွားပါတော့သည်။ အကြောထဲသို့ ဆေးရည်များဝင်ရန် အတွက် ပလပ်စတစ်ပိုက်ရှိ ချိန်သီးကို လှည့်ပတ်ပေးနေပြန်သည်။ ဆေးရည်အစက် မှန်ကန်မှုရှိတော့မှ သူနာပြု ဆရာနှင့်ဦးသည်

အခန်းထဲမှ ထွက်သွားပါသည်။ ကိုအေးလွင်သည် မလှုပ်မရှက် ငြိမ်ငြိမ်ကလေးဖြင့် ကုတင်ပေါ်ဝယ် ကျန်ရစ်ခဲ့ပါသည်။

သူသည် အိပ်စက်ရန်အတွက် စိတ်ကိုအားပြုလိုက်မိပါသည်။ သို့သော် အိပ်လို့တော့ မရချေ။ အကြောင်းကမူ သူ့မျက်ထဲစေ့တွင် ကွက်ကွက်ကွင်းကွင်းမြင်တွေ့ရသော နံဘေးရှိသစ်သားတိုင်နှင့် မော်ရှမင်း ပုလင်းက သူ၏စိတ်ကို အနှောက်အရှက် ပေးနေပြန်ပါသည်။

အချိန်က ကြာညောင်းခဲ့လေပြီ။ လက်မောင်းလည်း ကိုက်ခဲ နာကျင်လာသဖြင့် အနည်းငယ် လှုပ်ရှား မိပါသည်။ ဤကဲ့သို့ လှုပ်ရှားပြန်တော့ အကြောထဲတွင် ထိုးစိုက်ထားသော အပ်၏ ဒဏ်ချက်ကြောင့် နာကျင်သော ဝေဒနာသည် သူ၏ တကိုယ်လုံးအား ကျင်စက်ဖြင့် အတို့ခံရသည့် အလား ဖြစ် ရပြန်ပါသည်။

သူသည်ဤဖြစ်ရပ်များကိုမေ့ပျောက်ရန်အားတင်းလိုက်ပါသည်။ အချိန်အနည်းငယ်လောက် စိတ်ကပျောက်ကွယ်သွား ခဲ့ပါသည်။ လုံးလုံးလျားလျားတော့ မဟုတ်ပေ။ မျက်လုံးများ မှာလည်း ငြိမ်သက်လျက်ရှိ၏။ ခန္ဓာကိုယ်တခုလုံးသည် လှုပ်ရှား ခြင်းမရှိချေ။ ထို့ကြောင့်လူတိုင်းက သူ့ ဖြစ်ရပ်ကို ရုတ်ချည်း ကြည့်မိပါက အိပ်ပျော်နေပြီဟုထင်ရသော အခြေသို့ ဖြစ်လာ ဖွယ်ရှိခဲ့ပါသည်။ အမှန်တော့ သူ၏ရုပ်ခေတ်ကို အတင်းအိပ်စက် ရန် တိုက်တွန်းပြီး အိပ်မက်ကမ္ဘာသီသို့သွားရန် နှိုးဆော် နေ ပါသည်။

သို့သော်စိတ်ကမူ အိပ်လို့မရပေ။ တခုတည်းသော အကြောင်းကို ကြိုတင်ပူပန်နေသဖြင့် တညကိုသုံးကြိမ် တိုင်တိုင် သစ်ပင်ပေါ်မှ မြေပေါ်သို့ဆင်း၍ စမ်းကြည့်တတ်သောမျောက်ကဲ့သို့ မိုးမပြိုပြိုခဲ့သော် ပူပင်သည့်အလားသူသည်နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့မူ ရုတ်တရက်လှုပ်ရမ်းမိသွားခြင်းကြောင့် ပျက်စီးသွားနိုင်ပြီး လက်တွင်ထိုးစိုက်ထားသောအပ် ကျွတ်ထွက်မည်ကို ကြိုတင် စိုးရိမ် စိတ်များ တဖွားဖွား ပေါ်လွင် နေမိပါသည်။

အိပ်လို့မရခြင်းကြောင့် သူ၏မျက်လုံးအစုံသည် ပွင့်လင်းလာ၏။ ရုတ်ချည်းအပေါ်သို့ လှမ်းကြည့်မိသည်။ တစိမ့်စိမ့်မြည်နေသော ပန်ကာသည် အရှိန်ပြင်းစွာ လှည့်ပတ်နေရသဖြင့် ဒလက်များသည် ပျောက်ကွယ်နေပါတော့သည်၊ ပန်ကာအရှိန်များခြင်းကြောင့် တခန်းလုံး အေးလျက်ရှိနေပါသည်။ အဆောက်အဦမှာလည်း တိုက်ဖြစ်၍ ညအခါတွင် ဆောင်း၏အအေးဓာတ်ကိုခံယူထားပြီး နေ့အခါတွင် ၎င်းအအေးရှိန်သည်ပြန်လည်အငွေ့ပြန်တတ်ပါသည်၊

ထို့ကြောင့် သူသည် အခန်းရှိ ပန်ကာ၏အအေးဓာတ်နှင့် တိုက်၏အအေးရှိန်ကလည်း တမျိုးဖြစ်နေခဲ့ပါသည်။

သူ၏တကိုယ်လုံးကို အအေးဓာတ်က လွှမ်းခြုံ လိုက်ပြန်သည်။ အအေးရှိန်သည် ပိုမိုထူးကဲလာသောကြောင့် ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်လာပါသည်။ ဤသို့ ဖြစ်လာသော ခံစားချက်ကို ပထမတွင် အပ်အရှိန်ကြောင့်ဟု စိတ်၏ ထင်လိုက် မိပါသည်။ ခုတော့ သူ့လက်တွင် စိုက်ထားသောအပ်ကို နှုတ်လိုက်သော်

လည်း မပေါ့ပါးသေးပေ၊ တကိုယ်လုံး ကိုက်ခဲ နာကျင်သော ဝေဒနာက ဆက်လက်ခံစားရပြန်သည်။

သူသည် ခံစားနေရသော အကြောင်း အချက်ကို သူနာပြု ဆရာအား ပြောပြလိုက်သဖြင့်....

'ခင်ဗျားကလဲဗျာ.... မိန်းမကျနေတာဘဲ၊ နေရာတကာ ကြောက်နေတာကိုး၊ အဖျားမတက်ပါဘူး....'

သူနာပြု ရဲဘော်၏ စကားသံကြောင့် ကိုအေးလွင်၏ မျက်နှာ အမူအရာမှာ အနည်းငယ် ပြောင်းလွဲ သွားပါတော့သည်။ သူ့စိတ်မှာလည်း ကျဆင်း နေပါသည်။ ဒါပေါ့ခလ၊ ကိုယ့်ခံစားချက်ကို တင်ပြသော်လည်း သူတို့ကမဟုတ်ပါဘူးလို့ ငြင်းနေမတော့ ငါဘဲ အရှုံးပေးရမှာပေါ့ဟု ဆုံးဖြတ် လိုက်ပါ တော့သည်။

ကိုအေးလွင်၏ မျက်လုံးအစုံသည် ပတ်ဝန်းကျင်သို့ ခေး မော ကြည့်ပြန်သည်။ ကောင်းကင်ပြင် တခုလုံးမှာမူ အုံ့အုံ့ မှိုင်းမှိုင်းနေရောင်က မပွင့်တပွင့် ရှိနေပါသည်။ သူ၏အတွေ့အကြုံ အတွင်းစိတ် သဏ္ဌာန်က မကြည်လင် သောကြောင့် အုံ့မှိုင်း၊ သော ကောင်းကင်ပြင်သည် သူ့အား အဖော်ပြု နေသည်ဟု ထင်ယောင်နေပါတော့သည်။

မကြာမီ သူ၏အခန်းထဲသို့ သူနာပြုရဲဘော်နှစ်ဦးနှင့်အတူ ဆရာမကြီးတဦးဝင်လာပါသည်။ သူနာပြုရဲဘော်တဦး၏ လက် ထဲတွင် ( ECG )နှလုံးတိုင်း ကိရိယာ စက်တခုကို ကိုင်လျက် ဝင်လာပါသည်။ ကိုအေးလွင်သည် အပြင်သို့ အာရုံ ရောက်နေ

ရာမှ အတွင်းထဲသို့ မျက်လုံးအစုံက ပြန်လည် ရောက်ရှိ ပြန်ပါသည်။

အခန်းထဲသို့ဝင်လာကြသော သူနာပြုရဲဘော်နှင့် သူနာပြု ဆရာတို့သည် ကိုအေးလွင်နံဘေးသို့ရောက်လာကြပြီးနောက် သူတို့လုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာများကို ဆက်လက် လုပ်ကိုင်နေကြပါတော့သည်။ ရောဂါမတွေ့မချင်း ပုဆိုးခေါင်း အခွံချွတ်သလို ဖြစ်ရတော့မည်။ မတတ်နိုင် ပါဘူး၊ ဝဋ်ဖြစ် လာမှတော့ မစင်မကြောက်နဲ့ ဆိုသည့် စကားပုံလို သူ၏ စိတ် အထင်မှ ယောင်ပြန်ဟပ်မှုသည် သက်ပြင်းတချက်တော့ အား ပါးတရ ပြင်ပသို့ မှုတ်ထုတ်လိုက်ပါသေးသည်။

'ကဲ....ရဲဘော် အင်္ကျီချွတ်ပါ၊ ဘောင်းဘီကို ဒူးခေါင်း ကျော်အောင် လိပ်တင်လိုက်ပါ'

ဆရာမကြီး၏ အမိန့်ပေးလိုက်သောကြောင့်ကိုအေးလွင် သည် ၎င်းအမိန့်အတိုင်း မဆိုင်းမတွ ပြုလုပ်နေပါသည်။

'ကဲ....အင်္ကျီချွတ်ပြီးရင် အိပ်လိုက်အုံး....'

ထပ်မံအမိန့်ပေးပြန်သည်၊ ထို့ကြောင့်သူလည်း အမိန့် အတိုင်း အိပ်လိုက်ပြန်ပါသည်။

မရှည်မနှောင်း အသံတခုက သူ၏နားထဲသို့ထိုးဝင်လာ ပါသည်။ အကြောင်းကမူ 'တိတ်ရကော်တာ ဖွင့်တော့မယ်' ထို စကားသံကြောင့် သူ၏နံဘေးတွင်ရှိသော သေတ္တာ ကလေးကို လှမ်းကြည့်လိုက်ပါသည်၊ ၎င်းနောက်သူ၏ဒူးနှင့် လက်များတွင် သားရေဖြင့်အုပ်ထားသော သံခွက် ကလေး လေးခုကို တခုစီ ချည်နှောင်လိုက်ပါတော့သည်။

'ကဲ....ငြိမ်ငြိမ်ကလေးနေနော်မလှုပ်နဲ့၊ အသက်ကိုမှန်မှန်ရှူဗျာ....'

သူနာပြု ရဲဘော်၏ ပြောလိုက်သောအသံကြောင့်ကိုအေးလွင်သည် အသက်ကို မှန်မှန်ရှူ မှန်မှန်ထုတ်နေပါသည်။ သူ၏နံဘေးရှိ နှလုံးတိုင်း ကိရိယာမှ မြည်နေသော တချက်ချက်အသံများသည် ပတ်ဝန်းကျင်သို့ ပြန့်လွင့်လာပါသည်။

ကိုအေးလွင်တို့ အခန်းတွင်လည်း လာရောက်ကြည့်ရှုကြသောလူနာမှာလည်းမနည်းပေ။သူ့ထက်ငါ အလုအယက် ကြည့်နေကြပါသည်။ ကိုအေးလွင်မှာမူ ငြိမ်သက်စွာဖြင့် ကုတင်ပေါ်မှာ ရှိနေပါတော့သည်။

'ကဲ....ကဲ ရဲဘော်တို့ ကိုယ့်အခန်းပြန်ကြပါ၊ ဒါပွဲပြနေဒါ မဟုတ်ဘူး....'

ဤသို့ပြောဆိုလိုက်သော အသံကြောင့် လူနာ၏ နံဘေးတွင် ရပ်ကြည့်နေကြသောသူတွေမှာ အလျှိုလျှိုဖြင့် အခန်း၏အပြင်ဖက်သို့ ထွက်သွားကြပါသည်။

နှလုံးတိုင်းစက်သံသည်ရပ်သွားပြီးနောက် သူနာပြုဆရာမကြီးသည် စက္ကူအရှည် တခုကို ၎င်းစက်ထဲမှ ထုတ်ယူ လိုက်ပါသည်။ ၎င်းစက္ကူပေါ်တွင် ရေးထားသော သင်္ကေတ မှာလည်း အခြားသူများ နားလည်ရန်မလွယ်ကူချေ၊ ၎င်းစက်အကြောင်းသင်တန်းတက်ရောက်ဘူးသူမှနားလည်နိုင်၏။ထို့ကြောင့် ကိုအေးလွင်၏ မျက်လုံးများသည် ဆရာမကြီး၏ လက်ထဲတွင် ရှိသောစက္ကူရှည်ကလေးကိုမော့ကြည့်ရင်းကျန်ရစ်ခဲ့လေသည်။

× × ×

# ၁၁

သည် ညက ဆိုးဆိုးဝါးဝါး အခမှာင်နှင့်မဲမဲ၊

လရောင် ကင်းလျက် ကြယ်ရောင်၏ အလင်းရောင်က နည်းပါးပြန်၏။ ဤသို့ လမိုက်သောညများတွင် ကြယ်ရောင်က အားကောင်းဖို့သင့်၏။ သို့သော်အမှောင်လွှမ်းသောဆောင်းညဟု ဆိုနိုင်ချေ၏။

ဆေးရုံ၏ လူနာဆောင်တိုင်း လိုလိုပင် ဆူညံလျက် ရှိ၏။ ရေဒီယိုဖွင့်သံ တဦးနှင့်တဦး ငြင်းခုန်ပြောဆိုသံ၊ စသည့် အသံများနှင့် အချို့ လူနာတွေမှာမူ အေးအေးငြိမ်သက်စွာ စကားပြောဆိုကြသူတွေလည်းရှိ၏။

မိမိတို့တဦးနှင့်တဦး ပေါင်းသင်းလို့ရသော ပုဂ္ဂိုလ်ခြင်း ပြောဆိုနေကြသူတွေလည်း ရှိတတ်ပြန်သည်။ ကိုအေးလွင်အဖို့မူ ပတ်ဝန်းကျင်သို့ ငေးမောရင်း တဦးတည်းစိ တ်ဆင်းရဲသော ဝေဒနာကို ခံစားနေရှာရလေသည်။ သူနေသောအခန်းတခုလုံးမှာလည်းမီးရောင်ကပိုမိုလင်းထိန်နေပါသည်၊ အခန်းတခုလုံးတွင် သုတ်ထားသော ဆေးရောင်တွေက ဖက်ဖူးရောင်နုနု ဖြစ်သောကြောင့် မီးရောင်နှင့် ဆေးရောင်သည် အလွန်ပဏာရနေသဖြင့် အလင်းရောင်က အားကောင်းလျက် ရှိနေပါတော့သည်။

သူသည် အခန်းတွင်း၌ ရှိကြသော မြင်ကွင်းတခုလုံးကို ခြုံ၍ ကြည့်နေပြန်သည်။ အချို့ပုဂ္ဂိုလ်များသည် ကျားထိုးနေကြ၏။ အချို့မှာ ဝတ္ထုစာအုပ်ကို စိတ်ပါဝင်စားစွာ ဖတ်လျက်ရှိနေပါသည်။ အချို့မှာမူ တောင်ငေးမြောက်ငေးလျက် တဦးတည်း စိတ်ကူးနေလျက်....

ဤသို့ အကြောင်းအရာများ ဆက်စပ်လိုက်သောအခါတွင် သူ့အဖို့ တောင်ငေးမြောက်ငေးဖြင့် မိမိ၏ဝေဒနာကို ပြန်သည်စဉ်းစားနေပြန်သည်၊ သူ၏ခံစားနေရသော ဝေဒနာမှု ပတ်ဝန်းကျင်က မသိရှိချေ။ ဝေဒနာ၏ အတက်အကျကို ပြန်လည်သတိရလိုက်တိုင်း စိတ်သောက ဗျာပါဒလှိုင်းများက တကိုယ်လုံးကို လွှမ်းမိုးလိုက်သကဲ့သို့ ရှိတတ် လေသည်။ စိတ်ဆင်းရဲမှုကြောင့် သူ၏ စိတ်ဓာတ် များ တနေ့ထက်တနေ့ ကျဆင်းနေပါတော့သည်။ သူ၏ ခြေရင်း၌ ချိတ်ဆွဲ ထားသော လူနာမှတ်တမ်းကို လှမ်း၍ဆွဲယူကြည့်လိုက်ပါ၏။ သူကြည့်လိုက်သော်လည်း စိတ်အားလျော့မှုကြောင့်ပင် အနည်းငယ် မြင်တွေ့လိုက်ရသော စာလုံးများမှာ ပိပိပြင်ပြင် မရှိလှချေ။ ထိုကြောင့်သူ၏ မျက်လုံးများက မှုံဝါးဝါးဖြစ်နေသောကြောင့် မီးရောင်ကောင်းသော နေရာသို့ သူ့လက်တွင် ကိုင်ထားသည့် လူနာနေ့စဉ်မှတ်တမ်းကိုကိုင်၍ ထင်ထင်ရှားရှား ဖြစ်စေရန်အလို့ငှာ၊ သေသေချာချာ ပြန်လည် ကြည့်လိုက်ပါတော့သည်။

ဤနေ့ညအဖို့ သူကြည့်လိုက်သော မှတ်တမ်းအရ သူ၏ရောဂါမှာလည်း ပျောက်လုနီးပါး အခြေ အနေသို့ မပြပေ။ အဖျားမှာလည်း ၁၀၁၊ ၁၀၂ အခြေပြဇယားအရဖော်ပြထား

ပါတော့သည်။ ဤဖြစ်ရပ်ကို မြင်တွေ့လိုက်သော ကိုအေးလွင်၏ အမူအရာများနှင့် အသားရောင်မှာလည်း စိတ်၏ သောကကြောင့် တမျိုးတဖုံ ပြောင်းလွှဲသွားပြန်သည်။

'အင်း'--သက်ပြင်းရှည်တခုကိုသာ မှုတ်ထုတ် လိုက်ပြီး သူ၏ လေးလံသော ခန္ဓာကိုယ်ကြီးအား အိပ်ရာပေါ်သို့လဲချပစ်လိုက်ပါသည်။ မရှည်မနှောင်းပင် ကုတင်နှင့်အုတ်နံရံ ရိုက်လိုက်သော အသံတခုသည် ပတ်ဝန်းကျင်သို့ လွင့်ပြန် သွားပါတော့သည်။ အကြောင်းမူ လူနာကုတင်များသည်အောက်ခြေလေးခုစလုံးပင် ဘီးများ တပ်ဆင် ထားသောကြောင့် လှုပ်ရှားရန်မူ လျင်မြန်စွာရှိနေပါ၏။

သူသည် နဖူးပေါ်လက်တင်၍ ထွေရာလေးပါးစဉ်းစားနေရှာပြန်သည် သူ၏စိုးမရသောစိတ်ကို အားတင်းလိုက်ပြန်၏။

'အင်းလေ....ဒီနေ့ညအဖို့တော့ အဖျားကျကောင်းပါရဲ့နော်....'

သူသည် မိမိကိုယ်ကို မိမိပြန်လည် အားဖြည့် နေသေးသည်။

လူနာဆောင်၏စင်္ကြံမှ ခြေသံခပ်ပြင်းပြင်းသည် သူ၏အခန်း တွင်းသို့ လျှောက်လာ နေသည်ကို ကြားသယောင်ယောင်....'

ထိုအသံသည် သူ၏အခန်းတွင်းသို့ ရောက်ရှိတော့မှအသံလာရာဘက်ဆီသို့ ခေါင်းငုံ့ပြီး ကြည့်လိုက်တော့သည်။ သူနာပြုဆရာတဦးဖြစ်ကြောင်း သူသိလိုက်ပါသည်။ ၎င်းသူနာပြုဆရာလက်ထဲတွင် အဖျားတိုင်း ပြဒါးတိုင်လည်း ပါလာ၏။ တနေ့

အဖျား (၃)ကြိမ် တိုင်းနေကြဖြစ်၍ ဤအချိန်မှာမူ နောက်ဆုံးအချိန် ဖြစ်ပါသည်။

သူ၏ နှုတ်မှနေ 'ဘုရား၏ တန်ခိုးတော်ကြောင့် အဖျားအပူရှိန်ကျပါစေ' ဟု တဦးတည်း ရေရွတ်နေရှာပါသည်။ သူနာပြုဆရာသည် သူ့နားသို့ ရောက်လာ၏။

'ကဲ ကိုအေးလွင် အဖျားတိုင်းရအောင်ထထိုင်လိုက်နော်'

ထိုအသံကြောင့် ကိုအေးလွင်သည် ထ၍ ထိုင်လိုက်ပါတော့သည်။

'ကဲဗျာ ပါးစပ်ဟလိုက်အုံးနော်....'

သူနာပြု ဆရာမှာလည်း ဝေဒနာရှင်တွေ အပေါ်တွင်ထားရမည့် စေတနာကို ပြသလိုက်ပါသည်။

မကြာမီ သူ၏ပါးစပ်ထဲမှ ပြဒါးတိုင်ကို ထုတ်ယူလိုက်ပြီးနောက် နေ့စဉ်မှတ်တမ်း ပေါ်တွင် ရေးမှတ်ထား လိုက်ပါတော့သည်။ သူနာပြုဆရာသည် အတော် လှမ်းလှမ်း ရောက်ရှိသွားသော အချိန်တွင် ကိုအေးလွင်၏စိတ်များသည် လှုပ်လှုပ်ရှရှဖြစ်လာပါတော့သည်။ စောစောက သူနာပြုဆရာရေးမှတ်သွားသော အဖျားဒီပရီကို ကြည့်လိုဇောကြောင့် ခြေရင်းတွင် ချိတ်ဆွဲထားသော မှတ်တမ်းကိုလှမ်းယူပြီး ကုဘင်ပေါ်မှနေအောက်သို့ဆင်း၍ မီးရောင်ကို အားပြု၍ ဖတ်ကြည့်လိုက်ပါတော့သည်။

အားအင်ချိနဲ့သောသူကဲ့သို့ သွေးကြောများ ရပ်ဆိုင်းသွားသလားဟု ထင်မှတ်စရာပင်၊ မျက်နှာတခုလုံးမှာစိတ်ဓာတ်ကျဆင်းမှုကြောင့် အနည်းငယ် အဖြူရောင် ဖြစ်သွားပြီး သူ၏

တကိုယ်လုံးမှာ မလှုပ်မရှက်လိုတော့ဘဲ အရုပ်ကြိုးပြတ်သွားသည့် အလား စိတ်အလွန် ထိခိုက်သွားပါ၏။

သူသည်စိတ်ညစ်ညစ်ဖြင့် ခြင်ထောင်ကိုချလိုက်ခါ စောင်ခေါင်းခြုံလိုက်ပြီးနောက် အတင်းမှိတ်အိပ်လိုက်ပါသည်။ အချိန်က မည်မျှ ကြာသွားသည်ဟူကား သူမသိချေ။

'ကိုအေးလွင်....ကိုအေးလွင် လက်ဖက်ရည် သောက်လိုက်အုံးလေ....'

ထိုခေါ်လိုက်သောအသံကြောင့်သူသည် ဂမူးရှူးထိုးထလိုက်ပါတော့သည်။

"ဒီမှာ ကိုအေးလွင်...."

သူ့နံဘေးတွင်ရပ်၍ လဘက်ရည်ခွက် လှမ်းပေးနေသောသူ၏လက်မှ လဘက်ရည်ခွက်ကို လှမ်းယူပြီး တချက်တည်းမော့သောက်လိုက်ပါတော့သည်။ လဘက်ရည် သောက်လိုက်ခြင်းကြောင့် သူ့မျက်လုံးများသည် ပြူးကျယ်လာပါသည်။ အိပ်စက်ရန်လိုသော စိတ်များသည် လွင့်စင် ပျောက်ကွယ်သွားပါသည်။ ဒီတော့တကိုယ်လုံးမှာလည်း ချွေးများစို့လာသည်။သူ၏ခေါင်းရင်းတွင်ရှိသော မျက်နှာသုတ်ပုဝါကို လှမ်းဆွဲလိုက်ပြီး ချွေးများထွက်နေသောမျက်နှာတို လိုက်သုတ်နေပါတော့သည်။

အချိန်အနည်းငယ်ကုန်လင့်၊ သူ၏တကိုယ်လုံးတွင် ထွက်နေသော ချွေးများသည် ပျောက်လွင့်သွားပြီးနောက် အပူရှိန်မှာအနည်းငယ် ပြန်လည်ပူလာပါတော့သည်။

လဘက်ရည်ခွက်ဆေးသံများ၊ စကားပြောသံများလည်း တဖြည်းဖြည်း ပျောက်ကွယ်သွားခဲ့၏။ ၎င်းနောက် လူနာများ

အိပ်ချိန်သို့ ရောက်ချိန်ဖြစ်၍ လူနာဆောင်တိုင်းတွင် အလင်းရောင်များ ပျောက်ကွယ်သွားပါတော့သည်။

သူသည်ခြင်ထောင်ထဲမှနေ ပတ်ဝန်းကျင်သို့ ထိုးဖောက်ကြည့်လိုက်ပါတော့သည်။ သူ၏ကုတင်မှာလည်းပြူတင်းပေါက်နှင့်ကပ်လျက်ရှိနေခြင်းကြောင့် ပြူတင်းပေါက်များမှာလည်း သံသားများဖြင့် ပိုလုပ်ထားခြင်းမရှိ၊ အားလုံးလိုလိုပင် မှန်ပြူတင်းပေါက်များဖြစ်ပါသည်။ ထို့ကြောင့် သူ၏ အာရုံများသည် ပတ်ဝန်းကျင်သို့လှည့်ပတ်ကျင်လည်ကျက်စားနိုင်ခွင့် ရပါသည်။ မလှုပ်မယှက် ထီးထီးကြီး ပေါ်လွင်နေကြသော တိုက်တာ အိမ်ခြေသစ်ပင်ကြီးငယ်တို့သည် အမှောင်အောက်တွင်ငြိမ်လျက်သား ရှိနေကြပါသည်။ နဂိုကသူ၏ စိတ်များသည်ဂယောင်ချောက်ချားဖြစ်နေရာမှ ဤသို့ မြင်လိုက်ရသော ပတ်ပန်းကျင်ပုံသဏ္ဍာန်သည် သူ့အတွက်ခိုကိုးရာမဲ့သော သူတဦး၏ အခြေအနေသည် မုန်တိုင်းထန်သော ဘဝနှင့် တူညီနေပါသည်။ သူ၏ခံစားချက်ကို ဖော်ပြရန်အတွက် ပြောရန်အလို့၊ အားကိုးစရာဟူ၍ ဤအချိန်တွင်မည်သူမျှမတွေ့ရတော့ချေ။သူ့အခန်းတွင်းရှိလူနာအားလုံးလိုလိုပင် အိပ်ပျော်နေကြသည်။

သူတဦးတည်းသာအတွေးဝက်ဘာထဲဝယ်တဝဲလည်လည်ဖြင့် ရှိနေပါတော့သည်။ သူ၏အတွေးများကို အတတ်နိုင်ဆုံးဖျောက်ဖျက်ရန် ကြိုးစားပြီးဖွင့်လျက်ရှိနေသောမျက်လုံးအစုံကိုပိတ်လိုက်ပါတော့သည်။အကြောင်းတစုံ မတွေးမိစေရန်အတွက်အသက်ကို ခပ်ပြင်းပြင်းရှူရင်း ထွက်သက်ဝင်သက်ကို မှတ်နေရှာပါသည်။

ဝေဒနာ၏ ခံဝေးချက်ကြောင့် သူ၏စိတ်ဓာတ် ကျဆင်းမှုက သူ့တကိုယ်လုံးလွှမ်းခြုံ ချည်နှောင်ရစ်သိုင်းထားပြန်သဖြင့် အိပ်လို့တော့မရပေ။ ထို့ကြောင့်သူသည်မျက်လုံးအစုံကို အနည်းငယ်ဖွင့်လိုက်ပါသည်။

ထိုအချိန်တွင် သူ၏ခေါင်းရင်းတည့်တည့်မှ အိမ်မြှောင်စုပ်ထိုးသံက ကျယ်လောင်စွာပေါ်ထွက်လာပါသည်။ ပတ်ဝန်းကျင်သည် တိတ်ဆိတ်နေသောကြောင့် ထိုအသံမှာ တခန်းလုံးကျယ်လောင်သွားပါတော့သည်။

ပထမ ထို အိမ်မြှောင်သံကို ဂရုမပြုမိချေ၊ နောက်တော့မှ ထိုအသံသည်အဆက်မပြတ်ထိုးနေပါသည်။ သူသည် အနည်းငယ်စိတ်ချောက်ချားလာပြန်သည်။ စောစောက ဝေဒနာကြောင့် စိတ်ဆင်းရဲ၊ကိုယ်ဆင်းရဲဖြစ်နေရာမှ ခုတဖန်အိမ်မြှောင်စုပ်ထိုးသံက ထပ်ဆင့်သူ၏စိတ်ကို တမျိုးတဖုံ အနှောက်အယှက်ပေးပြန်တော့သည်။

ကိုအေးလွင်သည် ခြင်ထောင်ကို မလိုက်ပြီး စုပ်ထိုးနေသော အိမ်မြှောင်ရှိရာသို့ လှမ်းကြည့်လိုက်ပါသည်။အိမ်မြှောင်သည် သူ၏ခေါင်းရင်းမှ မထေမဲ့မြင် ပြုလုပ်နေသည်ကိုတွေ့လိုက်ရသောအဖြစ်ကို မြင်လိုက်ရသောအခါတွင် ဒေါသကို မချုပ်တီးနိုင်တော့ဘဲ ကုတင်ပေါ်မှထပြီး ရိုက်လိုက်သောကြောင့်အဝေးသို့ ပြေးသွားသည်ကို မြင်တွေ့လိုက်ရပါတော့သည်။

သူသည် ကြောက်စိတ်များနှင့်အတူ အိပ်ဖြစ်အောင်ကြိုးစားလိုက်ပါသည်။

# ၁၂

ဆရာဝန်၏ ပြောပြချက်အရမှ သူ၏ရောဂါမှာအစာအိမ် ရောဂါနှင့် ငှက်ဖျားရောဂါနှစ်မျိုး ယှဉ်ဖြစ်နေကြောင်း သိရတော့ သူ့အဘိုအဘော်ကလေး ပူပန်စိတ်များ ဖြစ်ရပြန်လေသည်။ သေချင်းတရားဆိုသည်မှာ လူတိုင်းအဘို တွေ့ကြုံကြရမည်မှာ ဓမ္မတာတရားပင်ဖြစ်သော်လည်း တကယ်စင်စစ် တကယ်တန်း သေကြရမည့်အရေးကို ကြုံတွေ့လာသော အခါတွင် လူတိုင်းကြောက်ရွံ့ထိတ်လန့်စမြဲ။

ကိုအေးလွင်လည်း လူထဲက လူ တယောက် ဆိုတော့ ကြောက်တတ်သောစိတ်များ ဖြစ်နေသည်ကိုမူ အထူး ပြောစရာမလိုပေ။ ရောဂါကလဲ တနေ့ထက်တနေ့ အားကောင်းလျက်ရှိ၏။ အနည်းငယ်မျှ အဖျားအပူချိန်က ကျဆင်းမသွားချေ။ ဒီတော့ စိတ်ဓာတ်ကလည်း ကျဆင်းလာ၏။ စိတ်ဓာတ်ကျဆင်းမှုကြောင့် သူ၏ရွှေရုပ်သည် ပြောင်းလဲနေ၏။ သွေးသားများ လျှည့်ပတ်မှု မမှန်ကန်ခြင်းသည် သူ့အတွက် အားနည်းစ ပြုလာ၏။ သူ၏အတွေးအခေါ်များသည် ရိုးရိုးလူတယောက်၏ အတွေးအခေါ်မှုမျိုးမဖြစ်ပေ။ တောင်ဇင်ရေမရ၊ ဟိုတွေး ဒီတွေး မျိုးသည် သူ၏ စိတ်ကို နွမ်းပါးစေပြန်သည်။

ညကအိပ်မက်တွေကလည်း သူ့အတွက် အထူးပူပင် စိုးရိမ်ထိတ်လန့်စေပြန်သည်။ သူ၏ခေါင်းရင်းတည့်တည့်မှနေ အိမ်မြှောင် စုပ်ထိုးနေခြင်းကို ပြန်လည်သတိရလိုက်သော အခါတွင်လည်း သူ့အဖို့စိတ်မကောင်း ဖြစ်ရလေသည်။ ဤကဲ့သို့ ဖြစ်ရပ်မျိုးသည် တသက်နှင့်တကိုယ်တခါဘူးမျှမတွေ့ကြုံရသေးသောကြောင့် သူ့အတွက် အဆန်းတကျယ် ဖြစ်နေရလေသည်။

သူသည် ပတ်ဝန်းကျင်တိတ်ဆိတ်ခြင်းကို ကြောက် သလိုလိုတော့ဖြစ်သည်။ အမှန်ဆိုပါက တိတ်ဆိတ်ခြင်းသည် သူ၏ အတွေးကို ပိုမိုရင့်သန်စေပြန်သည်။ သူအိပ်နေသော ကုတင်က မသန့်လို့လားဟူသော အတွေးနှင့်သူ့အခန်းတွင်းမှာ ခန္ဓာပျက်သော လူနာများရှိနေလို့လား စသည့် အတွေးများက သူ့ကို လှည့်စားနေလေသည်။

သို့သော် သူသည် ယောကျ်ားဖြစ်ပေလင့် ကြောက်စိတ်ဟူကား ယောကျ်ား-မိန်းမရယ်လို့ ကွဲခြားနေသည် မဟုတ်ပေ။ ကြောက်ရသည့်အကြောင်းအရာနှင့် နေရာဌာန တခုတွင် ဖြစ်ပေါ်တွေ့ထိခံစားနေရသောအခါတွင် ပေါ်လာတတ်ပါသည်။

သည်ညအဖို့ သည်ဆေးရုံနှင့် သည်ကုတင် သည်အခန်းတွင်းဝယ်အိပ်စက်ရအုံးမည်။ ဤနေရာတွင်အိပ်စက်ရန်မှု ဆန္ဒမပြုလိုသော်လည်း လူနာတဦးအဖို့ ဤနေရာသည် သင့်တော်ပြီး ကုသပေးမည့်ဆရာဝန်တွေလည်းစုံလင်စွာရှိနေတော့၊ ဤနေရာမှ လွဲပြီးအခြားနေရာသို့ ရှောင်သွားပါကရင်း၏ရောဂါမှာ ပျောက်ဖို့ရန်မလွယ်ကူချေ။ ဤသို့အမှန်အတိုင်းတွေးမိတော့မှ သူ၏စိတ်

အားငယ်မှုသည် အနည်းငယ်ပျောက်ကွယ်သွားသည်။ လုံးလုံးလျားလျား ပျောက်ကွယ်သွားသည်ဟူ၍ မရှိသေးချေ။

သူသည် ကုတင်ပေါ်တွင် လဲလျောင်းနေလင့်၊ သူ၏မျက်လုံးများကပတ်ဝန်းကျင်သို့ဝေ့ရမ်းကြည့်မိလိုက်ပါတော့၏။ သူ၏ကြည့်ခြင်းမှုကား သတိထား၍ တနေရာသို့ စိုက်ကြည့်လိုက်မိသေးသည်။ ၎င်းနေရာတွင် အိမ်မြှောင်တကောင်သည် ဦးခေါင်းကို သူ့ဘက်သို့လှည့်ခါ စိုက်ကြည့်နေသည်ကို မြင်လိုက်ရသောအခါ ညက ဖြစ်ပျက်ခဲ့သောအကြောင်းကို ပြန်လည်သတိရလိုက်ပါသည်။

ကိုအေးလွင်၏ စိုက်ကြည့်နေခြင်းကိုဂရုမပြု၊ မထေမဲ့မြင်ပြုနေသည့်အလား အိမ်မြှောင်၏ မျက်လုံးအိမ်များက၊ သူ၏ကြည့်ချင်းကို အံပြုနေဟန်တော့ ရှိလေသည်။ သူသည် အိမ်မြှောင်၏အခြေအနေကို အကဲခတ်ကြည့်နေရာ သူ့ဖက်သို့ ဦးခေါင်းလှည့်၍ တရွေ့ရွေ့လာနေသည်ကိုတော့ သတိမူလိုက်ပါသည်။

အလင်းရောင် ကင်းမဲ့သွားသော်လည်း စကြံလမ်း၏မီးရောင်က သူ့အခန်းထဲသို့ အနည်းငယ်အလင်းရောင်က ရောင်ပြန်ဟပ်လျက်ရှိသေးသည်။ သူသည် မီးရောင်ကြောင့်ဖြစ်ပေါ်ခဲ့သော အိမ်မြှောင်၏ အကြောင်းကို သူ၏ခေါင်းထဲမှ ဖယ်ခွာလိုက်ပါ၏။ ၎င်းအတွေးကို နောက်တဖန် အသစ် ဖြစ်စေရန်ကြိုးစားလိုက်ပါသည်။ သို့သော် သူ၏မျက်လုံးများက အုတ်နံရံပေါ်တွင်တရွေ့ရွေ့လှုပ်ရှားသွားလာနေသော အိမ်မြှောင်ဆီသို့ရောက်ရှိသွားပြန်သည်။

၎င်းအိမ်မြှောင်မှာလည်းသူ၏ကုတင်ဖက်သို့ တရွေ့ရွေ့ လာနေသည်ကို သတိပြုလိုက်မိသည်။ သူ၏ရောဂါ မှာလည်း အပူချိန်ကြောင့် အဖျားမှာ သိသိသာသာ တက်လာပါတော့ သည်။ သူသည် ဝမ်းတွင်းမှ စိမ့်၍ချမ်းစပြုလာသော ငှက်ဖျား ရောဂါ၏ဒါဏ်ကို အလူးအလဲ ခံစားနေရ ရှာပါတော့သည်။

သူသည်နံဘေးတွင်ရှိနေသော သက္ကလပ် စောင်ကြီးကို တအားဆွဲ၍ ခြုံလိုက်ပါတော့သည်။ သို့သော် သူခြုံလိုက်သော စောင်သည် ရိုးရိုးလူတဦးအဖို့ နွေးလျက် ရှိသော်လည်း သူလို ငှက်ဖျားရောဂါသည်အဖို့ ၎င်းစောင်မျိုး ဆယ်စောင်ခြုံလင့်၊ ဝမ်းတွင်းမှ တငွေ့ငွေ့ တောက်လောင် နေသော အပူချမ်း၊ တနည်းဆိုမူ တုန်ဖျား ဖျားသည့်အခြေအနေက ပျောက်ကွယ်၍ မသွားပေ။

ဤသို့ ဝေဒနာ ခံစားနေရသည့်ကြားမှ စောစောက တွေ့ရသော အိမ်မြှောင်မှာလည်း ၎င်း၏ခေါင်းရင်းမှနေ ည၏ တိတ်ဆိတ်ခြင်းကို ၎င်း၏အသံက ဖြိုခွင်း လိုက်ပါတော့သည်။ ထိုအသံမှာ ကြားလိုက်ရသောသူတွေအဖို့ ငှက်ဆိုးထိုး ခံလိုက်ရ သလားဟု စိတ်ဝယ်စွဲမှတ်စရာဖြစ်လာပြန်ပါသည်။ ပတ်ဝန်းကျင် ရှိလူအလုံးလိုလိုပင် တိတ်ဆိတ်ခြင်းနှင့်အတူ အိပ်မောကျနေ ကြပါသည်။ တုတ်တုတ်ကလေးမျှ လှုပ်ရှားနေကြဟန်မတူချေ။ ဆောင်း၏ညသည် အအေးဒဏ်အလွန်ကဲသဖြင့် လူနာအပေါင်း သည် နွေးထွေး၍ အိပ်နေကြပါသည်။

ကိုအေးလွင်၏ဘဝသည် ရေနစ်သူကို ဝါးကူ၍ထိုးသည့် အလား ၎င်းအိမ်မြှောင် စုတ်ထိုးခြင်းမှာ သူ့အတွက် တစုံ

တယောက်သူက ဝင်ရောက်ပူးကပ်ကာ အနှောက်အရှက်ပေးနေသလားဟု ထင်မှတ်နေလေသည်။

သူသည် ခေါင်းရင်း၌ ကျယ်လောင်စွာစုတ်ထိုးနေသော အိမ်မြှောင်ကို ကုတင်ပေါ်မှထ၍ မောင်းထုတ်လိုက်ပြီး အိပ်စက်ရန်အလို့ငှာ မျက်စေ့ကို စုံမှိတ်လိုက်ပါတော့သည်။

အချိန် အနည်းငယ်အတွင်း အိပ်ပျော် သွားသည်ဟူ၍လည်း ယူဆလို့မရချေ။ နိုးနေသည်ဟူ၍လည်း ပြောရန်ခက်၏။ အိပ်၍ မပျော်တပျော်ဟု ပြောရပေလိမ့်မည် ထိုအချိန်တွင် ကိုအေးလွင်သည် အမှတ်မထင် လူတဦးက ပြောလိုက်သော စကားသံများဟု တင်မှတ်လောက်အောင်....။

**'မင်း....ရောဂါ ပြောက်ချင်လို့ရှိရင် ဂုဏ်တော် ကိုးပါး အစီဋ္ဌာန်ပုတီး ၄၅ ပတ် ၃ ရက် ဝင်လိုက်ပါ'**

ကိုအေးလွင်သည် ၎င်းအသံကို ပီပီပြင်ပြင် ကြားလိုက်ရသောကြောင့် အိပ်နေရာမှ အလန့်တကြားနိုးခါ ပတ်ဝန်းကျင်သို့ မျက်လုံးအစုံက ရှာဖွေ စူးစမ်းလိုက်ပါတော့သည်။

သူသည် အသံရှင်၏ပြောလိုက်သည့်အတိုင်း ဘုရားဝတ်ပြုပြီးနောက် အဓိဋ္ဌာန်ပုတီးကို စတင် စိပ်တော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်ပါသည်။ အကယ်စင်စစ်မူ သူ့၌ စိပ်ပုတီးစိပ်ရန် အလို့ငှာ စိပ်ပုတီးမရှိသောကြောင့် ချက်ချင်း ဆုံးဖြတ်ချက်ချလိုက်သော်လည်း ဆန္ဒစောမှုကလွဲ၍ အခြားတစုံတရာ အကျိုးသက်ရောက်မှုတော့ ဖြစ်မလာပေ။

သူသည် ဆုံးဖြတ်ချက် တခုနှင့်အတူ အိပ်ပျော် သွားချေ၏။

နေရောင်အနည်းငယ် ညှိုးသွားသောအခါတွင် ဆေးရုံတခုလုံးသည် သူတခွန်း ငါတခွန်း ပြောဆိုကြသော စကားသံများသည် လေအဟုန်ဝယ် ဟီးလေးခိုကာ ပြန့်လွင့်၍ ပတ်ဝန်းကျင်တခုလုံးသည် ဆူညံလျက်ရှိနေပါတော့သည်။

ဤအချိန်သည် လူနာကြည့်ချိန် ဖြစ်သောကြောင့် ဥဒဟို ဆေးရုံစကြံန်များအပေါ်တွင်ရင်း၊ လူနာဆောင်အခန်းတွင်ရင်း လူနာကြည့်ပရိသတ်များ ပြည့်ကြပ်နေပါတော့သည်။

သူ၏နံဘေးတွင်အသက်သုံးဆယ်ကျော်ခန့် အသားဖြူဖြူ နှာတံပေါ်ပေါ်၊ နဖူးကျယ်ကျယ်၊ ကိုယ်လုံးကိုယ်ထည် ပြေပြစ်ချောမောပြီး ခေတ်မှီစွာ ဝတ်ဆင် ထားသော မိန်းမတဦးနှင့် နံဘေးတွင် အသက် ၁၅ နှစ်ခန့်ယောကျ်ားဇာလေးတဦး၊အသက် ၁၃ နှစ်ခန့်ရှိ မိန်းကလေးတဦး။

နံဘေးတွင်ထိုင်နေသော မိန်းမ၏လက်ဖဝါးသည် သူ၏ နဖူးပြင်သို့လှမ်း၍ စမ်းသပ်ကြည့်လိုက်ပါတော့သည်။

'ဘယ်လို နေသေးသလဲ' ဟု လှမ်းမေးလိုက်သောကြောင့် ကိုအေးလွင်သည် ဇနီးဖြစ်သူ မေးလိုက်သော မေးခွန်းကို....။

'ခုအချိန်တော့ နေကောင်းပါတယ် ညဘက် ကျရင် အဖျားတက်လို့ စိတ်ညစ်ပါတယ်ကွာ....'

ကိုအေးလွင်သည် ဝမ်းထဲ၌ရှိသော ခံစားချက်ကို အပြင်ဘက်သို့ ဒိုးဒိုးဒေါက်ဒေါက် ဖွင့်ဟပြောဆိုလိုက်ပါသည်။

သူသည် ဤသို့ ပြောဆိုပြီးနောက် အကြောင်းတခုကို စဉ်းစားရလိုက်ပါသည်၊ ချက်ချင်းဆိုသလို သူ၏ လိုချင်ဇောရှိသော ကိစ္စကို အမြန်ဆုံး ခိုင်းစေလိုက်ပါတော့သည်။

'ဟေ့….မောင်သက်နောင်၊ မင်းအိမ်ပြန်ပြီး ဘုရားစင်မှာ ချိတ်ထားတဲ့ ဖေ့ဖေ့စိပ်ပုတီးကို အမြန်သွားယူခဲ့နော် သား….'

သူ့နံဘေးတွင်ရှိသော သားဖြစ်သူအား ခိုင်းစေလိုက်ပါသည်။

သူသည် ဇနီးသည် လာပေးသော စားသောက်ဖွယ်ရာ ပစ္စည်းများကို ဘီဒိုထဲသို့ သိမ်းဆည်း ထည့်လိုက်ပါတော့သည်။

သလ္လာပ အလ္လာပ ပြောဆိုပြီးနောက် လူနာ ကြည့်ချိန် ခေါင်းလောင်းသံ ပေါ်ထွက်လာသောအခါ လူနာကြည့်နေကြသော ပရိသတ်အချို့ အရှုံရှုံနှင့်ဆေးရုံ၏အပြင်ဖက်သို့ ရောက်ရှိသွားကြပါသည်။

ကိုအေးလွင်၏ သားဖြစ်သူ မောင်သက်နောင်မှာလည်း အချိန်မီ ဖခင်ခိုင်းလိုက်သော စိပ်ပုတီးကိုကိုင်ရင်း ဖခင်နေရာဆီသို့ ရောက်ခဲ့လေသည်။

သူသည် သားဖြစ်သူ လှမ်းပေးလိုက်သော စိပ်ပုတီးကို လက်ထဲတွင်ကိုင်ရင်း အခန်းအပြင်ဘက် ထွက်သွား ကြသော ဇနီးနှင့် သားသမီးတွေ၏ ကျောပြင်ကို ငေးငိုင် ကြည့်လျက်ပင် ဆေးရုံတွင် ကျန်ရစ်ခဲ့လေသည်။

အချိန်သည်တရွေ့ရွေ့ကုန်ဆုံးသွားတော့သည်။ သူသည် မနေ့ညစာလာရောက်ပြောထားသော အသံရှင်၏ အမိန့် အတိုင်း အစဦးဘာသာ ပုတီး(၃)ရက်စိပ်ရန် ဆုံးဖြတ်လိုက်ပါ တော့သည်။

သူသည် အိမ်၌ စိပ်နေကျအတိုင်းပင် ကိုယ်ကို မတ်မတ် ထားခါ လေထွက်လေဝင် မှန်မှန်နှင့်လေးလေးရှုရှိုက်လိုက်ပြီး ပုတီးကို စတင်စိပ်လိုက်ပါတော့သည်။

သူသည် ဂုဏ်တော်(၉)ပါးကို ပါဠိနှင့်အနက်ပါတခါ တည်း ရွက်ဆိုနေပါသည်။

၁) အရဟံ—လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သောမြတ်စွာဘုရား။ ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ် တော်မူပေသော မြတ်စွာဘုရား။

၂) သမ္မာ သမ္ဗုဒ္ဓေါ—သဗ္ဗညုတ ရွှေဉာဏ်တော်ကို အောင်မြင်စွာ ရရှိတော်မူသော မြတ်စွာဘုရား။

၃) ဝိဇ္ဇာစရဏ သမ္ပန္နော—ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏ တဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

၄) သုဂတော—ကောင်းသောစကားကိုသာ ဆိုတော်မူ သော မြတ်စွာဘုရား။

၅) လောကဝိဒူ—လောကသုံးပါးကို အကြွင်းမရှိသိမြင် တော်မူသော မြတ်စွာဘုရား။

၆) အနုတ္တရောပုရိသ ဓမ္မသာရထိ—မလိမ္မာမယဉ်ကျေး သောသူတို့ကို လိမ္မာယဉ်ကျေးအောင် ဆုံးမတော် မူတတ်သော မြတ်စွာဘုရား။

၇) သတ္ထာဒေဝ မနုဿာနံ—လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ အပေါင်းတို့၏ ဆရာကြီး တဆူ ဖြစ်တော်မူသော မြတ်စွာဘုရား။

၈) ဗုဒ္ဓေါ—သစ္စာလေးပါး တရားအပေါင်းကိုပိုင်းခြား

ထင်ထင် ကိုယ်တော်တိုင် သိမြင်တော် မူသော မြတ်စွာဘုရား။

(၉) ဘဂဝါ—ဣဿရိယ၊ ဓမ္မ၊ ယသ၊ သီရိ၊ ကာမ၊ ပယတ္တ တည်းဟူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော် မူသော မြတ်စွာဘုရား။

ကိုအေးလွင်သည် ဂုဏ်တော်ပေါ်တွင် စိတ်အာရုံကို ပိုင်ပိုင်နိုင်နိုင်တင်ထားပြီး စိတ်ကိုမလွင့်ပါးသွားစေရန် တလုံးချင်း တလုံးချင်း စိပ်နေပါတော့သည်။

သူသည် ဝေဒနာ၏ ဖောက်ပြန်ခြင်းကို ဂရုမပြုဘဲ တရားဘက်သို့ စိတ်ကို အတတ်နိုင်ဆုံး ဦးစားပေး အားထုတ် နေရှာလေသည်။

"လက်ဘက်ရည်၊ ကော်ဖီသောက်မယ်"ဟုအသံပြုလိုက်သောကြောင့် လူနာဆောင်အတွင်း၀ယ် စကားပြောနေကြသည့် လူနာတိုင်းလိုလိုပင် မိမိတို့ခွက်ကလေးများကို ကိုယ်စီကိုယ်ငှကိုင်ဆောင်လျက် လက်ဖက်ရည် လှည်းဆီသို့ တူရူ သွားနေကြပါသည်။

ဆေးရုံတွင် တနေ့ လက်ဖက်ရည်၊ ကော်ဖီ၊ ဟောလစ်စသည့် လူနာများအတွက် သုံးကြိမ်တိုက်ပါသည်၊ နံနက်ချိန်တွင် ပေါင်မုန့်၊ ဘီစကွတ်စသည့် အာဟာရဖြစ်စေမည့်အစာကို တိုက်ကျွေးတတ်ပါသည်။

သူလည်း အများနည်းတူ လက်ဖက်ရည်ခွက်ကိုကိုင်ကာ လက်ဖက်ရည်လှည်းရှိရာဆီသို့ လျှောက်သွားပါသည်။ သူသည်

လက်ဖက်ရည်တခွက်နှင့် ပေါင်မုန့်ဝလုံးကို လက်တွင်းကိုင်လျက် မိမိအခန်းရှိရာဆီသို့ ပြန်လည်ရောက်ရှိပါတော့သည်။

သူ၏ကုတင် နံဘေးတွင် ရှိသော ဘီဒိုကလေး ပေါ်သို့ လက်ဖက်ရည်ခွက်နှင့် ပေါင်မုန့်ကို တင်လိုက်ပြီး ကုတင်ပေါ်သို့ တင်ပါးလွှဲထိုင်လိုက်ပါ လက်ဖက်ရည်နှင့် ပေါင်မုန့်ကို အားပါး တရသောက်လိုက်စားလိုက်ဖြင့် ရှိနေပါသည်။

'ဆရာအေးလွင် ဖြေးဖြေးသောက်အုံး၊ တော်တော်ကြာ သီးနေအုံးမယ်၊ မုန့်လိုချင်ရင် ကျနော်တို့ဆီမှာရှိသေးတယ်"

ဤသို့အသံပြုလိုက်သော တဖက်တွင် ကိုလှသိန်း အသံ ကြောင့်....

'တကယ် ရှိသေးသလား၊ ဒီလိုဆို ကျုပ်လာခဲ့မယ်လေ'

ကိုအေးလွင်သည် ဤသို့ပြန်လည်အသံပြုလိုက်ပြီးနောက် ကိုလှသိန်းရှိရာသို့ သွားပါသည်။

ကိုလှသိန်းသည် ဘီဒိုထဲတွင် သိမ်းဆည်း ထားသော ဘီစကွတ်မုန့် အနည်းငယ်ကို လှမ်းပေးလိုက်ပါသည်။

'လက်ဖက်ရည်သောက်ပြီးကြရင် အဝတ်အစား လဲကြ မယ်နော်....'

သူနာပြုဆရာတဦး၏ အော်ပြောလိုက်သောအသံကြောင့် ကိုအေးလွင်နှင့်အတူ အခန်းတွင်း၌ ရှိကြသောသူ အားလုံးပင် လက်ဖက်ရည်ကို အမြန်သောက်လိုက်ပြီး စောစောက အသံပြု သွားသောရဲဘော်ရှိရာသို့ ထွက်ခွာသွားပါတော့သည်။

သူသည် အဝတ်အစားသစ်ကိုဝတ်ဆင်ပြီးနောက် ရေချိုး ခန်းထဲရှိ မှန်ရှေ့သို့ ရောက်ရှိသွားပါသည်။မှန်ရှေ့တွင်ရပ်၍ သူ

၏ ရုပ်ကို သေသေချာချာ ကြည့်မိတော့မှ အတော်ပင်ပန်းပြီး မျက်နှာသေးသွယ်လျက် မျက်လုံးများပင် ဟောက်ပက်ခါ ရှိနေပါသည်။

သူသည် ယခင်ကမူ ဤမျှလောက် လမ်းလျှောက်သွားပါက မောပန်းလျက်ရှိ၏။ တကိုယ်လုံးမှာလှုပ်ရှားလိုသော ဆန္ဒမျိုးလည်းမရှိချေ၊ အိပ်ရာခေါ်တွင်ခွေလျက်နေလိုသော စိတ်က သူ့တကိုယ်လုံးကို သိုင်းခြုံထားတတ်ပါသည်။

သည်နေ့ နံနက် ကော်ဖီနှင့်မုန့် အနည်းငယ် သူ့ဝမ်းထဲသို့ ရောက်ရှိသွားသဖြင့် အာဟာရဖြစ်သွားသောကြောင့်အနည်းငယ် လန်းဆန်းလာပြီး လမ်းလျှောက် လိုသော စိတ်ဆန္ဒများဖြစ်ပေါ်လာခဲ့တော့သည်။

သူသည် ကုတင်ပေါ်သို့ပြန်ရောက်ချိန်တွင် သူနာပြုဆရာမှာလည်း သူနှင့်အတူယှဉ်၍ ဝင်လိုက်လာပါတော့သည်။

'ကဲ....ကိုအေးလွင် အဖျားတိုင်းကြည့်ရအောင်....'

ဤသို့ပြောဆိုလိုက်သောကြောင့်ကိုသက်ပိုင်သည်ကုတင်ပေါ်တွင် ထိုင်လိုက်ပြီးနောက်အာပူချိန်တိုင်း ပြဒါးတိုင်ကိုပါးစပ်ထဲသို့ ထည့်သွင်းလိုက်ပါတော့သည်။

သူနာပြုဆရာသည် ရေးမှတ်စရာ အကြောင်း များကို နေ့စဉ်မှတ်တမ်းပေါ်သို့ ရေးမှတ်ထားပြီး အခန်းထဲမှ ထွက်ခွာသွားပါတော့သည်။

ကိုအေးလွင်သည် ၎င်း၏ နေ့စဉ် မှတ်တမ်းကို လှမ်းယူကြည့်နေပါသည်။ ယင်းသို့ကြည့်လိုက်ပြီးလျှင်သူ၏ မျက်နှာတခုလုံးသည် ဝမ်းသာရွှင်ပြုံးသော အမူအရာသည် ပျံ့နှံ့လျက်ရှိ

နေပါ၏။ အဖျားမှာယခင်ရက်များကဲ့သို့မရှိဘဲ လူကောင်းပကတိအတိုင်း ရှိနေကြောင်းရေးသားမှတ်သားထားသည်ကို တွေ့လိုက်ရခြင်းဖြစ်ပါသည်။

သူသည် အခန်းတွင်း၌ လူနာများအား အဖျား လိုက်တိုင်းသော သူနာပြု ဆရာထံ သွားရောက်ခါ....

'ကျနော်အဖျားမရှိတော့ဘူးထင်တယ်....'

'အေးဗျာ၊ ခင်ဗျား ဒီနေ့မနက်တော့ လုံးလုံးမရှိသေးဘူး။ ကျန်တဲ့နေ့တွေကလိုဆို မနက်လဲအဖျား ရှိနေတာကိုတွေ့ရတယ်။ ညနေတခါ တိုင်းကြည့် လိုက်ရင်တော့ သိနိုင်ပါလိမ့်မယ်....'

သူနာပြု ဆရာ၏ပြောလိုက်သော စကားအတိုင်းမူ ဒီနေ့ည တိုင်းတာမည့်အချိန်တွင် တဖန်ကြည့်ရပေလိမ့်မည်။ ကိုအေးလွင်သည် သူ၏ရောဂါ အခြေအနေကို မေးမြန်းပြီးအခန်းတွင်းသို့ ပြန်လည်ရောက်ရှိ လာပါတော့သည်။

စွတ်စွတ်ဖြူနေသည့် အဖြူရောင် မွေ့ရာခင်းနှင့် သစ်လွင်လျက်ရှိသော ခေါင်းအုံးစွပ် စသည့် ဒီနေ့လဲလှယ်ခဲ့သောလူနာများအတွက် အဝတ်အထည် အားလုံးလိုလိုပင် သစ်လွင်နေပါသည်။

ထိုအရာအားလုံးကို မြင်တွေ့လိုက်ရသော ကိုအေးလွင်တယောက်၏ စိတ်ခါတ်လည်း တမျိုးတဖုံ ပြောင်းလဲနေပါ၏။ ဤသို့ စိတ်ဓာတ် ပြောင်းလဲ သွားရခြင်းကိုလည်း သူသည်တွေးရင်း စဉ်းစားရင်းနှင့် တနေ့ညကအသံရှင်စိပ်ခိုင်းသောဂုဏ်တော်၏ ကျေးဇူးကြောင့်ပင် ဖြစ်လိမ့်မည်ဟု ထင်မိနေပါသည်။

ထို့ကြောင့်သူသည် ဤကဲ့သို့ အမိဋ္ဌာန်၏အကျိုးကျေးဇူးကို အစတွင် သိသိသာသာကြီး သူ့အတွက် တမျိုး တဖုံ ပြောင်းလွဲနေသည်ကို သိရှိရသဖြင့် ပီတိဖြာဝေလျက် ရှိနေပါသည်။

သူသည် တဦးတည်း ဆုတောင်းလျက် ရှိနေပါသည်။ ညအချိန်သို့ အမြန်ဆုံး ကျပါတော့ဟု ကြိတ် ဆုတောင်းလျက် ရှိနေပါသည်။ ညအချိန်သို့ရောက်ခဲ့ပါက သူသည့်အမိဋ္ဌာန်ပုတီးစိပ်ရတော့မည်။ အမိဋ္ဌာန်ပြီးဆုံးခဲ့ပါက သူ့ရောဂါသည်ဘုရား၏ ဂုဏ်ကျေးဇူးကြောင့် သက်သာခွင့်ရလိမ့်မည်။ဤကဲ့သို့ တညတည်းခိုင်လိုက်တာပင် အတော်ကလေး သက်သက်သာသာ ရှိလာ၏။အသံရှင်ပြောသွားသည့် နေ့ရက်သို့ရောက်ခဲ့ပါလျှင် သူ၏ရောဂါမှာ သက်သာမှုရှိလိမ့်မည်မှာ မြေကြီးလက်ခပ်မလွဲ ဖြစ်ချေ၏။

ကိုအေးလွင်သည်မိမိကိုယ်ကို အခြားနေ့များနှင့်မတူချေ။ ခပ့်ခပ့်ပါးပါးနှင့် သွားလာရသည်မှာ အတော်ကလေး သွက်လက်နေသည်။ သူသည် လူနာဆောင်အခန်းများရှိရာသို့တစေ့ဘခေါင်း လှမ်းကြည့်လိုက်မိပါသည်။ အချို့ လူနာများသည် သေးသွင်းထားသော လူနာရှိသကဲ့သို့ အခြားအားဆေး သွင်းထားရသော လူနာလည်း ရှိပါသည်။ အချို့မှု ဝေဒနာ ပြင်းထန်သောကြောင့် ဟစ်အော်နေသူရှိသကဲ့သို့ မလှုပ် မယှက် ငြိမ်သက်စွာဖြင့် အသက်မှန်မှန်ရှူနိုင်ရန်အတွက် အောက်ဆီဂျင်ပေးထားရသူလည်း ရှိသေးသည်။

သူသည် တခန်းပြီးတခန်းဆိုသလို အညောင်းအညာပြေ

စေရန်အတွက် လျှောက်ကြည့်ရင်းသူ၏ စက္ခုအာရုံတွင် ပေါ်လာသော မြင်ကွင်းများက သံဝေဂတရားများ ရရှိနိုင်လေသည်။

သူသည် အခန်းထဲသို့ပြန်ရောက်လာခဲ့ပါသည်။ ၎င်း၏ ကုတင်ပေါ်ရှိစီးကရက်ဗူးကို လှမ်းယူလိုက်ပြီးနောက် စီးကရက်တလိပ်ကိုထုတ် သောက်လိုက်ပါသည်။ စီးကရက်ကို အားပါးတရ ဖွာရင်းမှ အမှတ်မထင် သူ့နံဘေးရှိလူနာတဦးထံမှ ဝတ္ထုစာအုပ်တအုပ်ကို ငှားရမ်းလိုက်ပါသည်။ ၎င်းနောက် ကုတင်ပေါ်လှဲလျောင်းကာ ဝတ္ထုဖတ်နေပါသည်။ အချိန်ကုန်သွားခဲ့လေပြီ။ အဖျားတိုင်းရန် ရောက်ရှိလာပြန်သည်။ သို့သော် အဖျားက ယခင်နေ့ကထက် အတော်ကလေးအပူချိန်ကျဆင်းသွားကြောင်းသိရပါသည်။

ကိုအေးလွင်သည် အမိဋ္ဌာန်ဝင် ပုတီးစိပ်ခြင်းကိုတော့ မပျက်မကွက် စိပ်နေပါသည်။ ဤညဆိုပါက ၂ ညပင်ဖြစ်သွားချေ၏။ ထို့ကြောင့် သူ၏ အဖျားတက်ခြင်း သိသိသာသာကြီး ကျဆင်းသွားခဲ့လေသည်။

ဒီနေ့ဆရာဝန်ကြီးများ လှည့်ပတ်ကြည့်ရှုရန်ရှိလေသည်။ လူနာတိုင်းသည် ဆရာဝန်၏ ကြည့်ရှုခြင်းကိုသဘောကျနှစ်သက်ကြပါသည်။ ဤကဲ့သို့ ဆရာဝန် ကြည့်ရှု စစ်ဆေးပြီးနောက် ပျောက်ကင်းသော လူနာများကို အမြန်ဆုံးဆင်းခွင့် ပေးသကဲ့သို့ မပျောက်သေးသောလူနာအပေါင်းကို ဆေးတမျိုး တိုး၍သော်၎င်း၊ လျှော့၍သော်၎င်း ပေးတတ်ပါသည်။

ကိုအေးလွင်သည် ဆရာဝန်ကြီးနှင့် တွေ့ရတော့မည်ကို

ဝမ်းသာနေ၏။ သူ၏ငှက်ဖျားရောဂါ၏ ကျဖျား တက်ဖျားကို တိုင်းတာထားသော အပူချိန်ဇယားအရ သက်သေ မှတ်တမ်း တခုအနေဖြင့် ဆရာဝန်ကြီးတွေရှိခဲ့ပါက နေကောင်းကြောင်းကို ပြောလိမ့်မည်ဟူသော အသိက တကိုယ်လုံးကို လှုံ့ဆော် ပေး နေပါသည်။

ဆေးရုံ အဆောင်တိုင်းလိုလိုပင် တိတ်ဆိတ် ငြိမ်သက် လျက်ရှိနေပါသည်။ အကြောင်းမူ ဆရာဝန်ကြီးများလှည့်လည် ကြည့်ရှုမည်ဆိုသည့် အကြောင်းကို ကြို တင် ပြောထားသော ကြောင့် လူနာတိုင်းပင် မိမိတို့ကုတင်များပေါ်တွင် ငြိမ်သက် အေးဆေးစွာ တောင်ငေးမြောက်ငေးလျက် ရှိနေကြပါသည်။

သူသည် မိမိကုတင်ပေါ်မှ အောက်သို့ ဆင်းပြီးနောက် အခန်း၏ဒေါင့်တနေရာမှနေ၍ အပြင်ဘက်သို့ တစေ့ တစောင်း ကြည့်လိုက်ပါသည်။ ထိုအခိုက် အသံတိုးတိုးတသံ ပေါ်ထွက် လာပါသည်။

"ရှူးရှူး....လာနေကြပြီလား...."

ထိုအသံရှင်မှာ ကိုအေးလွင်၏နောက်ကွယ်မှ ပေါ်ထွက် လာသော လူနာတဦးအသံပင်ဖြစ်ပါသည်။ အသံရှင်၏မေးလိုက် သောအသံကြောင့် အပြင်ဘက်သို့ သူ့တကိုယ်လုံးထွက်ခါသော သေချာချာ ဆရာဝန်ကြီးများ လာမည့်လမ်းကို ကြည့်နေပါ တော့သည်။ သို့သော် မည်သူတဦးတယောက်မျှ မတွေ့တော့မှ ကိုအေးလွင်သည် အသံပြန်ပြုလိုက်ပါသည်။

"ခုထိ ဘယ်သူမှ မတွေ့ သေးဘူးဗျာ...."

သူသည်ဤသို့ပြောဆိုပြီးနောက်အခန်းထဲသို့ ပြန်ဝင်လာ

ပါတော့သည်။ သူဝင်လာပြီး မကြာမီအပြင်ဘက်မှ အသံများ အခန်းထဲသို့ ဝင်ရောက်လာပါသည်။

"အားလုံး ကိုယ့်အိပ်ရာပေါ်မှာ နေကြပါ...."

ထိုအသံမှာ သူနာပြုဆရာတဦး၏အသံပင်ဖြစ်ပါသည်။ ဆေးလိပ်သောက်လျက်ရှိသော လူနာအချို့မှာ ဆေးလိပ်များကိုမီးသတ်သူကသတ်လိုက်ပြီး အချို့မှာမူ အပြင်ဘက်သို့လွှင့်ပစ်လိုက်ကြပါတော့သည်။

ကိုအေးလွင်သည် သူ့ကုတင်ပေါ်ဝယ် ငြိမ်ငြိမ်ကလေး ထိုင်လျက် ခြေရင်း၌ရှိသော လူနာနေ့စဉ်မှတ်တမ်းကို လှမ်းယူပြီး မွေ့ရာပေါ်သို့တင်ထားလိုက်ပါသည်။

ဆရာဝန်ကြီးများသည် တခန်းပြီးတခန်း လိုက်လံ စစ်ဆေးကြည့်ဆေးကြည့်ရှုနေရာမှ ကိုအေးလွင်အခန်းထဲသို့ ရောက်ရှိလာကြပါသည်။

ဆရာဝန်များ ရောက်ရှိလာသောအခါ လူနာတိုင်းပင် မျက်လွှာကို အောက်သို့ချလိုက်ကာ ငြိမ်သက်စွာ စစ်ဆေးနေသော လူနာ၏လှုပ်ရှားမှုကို ငေးငိုင်စွာကြည့်ရှုနေပါသည်။ လူနာတိုင်းတဦးချင်း စစ်ဆေးပြီးနောက် ကိုအေးလွင်၏ ကုတင်ဆီသို့ ရောက်ရှိလာပါတော့သည်။

"ကဲ....ကိုအေးလွင်၊ ခဏလေးအိပ်လိုက်ပါအုံး...."

ဆရာဝန်၏အမိန့်အတိုင်း ကိုအေးလွင်သည် လိုက်နာပြုလုပ်နေပါသည်။ ဆရာဝန်ကြီးသည် ကိုအေးလွင်၏ အင်္ကျီများလှန်ကာ သူ၏လက်တွင်ပါလာသော နားကြပ်ဖြင့်လိုက်လံစမ်း

သပ်နေပါတော့သည်။ ခြေရင်း၌ရှိသောနေ့စဉ်လူနာမှတ်တမ်းကို ယူကြည့်လိုက်ပါသည်။

"ခင်ဗျား အဖျားတော့ လုံးလုံးမရှိတော့ဘူး၊ ဒါပေမဲ့ အစာအိမ်ရောဂါအတွက် ဓာတ်မှန်ရိုက် စစ်ဆေးရအုံးမယ်...."

ဤသို့ ပြောဆိုပြီးနောက် နေ့စဉ် လူနာမှတ်တမ်းတွင်ရေး ဆက်လက်ဆောင်ရွက်ရမည့် အကြောင်းများကို ရေးမှတ်ကာ အခြားစခန်းသို့ ထွက်ခွာသွားပြန်သည်။

ကိုအေးလွင်သည် အိပ်လိုက်ပြီးနောက် နဖူးပေါ်တွင် လက်တင်ခါ စဉ်းစားရန်အချက်တခုမှာသူ့ဦးနှောက်ထဲမှပေါ် ထွက်လာတော့သည်။ တနေ့ညကအသံရှင် ပြောသွားသည့် အ တိုင်း အစိုဌာန် ၃ ရက်ဝင်ရန်ကိစ္စမှာ သူဝင်ရောက်ခဲ့ခြင်းမှာ ယနေ့ညမှာ ၃ ရက်ပြည့်တော့မည်။ သို့သော် ၃ ရက် မပြည့်မီ အချိန်တွင် အဖျားပျောက်သွားခဲ့ခြင်းကြောင့် အတော်ဝမ်းသာ မိသည်။ ဆရာဝန်ကလည်း အဖျား မရှိကြောင်း ပြောသွား သည်။

သူသည် လက်တွေ့ခံစားရသောဖြစ်ရပ်ဆန်းများကြောင့် အသံရှင်ကို မျှော်မှန်းရပြန်သည်။

"ဓာတ်မှန်ရိုက်ရမဲ့လူနာ-ဒီကိုလာခဲ့ပါ...."

ထိုအသံကြောင့် သူသည်ကုတင်ပေါ်မှ အလူးအလဲ ထ လိုက်ပြီးနောက် အသံလာရာဆီသို့သွားလိုက်ပါသည်။

"ကိုအေးလွင်၊ ဒီစာရွက်ကိုယူသွားပြီး ဓာတ်မှန်ရိုက်တဲ့ နေရာသိဘယ်မဟုတ်လား—"

ဤသို့မေးလိုက်သောကြောင့်သူသည် ခေါင်းကလေးငြိမ့်ပြလိုက်ပါသည်။ထို့နောက် ဂုဏ်သူနာပြုဆရာသည် ဆက်လက်ပြောနေပါတော့သည်။

"အဲဒီဓာတ်မှန်ရိုက်တဲ့အခန်းရောက်ရင် တွေ့တဲ့ဆရာကို ဒီလက်မှတ်ပြလိုက်ပါ...."

သူ့အားလှမ်းပေးလိုက်သော ဓာတ်မှန်ရိုက်ရန် စာရွက်ကိုလှမ်းယူလိုက်ပြီးထွက်ခဲ့ပါသည်။

သူနေသောအဆောင်နှင့် သူသွားရမည့်နေရာမှာအောက်ဆုံးထပ်နှင့် အပေါ်ဆုံးထပ်ပင်ဖြစ်ပါသည်။ သူသည်လှေခါး၏ဘောင်ကိုကိုင်ပြီး တလှမ်းခြင်းလှမ်း၍ အောက်သို့ ဆင်းခဲ့ပါသည်။

ကိုအေးလွင်သည် ဓာတ်မှန်ရိုက်သောစက်ရှေ့သို့ရောက်သွားခဲ့ပြီ။

"ကဲ-အင်္ကျီချွတ်လိုက်ပြီး ဟိုရှေ့က ခုံပေါ်မှာ လက်နောက်ပစ်ပြီး ကိုယ်ကိုမတ်မတ်ထားလိုက်ပါ...."

သူနာပြုဆရာ၏အမိန့်အတိုင်း ကိုအေးလွင်လိုက်လုပ်နေရှာပါတော့သည်။

ဓာတ်မှန်တော့ရိုက်ပြီးချေ၏။ နောက်များဘာဆက်လုပ်ရအုံးမည်လဲဟူသော သံသယစိတ်များက သူ့ကို မေးနေပြန်တော့သည်။

ကိုအေးလွင် အိပ်ခန်းထဲသို့ ပြန်ရောက်လာသောအချိန်ကျရောက်သောကြောင့် သူ၏စိတ်ဆန္ဒများက ထမင်းစားချင်ပြန်တော့သည်။ ဒီတော့သူသည် ပဘ်ဝန်းကျင်သို့ တစေ့ တ

စောင်းလိုက်ကြည့်နေ၏။ အကြောင်းကမူ လူနာဆင်းများ ရှိသေးသလားဟု ဤအတွေးကသူ၏စိတ်ကို လှုံ့ဆော် ပေးလိုက်ခြင်းဖြစ်ပါသည်။

အခန်းတွင်းမှ လူနာအားလုံးသည် ထမင်းစားခန်းသို့ ရောက်နေကြသည်။ လူနာဆင်း ရဲဘော် များလည်း မတွေ့သောကြောင့် အနည်းငယ်ငေးငိုင်သွားပြီး အိမ်မှလာပို့ထားသော ဘီစကွတ်မုန့် နှစ်ချပ် သုံးချပ် စားနေရာမှ အမှတ်မထင် သူ့ အခန်းထဲသို့ဆေးရုံ အုပ်ချုပ်သော သူနာပြုဆရာမကြီးရောက်လာပြန်သည်။

'ကိုအေးလွင် ထမင်းစားမသွားဘူးလား....'

ထိုသို့မေးလိုက်သောကြောင့် ကိုအေးလွင်အဖို့ ရေငတ်သောသူ ရေရှာတွေ့သကဲ့သို့ အမေးကိုဖြေမှုက မြန်ဆန်လှပါသည်။

'ထမင်းတော့စားချင်တာပေါ့ဆရာမကြီး၊ ဒါပေမဲ့ ကျနော့မှာ ထမင်းစားလက်မှတ်မရှိတော့ ဘယ်လိုလုပ်ပြီး စားရမှာလဲ....'

ကိုအေးလွင်၏အဖြေကို ကြားလိုက်ရသော ဆရာမကြီးသည် အနည်းငယ်ပြုံးလိုက်ကာ....။

'စားချင်တယ်ဆို စားရမှာပေါ့....'

'ဟုတ်ကဲ့....'

မကြာမီ သူတယောက် ထမင်းစားခန်းထဲရှိ စားပွဲပေါ်တွင် ခေါင်းကလေးငုံ့လျက် သူ၏နှုတ်မှ ရွက်ဆိုနေပါသည်။

'ဘုရားတပည့်တော်သည် တခါကထမင်းစားပြီးနောက်

ဤသို့ခံစားရသော ဝေဒနာမျိုး နောက်တဖန် မဖြစ်စေလိုပါ ဘုရားဟူ၍တဦးတည်းကြိတ်၍ ဆုတောင်းလိုက်ပါတော့သည်။

# ၁၃

အငှားကား ဖယ်မလီယာ အနောက်ပိုင်းကျကျ ထိုင်ခုံတွင်၊ နောက်မှီကိုမှီရင်း ခြေထောက်နှစ်ဖက်စလုံး ရှေ့ခုံပေါ်သို့ ပစ်တင်ထားလျက်လိုက်ပါလာသော ကိုအေးလွင်သည်ပတ်ဝန်းကျင်သို့ငေးကြည့်လျက် လိုက်ပါခဲ့ပါသည်။

သူသည် ဒူးယား ဖင်စည့်ခံ စီးကရက်ကို ရှေ့သွားဖြင့် ကိုက်ပြီး မနဒးတမ်း စီးကရက်ကို ဖွာထုတ် နေပါတော့သည်။ စီးကရက် အငွေ့များသည် ကား၏နောက်ပိုင်းတွင် လှင့်ပါး ပျောက်ကွယ်၍ သွားပါတော့သည်။ ကားကလေးသည် တရိပ်ရိပ်နှင့်ပြေးလွှားနေရာမှ စက်အရှိန်လျှော့နည်း လာပြီးနောက် လုံးလုံးလျားလျားစက်သံရပ်တန့်သွားသောအခါတွင် ထိုင်လျက် လိုက်ပါလာသောကိုအေးလွင်သည် ကားပေါ်မှ ဆင်းလိုက်ပါသည်။ ၎င်းနောက် သူသည်အိမ်ပေါ်သို့တက်ခဲ့ပါသည်။

သူသည် ဧည့်ခန်းထဲတွင်ရှိသော ကုလားထိုင်ပေါ်သို့ ဖြေးညှင်းစွာ ထိုင်ချလိုက်ပြီးနောက်စားပွဲပေါ်ရှိ စာအုပ်တအုပ်ကိုလှမ်းယူဖတ်ရှုနေပါသည်။ စာအုပ်မှာလည်း လျှို့ဝှက်သဲဖို

ဝတ္ထုဖြစ်နေသောကြောင့် သူသည် ဝတ္ထု၏ဇာတ်ကောင်များ နောက်သို့ တကောက်ကောက်လိုက်၍ စိတ်ဝင်စားမှု ဖြစ်လာပါတော့သည်။ ဤသို့ဖတ်ရင်းဖတ်ရင်းဖြင့် သူ၏မျက်လုံးများသည် မှုန်ဝါးဝါးဖြစ်လာပါသည်။

သူသည် နေရာမှ ထမည်ပြုလိုက်ရာ ဖတ်လက်စ စာအုပ်သည် လက်ထဲမှ လျောကနဲပေါင်ပေါ်သို့ကျသွား၏။ လှမ်းကြည့်လိုက်ရာ ပြူတင်းပေါက်အပြင်ဖက်တွင်မိုးစက်များ ခိုနေသည်ကို မြင်နေရ၏။

'အော်....'

ပြူတင်းမှန်ကိုမိုးပေါက်များကလာရောက် နှုတ်ဆက်ခြင်းပေကိုး၊ ရာသီစက်မောင်းတွေမှု ပြောင်းလဲခြင်းက မြန်ဆန်လှချေတကား—။

ကိုအေးလွင်သည် မိုးရွာမည့်အဖြစ်ကိုရင်း၊ နွေခင်းနေပူပူမှ ရုတ်ချည်းပြောင်းလဲကာ အလင်းရောင်မှေးမှိန်သွားမည့်အရေးကိုရင်း သတိပြုမိခြင်းမရှိပေ။ သူသည်စာ၌စိတ်ဝင်စားနစ်မြောနေခြင်းဖြစ်သည်။ ခုတော့ သူစာဖတ်နေသော ဧည့်ခံဆောင်မှာ ခပ်မှောင်မှောင်ဖြစ်နေပြီမို့ စာဆက်မဖတ်မိ မီးဖွင့်လိုက်ပါသည်။

စားပွဲတင် မီးရောင်သည် အာကာ၏ နောက်ပိုင်းအစမှ ပြူထွက်၍ အတွေးရေယဉ်ကြောသွ မျောနေသော သူ၏မျက်နှာကိုဖျန်းပက်ထားလေသည်။ သူသည်စာထဲသို့ စိတ်ရောက်အောင် ကြိုးစားသည်။

စာအုပ်မှာလည်း တကယ်ကောင်းသော စာအုပ်ပါပေ။ သို့သော် သူ၏စိတ်ဆန္ဒမှာ စာဖတ်လိုသော်လည်း တကယ်မှု အား

အင် နည်းပါးသောကြောင့် စာကိုဖတ်မည်ဟု ပြုနေခြင်းမှာ အမှန်တော့ စာကိုကြာရှည်မဖတ်နိုင်ဘဲ သူ၏ဦးခေါင်းကိုအသာ အယာ ကုလားထိုင်၏နောက်မှီပေါ်ဝယ် ဖြေးညှင်းစွာထိုင်လိုက် ခါ အိပ်ပျော်သွားပါတော့သည်။

ကိုအေးလွင်သည် ၃၊ ခါ်နိမည်မျှကြာအောင် အိပ်ပျော် သွားသည်ဟူ၍ကားမပြောနိုင်ချေ။

'ဘယ်အချိန်ရှိပြီလဲ ဖေဖေသိလား....'

သူ၏လက်မောင်းကို လှုပ်ကိုင်နှိုးဆွပေးပြီး လှုပ်နှိုးသံ ကြားလိုက်လျှင် ကြားလိုက်ချင်း လန့်သွားသည်။ ကြောရိုးထဲက စိမ့်ကနဲဖြစ်ကာ နှလုံးအိမ်မှလန့်ကြောက်သွားပါသည်။ သူသည် သက်ပြင်းချလိုက်ခါ စာအုပ်ကိုပိတ်လိုက်၏။ နံဘေးတွင်ရှိသော ခန္ဓာတခုလုံးကို သူ၏မျက်စေ့ကလှမ်းခြုံကြည့်လိုက်ပြီးတော့မှ....

'သမီး....သမီး'

ဤသို့ရုတ်ချည်း အမေ့ငိုတ်သံသည် တိတ်ဆိတ်သော ပတ်ဝန်းကျင်အား ဖြိုခွင်းလိုက်ပါသည်။

ဇနီးဖြစ်သူ၏ ယုယုယယ ချိုသာဝေလွင်သော အသံ ကြောင့် ကိုအေးလွင်သည်အနည်းငယ် စိတ်တည်ငြိမ်လာပါတော့ သည်။ သူသည် စိတ်၏တည်ငြိမ်မှုနှင့်အတူ အိပ်လိုက် ပါတော့ သည်။

# ၁၄

နွေရာသီ၏ အလှအပသည် အမြဲတမ်းလိုလိုပင် ခြောက်သွေ့တတ်စမြဲ။

နွေ၏ အလှအပကို မက်မောတတ်သူများအဖို့ လှပတင့်တယ်လျက်၊ ငြီးငွေ့တတ်သူအဖို့ ပူပြင်းခြောက်သွေ့လေ့ ရှိ၏။

ကောင်းကင်ပြင်ကို နောက်ခံပြုရင်း ရွက်ညှာတံ ကြွေလျှော၍ အကိုင်းအခက်တို့နှင့်အတူ လက်တံရှည်ကြီး ဆန့်တန်းကာ နွေ၏ အပူဒါဏ်ကို ငြီးငြူအော်ဟစ်နေသံဟန်မြင်ရသူနှင့် ရွက်ဝါကြွေခဲ့ လေအဝှေ့တွင်တရွေ့ရွေ့သက်လျှောကာအဝေး မှကြည့်လျှင် ရွှေမှုန်တွေကြဲသလို တဝဲဝဲတဝေ့ဝေ့ လေအဟုန်ကိုစီးနေသည်။ ရွက်ကြွေများနှင့် ကြည်လင်ပြာလဲ့ တိမ်ဖြူကင်းသည့် ကောင်းကင်ပြင်သည် ဇာပုဝါအပြာရောင်ကို ဖြန့်လျက်ရှိပြီး ငွေပန်းချီကောင်းကင်သည် ကြည်နူးရှုမောသာယာဖွယ် အဖြစ်မြင်ရသူအဖို့ ရှိတတ်ပါသည်။

နွေ၏အပူရှိန်ဒဏ်ကို မခံနိုင်သောကြောင့် အချို့သူများအဖို့ အရိပ်ကောင်းသော နေရာဝယ် ဝင်ရောက် ခိုနားကြ၏။ နွေ၏အပူဒဏ်ကို ခံစားနေရသောကြောင့် လေရူးလေပြေကို တစိမ့်စိမ့်ခံလိုကြသည်။ တခါတရံလေရူး၏ပွေ့ဖက်ခံရသော လေ

ပူလေပြင်းများသည် အရှိန်ပြင်းပြင်း မောင်းနှင်နေသောခရီးသည် ဘတ်စ်ကားပေါ်မှ ခရီးသည်များကို ဝေ့ရမ်းတိုက်ခိုက်ခြင်းကြောင့် အတော်ပင် ပူအိုက်သောဒဏ်ကို ခံရရှာလေသည်။

ကိုအေးလွင်သည် ဘတ်စ်ကားပေါ်တွင် တောင် ငေးမြောက်ငေးဖြင့် သူရောက်လိုသော နေရာသို့ မရောက် မခြင်း ငေးမောလျှက်ရှိနေပါတော့သည်။

သူယခုသွားရမည့် နေရာမှာမှ ဆရာကြီး ဦးနန္ဒအိမ်သို့ပင်ဖြစ်ပါသည်။ ဆရာကြီးနှင့်သူသည် မတွေ့ကြရသည်မှာ အတော်ပင် ကြာညောင်းသွားခဲ့ပါသည်။ အကြောင်းမူဆရာကြီး ဦးနန္ဒသည် တောတောင်များတွင် လှည့်လည် တရားအားထုတ်ရမည့်အကြောင်းစောဦးစွာပြောထားခြင်းကြောင့် ယခုမှကိုအေးလွင်သည် ဆရာကြီးဦးနန္ဒအိမ်သို့ ပြန်ရောက်ကြောင်းသိရသဖြင့် လာရောက်ခြင်းပင်ဖြစ်ပါသည်။

ကိုအေးလွင်သည် ဘတ်စ်ကားပေါ်မှဆင်းပြီးမြေနီလမ်းကလေးအတိုင်း လျှောက်ခဲ့ပါသည်။ သူသည် ထိုအသံကလေးကို တမက်တမောခံစားလေသည်။ သူ့အသံကလေးသည် တနှစ်မှ တရာသီ၊ တရာသီမှမကြာညောင်းလှသည့် ကာလအတွင်း ရင်ကြွေမြည်ကျူးခြင်းမို့ ဥဩငှက်အသံကိုကြားရပြီကို ခုံခုံ မင်မင် မက်မက်မောမော နားထောင်ရစမြဲ၊

ကိုအေးလွင်သည် မြို့ပေါ်တွင် အနေကြာ၊ မြို့ပေါ်တွင် ကြီးပြင်းလာရသူဘဦးမို့ တစာစာဟစ်အော်တတ်သော ကျီးတွေ၏ တအာအာနှင့် ခွေးဟောင်သံတွေကို နားသောတဆင်မှုက တခါတရံအာရုံကိုပျက်ပြားစေခဲ့ပါသည်။

ဤသို့နေ့၏ အလှအပကိုဥသြသံကဖော်ကျူးရင့်နေသော တေးသံသည် သူ၏နှလုံးသားကို ကြည်လင် ရွှင်ပျစေခဲ့ပါသည်။

သူသည် လျှောက်ရင်းနှင့်ပင် ဆရာကြီးအိမ်ဘက်ဆီသို့ ရောက်လာသည့်အခါတွင်မှ ပိုမိုမြူးကြွကျူးရင့်သံက ပီပီ ပြင်ပြင် ကြားရပြန်လေသည်။

ဆရာကြီးဦးနန္ဒခြံထဲသို့ ဝင်ရောက်သည်နှင့် တပြိုင်နက် အိုမင်းမြင့်မားနေပြီဖြစ်သည့်ကံ့ကော်ပင်ကြီးသည် သူ၏အိုမင်း ခြင်းကို မာန်မလျှော့သေးဟန်ဖြင့် နုခက်ဝေဖြာတတ်သော ပင် ပျိုများနှင့် ယှဉ်ပြိုင်စွမ်းမရှိသည့်အလားပင်၊

ဤရာသီနွေနှောင်းရိုန်တွင် နုပျိုစဉ်ကလို အပွင့်ကား ကား ထွားထွား စွင့်စွင့် ပွင့်နိုင်ခြင်းရှိတတ်၏။

အခြားနည်းတူ ပင်စည်ပင်လုံးထုတ်ခိုင်ကျစ်လစ် ကြီးမား နုပျိုအမည်အမျိုးမျိုးဖြင့် သစ်ပင်ကြီးငယ် အပေါင်းတို့လည်း ရွက်ဟောင်းကြွေ၍ အသစ်တို့ဝေသည့်သဘောအရ ဗုဒ္ဓ၏ အစိုး မရသော သင်္ခါရသဘောပင်ကို ကိုအေးလွင်သည် ခြံဝင်းသို့ ဝင် ရောက်သည်နှင့်တပြိုင်နက် ဖြစ်ခြင်းသဘောကိုမြင်မိသည်။ ပျက် ခြင်းသဘောကိုလည်း မြင်မိသည်။ အသစ်တို့၏ ဖွံ့ဖြိုးတိုးတက် နေသော အားနှင့် အဟောင်းတို့ ဆုတ်ယုတ် ပျက်ပြားနေသော အားကိုလည်း မြင်လာသည့်နောက်ဆုံး ဩကာသဝဂ်ယက်ထဲ အတက် အဆင်း၊အနုအရင့်၊အဟောင်းအသစ်စသည့် နိယာမဆန် ကျင်ဘက်တရားသည် လူတိုင်းတွေ့ရစမြဲမဟုတ်လော။

ကိုအေးလွင်သည် သဘာဝအကြောင်းကို တွေးတော ရင်း ခဏအတွင်း ကြေးစည်းသံသည် လေအဟုန်စီး၍ပတ်ဝန်း

ကျင်သို့ ပြန်လှည့်လာခဲ့ချေ၏။ ထိုအသံသည် ဆရာကြီး ဦးနန္ဒ အိမ်ဘက်ဆီမှ ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်ဟုကိုအေးလွင် ကောက်နှုတ်ချက်ချလိုက်ကာ သူ၏မျက်လုံးအစုံသည် ဆရာကြီးအိမ်ဘက်ဆီသို့ စူးစိုက်ကြည့်လိုက်ပါတော့သည်။

ဤသို့ကြည့်လိုက်သောအခါတွင်ကိုကိုအောင်တယောက် ရုတ်တရက် အိမ်ထဲတွင် တုတ်တုတ်မျှ မ လှုပ် ဘဲ တရားထိုင်နေသည်ကို မြင်လိုက် ရ တော့ အ တော် ပင် အားတက် သွားမိသည်။ ဆရာကြီးဦးနန္ဒထံရောက်အောင် ပို့ပေးခဲ့သူတဦးနှင့်ပြန်လည်တွေ့ဆုံကြရသောအခါတွင် မမျှော်လင့်ဘဲ ဖြစ်ရပ်၏ခံစားရသောပီတိလွှမ်းမှုသည် သူ့တကိုယ်လုံး ကိုကြည်နူး နှစ်သက်စေပြန်သည်။ တဦးတည်း လမ်းလျှောက်နေရင်း ဝမ်းသာခြင်းဖြင့် မျက်နှာတခိုဝယ် အပြုံးပန်းကလေးများ ပွင့်လန်းနေပါတော့သည်။

ဆရာကြီး ဦးနန္ဒ၏အမျှပေးစေခြင်း ပြီးဆုံးပြီး၊ နောက်ဆက်တွဲမှ ပေါ်ထွက်လာသော ကြေးစည်သံလည်းထပ်ဆင့်ပေါ်လွင်နေပါသေးသည်။ ကိုအေးလွင် သည် အိမ်ပေါ်သို့ အသာအယာ ဖြေးညှင်းစွာတက်ရောက်ပြီး တရားထိုင်နေသော ကိုကိုအောင်နှင့် ဆရာကြီး၏မေတ္တာပို့သမှုကိစ္စတွင် အနှောင့်အယှက်ဖြစ်သွားမည်ကို စိုးရိမ်မိသောကြောင့်ပင်....။

သူအိမ်ပေါ်သို့ရောက်လင့်၊ အခြားသူများ မသိသေးပေ။ ဆရာကြီးအိမ်တွင် ဆရာကြီးအပါအဝင် လူပေါင်း (၅) ဦးမျှ တရားထိုင်နေကြသည်ကို တွေ့မြင်ရပါသည်။ သူသည် စောဦးက ခြံဝင်းမှလှမ်းမြင်ရသော သဏ္ဌာန်ကမူ ကိုကိုအောင်ကို အိမ်၏

တံခါးဝဖက် ခပ်စွန်းစွန်း လူမြင်ကွင်းတွင်ထိုင်၍ တရားအား ထုတ်နေခြင်းကို ရုတ်တရက် မြင်တွေ့လိုက်ရသောကြောင့် ဆရာ့ အိမ်တွင် ကိုကိုအောင်မှအပ အခြားသူများ ရှိလိမ့်မည်ဟုမထင် ပေ။ ခုတော့အိမ်ပေါ်ရောက်တော့မှ အခြားသူများ ကိုလည်း တွေ့ရမြင်ရသည့်အခါတွင် သူ၏မျက်လုံး အစုံက တောင်ငေး မြောက်ငေးဖြင့် ဝေ့ရမ်းကစားနေပါသေးသည်။

တရားအားထုတ်နေကြသောအစုထဲတွင်သူသိသောသူမှာ ကိုကိုအောင်တယောက်တည်းပင် ဖြစ်ပါသည်။ အခြား လေးဦး အား သူမသိပေ။အခြားလေးဦးသောပုဂ္ဂိုလ်တွေက မိန်းကလေး နှစ်ဦးနှင့် ယောကျ်ားလေးနှစ်ဦးဖြစ်ပါသည်။ သူတို့သည် ပုံပန်း သဏ္ဌာန်ကြည့်ရသည်မှာ ခေတ်လူငယ်ပိုင်း၊ ခေတ်ပညာတတ်များ ဖြစ်ဟန်တူလေသည်။

ကိုအေးလွင်သည် ပတ်ဝန်းကျင် အခြေအနေကို လေ့ လာ အကဲခပ်ပြီးသည်နှင့် တပြိုင်နက် သူ၏ ကိုယ်စောင့်နတ်က နှိုးဆော်သလားမသိချေ။ သူ့လည်းပင်းတွင် အစဉ်သင့် ပါလာ သော စိပ်ပုတီးကိုချွတ်ယူပြီး တရားအားထုတ်နေကြသောဝိုင်းထဲ တွင်သူလည်းပါဝင် ပုတီးစိပ်လိုက်ပါတော့သည်။

အချိန်အနည်းငယ် ကုန်ဆုံးသွားသောအခါတွင် စကား ပြောသံများသည် ကိုအေးလွင်နားထဲသို့ ထိုးဖောက် ဝင်ရောက် လာတော့သည်။ အခြားတရားထိုင်သူများသည်သူတို့လုပ်ငန်းက ပြီးဆုံးချေ၏။

ကိုအေးလွင် ရောက်ရှိလာသည့်အချိန်တွင် သူတို့၏ လုပ် ငန်းများမှာမူ ပြီးမြောက်ရန် အချိန်နီးကပ်နေ၏။ ထို့ကြောင့်

သူတဦးတည်းမှလွဲ၍ အခြားသူများသည် တရားထိုင်ခြင်းပြီးဆုံး၍ အညောင်းအညာဖြေခြင်း၊ စကားပြောခြင်း စသည့်လုပ်ရပ်များက အနည်းငယ်တော့ ပတ်ဝန်းကျင်၏ ဆူညံသံကို ကြားနေရလေသည်။

ကိုအေးလွင်မှာလည်း ပုတီးကိုကိုးပတ်ခိုင်ပြီးနောက် ကြာကြာမထိုင်ဘဲ ဘုရားဝတ်ပြုပြီး သူ့မျက်လုံးအစုံတို့သည်ပွင့်လင်းလာခါ ပတ်ဝန်းကျင်သို့ လေ့လာအကဲခပ်နေပါသည်။

ထိုအချိန်တွင် ကိုကိုအောင်ကပင်စတင်၍ နှုတ်ဆက်လိုက်သောအသံကြောင့်....

'ဟော့ သူငယ်ချင်း ရောက်နေတာ ကြာပလား....'

'ခုနကဘဲ မင်းတို့ တရားထိုင်နေတဲ့အချိန်လောက်ပေါ့'

'မင်း ဆက်ပြီး မထိုင်တာလဲ'

'မင်းတို့အတွက် အနှောင့်အယှက်ဖြစ်မှာစိုးလို့ပါ....'

'ရပါတယ်ကွာ....'

ဤသို့တဦးနှင့်တဦးပြောဆိုနေကြပြီးနောက် တစုတဝေးတည်းဖြစ်စေရန် အလို့ငှါ လက်ဖက်ရည်ကြမ်း ဝိုင်းတခု အဖြစ်ဆရာကြီး ဦးနန္ဒက ဖန်တီးပေးလိုက် သောကြောင့် ဆရာကြီး၏ရှေ့မှောက်ဝိုင်းထိုင်ကြခါ ကိုအေးလွင်မှာ ဆရာကြီးအားစတင်ဝတ်ပြုလိုက်ပါသည်။

ကိုကိုအောင်၏ မျက်နှာသည် ကိုအေးလွင်ဘက်သို့လှည့်လိုက်ပြီးနောက် ဤသို့ပြောလိုက်ပြန်ပါသည်။

သူငယ်ချင်းကို မိတ်ဆက်ပေးရအုံးမယ်—'

'မင်းရှေ့မှာ ထိုင်နေသူက ကိုလှဝင်းတဲ့....'

ကိုအေးလွင်သည် ကိုလှဝင်းဆိုသူအားစူးစိုက်ကြည့်လိုက်ပါသည်။ ကိုလှဝင်းကလည်း ရဲတင်းဖြတ်လတ်သော မျက်လုံးများဖြင့် ပြန်လည်ကြည့်ရင်း....

'ဟုတ်ကဲ့....ကျနော်ကတော့ စစ်ဖက်က အရာရှိတဦးပါ အမှန်တရားကိုလိုက်ရှာခဲ့တာ အခုမှဘဲ တွေ့ခဲ့ပါတယ်။ဆရာကြီးရဲ့ ဩဝါဒအရိပ်အောက်ရောက်တာ ၃လဘဲရှိပါသေးတယ်၊ရှေ့ဆရာကြီးများ ကျင့်ကြံသွားတဲ့ လမ်းစဉ်ကို စတင်တွေ့ရလို့ ဝမ်းသာလို့ မဆုံးပါဘူး၊'

ကိုအေးလွင်သည် ကိုလှဝင်း၏ ရုပ်လက္ခဏာကို အကဲခပ်ကြည့်လိုက်ပါသည်။ မျက်နှာလေးဒေါင့်ကျကျ နဖူး ကျယ်ပြီးနှာတံပေါ်ပေါ် ကိုယ်လုံးကိုယ်ထည်မှာ ကြံ့ခိုင်ပြီး မဝလွန်း၊ မနိမ့်လွန်းသောအချပ်၊ ဤအချင်းအရာကဤသို့သောပုံသဏ္ဌာန်ရှိသည့် သူများသည် လုပ်လိုသော ကိစ္စတရပ်၊ စိတ် တန်ခိုး၏ ဆန်းကြယ်ပုံကို လေ့လာလိုက်စားလိုသောသူ တဦးအသွင် ဖြစ်ကြောင်း၊ ရုပ်လက္ခဏာကျမ်းများတွင် ဖော်ပြထားသည်ကိုဖတ်ဘူးမိပါသည်။

ကိုကိုအောင်သည် တဦးချင်း မိတ်ဆက်ပေးနေပါသေးသည်။

'သူကတော့ နီနီနွယ်လို့ ခေါ်တယ်။ အလုပ် ကတော့ ရှေ့နေလုပ်ပါတယ်၊ ခုလိုတရားလာထိုင်တာက ရှေ့နေများသေရင်လျှာထွက်သေတယ်ဆိုတဲ့ ရှေးပညာရှိ ကဝိတွေပြောကြဆိုကြတာကြားလို့လားမသိပါဘူးကွာ။ ဒါကြောင့်သေလို့ရှိရင် လျှာထွက်မသေရအောင်ဆိုပြီး တရားစစ် တရားမှန်ရအောင်....'

ကိုကိုအောင်၏ စကားကြောင့် နီနီနွယ်၏ မျက်နှာသည် အပြုံးယောင်သန်းလျက်....

'လုပ်တော့မယ် မယုံပါနဲ့ရှင်၊ကိုကိုအောင်ကမကြာသေး ခင်က စိတ္တဇဆေးရုံက ထွက်လာတာပါ။ ဦးနှောက် ချောင်ပြီး ပြောချင်ရာ ရှောက်ပြောနေတာပါ'

ဤစကားကြောင့် အားလုံး ဝိုင်းရယ်ကြပါသည်။

ကိုကိုအောင်သည်ကိုအေးလွင်ကို ဤသို့ တဦးချင်း မိတ်ဆက်ပေးပြီးနောက် တဦးနှင့်တဦး မိတ်ဆွေ ရင်းချာကဲ့သို့ ဖြစ်သွားကြလေသည်။ ၎င်းနောက်တဦးနှင့်တဦး အတွေ့အကြုံချင်း မတူညီခြင်းကို ဖလှယ်ပြောဆိုနေကြပါသည်။

စကတည်းက ရှေ့နေပီပီ နီနီနွယ်က ရှေ့နေ စကားဖြင့် နိမိတ်ပြဆွဲဆောင်ခြင်းမျိုး၊ သူ့စကား ဤသို့ ဖြစ်နေပါသည်။

'ရှိတယ်လို့မဆိုဘူးနော်....ဒါပေမဲ့ဖြစ်နိုင်ရင်တော့ ကျမ အနေက ဒိပုဂ္ဂိုလ်တွေဟာ ဘာကြောင့် အကျော်အမော် ဝိဇ္ဇာ ဆရာကြီးတွေရဲ့ နာမည်တွေကို အလွဲသုံးစား လုပ်နေကြတာလဲ ဆိုတာ မစဉ်းစားတတ်ဘူး....'

'ကျမတွေ့မြင်ခဲ့ရတဲ့ နေရာ အချို့မှာ ဗေဒင် ဆရာ ကလဲ အကြားအမြင်ပေါက်၊ ဦးမင်းခေါင်၏ တပည့် အရင်း ဆိုပြီး လမ်းဘေးမှာ ဆိုင်းဘုတ်ကြီးချိတ်ပြီး ဟောနေတယ်'

အချို့ကျတော့ ဘိုးတော် အောင်မင်းခေါင်ရဲ့သားဆို လား။မြေးဆိုလား မသိပါဘူး၊ ရုပ်မြင်သံကြားနဲ့ ဟောမယ် လို့ စာလုံးကြီးကြီးနဲ့ လူမြင်ကွင်းမှာချိတ်ပြီးကြေငြာထားတာ

တွေ့ရတယ်၊ ဒါတွေကျတော့ ကိုကိုးအောင်တို့အနေနဲ့ ဘယ်လို ယူဆသလဲ....’

နီနီနွယ်၏ မေးခွန်းကြောင့် ကိုကိုအောင်မှာ အနည်းငယ် စဉ်းစားလိုက်ပြီးနောက်....။

‘လူတွေကတော့ လောဘနောက် လိုက်ကုန်ပြီ၊ ဘုရားတွေတောင် ခိုးရောင်းနေကြသေးတာ၊ ခုလို ဆရာကြီးတွေနာမည်ကို အလွဲသုံးစားလုပ်တာ ဘာခက်မှာလဲ၊ သူတို့အမြင်ကတော့ ဒီလိုလုပ်ရင် လူတွေအထင်ကြီးပြီး လာမေးချည်ရှဲဆိုတဲ့ အကြံနဲ့လုပ်တာပေါ၊ ဝိဇ္ဇာဦးစီး အောင်မင်းခေါင်ကြီးအဖွဲ့ချုပ်မှ အရှင်ဇောတိပါလရဲ့ စာအုပ်ထဲက စာပိုဒ်တခု အဆိုအရကတော့....’

ဤလောကတွင်း၌ မင်းခေါင်ဟူသော အမည်တူ၊ ပညာတူများသည် မရှားလှပေ၏။ မင်းခေါင်ဟူသော အမည် ပညတ်ကိုခံယူပြီးလျှင်မင်းစေ ပျာတာလုပ်နေရသူတို့သည်ရင်း၊ သူတပါး၏အိမ်နောက်ဖေးမှာ အဆွယ်ကလေးချပြီးသော်ရင်း၊ အခြားနည်းမျိုးစုံဖြင့် သူများပေးမှကမ်းမှ စားရ၍ သူတပါး၏ အခိုင်းအစေခံ စေတမန်ဖြစ်နေရရှာသူတို့သည်ရင်း၊ ဂုဏ်ဒြပ်မဟပ်မိဘဲ အနက်မပါသဒ္ဒါကင်းမဲ့သော ဂုဏ်သည်များသည် မြောက်မြားစွာ ပေါများလှပေသည်။

ဒါကိုဖတ်ရခြင်းအားဖြင့် ယနေ့လူအချို့ဟာ ဘိုးတော်အမည်ရောင်းစားနေတာ မဆန်းပါဘူး....’

ဤသို့ ကိုကိုအောင်ကပြန်ဖြေလိုက်ပါသည်။

ရင်းနောက်....။

'တချို့ဂိုဏ်းဆရာတွေကရှိသေးတယ်၊ ဘယ်ဘဝက ယခုလာရောက်သောပုဂ္ဂိုလ်နဲ့ တော်စပ်ပုံကို ပြောလေ့ရှိတယ်၊ ဒါက တော့ ကိုယ့်ဂိုဏ်းကိုယ် အထင်ကြီးအောင်လုပ်တဲ့အပြောကလေး တွေပေါ့ဗျာ....'

ကိုအေးလွင်လည်း ထပ်မံပြောလိုက်ပါသေးသည်။ သူတို့အားလုံးသည် ဤအကြောင်း ထိုအကြောင်း စပ်ရာကောင်းနိုးရာရာ အကြောင်းတွေ ပြောဆိုနေရာမှ ဆရာကြီးဘက်သို့ မျက်နှာမူသွားကြပါသည်။

'ဒါပေါ့တပည့်တို့၊ လောကမှာ အစစ်တယောက် အတုတထောင်၊ အရောင်တသိန်းဆိုသလိုပေါ့ကွာ....'

ဆရာကြီးဦးနန္ဒ၏ မိန့်ဆိုခြင်းကြောင့်....။

'ဆရာကြီး ဒီလိုလူလိမ် လူညာတွေကို ထွက်ရပ်ပေါက်ဆရာကြီးတွေက အပြစ်မပေးဘူးလား'

'ထွက်ရပ်ပေါက်ဆရာ၊ ဝိဇ္ဇာဆရာကြီးတွေက သူတော်စင်တွေဆိုတော့ ဘယ်သူက ဘယ်လိုလုပ်လုပ် မေတ္တာရှေ့ထားတဲ့ပုဂ္ဂိုလ်မြတ် တွေဆိုတော့ ဘယ်ပုဂ္ဂိုလ်ဟာဖြင့် ငါ့ရဲ့နာမည့်အလွဲသုံးစားလုပ်တဲ့လူကို အပြစ်ပေးမယ်ဆိုတဲ့ မကောင်းတဲ့စိတ်မျိုးကို မမွေးဘူး၊ အဲဒီလိုသီးခံတဲ့စိတ်ကြောင့် မကြာဘူး လူလိမ်လူညာတွေသူ့အကျိုးသူပေးတာဘဲ....'

ဆရာကြီးပြောသော စကားကို အာရုံစူးစိုက်နားထောင်နေကြသော တပည့်များမှာလည်း ခေါင်းကလေး တငြိမ့်ငြိမ့်ရှိနေကြပါသည်။

မကြာမီ....။

အားလုံးပြန်ကြရန် ဆရာကြီးအားဝတ်ပြုကြ၏။ သို့သော် ကိုအေးလွင် တယောက်မှာ ဆရာကြီးနှင့်အတူ အိမ်ပေါ်တွင် ကျန်ခဲ့ပါသည်။ ဆရာကြီးဦးနန္ဒမှာကလည်း ထိုင်နေသည်မှာကြာ ညောင်းလာသောကြောင့် အညောင်းပြေ အညာပြေသဘောဖြင့် အိမ်ထဲဝင်လိုက်၊ အိမ်ရှေ့ထွက်လိုက်ဖြင့် ရှိနေပါသည်။

ကိုအေးလွင်သည် ဆရာကြီး၏ ဘုရားခန်းနှင့်ဓာတ်ခန်းကို သေချာစွာ ကြည့်ရှုနေလျက်ရှိပါသည်။

ပဥ္စဝဂ္ဂီငါးပါးကို ဘုရားရှင်တော်မြတ်သည် ဓမ္မစကြာ တရားဟော နေသည်။ ရုပ်ပွားတော် များနှင့် ညာဘက်တွင် သျှင်သီဝလိ မထေရ်မြတ်နှင့် ရှင်ဥပဂုတ်မထေရ်မြတ် လက်ဝဲ လက်ယာ ခြံရံသည့်အနေအထားမျိုး၊ အချို့နေရာတွင် ဝိဇ္ဇာ ဆရာကြီးများပုံတော်၊ မယ်တော်ပုံတော်များစသည့် သူ့နေရာ နှင့်သူ အနေအထားအသိမှန်ကန်မှုကြောင့် အဘူးသပ္ပာယ်ကြည် ညိုဖွယ်ရာကောင်းပါသည်။

ဆရာကြီးဦးနန္ဒသည် အညောင်းပြေ လမ်းလျှောက်နေရာမှ ပြန်လည်၍ ကိုအေးလွင်ရှေ့သို့ ရောက်ရှိလာပြီး ထိုင်ချလိုက်ပါတော့သည်။

တဦးနှင့်တဦး မျက်နှာခြင်းဆိုင် ထိုင်မိသော အခါတွင် ကိုအေးလွင်ကပင် စတင်၍ ဤသို့ပြောကြား လိုက်ပါသည်။

'ဆရာကြီးခင်ဗျာ၊ ကျနော်လဲ ဆရာကြီးမရှိတုန်း တရားတွေအကျင့်လွန်ပြီး ခန္ဓာရုပ်မှာ ရောဂါတွေစွဲကပ်မိလို့ ဆေးရုံတောင် တက်ခဲ့ရပါတယ်....'

'ဟုတ်လား....'

'ဟုတ်ကဲ့....'

ဆရာကြီးမှာ အနည်းငယ်ပြုံးကာ အပြုံးချင်းဆုံကြပြီး နောက်....။

'အေးပေါ့ကွ....၊ တရားထူးတရားမြတ် ရှာတဲ့ နေရာမှာ တနည်းဆိုရင်ဒို့ ကျင့်တဲ့မဟာဂန္ဓာရီဝိဇ္ဇာသမ်းစဉ်ကျင့်တဲ့နေရာမှာ ခြင်ထောင် ထဲကနေ စိပ်ပုတီး စိပ်နေလို့ မရဘူး၊ ကော်ဖီကို ပေါင်မုန့်နဲ့ တို့စားနေလို့လဲ မရဘူး၊ စိတ်တန်ခိုးရဲ့ ဆန်းကျယ်မှုနဲ့ အတူ သစ္စာတရားရှာတဲ့အချိန်မှာ ခန္ဓာရုပ်ကိုဖျက်ဆီးတဲ့အချိန် တွေလဲ ရှိရသေးတယ်၊ အဲဒီဂန္ဓာရီအကျင့်ကို ကျင့်တဲ့လူတိုင်း ဟာ အနည်းနဲ့အများဆိုသလို ခန္ဓာရုပ်မှာ ဦးစွာ ပထမ ဒုက္ခလှ လှကြီး ရောဂါတွေခံစားရတာဘဲ၊ နောက်ပြီးတော့ အဲဒီဒုက္ခ ပေါင်းရဲ့အပေါ်မှာ သိဒ္ဓိဆိုတဲ့ တန်ခိုးတွေဟာ ပေါ်ပေါက်လာ ခဲ့တယ်....'

'ဆရာဆို ငယ်ငယ်တုန်းကစပြီး အဲ့ဒီအကျင့်ကို ကျင့်ခဲ့ တယ်၊ အဲဒီလိုကျင့်နေတုန်း မောင်အေးလွင်လိုဘဲ မှားလိုက် မှန်လိုက်ဖြစ်နေခဲ့တယ်၊ အဲဒီတော့ အိမ်က ဇနီးနဲ့ မိဘတွေက ငါ့သားတော့ ရူးချင်ရူး မရူးရင်တော့ သေတော့မှာဘဲ၊ ဒါမှ မဟုတ် အပရောဂါတွေများ နှောက်ယှက်နေတာလား မသိဘူး ဆိုပြီး ဗေဒင်မေး၊ နတ်မေးနဲ့ ဟိုဆရာခေါ်ပြနဲ့ပေါ့ကွာ၊ ဆရာ ကြီးကတော့ ကိုယ့်ကိစ္စကိုယ် နားလည်တာပေါ့၊ ဒါပေမဲ့ မရ ဘူးကွ၊ မိဘဆိုဘာ မတော်လှန်ရဲတော့ သူတို့လုပ်ဘာကို ခံရ ဘူးခဲ့တယ်....'

'တခါတရံ ဝိဇ္ဇာလှည့်၊ နတ်လှည့်၊ ရက္ခစိုးလှည့် စသည့် အလှည့်အပတ်တွေခံရဘူးသေးတယ်၊ ဘယ်တော ဘယ်တောင် မှာ သွားကျင့်ရမယ် စသည်ပေါ့၊ ထကယ်အောက်မေ့လို့သွား ကျင့်တယ်ဆိုရင်ဘဲ၊ အခိဋ္ဌာန်တွေဘာတွေဝင်တာပေါ့၊ အထက် ဆရာကြီးတွေ၏အမိန့်အတိုင်း ယခုလာရောက် အားထုတ်ရသည့် အတွက် ဘုရားတပည့်တော်အား ပေးမည်ဆိုသော ပစ္စည်း အဆောင်များ ချီးမြှင့်တော်မူပါဘုရားဆိုပြီး အခိဋ္ဌာန်ဝင်တော့ တာဘဲ၊ အခိဋ္ဌာန်ပြီးတော့လဲ ဘာပဲခုမှ မထူးခြားပါဘူးကွာ၊ ဒါပေမဲ့ စိတ်ပျက်လို့မရဘူးကွ၊ အဲဒီနေရာမှာ ယုံကြည်ချက်နဲ့ ခံယူချက်ရှိဖို့ သိပ်အရေးကြီးတာဘဲ၊ အဲဒီလို လှည့်ကွက်တွေဝင် လာတော့မယ်ဆိုရင် မိမိယုံကြည်ထားတဲ့ ဂေါတမ ဘုရားရှင်၏ သာသနာ ထွန်းလင်းရန်နှင့် သတ္တဝါတွေရဲ့ ဒုက္ခအပေါင်းကို ဖယ်တင်ရန် သာသနာအလင်းရောင်များ ရရှိပါစေဟု မိမိခန္ဓာ ကို ဘုရားရှင်နှင့်တကွ သမ္မာဒေဝနတ်ကောင်းနတ်မြတ်၊ ဝိဇ္ဇာ ဆရာကြီးများကို အပ်နှံပြီး အသက်အသေခံလုပ်မှ အောင်မြင်နိုင် တာ...'

ဒီဝိဇ္ဇာမယပညာနဲ့ လောကီမှာ စီးပွားချမ်းသာအောင် လောဘ သက္ကာယတွေ ပွားပြီးလုပ်ရင်တော့ဘယ်တော့မှ ဝိဇ္ဇာ လမ်းစဉ်အစစ်ကို တွေ့ရမှာမဟုတ်ဘူးဆိုတာယုံနော်....'

ဆရာကြီးဦးနန္ဒသည် ဤသို့ပြောဆိုပြီးနောက် ဆေးလိပ် ခွက်ထဲရှိ ဆေးပြင်းလိပ် တလိပ်ကို မီးညှိပြီး ဖွာနေပါသည်။ ကိုအေးလွင်လည်း ဆရာကြီးအမိန့်ရှိသည်ကို မြေဝယ်မကျ နာခံ လျက်ရှိနေပါသေးသည်။

ဆရာကြီး ဦးနန္ဒသည်ဆက်၍ပြောနေပြန်ပါသည်။

"ဒါကြောင့် ဆရာကြီးတို့ဂန္ဓာရီဝိဇ္ဇာလမ်းကို ကျင့်ကြံလိုသော သူဟာ ရတနာသုံးပါးဂုဏ်ကို မိမိကိုယ်၌ အမြဲထုံစေပြီး တန်ခိုးကြီးသော တောစောင့်နတ်၊တောင်စောင့်နတ်၊ ရုက္ခဥ္စဘုမ္မဥ္စ ပဗ္ဗတဥ္စနတ်တို့ကိုလည်းကောင်း၊ မန္တရား အင်းအိုင် မျိုးကို အုပ်စိုးသော ဝိဇ္ဇာဒေဝနတ်ဘို့ကိုလည်းကောင်း၊ သိုက်သမိုင်း ဝင် ဆေးပင်မျိုး၊ ကျောက်ဓာတ်မျိုးဘို့ကို အုပ်စိုးသော ဩသဓိ ဒေဝနတ်တို့ကိုလည်းကောင်း၊ ဤအလုံးစုံသော နတ်တို့ကို ရင်ဝယ်သားသကဲ့သို့ သနားချစ်ခင် ကျွမ်းကျင် လေးမြတ်အောင် မိတ်သဟာယပြုလုပ်ကြမှ ထမြောက်နိုင်ရာ၏။

ဤဂန္ဓာရီ ဝိဇ္ဇာသည် နတ်ဘို့၏ကမ္မဝိပါက စိဒ္ဓိတန်ခိုးကိုပင်လွှမ်းမိုးနိုင်သော ဝိဇ္ဇာမယသိဒ္ဓိတန်ခိုးမျိုး ဖြစ်တယ်။ ဒါကြောင့် နတ်တို့မနာလို ရှိတတ်တယ်၊ မနာလိုရှိသည့်အတွက် အသက်အန္တရာယ် ဆေးဝါး၏အန္တရာယ်ဖြင့်တတ်တယ်။ လောကဝိဇ္ဇာဆိုတာကတော့ ဘုရားပစ္စေကဗုဒ္ဓါအရိယာ သာဝကတို့နှင့်လည်း ဆက်ဆံကုန်၏။ ဘုရားပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့ ရအပ် ရောက်အပ်သော ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါးတို့၌ အတွင်းဝင်ရောက်ကုန်၏။

**အရိယာဝိဇ္ဇာ။** ကတော့ အနိစ္စဝိဇ္ဇာ၊ ဒုက္ခဝိဇ္ဇာ၊ အနတ္တဝိဇ္ဇာ၊ မဂ္ဂဝိဇ္ဇာ၊ဖလဝိဇ္ဇာတို့ဖြစ်တယ်၊သာသနာတော်အတွင်းမှာ ထမြောက် ပေါက်ရောက်အောင် ကြံဆောင်နိုင်သည့် သာသနာပအခါ၌က ပစ္စေကဗုဒ္ဓါ အရှင်သူမြတ်တို့ကို ချန်ထား၍ တပါး

သော လူနတ်ပြဟ္မာတို့ထမြောက် ပေါက်
ရောက်အောင် ကြံဆောင် အားထုတ်နိုင်သော
အခွင့်မရှိဘူး။

ဤသို့ ဝိဇ္ဇာအကြောင်းနှင့်ပတ်သက်၍ ကျမ်း ၈နံ အရ ဆရာကြီးသည် သူသိသလောက် ပြောပြနေပါသည်။

ဆရာကြီးသည် ဆက်လက်မပြောတော့ပေ။ သူ၏ ရှေ့တွင်ရှိသော လဘက်ရည်ကြမ်းအိုးကို လက်ဖြင့် ထိကြည့်လိုက်သည်။

အပူရှိနေသလားဟူ၍။

ခပ်နွေးနွေးတော့ရှိသည်။

ဆရာကြီးသည် ပန်းကန်တလုံးထဲသို့ လဘက်ရည်ကြမ်း အပြည့် လောင်းထည့်ပြီး တကျိုက်လောက်သောက်လိုက်သည်။

ကိုအေးလွင်လည်း အာခေါင်ခြောက်လားမသိ။

ဒါကြောင့်သူလဲ လဘက်ရည်ခရားအိုးကို ငှဲ့လိုက်သည်။ ပန်းကန်ပြည့်တော့ သောက်လိုက်သည်။ နှစ်ဦးစလုံးအနားယူနေကြသည်။

တဦးနှင့်တဦး။

"မောင်အေးလွင်၊ ဆရာပြောတာ သဘော ပေါက်ရဲ့လား...." ကိုအေးလွင်က ဤသို့ပြောပြသည်။

"ကျနော်လည်း ပညာရှာနေရသောသူဆိုတော့ ဆရာကြီးလို အသက်ကြီးရင့်သူလည်းဖြစ်ပြန်၊ ဤဂန္ဓာရီဝိဇ္ဇာလမ်းစဉ်ကို နှစ်ရှည်လများ ဆည်းပူးလေ့လာကျင့်ကြံအားထုတ်နေသူရဲ့

ဩဝါဒဟာ မှားတယ်လို့မရှိပါဘူး၊ ကျနော်တို့အနေက ပညာ နဲ့ စို့နေရတယ်လို့ မှတ်ယူမိပါတယ်....”

“အေး....”

“ဆရာဆိုတာကတော့ သဘောလောက်ပြတာ...”

“ဟုတ်ကဲ့....”

“ကျန်တဲ့လက်တွေ့လုပ်ရပ်တွေကတပည့်ရဲ့ တာဝန်ပေါ့”

“ဟုတ်ကဲ့ပါဆရာကြီး....”

“မင်းတို့ကျင့်ကြံမှုရဲ့ အတိမ်အနက်သဘောကိုမင်းတခါ လာတုံးကပြောပြပြီးပြီလေ....”

“ဟုတ်ကဲ့....”

နေကအတော်မြင့်လာပြီ။ ကိုအေးလွင်သည် ဆရာကြီး အား ဝတ်ပြုပြီးပြန်လာခဲ့ပါသည်။

## ၁၅

ကိုအေးလွင် ရုံးပေါ်သို့ ရောက်ပြီး၊

မကြာမီ-

ရုံးလုလင်တဦး၏ အော်ခေါ် လိုက်သော အသံကြောင့်

“ဘာတုံးကွ”

“ဆရာ့နံမည်နဲ့ တယ်လီဖုန်းလာလို့”

“အေး”

ကိုအေးလွင်က စိတ် အနည်းငယ် တိုသယောင်ယောင်၊ မျက်နှာတခွင်က ညိုမှိုင်းမှိုင်း၊ ဘာကြောင့်ဘာလိမ့်။

ဘူ့အနေဖြင့် ရိုးရောက်လို့ ကုလားထိုင်တွင် ထိုင်ရန်ဟန်ပြင်တုန်း ရှိသေးသည်။

ဒါကြောင့် ကဲ့မြီး တိုမိသည်။

ကိုအေးလွင်သည်တယ်လီဖုန်းစကားပြောခွက်ကို ကောက်ကိုင်လိုက်ပါသည်။

'ပြောပါခင်ဗျား'

ဤသို့ပြောလိုက်သည်။

တဘက်က ခပ်အုပ်အုပ် ယောကျ်ား တဦး၏အသံ၊

'ခုပြောတာ ဘယ်သူဘာလဲ ခင်ဗျား'

ဒီတော့........

'ကျနော် အေးလွင်ပါ'

'ကိုကိုအောင် ပြောနေတယ်'

'ဒီလိုဆိုတော့....'

ကိုအေးလွင်မျက်နှာတခွင် ရှင်ပြုံးသွားသည်။

အဘယ်ကြောင့်နည်း....၊

ခေတ်ချင်းတူတယ်လို့ပြောရမည်လားမသိ၊သူတို့ဝိဇ္ဇာဆရာတွေ ပြောသလို ခေတ်ချင်းတူရင်တော့ ဘာလုပ်နုလုပ်ရ တယောက်ရဲ့ စကားကို တယောက်ကမငြင်း၊ အမြဲ နားထောင်လေ့ ရှိတတ်သည်။ အကယ်၍ ခေတ်ချင်းမတူပါက တယောက်နှင့်တယောက် စကား ပြောဆိုရာတွင် အပေါက် အလမ်း မတည့် ဖြစ်တတ်သည်။

'ဘာပြောမလို့လဲသူငယ်ချင်း....'

'အကြောင်းထူးတော့သိပ်မရှိပါဘူး၊ ဒီနေ့ည ဆရာကြီး အိမ်မှာ တို့တတွေဆုံကြဖို့ ပြောတာပါ....'

'အေး .. ကောင်းသားဘဲ'

'မင်းက ဘာတကာခံမလို့လဲ'

'တခုခုတော့ လုပ်စားရင် ကောင်းမလားလို့ပါ....'

'ငါ့စိတ်ကူးအရတော့....

'အေး ငါသိပါတယ်၊ ထန်းလျက်နဲ့ လက်ဖက်ရည်ကြမ်း ဘဲ မဟုတ်လား'

'မဟုတ်သေးဘူး....'

'ဒီလိုဆိုဘာလဲ....'

'ပဲကြီးလှော်လဲပါအုံးမှာ...'

နှစ်ဦးစလုံးသည် ဝိုင်းရယ်လိုက်ပါသည်။

'အေး....ကောင်းပြီလေ၊ ဒါနဲ့ဘယ်သူတွေပါအုံးမှာလဲ၊ မင်းနဲ့ငါ နှစ်ယောက်ထဲဘဲလား....'

'မဟုတ်ဘူး....'

'ဒီလိုဆိုရင် ဘယ်သူတွေလဲ....'

'ကိုလှဝင်းရယ် နီနီငယ်တို့ အသိုင်းအဝိုင်းပေါ့'

'အေး' ဟု ပြောဆိုပြီးနောက် ဖုန်းကို အောက်သို့ ချလိုက်ပါတော့သည်။

ကိုအေးလွင်သည် သူ့စားပွဲခုံသို့ ပြန်ရောက် လာသည်၊ လုပ်စရာရှိသည့် ရုံးလုပ်ငန်းကို လုပ်တော့သည်။

သို့သော်....

စိတ်က အလုပ်ထဲတွင် သိပ် စိတ်ဝင်စားမှု မရှိ၊ ဘာကြောင့်နည်း။

သူ့စိတ်ဟာ ပျံ့လွင့်နေသည်လို့ ပြောမရ တည်ငြိမ်နေပြီလို့လဲ ပြောရသည်မှာ အခက်....

တနည်းဆိုတော့....

သူဖြစ်ချင်တာက တိပ်ဆိတ်သော နေရာတွင် တရားအားထုတ်လိုသောဆန္ဒပင်။

အမှန်တော့....

ဤလိုစိတ်မျိုးက အလွန်ကောင်းပါသည်၊ ဒါပေမဲ့....

သူဟာ လူသားတဦး။

ဤသို့သော အသိစိတ်ဝင်လာတော့လဲ ...

ပရိဒေဝဝမ်းစာအတွက် ပူပင်ရဦးမည်၊ သူမွေးထားတဲ့ ဇာမမီးဇာ ပတ်ဝန်းကျင်တွင် တောက်လောင်နေသေးသည်။

ဒီလို အသိစိတ်ဝင်လာပြန်ပြီး....

သူ့ဆန်စား ရဲမှပေါ့။

သူက အစိုးရဝန်ထမ်းတဦး၊ တာဝန် မကျေပြန်တော့ သစ္စာမဲ့ရာကျနေသည်၊ အချောင် သမားတဦးဟု ပြောကြမည်၊ သူသည် ဤအလုပ်ကြောင့် ထမင်းစားနေရသည်။ သူ့စိတ်ကိုပြန်လည်ဆုံးမသည်။

သူတင်မက၊

သူနှင့်မှိတင်းနေထိုင်ကြသော လူအားလုံး ပါဝင်သည်။

ဤသို့အသိစိတ်ဓာတ်ဟာ သူ့အား လှုမ်းမိုးပြန်သေးသည်။

ဒီလို အသိစိတ်ခေါက် ဝင်လာတော့ ကိုအောင်ပွင့် အားကြီးမားတက်အလုပ်လုပ်နေပါတော့သည်။

'သူငယ်ချင်း အလုပ်လုပ်လှချည်လား၊ ထမင်းစားဖို့လဲ သတိရအုံးနော်....'

ထိုအသံကြောင့်....

ငုံ့နေသော ခေါင်းကလေးသည် မော့၍ လာပါသည်။

'အေး ဟုတ်သားဘဲ....'

ဤသို့အပြေပေးလိုက်ပြီးနောက်—

လွယ်အိတ်ထဲတွင် အစဉ်သင့်ပါလာသော ထမင်းချိုင့်ကို ဖွင့်စားလိုက်ပါတော့သည်။

အလင်းဆောင်ဓာ တဖြေးဖြေး အချိန်နှင့်အတူ ပျောက်ကွယ်စ။

မှောင်စပျိုးပြီ....

ဆရာကြီး ဦးနန္ဒအိမ်တွင် ချိန်းဆိုထားသည့် လူအားလုံး စုံနေကြပါသည်။

လူစုံပြီဆိုသော်လည်း စားသောက်ဖွယ်ရာကတော့နံနက်က ပြောထားသည့် အတိုင်းပင် ပဲကြီးလှော်၊ ထန်းလျက်ခဲ၊ လက်ဖက်ရည်ကြမ်း

ဝိုင်းကကောင်းပါသည်။

ထိုဝိုင်းထဲတွင် စတင်၍ ကိုကိုအောင်က ဖောက်၍ပြော လိုက်သည်။

ရွှတ်ရွှတ်နောက်နောက်နှင့်....

'ပဲကြီးလှော်စားပြီးရင် ဘာဖြစ်ကြအုံးမှာလဲ....'

ဤအမေးကြောင့်....

'ဗိုက်ပြည့်မှာပေါ့နော်....'

ကိုလှဝင်းကနိုနိုနွယ်ဘက်သို့လှည့်ပြီး အပြုံးယောင်နှင့်....

'ဒီလို အဓိပ္ပာယ်မျိုးနဲ့ ကိုကိုအောင် မေးတာမဟုတ်ဘူးနော်၊ အကို လှဝင်း....'

အားလုံးကသဘောပေါက်သည့် အဓိပ္ပာယ် မျိုးဖြင့် ဝိုင်းရယ်ကြပါသည်။

အလ္လာဘ သလ္လာဘ ပြောကြ ဆိုကြပြီး ဆုံးသွားသောအခါတွင် ဆရာကြီး ဦးနန္ဒဘက်သို့၊အားလုံး မျက်နှာမူလိုက်ကြပါသည်။

နောက်ပြီးတော့....

နိုနိုနွယ်ကပင် စတင်၍ ကျမစိတ် တွေ့ဘာ ပုတီးစိပ်တဲ့အခါမှာ စိတ်ပျံ့လွင့်လွန်းတယ် ဆရာကြီး၊အဲ့ဒါဘာကြောင့်လဲဆရာကြီး....'

'ဒီလိုကွဲ့ တပည့်'

သတ္တဝါတို့ စိတ်အစဉ် မည်သည်အဝိဇ္ဇာမှောင်ခေတ်ပုပ်၊ခေတ်ညစ်နှင့် ထွေးလုံးရောယှက်၍နေသည်မှာ များပြားလှသောကြောင့် စိတ်ညစ် စိတ်မှေး၊ စိတ်ကန်းဖြစ်နေသည်မှာ များလှတယ်။

ဒါန၊ သီလ၊ ဘာဝနာခေတ်မှာပင် ညစ်မှု၊မှေးမှု ပါရှိတယ်၊ အဝိဇ္ဇာသည်က အကုသိုလ်စိတ်ဖြစ်သော အခါမှ ဖြစ်ပေါ်၏။ ကုသိုလ်စိတ်၊ အဗျာကတစိတ်ဖြစ်သောအခါ ချုပ်ကွာ၍ နေတယ်၊ ချုပ်ကွာ၍နေသည့်အတွက် အဝိဇ္ဇာပင်မပါသော်

လဲ ထိုကုသိုလ်စိတ်၊ အဗျာကတစိတ်များမှာ အဝိဇ္ဇာ၏ ဒဏ်ရာ ဒဏ်ချက်ဖြစ်သော မှုံမွေးမှု၊ ကန်းမှု၊ ကန်းနာကား အမြဲပါရှိ၍ နေတယ်။

ဒါကြောင့် စိတ်တည်မှု၊ သမာဓိဖြစ်ဖို့ဟာ အတော်ပင် အလေ့အထ ကမ္မဋ္ဌာန်း တရားကို ပွားများနိုင်မှုဖြစ်တာ....'

ဆရာကြီး ဦးနန္ဒ၏ ဩဝါဒကြောင့်နီနီနွယ်သည် ခေါင်းကလေး တငြိမ့်ငြိမ့်ဖြင့် နာခံလျက် ရှိနေပါတော့သည်။

နီနီနွယ်က ဥပဒေဘွဲ့ရသူတဦး....

သို့သော်....

ခေတ်၏ ရေစီးကြောင်းနှင့်အတူ အားပြိုင်လျက်ရှိသည်။ တနည်းဆိုသော် သိပ္ပံသမားတဦး၊ ဘယ်နေရာမဆို လက်တွေ့ပြမှ ယုံတတ်သည်၊ လက်တွေ့မပြပါက မယုံနိုင်။

သူ့စိတ်က ဤသို့ဂဏန်း သင်္ချာနည်း အရ တွက်ထားသည်။

ဒါကြောင့် ဆရာကြီး ဦးနန္ဒ ပြောပြသည်ကို သဘောမပေါက်။

ယခင်က....

နီနီနွယ်သည် ဘုရားတရားကိုကိုင်းရှိုင်းသည်မဟုတ်၊ လောကတွင် လူ့လုပ်သမျှကိစ္စသည် အောင်မြင်မည် ဟူသော ခံယူချက် ဤကဲ့သို့သဘောမျိုး၊ သူသည်လူငယ်ပီပီ၊ စိတ်ဆိုတာရှိသလား၊ ဟူသော မေးခွန်း မျိုးသည် တခါတရံ မရှင်းလင်း နိုင်သော အချက်ကို သူသိလို၏။

ဆရာကြီးသည် နီနီနွယ်၏ မေးခွန်းများကိုသေချာဖြေ၏။

'တပည့်တို့ ခေတ်လူငယ်တွေဟာ ဘယ်နေရာမဆို သိပ္ပံနည်းကျကျပေါ့လေ၊ အဲဒီသိပ္ပံနည်းကျဖို့ဟာ သိပ္ပံနည်းဆိုတာ အခြားသော သာမန်ကြည့်ရှု လေ့လာနည်းများဖြင့် အခြေခံ သဘာဝခြင်း မခြားနားသော်လည်း စံနစ်ကျမှုနှင့်တိကျမှုအဆင့်မှု များစွာခြားနားတယ်။

သိပ္ပံပညာရပ်မှာ စူးစမ်းလေ့လာလိုသောပြဿနာ၊မေးမြန်းစရာ အကြောင်းအရာ အချက်အလက်သည် တိကျ ပီပြင်ရမယ်၊ အင်္ဂလိပ်ဆိုရင်ကွယ်(1) Observation (2)Classify (3) Conditions (4) Hypothesis (5) Inductions (6) Deductions.စတဲ့ ကြည့်ရှုလေ့လာချက်၊ ဂုဏ်တူနဲ့ စုပြုထောက်ကူချက် အခြေအနေ။ အဲဒီလို မြန်မာနည်းနဲ့ ပြန်တားတယ်။

ဤသို့ပြောပြီးနောက် ဆရာကြီးမှာ အတော် မောပန်းဟန်ဖြင့်—

လက်ဖက်ရည်ကြမ်းသောက်လိုက်ပြီး....

'လူတွေနဲ့ပတ်သက်တဲ့ ကိစ္စမှန်သမျှကိုတော့ သိပ္ပံနည်းကျကျ အကောင်အထည် ပြရမယ်ဆိုဘာတော့မဖြစ်ဘူး'

ငါ့တပည့်—

ဤစကားကြောင့်

နီနီနွယ်၏ မျက်နှာကလေးသည် အနည်းငယ် ပြုံးလျက် ပတ်ဝန်းကျင်သို့ တဖန် ပြန်လှည့်ကြည့်ပြန် သေးသည်။

ဆရာကြီးပြောသည်ကို ထောက်ခံသည့် အခြေအနေတွင် ရှိနေပါသည်။

'ဒီတော့....'

'ဘယ်ကိုစွမဆို အကျိုးအကြောင်း ဆက်စပ်မှု မှန်ကန် ရင်ပြီးတာဘဲ'

ဒါကြောင့်....

'ဆရာတို့ အကျင့်တရားပိုင်းမှာ ယုံကြည်ချက်နှင့် ခံယူ ချက်ဟာအရေးကြီးတယ်ဆိုတာစောဦးကပြောဘူးတယ်နော်....'

ကိုကိုအောင်က မျက်စောင်းကလေးထိုးကာ နီနီနွယ်ဖက် သို့ လှမ်းကြည့်လိုက်သည်။

သူတို့ဆွေးနွေးနေသည်ကို ဘာတခွန်းမျှဝင်မပြော၊သူက ကိုအေးလွင်....၊

ဘာကြောင့်နည်း....

အကြောင်းတော့ရှိသည်။

သူ့အနေကတော့ စောဦးကပင် ယင်းတရားကို ယုံကြည် သူပင် ဖြစ်ပါသည်။

ကိုအေးလွင်သည် တယောက်ထည်းပဲကြီးလှော်နှင့် ထန်း လျက်ကိုစားလိုက်၊ လက်ဖက်ရည်ကြမ်း သောက်လိုက်ဖြင့် ရှိနေ သည်။

သူ့စိတ်ထဲက သူသိလိုသော အကြောင်းများက ဤသို့မ ဟုတ်ပေ။

ဒါကြောင့်....

သူတို့မေးမြန်းနေသောကိစ္စတွေ ပြီးကြပါစေဟု ကြိတ်၍ ဆုတောင်းနေသည်။

သို့သော်........

သူတို့မေးခွန်းများက စိတ်ပိုင်းနှင့်ဆိုင်သောကြောင့်။ ဆရာကြီးဦးနန္ဒက ဤသို့ပြန်ပြော ပါသေးသည်။

'အနောက်နိုင်ငံက စိတ်ပညာရှင် တဦး ရေးထားတဲ့ စာပိုဒ်အရဆိုရင်....

No one has been able to isolate or identify "the mind" scientifically. It has not known weight or size and does not appear to exist in any material form. 'Mind' is a left-over term from an earlier century when it was thought that man was controlled by some little creature or spirit within.

'စိတ်ကို သိပ္ပံနည်းနဲ့ တိုင်းတာလို့မရဘူးဆိုတာမင်းတို့လိုခေတ်ပညာတတ်တွေအနေနဲ့ သိနိုင်တာပေါ့....'

နိုနိုနှယ်နှင့်ကိုလှဝင်းတို့မှာ ပိုမို၍ အံ့သြသွား ကြသည်။ ဆရာကြီးသည် စာပေကိုမြတ်နိုးသူ တဦး၊ အင်္ဂလိပ် စာတွေကို မလွတ်တမ်း ဖတ်သည်၊ မြန်မာစာပေကို ဖတ်သည်၊ ကိုယ်တိုင်လည်းအားထုတ်သည်။ဤသို့ကြားရသော အခါတွင် သူတို့နှစ်ဦးသည်ဝမ်းသာလို့ မဆုံးနိုင်အောင် ရှိနေပါတော့သည်။

'ဆရာကြီး၊ ဒီတရားကို အားထုတ်တာ ဘယ်နှစ် နှစ်လောက်ရှိပြီလဲ....'

ဤကဲ့သို့ မေးလိုက်ခြင်းကြောင့်။

'အနှစ်သုံးဆယ်ကျော်'

သူတို့နှစ်ဦး၏မျက်နှာသည် အံ့သြခြင်း အမူအရာဖြင့်ရှိနေပါသည်။

'ဒါပေါ့....'

'ငါကယုံကြည်တယ်၊ခံယူချက်ရှိတယ်၊ ဝိဇ္ဇာမယပညာဆိုတာ တကိုယ်ကောင်းဆန်လို့ရတဲ့ ပညာမဟုတ်ဘူး........'

ဘာသာရေးကိုလဲ ယုံကြည်ရတယ်၊ ကိုယ့်ကျိုး အတွက်လဲမကြည့်ရဘူး။ဆရာကြီးဒီပညာကိုလေ့လာစဉ်က မင်းတို့လိုဘဲလက်တွေ့ပြုမှုယုံမယ်ဆိုပြီး ဆုံးဖြတ်ခဲ့တာ တနေ့တခြား တလကတနှစ်ရောက်တော့ မယုံဘဲ မနေနိုင်အောင် ထူးဆန်းခဲ့တယ်။ အံ့သြခဲ့တယ်....'

ဒါဘာကြောင့်လဲ .. ....

ဆရာကြီးဦးနန္ဒမှူ့တွင်ထိုင်၍နားထောင်နေကြသောသူအားလုံးသည်ခေါင်းကလေးများ ရမ်းခါလျက်။

ဝိဇ္ဇာလမ်းဆိုတာ အပြောသမား တွေအတွက် မဟုတ်ဘူး၊ တကယ်ယုံကြည်ပြီး တကယ်လုပ်ပြု အနှစ်နာခံ၊ ကာယက်ဝစီကံ၊ မနောကံတွေကို ထိန်းသိမ်းရတယ်၊လောဘ၊မောဟ၊ဒေါသတွေကိုလဲ ပယ်ရတယ်....'

ဆရာကြီးသည်သူ့အတွေ့အကြုံမှ ကောင်းနိုးရာရာအချို့ကို ဖေါ်ထုတ်ပြောပြနေသည်။

ဆရာကြီးရှေ့တွင်ရှိသောလက်ဘက်ရည်ကြမ်းပုဂံတလုံးကိုကောက်ကိုင်လိုက်ခါ အမောပြေစေရန်အတွက် တဝသောက်လိုက်ပါတော့သည်။

ဆရာကြီးဦးနန္ဒသည် ခဏအနားယူလိုက်ပြီး၊ သူ့ရှေ့တွင် ရှိသော ဆေးပြင်းလိပ်တိုကို မီးညှိသောက်လိုက်ပါတော့သည်။

ဆရာကြီးသည် တဖက်သို့လှည့်၍ ဆေးလိပ်ဖွာရင်း စဉ်းစားနေပါသေးသည်။ သူ့အတွေးနှင့်သူ အကြောင်း တော့ရှိလေသည်။

ဤအချိန်တွင် တိတ်ဆိတ် ခြင်းက အနိုင်ယူ ထားလေသည်။

တယောက်နှင့်တယောက် စကားပြောဆိုသံဟူကားပေါ် ထွက်မလာချေ။

မကြာမီ။

ကိုကိုအောင်သည် ဆရာကြီးကို ဤသို့မေးခွန်း စလိုက်ပါတော့သည်။

'သမထ အရာသည် ဘာသာတရား၌မည်ကဲ့သို့အကြောင်း ပေါ်မှာ တည့်ထားပါသလဲ....'

'သမထ(ဝါ)သမာဓိအကြောင်းနဲ့ပတ်သက်ရင် ဝိသုဒ္ဓိမဂ္ဂ ကျမ်းအရ....။

ငါးပါးသော၊ အပြားရှိသော၊ မျက်မှောက်သော ကိုယ်၏ အဖြစ်၌ ချမ်းသာစွာနေရခြင်း အစရှိသော အကျိုးအာနိသင်သည် အပ္ပနာသမာဓိ ကိုပွားစေခြင်း၏ အကျိုးအာနိသင်တည်း။ ထိုစကားသည်မှန်၏။ ကုန်ပြီးသော အာသဝေါ ရှိကုန်သော အကြင်ရဟန္တာပုဂ္ဂိုလ်တို့သည် ဈာန်ဝင်စားကုန်၍ တည်ကြည်သောစိတ် ရှိသည်ဖြစ်၍ ချမ်းသာစွာ တနေ့ပတ်လုံး နေကုန်အံ့ ဟု နှလုံးသွင်း၍ အပ္ပနာ သမာဓိကိုပွားစေခြင်းသည် မျက်မှောက်

သောကိုယ်၏အဖြစ်၌ ချမ်းသာစွာနေရခြင်း အကျိုးအာနိသင်ရှိသည်ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် "အို....စုန္ဒ၊ ဤစျာန်တရားတို့ကို ငါဘုရား၏ သာသနာတော်၌ ကိလေသာကို ခွာထုတ် ခေါင်းပါးစေတတ်သော အကျင့်ဟူ၍ မဆိုအပ်ကုန်။ ထိုတရားတို့ကို ငါဘုရား၏ သာသနာတော်၌ မျက်မှောက်သောကိုယ်၏အဖြစ်၌ ချမ်းသာစွာနေကြောင်းဖြစ်သော တရားတို့သာ ဟူ၍ဆိုအပ်ကုန်၏" ဟု ဟောတော်မူ၏။ သမာပတ်မှထ၍ တည်ကြည်သောစိတ်ဖြင့် ဝိပဿနာရှုကုန်အံ့ဟု နှလုံးသွင်း၍ ပွားကုန်သော သေက္ခပုထုဇဉ်ပုဂ္ဂိုလ်တို့အား ဝိပဿနာ၏ ဦးသွားသော အကြောင်း၏ အဖြစ်ကြောင့် အပ္ပနာသမာဓိဘာဝနာသည်ရင်း၊ တဏှာသံကိလေသ စသည်ဖြင့် အလွန်ကျဉ်းမြောင်းသော သံသရာဝဋ်၌ အကျိုးစီးပွားအား သင့်လျော်သော အခွင့်ကိုရသော နည်းဖြင့် ဥပစာရသမာဓိကို ပွားခြင်းသည်ရင်း ဝိပဿနာဟူသော အကျိုးအာနိသင် ရှိသည်ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် "အို....ရဟန်းတို့၊ ကောင်းစွာ အာရုံ၌ ထားအပ်သော စိတ်ရှိသူသည် ဟုတ်မှန်သောအတိုင်းသိ၏" လို့ဆိုတာဘဲ။

ဤသို့ပြောဆိုပြီးနောက်....။

တယောက်မျက်နှာ တယောက် ကြည့်လိုက်ကြပါသည်။

အကြောင်းက....။

အတော်ပင် ညဥ့်နက်လာချေပြီ။ ပြန်ကြရန်သင့်သည့် သဘောမျိုးဖြင့် တယောက်နှင့်တယောက် အကြည့်ချင်းဆုံကြရာမှ....။

'ကဲ... ပြန်ကြရအောင်....'

ကိုကိုအောင်ပင် စတင်ပြောလိုက်ပါတော့သည်။

သို့သော်....။

ကိုအေးလွင်တဦးတနေဖြင့် နေလိုသေးသည်။

သူ့ဆန္ဒက မပြည့်ဝသေး။

အချိန်ကတော့ သူ့ကိုပြန်ရန် တိုက်တွန်း နေပြန်တော့။

သူတို့အားလုံးနှင့်အတူ ကိုအေးလွင်လည်း ပြန်သွားပါသည်။

## ၁၉

မိုးလင်းဂျာတည်းက ခရီးနှင်လျက်။

ဘဝင်မကျသော ဇောစိတ်ဂျာ သူ့အဖို့ အတော်ဂျာလေး ဆာသိဂျာအောက်ဖြစ်စေ၏။

အမှန်တော့ တယောက်နှင့်တယောက်။

သူမေးလိုသောဆန္ဒ။

ငါမေးလိုသောမေးခွန်း။

ဤအကြောင်းရပ်တွေက ပုစ္ဆာဆန်နေသည်။

အယောက်နှင့် တယောက် ခွန်းပေါင်း များလာတော့ အချိန်က ကုန်သွားသည်။

ထို့ကြောင့်....

ကိုအေးလွင်တယောက် သူသိလိုသော မေးခွန်းများကို မေးမြန်းရန် အချိန်မရသောကြောင့်။

ခုတော့....။

ဆရာကြီးဦးနန္ဒဆီသို့ သူတယောက်တည်းလာခဲ့၏။

ဆောင်းလေသည် ချမ်းအေးအေးရှိလာသည်။

သူဝတ်ဆင်ထားသော ဂျာကင် အင်္ကျီဇစ်ကို အပေါ်ထိအောင် တင်းတင်းရင်းရင်း ဆွဲပိတ်လိုက်ပါသည်။

သူ၏ လက်နှစ်ဖက်စလုံးသည် ဂျာကင်အင်္ကျီ အိတ်ထဲသို့ထည့်၍ တဦးတည်းလမ်းလျှောက်နေပါသည်။

သူအိမ်မှ ထွက်ကတည်းက ဤသို့ ဆုံးဖြတ်ထားသည်။

ဆရာကြီး ဦးနန္ဒအိမ်သို့သွားရန် ကိုကိုအောင်ကိုဝင်ခေါ်စည်း။

ဒါကမူလဆုံးဖြတ်ချက်....၊

လမ်းလျှောက်လာရင်းပင် သူ့စိတ်ကူး တမျိုးပြောင်းသွားပြန်သည်။

တဦးတည်းသွားပါက လွတ်လွတ်လပ်လပ်ရှိသည်ထင့်...။

နောက်မှ ဤသို့ဆုံးဖြတ်ခြင်းပင်ဖြစ်ပါသည်၊

သူသည် လမ်းလျှောက်ရင်းပင်....

နံနက်ခင်း၏ သာယာလှသော ရှုမျှော်ခင်းကို ရှုမောနေသည်။

ကြည်နူးဘွယ်ရှိ၏။

ပတ်ဝန်းကျင်ရှိ အရာတိုင်းပင်။

စိမ်းလန်းသည်။

စိုပြေသည်။
လတ်ဆတ်သည်။
အေးမြသည်။
ကြည်လင်သည်။
သန့်စင်သည်။
နံနက်ခင်း၏လေကို အားပါးတရရှူရှိုက်မိပြန်သည်။
သူလာခဲ့သော ခရီး အတိုင်းအတာဇာ ဝေးခဲ့ပြီ။
ဒီတော့လည်း....
သူ့တကိုယ်လုံး ချွေးများစို့လာသည်။
တဖြေးဖြေးနှင့်တော့ တကိုယ်လုံးရွှဲလာစပြုလာသည်။
သူဝတ်ထားသော ဂျာကင်ကို ချွတ်လိုက်ပါတော့သည်။ အတွင်းအင်္ကျီတထပ်မရှိတော့မှ ချွေးထွက်စနည်းပါးသွားတော့သည်။

နေရောင်ခြည်ကအတော် လင်းအားကောင်းလာချေပြီ။
ဆရာကြီး ဦးနန္ဒအိမ်သို့ သူရောက်ရှိလာပါသည်။
မမြော်လင့်ဘဲ တွေ့လိုက်ရသော ဆရာကြီး၏ အံ့သြနေသော အသွင်အပြင်လက္ခဏာမှု။

"မောင်အေးလွင်စောလှချည်းလား...."

ဤသို့စတင်နှုတ်ဆက်လိုက်ပါသည်။

"ဟုတ်ကဲ့ဆရာကြီး ကျနော်လည်း မနက် စောစော လမ်းလျှောက်ရင်း ဘုရားလည်းဖူးရင်း ဆိုသလိုပေါ့...."

"အေး....အေး...."

ဆရာကြီးဦးနန္ဒက ဤသို့ ဖြေလိုက်ပါသည်။

"မင်းလဲတခါထဲ ဝင်စားလိုက်ပေါ့...."

ဆရာကြီးဦးနန္ဒသည် နံနက်တိုင်းထမင်းကြမ်းနှင့် ငပိဖုတ်ကို ဆီဆမ်း၍လဘက်ရည်ကြမ်းဖြင့် စားလေ့ရှိပါသည်။

ထို့ကြောင့်....

ကိုအေးလွင်အဖို့ သူနှင့်တပါတည်းစားသောက်ရန်ခေါ်လိုက်ခြင်းဖြစ်ပါသည်။

"ဆရာကြီးစားပါ၊ ကျနော်စားခဲ့ပြီးပါပြီ...."

"ဆရာကြီးစားပါ၊ ကျနော်စားခဲ့ပြီးပါပြီ...."

ဤအဖြေကို၊ဆရာကြီးဦးနန္ဒသည်မကြိုက်မနှစ်သက်သည့်အမူအရာက သူ၏မျက်နှာတခွင်တွင် ပေါ်လွင် နေ ပါ သည်။

ဆရာကြီး၏ အသွင်လက္ခဏာကိုရုတ်ချည်းအကဲခတ်တတ်သော ကိုအေးလွင်သည်။

"ဟုတ်ကဲ့ဆရာကြီး ကျနော်စားပါမယ်...."

"မင်းက ဟင်းမကောင်းလို့လား ..."

"မဟုတ်ပါဘူး...."

ဤကဲ့သို့ ပြောဆိုရာမှ

"ဟေ့မောင်လှအောင်၊ ထမင်းတပန်းကန်ယူခဲ့အုံးကွဲ့"

"ဟုတ်ကဲ့ ဖေဖေ...."

မကြာမီ....

ထမင်းတပွဲရောက်လာတော့သည်။

ကိုအေးလွင်သည် ဆရာကြီးနှင့်အတူ စားပွဲဝိုင်းထဲစား

သောက်နေပါသည်။

ထမင်းဝိုင်းတော့ပြီး၏။

အချိုဝိုင်းဖက်သို့ တဖန်ကူးကြပြန်သည်။အချိုဝိုင်းထဲတွင် စားချင်စရာကာများသည်။

ငှက်ပျောသီးချောက်၊ မုန့်စိမ်းပေါင်း၊ထန်းလျက်ခဲ၊ မြေပဲကျော်စသည့်၊

သူတို့နှစ်ဦးစားသောက်လို့ ပြီးသွားသည်။ ကိုအေးလွင်သည် ဘုရားကိုဝတ်ပြုလိုက်ပါသည်။ ၎င်းနောက်၊

ဆရာကြီးဘက်သို့လှည့်၍ ဝတ်ပြုလိုက်ပါသည်။

ဆရာကြီးသည် သောက်လက်စရှိသောလဘက်ရည်ကြမ်းပန်းကန်လုံးကို လင်ပန်းထဲသို့ချလိုက်ပြီး ဆုမွန်ကောင်းများပေးနေလေ့ရှိသည်။

"ဆရာကြီး...."

ထိုစကားသံကြောင့် ဆရာကြီးသည်ကိုအေးလွင်ကိုလှမ်းကြည့်လိုက်ပြီးနောက်။

"ဘာလဲမောင်အေးလွင်....'

ဤအမေးကြောင့်....

"ကျနော် သမထပညာစခန်းနဲ့ပတ်သက်လို့လိုအပ်မဲ့ အကြောင်းတွေကို သင်ပြစေလိုပါတယ်...."

ကိုအေးလွင်သည် ရိုသေစွာပြောဆိုလိုက်သည်။

'မောင်အေးလွင်ကို ဆရာကြီးကသိုက်အကြောင်းနဲ့ပတ်သက်ပြီး ကိုကိုအောင်နဲ့လာတဲ့အချိန်က ပြောဘူးတယ်'

'ဟုတ်ကဲ့....'

ကိုအေးလွင်က ဤသို့ပြောလိုက်ပြီးနောက်။

'မောင်အေးလွင် ...'

'ခင်ဗျာ....'

'စိတ်ပညာ၏တန်ခိုးကို လောဘ၊ ဒေါသစိတ်နဲ့ လေ့လာလို့မရနိုင်ဘူး၊ လောဘ ဒေါသစိတ်ကင်းသူတို့သာလျှင်လေ့လာနိုင်တယ်....'

'ဟုတ်ကဲ့ ဆရာကြီး....'

ကိုအေးလွင်သည် ခေါင်းကလေးတငြိမ့်ငြိမ့်ဖြင့် ရိုသေစွာ နားထောင်နေပါသည်။

'တန်ခိုးဟာ လောကီ ပညာရပ်ပင် ဖြစ်တယ်၊ ဒီတော့ သမထကမ္မဋ္ဌာန်းဆိုတဲ့ စိတ်ကို အခြေခံပြီးပေါ့ကွာ၊ ကိုလေသာ ကာမဂုဏ် အာရုံငါးပါးတို့ကိုခွာပြီး စိတ်၊ဆန္ဒ၊ဝီရိယ၊ဉာဏ်ဆိုတဲ့ ဣဒ္ဓိပါဒ်ကြီးလေးပါးအပေါ် အခြေစိုက်ရမယ်၊ အဲဒီလိုအခြေစိုက်အားထုတ်မှုကို နေ့ညမနား ကြိုးစားအားထုတ် ယူမှသာ အတိတ်နဲ့ပစ္စုပ္ပန်အကြောင်းနှစ်ရပ်ဟာ ဆက်စပ်မိမယ်နော်....'

'ဒါကြောင့် ကိုယ်တိုင်လေ့လာလိုက်စား ကျင့်ကြံအားထုတ်မှ ကောင်းကျိုးဆိုးကျိုးဆိုတာ မိမိအသိက ဝေဖန်ပိုင်းခြားနိုင်မယ်....'

'ယနေ့မျက်မှောက်ခေတ်က သိပ္ပံနဲ့ဝိဇ္ဇာ အားပြိုင်နေကြတယ်၊ အမှန်အတိုင်းဆရာကြီးပြောရရင်တော့ သိပ္ပံခေတ်ထွန်းကားနေတာပေါ့၊ ဒါပေမဲ့ သိပ္ပံခေတ်ဟာထာဝရထွန်းတောက်နေမယ်လို့ မထင်လိုက်နဲ့၊ ဝိဇ္ဇာခေတ်လဲ တဖန် သိပ္ပံခေတ်လိုတမျိုးတဖုံ စခမ်းထလာအုံးမယ်၊ လူတွေ အံ့သြလောက်အောင်

ဝိဇ္ဇာခေတ်ကို ရောက်လာအုံးမှာနော်....'

'အချို့ဂန္ဓာရီ ဝိဇ္ဇာလမ်းကို လိုက်စားကြတဲ့ ပုဂ္ဂိုလ် အချို့အဟာ အင်းအိုင်၊လက်ဖွဲ့၊ ဆေးဝါး၊ မန္တရား၊ အဂ္ဂိရတ်၊ အတတ်ပညာတွေကို မိမိကိုယ်တိုင် လေ့လာခြင်း၊ စူးစမ်းခြင်း မရှိဘဲ အရမ်းဏာရော လတ်ခံယုံကြည်နေကြတယ်၊ ဒုက္ခမရောက် သင့်ဘဲ ဒုက္ခရောက်ကြရသည်မှာလည်း မရေတွက် နိုင်ဘူး၊ ဘာကြောင့်လဲ သိလား မောင်အေးလွင်....'

၎င်းအမေးကြောင့်။

ကိုအေးလွင်က ခေါင်းကလေး ညွှင်သာစွာ ခါရမ်းပြ လိုက်ပါသည်။

'ဒီလိုကွဲ့.... လိုက်စားမဲ့လူက ကိုယ်ကျိုးရှာမဲ့ ဆန္ဒနဲ့၊ နောက်တချက်က လောဘကရှေ့ပြေးနေတယ်၊ နောက်အချက် က ဆန္ဒစောတဲ့ အပိုင်းတွေပါတယ်....'

ဆရာကြီးသည် ၎င်းသို့ပြောဆိုပြီးနောက် သောက်လက်စ ဆေးလိပ်ကို ဆက်ဖွာပြီးနောက် ကွမ်းအစ်ထဲမှ ကွမ်းတရာ ရာပြီး ဝါးစားနေပါသည်။ ကွမ်းရာ တမြုံ့လောက် ဝါးလိုက်သည်။ ၎င်းနောက် ကွမ်းတပစ်လောက် ထွေးလိုက်သည်။

'ဒါကြောင့် ဘယ်အရာမဆို ဆန္ဒ၊ စိတ်၊ ဝီရိယ၊ ပညာဟာ အလွန် အရေးကြီးတယ်....'

'တချို့လူတွေကထင်တယ်၊ ဝိဇ္ဇာလမ်း လိုက်တဲ့လူတွေ ဟာ အစွန်းရောက်တယ်လို့ထင်ကြတယ်၊ ဒီလိုလဲပြောလို့မရဘူး'

'မဟာဂန္ဓာရီလမ်းစဉ် ကျင့်ကြံတဲ့ အချို့ပုဂ္ဂိုလ်တွေဟာ ဗုဒ္ဓရဲ့ အဆုံးအမသြဝါဒကို တသွေမတိမ်းလိုက်နာ ကျင့်ကြံ

အားထုတ်တဲ့ ပုဂ္ဂိုလ်တူး ပုဂ္ဂိုလ်မြတ်တွေဟာ မြန်မာပြည်မှာ မနည်းပါဘူး....'

'ဂန္ဓာရီ ကျင့်ကြံတဲ့အခါမှာ အလွန်စိတ်တန်ခိုးထက်မြက်မှုတွေကို တွေ့မြင်ရ ပြုလုပ်ဖန်ဆင်း စျာန်အဘိဉာဉ်တွေရရှိပြီး အဲဒီလိုရရှိတဲ့ ပုဂ္ဂိုလ်တွေဟာ ဗုဒ္ဓရဲ့ အနတ္တလက္ခဏာကို ပြန်လည်သုံးသပ် လေ့လာအားထုတ်စေတယ်၊ ဒါမှမိမိတို့ရည်မှန်းထားတဲ့ သမထဝိပဿနာဆိုတဲ့ တရားထူးတွေရမှာပေါ့၊ ဒို့မြန်မာပြည်က ဝိဇ္ဇာလမ်းစဉ်ကတော့ အခြားနိုင်ငံကကျင့်တဲ့အကျင့်မျိုးတွေနဲ့မတူဘူးဆိုတာ သိဖို့လိုသေးတယ်....'

'အချို့ပုဂ္ဂိုလ်တွေဟာ အကျင့်တရားကိုလဲမသိ၊ အကျင့်တရားမှ ရရှိတဲ့အကျိုးတရားရဲ့လေးနက်မှုကို ကိုယ်သိကိုယ်တွေ့မဟုတ်ဘဲ ဟိုကျမ်းဖတ်၊ ဒီကျမ်းဖတ်ဆိုတဲ့သဘောနဲ့ မိမိအယူအဆနဲ့ မတိုက်ဆိုင်ရင်ဘဲ အဲဒီတရားဟာ အမှားဘဲလို့ ထင်ရာပြော ထင်ရာရေးကျတာကို ဖတ်ဖူးတယ်....'

'ဒါကြောင့် ဘာသာတရပ်ဖြစ်စေ၊လုပ်ငန်းတခုဖြစ်စေ၊ ကိုယ်တိုင်လုပ်ကြည့်ပါ၊ မှတ်သားပါ၊ လေ့လာပါ၊ ဒီတော့မှ ကောင်းမကောင်း ပြောကြဖို့ အရေးကြီးတယ်နော်၊ ကိုယ်မပိုင်တဲ့ ဘာသာတရပ်၊ သို့မဟုတ် အလုပ်ကိစ္စတခုကို ဝေဖန်ရေးသားတော့မယ်ဆိုရင် တကယ် ကျင့်ကြံ အားထုတ်တဲ့ ပုဂ္ဂိုလ်တွေရဲ့ အကဲ့အရဲ့ကို ခံရမှာ အမှန်ဘဲ....'

ဆရာကြီးဦးနန္ဒသည်ဤသို့ပြောဆိုပြီးနောက် ကိုအေးလွင်အားအိမ်ပြန်ရန် နှိုးဆော်လိုက်ပါတော့သည်။

# ၁၇

အလင်းကသိုဏ်းကြောင့် ကျင့်သားရရှိပြီးသော သူ့မျက်လုံးအစုံက အားကောင်းနေလျက်ရှိပါသည်။

သမာဓိအားကြောင့် သူ့မျက်လုံးများက တနေရာသို့ စူးစိုက်ခြင်းကား မျက်တောင်မခပ်ဘဲ ကြည့်နေပါတော့သည်။ သူကြည့်နေသော ကောင်းကင်ပြင်၏ တနေရာတွင်အရောင်များ လင်းလျက် ပေါ်တချီ ပျောက်တလက် ဖြစ်နေ၏။

အကြောင်းမူ။

ကောင်းကင်ပြင်ဝယ် ရောင်ပြန်များသည် လှုပ်ရှားလျက်ရှိ၏။ တည်မြဲနေသော နေရောင်ဖြင့် ဆန့်ကျင်ရောင်ပြန်မှုများသည် ကောင်းကင်ပြင်ဝယ် လင်းတလက်လက် ဖြစ်ပေါ်နေသော အကြောင်းကို သူစဉ်းစားမိတော့သည်။

တခါတရံ

သူသည် ရေထဲ၌သွားနေသော ငါးကလေးများ သဖွယ် တလှုပ်လှုပ်ဖြင့် အလင်းရောင် များသည် မြူးကြွ လှုပ်ရှားနေသည်ကို တွေ့ရသောအခါတွင် အံ့သြရပြန်သည်။

သူသည် အထက်ဖော်ပြပါ အကြောင်းအရာတွေကိုလ ပေါင်းများစွာ ကြည့်ရှုရပါသည်။

ဤသို့ကျင့်ဖန်များလာတော့၊

ကောင်းကင် ပြင်သည် ပကတိကြည်လင်နေ၏။

ကိုအေးလွင်၏ မျက်လုံးအစုံသည် ကောင်းကင်ပြင်သို့စူး စိုက် ကြည့်လိုက်သော် အဖြူရောင် အဆင်းရှိသော ဖလ်ဂေါ လီလုံးသဏ္ဍာန် လုံးလုံးသဏ္ဌာန် တခုသည် ကောင်းကင် ပြင်ဝယ် ပြေးလွှားလှုပ်ရှား နေသည်ကို တွေ့ရပြန်သေးသည်။

ဇင်းဖလ်ဂေါလီ လုံးသဏ္ဍာန် ရှိသော အလုံး ကလေး တနည်းဆိုသော် ကသိုဏ်းဝန်းပုံသဏ္ဌာန်သည် တနေရာမှတနေရာ သို့ ပြောင်းလွဲနေခြင်းကိုမူ ကိုအေးလွင်အဖို့ ကြည့်ရှုနေရာမှ စိတ် သည် ပြေးလွှား လှုပ်ရှား နေသော ဖလ်ဂေါလီလုံး နောက်သို့ လိုက်သွားချေ၏။

တွေ့မြင်ရပေါင်း များလာချေပြီ၊

ဇင်းအာကာသ ကသိုဏ်းဝန်း ကလေးသည် တနေရာထဲ တွင် တည်ငြိမ်မှု ပြေးလွှားခြင်း ပျောက်ကွယ်ခြင်း မရှိအောင် သူ့စိတ်က ဖမ်းယူထားလိုက်ပါတော့သည်။

ဤနေရာတွင် စိတ်က ဖမ်းယူထားခြင်းမူ၊ သမာဓိ ရင့်ကျက်မှု ပေါ်တွင် တည်လျက်ရှိနေ၏။ တခုတည်းသော အာရုံ ပေါ်တွင် ပြောင်းလွဲခြင်းမရှိခြင်းကြောင့်၊ ကိုအေးလွင်တွေ့မြင်ရ သော ဖလ်ဂေါလီခေါ် (Crystal) လုံးသဏ္ဌာန် ရှိသော ကသိုဏ်းဝန်းကလေးသည်တနေရာမှတနေရာသို့ ပြေးလွှားနေခြင်း မရှိတော့ချေ။ တနေရာတည်းတွင် တည်ငြိမ်လျက်ရှိနေပါတော့ သည်။

ဤသို့........

ကိုအေးလွင်သည် ကသိုဏ်းဝန်းကို ကြည့်ရဖန်များလာသော အခါတွင် ကောင်းကင်ပြင်ဝယ် ပေါ်လွင် နေသော (Crystal) ဖလ်ဂေါလီမှတခု (Crystal) သည်ပျောက်ကွယ်ခြင်းမရှိတော့ချေ။ သူသည်ကြည့်နေရာမှ တဖန် ၎င်း(Crystal) ဖလ်ဂေါလီလုံးပုံသဏ္ဍာန်ကသိုဏ်းဝန်းသည် တဖြေးဖြေးနှင့်သေးငယ်ခြင်းမရှိတော့ဘဲ၊ စိတ်သဏ္ဍာန်၌ နိမိတ်ပေါ်လွင်သလို ဖြစ်ပေါ်လာပါတော့သည်။

အကြောင်းမူ........

၎င်း (Crystal) ဖန်ဂေါလီလုံး သဏ္ဍာန် ကသိုဏ်းဝန်းကို ချဲ့သလိုချဲ့နိုင်၏။ ကြည့်ရင်း ကြည့်ရင်းနှင့်ပင် ၎င်းအဝန်းများသည် တဖြေးဖြေးကျယ်ဝန်းလာတတ်ပါသည်။

နေ့တနေ့၊

ကိုအေးလွင်သည် မိမိအိမ်ရှိမီးလုံးကို ရုပ်တရက်ငေးစိုက်ကြည့်ရှုမိပါသည်။ ဤသို့ ငေးကြည့်နေရာမှ အကြောင်း တခု ရုတ်ချည်း ပေါ်လွင်လာတော့သည်။ သူ့မျက်လုံး အစုံသည် ၎င်းမီးလုံးဆီမှ ခွာ၍မရအောင် ဖြစ်သွားပါတော့သည်။

သူကြည့်နေသော မီးလုံးကို တဖြေးဖြေးနှင့် အခြားတဖက်သို့လှဲပြောင်း လိုက်သောအခါတွင် သူ၏မျက်လုံး နှစ်လုံးတွင် မီးလုံးများတလုံးစီပေါ်လွင်နေကြောင်း တွေ့ရသည်။ ယင်းကဲ့သို့ တွေ့လိုက်ရသော ပြရုပ်ကို သူသည် မီးလုံးမှ ဖြစ်လာသည်ဟု ယူဆသည်။

သို့သော်........

သူ့အယူအဆကမူ မူလအခြေခံအတွေးပင် ဖြစ်ပေလင့်၊အမှန်တွင်မူ ဘယ်အရာဝတ္ထုပင်ဖြစ်သော်လည်း သူသည် အသေအချာကသိုဏ်းနိမိတ် ပေါ်လွင်အောင် ကြည့်ရှု လိုက်သောကြောင့်ဤသို့အရာဝတ္ထုတခုသည် မျက်စိ နှစ်လုံးတွင် အရာဝတ္ထုနှစ်ခုပေါ်လွင်နေပါတော့သည်။

အရာဝတ္ထုတခုကို မျက်စိ နှစ်လုံးတွင် ပေါ်လာအောင်ကြည့်ရှုရသော အခါတွင်မူ မူလပထမတွင် မိမိကြည့်နေသောအရာဝတ္ထုသည်တခုတည်းက မျက်စိနှစ်လုံးတွင် ပေါ်လွင်၏။ပမာဆိုမူ ရိုးရိုး သာမန် လူတဦး တွေ့မြင်ရသော အခြေအနေပကတိတွင် ရှိတတ်သော သဘောမျိုးကဲ့သို့ပင်။

အရာဝတ္ထုကို တခုတည်းပင် တွေ့မြင် ရတတ်သည်။ ကသိုဏ်း လေ့လာလိုက်စား ကျင့်ကြံတတ်သော သူတွေအဖို့ အရာဝတ္ထုတခုကို ကသိုဏ်းဝန်းလုံးသဏ္ဍာန် ပြုလုပ်ဖန်တီးပြီးနောက် တဖြေးဖြေးနှင့် ဘယ်ဘက်မျက်လုံးမှ တဖန်ညာဘက်မျက်လုံးတွင် ၎င်းအရာဝတ္ထု တခုပေါ်လာနိုင်ရန် ဆွဲလိုက်ခွာလိုက်ဖြင့် ရှိနေတတ်ပါသည်။

ဤသို့ ဆွဲလိုက်ခွာလိုက်ဖြင့် ရှိနေသောအခါတွင် မိမိ၏စိတ်သဏ္ဍာန်ကမူ တဖြေးဖြေးနှင့် မျက်လုံး နှစ်လုံးစလုံးထဲတွင် တခုစီဖြစ်ပေါ်လာအောင် ဆောင်ရွက်လေသည်။

ကိုအေးလွင် ကျင့်ကြံအားထုတ်သော ကသိုဏ်းအကြောင်း အချက် အလက် များကို ပြန်လည် လေ့လာကြည့်ပါက

( Doctor From Lhasa) စာအုပ်ထဲတွင် ရေးထားသော အကြားအမြင် ပေါက်ရောက်ခြင်းဆိုသော Clair. voyance အကြောင်းကိုမူ—

When I was quite young I had a special operation which was called the opening of the third eye. In it a silver of hard wood, which had been soaked in special herbal solutions, was inserted in centre of my forehead in order to stimulate a gland which gave me increased powers of Clairvoyance.

သမာဓိ အားကောင်းသောအခါ နဖူးတည့်တည့်တွင်ရှိသော ဥကျောက်ခွံ အဝိုင်းကြီးထဲသို့ ဝင်ရောက်နိုင်အောင်အာရုံကို ပြုလုပ်ဖန်တီးစေပြီး၊ သိလို့ ကြားလို့ မြင်လိုသော အကြောင်းရပ်များသည် ပေါ်လွင်လာနိုင်ခြင်း ဖြစ်သည်ဟု ဆိုလိုပေသည်။

နေ့တနေ့။

ညနေဘက် (၄) နာရီကျော်၊

သူတို့ နှစ်ယောက်လည်း ပါဝင်သည်။

ကိုအေးလွင်နှင့် ကိုကိုအောင်။

မြက်ခင်းပြင်ပေါ်တွင် အစည်းအဝေး တခုကျင်းပလျက် ရှိပါသည်။ ၎င်းအစည်းအဝေးမှာ....

လူထုဆန္ဒခံယူထောက်ခံပွဲ၊

အစည်းအဝေးတခုဆိုတော့ လူစုလူဝေးများတော့၊ လူတော်တော်များများပင်ပါဝင်လှုပ်ရှားနေကြပါသည်။

အစည်းအဝေးစတင်ကြောင်း ကျေညာလိုက်သည်နှင့်တပြိုင်နက်လှုပ်လှုပ်ရွရွဖြစ်နေသော လူထုကြီးမှာ အတော်ဏလေး ငြိမ်သက်လာပါတော့သည်။

အစည်းအဝေး စင်မြင့်ပေါ်တွင် အစီအစဉ် ဖတ်ကြားသော အခန်းအနားမှူး၏ အသံသည် ပျောက်ကွယ်သွားပြီးနောက်၊ဟောပြောရမည့်ပုဂ္ဂိုလ်သည် စကားပြောခွက်နားသို့ချဉ်းကပ်လျက် ဟောပြောနေပါသည်။

ကိုအေးလွင်သည် စင်မြင့်ပေါ်ရှိ ဟောပြောနေသော ပုဂ္ဂိုလ်အားစူးစိုက်ကြည့်လိုက်မိသည်။ ၎င်းနောက် သူ့မျက်လုံးများကို တဘက်သို့လွှဲပြောင်းခြင်းမပြုပဲ အချိန်အနည်းငယ်ကြာမြင့်တော့မှ အခြားတဖက်သို့ လွှဲပြောင်းသွားပါတော့သည်။

ဧကောင်းကင် ပေါ်သို့ ရုတ်ချည်းကြည့်လိုက်သည်။ သူစူးစိုက်ကြည့်လိုက်မိသော စင်မြင့်ပေါ်တွင် ဟောပြောနေသော ပုဂ္ဂိုလ်၏ပုံသဏ္ဍာန်သည် ကောင်းကင်ပြင်ဝယ် ထင်ဟပ်ပေါ်လွင်နေပါသည်။

ယင်းဖြစ်ရပ်ကို နံဘေးတွင်ထိုင်နေသော ကိုကိုအောင်အား ပြောပြလိုက်ပါသည်။

ကိုကိုအောင်သည် အနည်းငယ်တွေးတောလိုက်ပြီးမှ ဤသို့ပြန်ပြောလိုက်ပါသည်။

'သူငယ်ချင်းဖြစ်ရပ်က ကသိုဏ်း ကြည့်နေတဲ့ ပုဂ္ဂိုလ်ဆိုတော့ နိမိတ်သုံးပါးကို ပြန်လည်သုံးသပ်ဘို့လိုတယ်....'

ကိုကိုအောင်က ဤသို့ ပြောလိုက် ပါတော့သည်။ကိုအေးလွင်ကပတ်ဝန်းကျင်၏အရိပ်အခြေအနေကိုပြန်လည်သုံးသပ်

ကြည့်လိုက်သောအခါ ဤနေရာတွင် သူပြောလိုသော စကားများပြောဆိုရန် မသင့်ဟူသည်ကို သူနားလည်သဘောပေါက်မိပါတော့သည်။

ထို့ကြောင့် ကိုအေးလွင်သည် အစည်းအဝေး ပြီးသည်အထိသူခံစားနေရသော အာရုံနိမိတ်အကြောင်းများကို ပြောပြလိုသည်။ တနည်းဆိုသော် ဤအကြောင်းနှင့်ပတ်သက်၍ ဆက်လက်ဆွေးနွေးလိုပါသေးသည်။ ရုတ်ချည်း ဖြစ်ပေါ်လာသောဆန္ဒကြောင့် သူ၏ စိတ်တွေမှာ တမျိုးတဖုံ ပြောင်းသွားပြန်သည်။

ကိုကိုအောင်ကို လက်တို့ပြီး အပြင်သို့ထွက်ရန် ပြုလုပ်လိုသော်လည်း ဤနေရာမျိုးတွင် မိမိတို့နှစ်ဦးတည်းမှု အခြေအနေအရကိစ္စမရှိပေ။ ခုတော့အများနည်းတူ အခြေအနေကို သုံးသပ်ရန်လိုပြန်သေးသည်။

အစည်းအဝေးကတော့ပြီးချေ၏။

သူတို့နှစ်ဦးသည် လက်ဖက်ရည်ဆိုင်သို့ ရောက်ရှိလာကြပါတော့သည်။

'ကဲ သူငယ်ချင်း ဘာသောက်မှာလဲ....'

'ငါကြိုက်တတ်တဲ့ အကြောင်း မင်းသိထားတာဘဲ'

ကိုကိုအောင် ၏ စေ့ဒကာ ကြောင့်၊

'ကော်ဖီတခွက်နဲ့လက်ဖက်ရည်....'

ဤသို့လှမ်းပြောလိုက်သော အသံကြောင့်၊ လက်ဖက်ရည်ဆိုင် စားပွဲထိုးသည် သူတို့ မှာထားသည့်အတိုင်း လာရောက်ချပေးလိုက်ပါတော့သည်။

ကိုအေးလွင်သည် လက်ဖက်ရည်အနည်းငယ် သောက်လိုက်ပြီးနောက် သူ့ရင်ဝယ်ခံစားနေရသော အကြောင်းအချက်များကို ဆက်လက်ပြောပြနေပါတော့သည်။

ထို့ကြောင့် ကိုကိုအောင်သည် အာရုံနိမိတ် (၃) ပါး အကြောင်းနှင့် ပတ်သက်၍ သူဖတ်ခဲ့ဘူးသော ကျမ်းတွေထဲက ကောင်းနိုးရာရာကို ပြောပြနေပါတော့သည်။

ကသိုဏ်းဝန်းကို စူးစိုက်ကြည့်ရှုခြင်းနှင့် စျာန်ဝင်စားတဲ့ ကိစ္စမှာတော့ ဗရိဘာဂနိမိတ် ပေါ်လာအောင် အားထုတ်ရတာဟာ အလွန်အရေးကြီးသော အချက်တရပ်ဖြစ်ပါတယ်။

နောက်တချက်ကတော့ ပရိကမ္မနိမိတ် (ပကတိကသိုဏ်းဝန်း) ဥဂ္ဂဟနိမိတ်(ပကတိကသိုဏ်းဝန်းပြောင်းလဲ ဖြစ်ပေါ်လာသော အာရုံနိမိတ်) ပရိဘာဂနိမိတ် (ဥဂ္ဂဟ နိမိတ်ထက်အဆပေါင်း ရာထောင်မက ပိုမိုချောမွေ့ပြောင်လင်းသော အရောင်အဆင်းကြည်လင်တောက်ရှန်းလာသောနိမိတ်) လို့ကျမ်းအရဆိုတာဘဲ။

'နောက်တချက်ရှိသေးတယ်၊ အမှတ်စဉ် (၁) အနေနဲ့ကတော့ ပရိကမ္မသမာဓိ၊ ဉပစာရသမာဓိ၊(အပ္ပနာသမာဓိ၏ အနီး၌ဖြစ်သော အဆင့်၊)အပ္ပနာသပာဓိ (မြင့်မြတ်သိမ်မွေ့သောအာရုံ၌တည်နေသောအဆင့်)ဟူပြီး၊သမာဓိအဆင့်သုံးဆင့်ရှိတယ်၊ အဲဒီလိုသမာဓိ သုံးပါးသိပြီးနောက် ပရိဘာဂနိမိတ်ကိုမရရှိဘဲ စျာန်ဝင်စားလို့မရနိုင်ဘူး....'

အာရုံနိမိတ် (၃) ပါးနှင့် သမာဓိ (၃) ပါး အကြောင်းကို သိလိုက်ရပါတော့သည်။

ဤသို့ ကိုကိုအောင်၏ ပြောပြချက်ကို နားထောင်ပြီး နောက် ကိုအေးလွင်က ပြန်ပြောပြန်သေးသည်။

'ခုတလော လမ်းပေါ်ရောက်လာရင် မော်တော်ကား တွေ၏ မှန်ရဲ့ရောင်ပြန်ဟပ်တဲ့အလင်းရောင်တွေဟာ ငါ့မျက်စေ့ ကို လာရောက်ဟပ်မိတဲ့အခါ အဲဒီဟပ်လိုက်တဲ့အရောင်အဆင်း ကြီးဟာ ကောင်းကင်ပြင်ကိုကြည့်ကြည့်၊ အခြားအရာဝတ္ထုကို ဘဲ ကြည့်ကြည့်၊ ဒီ အရောင်အဆင်းတန်းဟာ ပျောက်ကွယ် မသွားဘဲ ၎င်းအရာဝတ္ထုပေါ်မှာ ထင်ပေါ် နေတော့တယ်....'

မျက်စိမှိတ်လိုက်တဲ့အခါတွင် အရောင် အဆင်းတန်းကြီး ဟာပေါ်လာပြန်တယ်။

ဒါပေမဲ့ အဲ့ဒီအရောင်အဆင်း ရောင်ပြန်ဟပ်တဲ့ အ ကြောင်းတွေကြောင့် ငါ့မျက်စေ့တွေပျက်စီးချို့ယွင်းသွားခြင်း တော့မရှိဘူး။

ကိုကိုအောင်သည် ကိုအေးလွင်၏ ပြောစကားကို နား ထောင်နေရာမှ သူ၏အင်္ကျီအိတ်ထဲမှ စီးကရက်ဗူး နှိုက်ယူပြီး မီး ညှိလိုက်သည်။

'ကဲ သူငယ်ချင်းပြန်ကြရအောင်...."

ဤစကားဆုံးသည်နှင့်သူတို့နှစ်ဦးသည်အိမ်သို့ပြန်ကြလေ သည်။

# ၁၈

ကိုအေးလွင်တယောက်တည်း ဇိမ်ယူပြီး စာဖတ်နေ၏။ လှေခါးဆီမှလူတယောက် တက်လာသောခြေသံများက သူ စာကြည့်နေခြင်းကို အနှောင့်အယှက်ပေးလိုက်ပါတော့သည်။ ခြေသံတွေက ပြင်းသည့်အတွက် တဒုံးဒုံးနှင့်ဆူညံစွာရှိနေပါသည်။

ဤနေ့ကား တနင်္ဂနွေနေ့။

တံခါးကိုအရှိန်ပြင်းစွာ ခေါက်လိုက်သော အသံကြောင့် ကိုအေးလွင်သည် တံခါးမရှိရာသို့ ပြေးသွား၍ တံခါးဖွင့်လိုက်ပါတော့သည်။

"မပြောမဆိုနဲ့ကွာ၊ ဘယ်ကလမ်းမှားပြီး လာကြတာလဲ..."

"မင်းအမေးကို ဒို့မဖြေနိုင်သေးဘူး၊ ဒို့ကိုဘာနဲ့ညှော်ခံ မလဲဆိုတာ အရင်ပြောပါ...."

ဤသို့စကားအချီအချပြောဆိုရင်းဖြင့် အိမ်ထဲသို့ အတူလိုက် ဝင်ရောက်လာကြပါသည်။

အားလုံးပေါင်း ယောကျ်ားငါးဦး။

အိမ်ရှေ့ညှော်ခန်းရှိ ကုလားထိုင်များပေါ်တွင် ဝင်ထိုင်ကြပါသည်။

ကိုအေးလွင်မျက်စိထဲတွင် တွေ့ရသူအားလုံးမှာ မိတ်ဆွေရင်းချာများ ဖြစ်နေပါသည်။

"ဘာအကြောင်းထူးများရှိလို့ မင်းတို့လာသလဲ၊ အဲဒါကိုမှန်မှန်ပြောနော်၊ ဘချစ်ကတော့ ကိစ္စထူးမရှိရင်ဘယ်သူငယ်ချင်းအိမ်ကိုမှ လည်တတ်တဲ့လူမျိုးမဟုတ်ဘူး"၊

ကိုအေးလွင်၏စကားသံကြောင့် အားလုံး ဝိုင်းရယ်ကြပါတော့သည်။

"သိပ်ရှိပေါ့သူငယ်ချင်း...."

ကိုကိုအောင်က ဤသို့ဝင်ပြောလိုက်ပါသည်။

"ဘာလဲ၊ ဘငြိမ်းကနယ်လှည့်စာရင်းစစ် အရာရှိဆိုတော့ ဒို့အတွက် နယ်က လက်ဆောင်မွန်တွေများ ပါလာသလားလို့ပါကွာ...."

ကိုအေးလွင်သည် ကိုဘငြိမ်းဘက်သို့ ဦးတည်ပြောလိုက်ပါသေးသည်။

"ဒီမှာအေးလွင်၊ မင်းရယ် ကိုကိုအောင်ရယ်က တရားသမားတွေဆိုတော့ ဒို့ရခဲ့တဲ့သတင်းထူးကို ပြောပြမလို့ လာခဲ့တာကွ...."

ကိုဘချစ်က ဤသို့ပြောလိုက်ပါသည်။

'သတင်းထူး....'

ကိုအေးလွင်က ဤသို့ အာမေဋိတ်သံဖြင့် မေးလိုက်ပါသည်။

'ဒီလိုပါကွာ။ ဘငြိမ်းကစာရင်းစစ်အရာရှိဆိုတော့ သူသွားစစ်ရတဲ့ မင်းဘူးမြို့က အမှုထမ်းတွေလိုက်ပို့လို့ထူးဆန်းတဲ့

အကြောင်း မင်းကိုသတင်းလာပါးတာဘဲ—'

'ဘာသတင်းလဲဘချစ်ရယ်၊ ရေဝတီမြစ်ထဲမှာမိချောင်းပေါ်တဲ့ သတင်းလား....'

'ဒီကောင်ဟာလေ၊ အကောင်းပြောမှန်းမသိ၊ အဆိုးပြောမှန်းမသိ၊ နောက်ပြောင်ချင်တဲ့ ဥာဥ်ကလေးဟာ ခုထိ မပျောက်သေးဘူး....'

'ဒီလိုဆို ကောင်းပါပြီခင်ဗျား၊ ထူးဆန်းပုံကလေးကိုလည်း မိန့်ရှိတော်မူပါ....'

'နားထောင်စေ....'

ကိုဘငြိမ်းက ဝင်ထောက်လိုက်ပါသည်။ ဦးစွာ နားထောင်ခဲ့ကြသောသူများပင်အထူး စိတ်ဝင်စားပုံရကြလေသည်။ ခုတဖန်ကိုအေးလွင်အား ပြန်လည်ဖောက်သည်ချလိုက်ပြန်တော့ သူတို့၏စိတ်အစဉ်သည် အေးငြိမ်းလျက်ရှိနေပါသည်။

'ဒို့ စာရင်းစစ်အဖွဲ့ကို အရာရှိတဦးကဦးဆောင်ပြီးတော့ မင်းဘူးနဲ့ ၆ မိုင်ဝေးတဲ့ ရွာကြီးတရွာဆီကိုခေါ်သွားတယ်၊ ဟိုရောက်တော့ ခြေတံရှည်အိမ်ပေါ်ထပ်မှာ ဓာတ်ခန်းတခု ဖွင့်ထားတယ်၊ အဲဒီဓာတ်ခန်းရောက်ပြီး မကြာမီဘဲဒို့ကိုရန်ကုန်က စာရင်းစစ်တွေဖြစ်ကြောင်း၊ အဲဒီဓာတ်ခန်းမှာရှိတဲ့ပုဂ္ဂိုလ်တချို့ကိုမိတ်ဆက်ပေးလိုက်ပြီး သူတို့ အချင်းချင်း စကားပြောကြတာဘဲ....'

အချိန်အနည်းငယ်အတွင်း....

ကြွလာတော့မယ်ဆိုပြီး ဘုန်းကြီးတပါး ပြူတင်းပေါက်က ဝင်လာတာတွေ့ရတယ်၊ ဒီဘုန်းကြီး ပြူတင်းပေါက်က ဝင်

လာတော့ငါ့အထင်နဲ့ဘေးမှာလှေ၊ဧါးများရှိလားဆိုပြီး ပြူတင်းပေါက်ကိုလှမ်းကြည့်မိတယ်။ဘာတခုမှ မတွေ့ရတော့ အထူး အဆန်းဖြစ်နေတာပေါ့’

အဲဒီဘုန်းကြီးဟာ ခေတ်ခန်းထဲမှာထိုင်ပြီး....

‘ကဲ....ဒကာတို့က ရန်ကုန်က ဧည့်သည်တွေဆိုတော့ ထူးဆန်းတဲ့ ပစ္စည်းလေးတွေပေးရအုံးမယ်’

ကဲလက်အုပ်ချီခိုင်းပြီး လက်နှစ်ဖက်ပြန်ခွာတဲ့ အချိန်မှာ ရှင်သီဝလိ၊ တခြားသူတွေကတော့လည်း မယ်တော် သူရဿတီ ပုံတော်၊ တချို့လည်း ရုတ်ချည်းလက်နဲ့ကြမ်းကိုပွတ်ဆွဲလိုက်တာနဲ့ ပုတီးရကြတယ်’

ကိုအေးလွင် ဤသို့သောစကားကို ကြားလိုက် ရတော့ အတော်ပင်အံ့ဩမိသည်။

ကိုဘငြိမ်းစကားဆုံးသည်နှင့်တပြိုင်နက်ကိုဘချစ်ကကြားဝင်၍ ပြောလာသည်။

‘အဲဒီကို မင်းနဲ့ငါသွားကြမယ်၊ လိုက်မယ်မဟုတ်လား’

‘ကောင်းသားဘဲ’

‘မင်းလိုက်မှာ သေချာတယ်ဆိုရင် အစီအစဉ် လုပ်မယ်လေ....’

‘နေအုံးကွ—’

‘ငါခွင့်အရင်ယူလိုက်မယ်၊ မင်းနောက်နေ့ ကျရင် လာကြည့်အုံးလေ....’

ဤသို့ ကိုဘငြိမ်း တွေ့ခဲ့ရသော အကြောင်းရပ် တွေကို စဉ်းစားရင်း ငေးငိုင်နေကြပါတော့သည်။

တိတ်ဆိတ်ခြင်းကို ထိုးဖောက်လိုက်သော စကား သံမှာ

'ဟော့ ဘချစ်၊မင်းက ငါ့တယောက်တည်း ခေါ်နေတာ ကိုကိုအောင်ကိုလဲ အဖော်စပ်ပါအုံး...'

ကိုအေးလွင်က ဤသို့ပြောလိုက်သည်။

'အေး....ကောင်းသားဘဲ....'

ကိုဘငြိမ်းက ကြားဝင်ထောက်ခံလိုက်ပါသည်။

'မင်းတို့က ငါ့ကိုခေါ်ဖို့ ပြောနေကြတာက ကောင်း ပါတယ်၊ ဒါပေမဲ့ ငါမကြာခင်က ခရီးသွားထားတော့နောက် ထပ်ခွင့်ယူဖို့ မဖြစ်ဘူးကွ။ မင်းနဲ့ ဘချစ်တို့ဘဲသွားကြပေါ့'

သူငယ်ချင်း စကားပြောရတာမောသွားပြီကွာ၊ဒီတော့ တခုခုသောက်ဖို့ မောင်ရင့်ဒါလင်ကို စည်းရုံးအုံးနော်....'

'စိတ်ချပါ မင်းတို့အတွက် သောက်ရေအိုးထဲမှာ မနက် ကဘဲ ရေအပြည့် ထည့်ထားသေးတယ်'

'ကောင်းကွာ....'

ကိုဘငြိမ်းက နဖူးပေါ်လက်တင်ပြီး စုပ်သတ် လိုက်ပါ တော့သည်။

'မင်းတို့ အတွက် ငါ့အနေနဲ့ ဒီလောက်စေတနာထားရ တာ လွယ်တာမှတ်လို့....'

'ဘာကြောင့်....'

'အခြားစားသောက်ဖွယ်ရာတွေ ကျွေးမွေးပြုစုရင်ဘာဆို မှ ရမှာမဟုတ်ဘူး၊ ဒါကြောင့် ရေလှူတဲ့အကျိုး (၁၀)ပါး ဆို တာလေ'

'အေး....ဟုတ်သားဘဲ....'

'ဒါပေါ့ အေးလွင်ရယ် မင်းက ဘုရားဖြစ်မဲ့ အုတ်ခဲဆို တော့....'

ကိုဘငြိမ်းဏ ဤသို့ဝင်ပြောလိုက်သည်၊

'ကဲပါ စားချင်တာကိုသာပြော'

'လက်ဖက်ရည်နဲ့ မုန့်ရရင်ပြီးပါတယ်'

ကိုအေးလွင်မှာ နောက်ဖေးသို့ဝင်သွားပြီး မကြာမီအိမ်ရှေ့ခန်းတွင်လာဘက်ရည်နှင့် မုန့်ပန်းဏန်များ ရောက်ရှိလာသည်။

'သူငယ်ချင်း အဝစားနော်....'

'အေးပါ'

'ဓောဝ်ဖီကလဲ့ သကြားတောင်မပါဘူး ပေါ့နေတယ်....'

'မင်းတို့ ဂျီးကိုများတယ်'

စားသောက်ပြီး နောက် ကိုကိုအောင်ကပင် စတင်၍ ကိုဘချစ်ဘက်သို့ လှည့်ပြီး ပြောလိုက်ပါသည်။

'ဘချစ် မင်းသွားချင်တာက ဘာအကြောင်းရှိလို့သွားချင်တာလဲ'

အတွို အထောင်သဘောမျိုးဖြင့် ကိုဘချစ်အား လှမ်းမေးလိုက်သောအခါ....

'ဒီလိုပါကွာ ဘငြိမ်းအပြောအရ ထူးဆန်းနေလို့ပါ'

'ဟုတ်ရဲ့လားကွ'

'ဟုတ်ပါတယ်'

'မသိပါဘူး မင်းကျန်တဲ့ ရက်တွေတုန်းဏ ဟိုဆရာဆီ သွားပြီး မင်းအိမ်ရောင်းဖို့ကိစ္စ လိုက်မေးနေတာကြားလို့ ဒီကိစ္စ တွေများ ပါနေသေးလားလို့ပါ'

'အေးပေါ့ကွာ တချက်ခုတ် နှစ်ချက်ပြတ် ဆိုသလိုပေါ့'

'မင်းကလဲ ငွေခလေး ရှင်နေတဲ့ လူဆိုတော့ ဘာများ လုပ်ကိုင်ရှင် သူဌေးဖြစ်နိုင်တဲ့အကြောင်းတွေ မေးချင်ပြီ ထင်တယ်'

'ဒါပေါ့ကွ လောကမှာ စည်းစိမ်ဥစ္စာ ကြွယ်ဝတာကို မလိုချင်တဲ့လူ ဘယ်ရှိပါ့မလဲ၊ လိုချင်တဲ့ လူတွေချည်းဘဲ'

'ဟုတ်ပါတယ်၊ ဒါပေမဲ့ မင်းက လောဘ သားကောင် ဖြစ်နေတာ းက်တယ်'

'ဘာကြောင့်....'

'ဘယ်နေရာက ဗေဒင်ဆရာကမှန်တယ်၊ဘယ်ဘုန်းကြီးက တန်ခိုး သိဒ္ဓိရှိတယ်၊ ဘယ်လက္ခဏာဆရာက မှန်တယ်ဆို မင်း အရင်ပြေး မေးတယ်လေ'

'ဒါတော့ မေးရမှာပေါ့၊ ငါကမင်းတို့လို အစိုးရ လခ စား မဟုတ်ဘူး၊ အချိန်တန်လခရတဲ့လူဆိုရင် မေးဖို့မလိုပါဘူး၊ ခုတော့ စီးပွားရေးသမားဆိုတော့ ရှိတဲ့ ငွေလေးပျောက်သွား မှာ ကြောက်လို့ဟေ့'

ကိုဘချစ်သည် မခံချင်သော အသံဖြင့် ပြောဆိုလာတော့ သည်။

ကိုဘချစ်စိတ်ဆိုးသောအသံကြောင့် အခန်းတခုလုံးတွင် စကားပြောသံ များသည် အနည်းငယ် တိက်ဆိတ် ငြိမ်သက် သွားလေသည်။

မကြာမီ

ကျနော် တွေ့ကြုံဘူးတဲ့ ဖြစ်ရပ်ကလေးတခု ဟင်ပြမယ်၊

စောစောက ကိုဘငြိမ်း ပြောတဲ့ ဇာတ်လမ်းမျိုးလို့ပေါ့။ ဒါပေမဲ့ သူပြောသလောက် အဆန်းတကျယ်တော့မဟုတ်ဘူး၊ ကိုဘငြိမ်းပြောတဲ့ ဇာတ်လမ်းက ညဖက်မှ ပညာခန်းတွေပြတယ်နော်၊ ကျနော်တွေ့ဘူးတာက ဒီလိုမဟုတ်ဘူး'

ရင်းတို့အုပ်စုထဲမှ ကိုလှိုင်ဘွားဆိုသူက စဘင်ပြောလိုက်တော့မှ ကျန်ရှိသောသူများ၏ မျက်နှာတခွင်သည် သိလိုသော ဇောစိတ်ကလှုပ်ရှားလာသော ဟန် အမူအရာ အသွင် အပြင် လက္ခဏာများသည် တမျိုးတဖုံ ပြောင်းလဲနေပါတော့သည်။

'ဒီလိုပါ ကျနော့မိတ်ဆွေတဦးခေါ်သွားလို့ အဲဒီ ဆရာအိမ် ရောက်သွားပါတယ်၊ ဟိုရောက်တော့ တဦးနဲ့တဦး မိတ်ဆက်ပေးပြီး မကြာခင်ဘဲ သူ့ရဲ့ပညာခန်းကိုပြပါတယ်....'

'ဘယ်လိုလဲဆိုတော့ ကျနော် သောက်ချင်တဲ့ ဆေးလိပ်၊ စားစရာ၊ ဥပမာခပေါင်းဆေးလိပ်၊ခေါက်ဆွဲ၊အရက်တို့ကိုဆရာလုပ်သူက လမ်းကြောင်း ပေးရပါတယ်...'

အဲဒီလိုလမ်းကြောင်းပေးသို့ ကျနော့်အနေနဲ့က ခေါက်ဆွဲစားချင်တယ်ဆိုရင် ခေါက်ဆွဲရဲ့ဘန်ဖိုးကို ဆရာ့ရှေ့မှာ အရင်ဦးဆုံးလာဒ်သဘောမျိုး တင်ရပါတယ်...'

'ကဲ ဒီဆရာကြီးက ခေါက်ဆွဲစားမယ်၊ ခေါက်ဆွဲ တထုပ် ခုချက်ချင်းငါ့လက်ထဲ ရောက်လာစေဆိုပြီး လက်ကို အပေါ်ဖြန့်လိုက်တော့ ခေါက်ဆွဲထုပ် တထုပ်ဟာ ဆရာ့ လက်ပေါ်ကို ရောက်လာတာ တွေ့ရတယ်....

အခုပြကွက်တွေဟာ အမှောင်ထဲမှာမဟုတ်ဘူး၊ အလင်းရောင်ထဲမှာ ဒါပေမဲ့ ဒီလိုပညာတွေ အံ့ဩဖို့ ကောင်းတာထက်

ပညာရဲ့အကြောင်းကို သချောဂနလေ့လာဖို့ဆိုတာ သတိမေ့ပြီး သူတို့ပြကွက် သဘောကျလိုက်ရင်တော့ အမှားဘဲဗျ....'

ကိုလှိုင်ဘွားက သူတွေ့မြင်ခဲ့ရသော အကြောင်း အရာကလေး ပြောပြပြီးသည့်နောက်

'ကဲသူငယ်ချင်းတို့ရေ၊ လဘက်ရည်လဲ သောက်ပြီးပြီ၊ မုန့်စားလို့လဲဝပြီ၊ ပြောချင်တဲ့ စကားတွေလဲကုန်ပြီ၊ အိမ်ပြန်ကြရအောင်တွာ....'

ကိုဘငြိမ်းက ဤသို့ ပြောလိုက်ခြင်းကြောင့် အသီးသီး အိမ်သို့ပြန်ရန် ဟန်ပြင်ကြပါသည်။

## ၁၉

လဝန်းက မပြည့်တပြည့်။ ဤညအဖို့ ရွှေနှံ့မြ ကဲ့သို့ပင်။ လရောင်နှင့်ကြယ်ရောင်က မိုးကုတ်စက်ဝိုင်းကို အလှတန်ဆာဆင်ထားသောကြောင့် လှပတင့်တယ်နေပါသည်။

ရန်ကုန်မှ ပြည်ဘက်သို့တဂျုံးဂျုံး ခုတ်မောင်းလျက်ရှိသော စာပို့ရထားတွဲပေါ်ရှိ မျက်နှာချင်းဆိုင် ထိုင်လျက်ရှိကြသော ခရီးသည်နှစ်ဦး၏မျက်နှာသည် မကျေနပ်သော အမူအရာများက မျက်နှာတခွင်ဝယ် ရစ်သန်းနေပါသည်။

လရောင်ကောင်းလို့ပေါ့ဗျာ၊ မီးမရှိတဲ့မီးရထားစီးရတာ

အတော်ကြောက်စရာကောင်းတယ်၊ အိပ်ချင်လို့လည်း မအိပ်ရ၊ သူငါမသိ၊ ငါသူ့မသိတဲ့ခရီးသည်တွေတွေကြုံကြုံ ဆုံကြရတာလည်း အခက်ဗျာ၊ တဦးနဲ့တဦးစိတ်မချ၊ လူကောင်းမှန်လည်း အကဲခပ်ရဖို့ခက်တယ်....'

ကိုအေးလွင်၏စကားကြောင့်

'ဒါတင် ဘယ်ဟုတ်မလဲ သူငယ်ချင်း၊ ကြည့်လေ၊ ဘူတာရုံဆိုက်တာနဲ့တပြိုင်နက် အလုံးအရင်းနဲ့ ကက်လာတဲ့ဆန်မှောင်ခိုတွေကလဲမနည်းဘူး သူတို့ကလည်း အုပ်စုဖွဲ့ပြီး လုမိုက်လုပ်နေကြတော့ ရက်ခြင်း ကြောက်ခြင်း တရားတွေဟာလဲ ပျောက်ကွယ်နေတယ်၊ တိုင်းချစ်ပြည်ချစ်ဆိုတဲ့ စိတ်ဓာတ်တွေဟာပျောက်ကွယ်နေတယ်၊ဘာကြောင့်လဲဆိုတော့ မီးရထားမှာ မီးရောင်ရှိရင် သူတို့အတွက် မစားသာဘူး၊ ဒါကြောင့် မီးလုံးတွေအားလုံးရိုက်ခွဲဖြုတ်ယူ၊ မီးကြိုးတွေဖြတ်ပစ်နဲ့ပေါ့ဗျာ ပြည်သူပိုင်ပစ္စည်းတွေဟာ ကိုယ့်ပစ္စည်းဖြစ်နေပြီး ဆိုတာလဲမသိ ငါ့ကိုစွအောင်မြင်ဘို့တခုတည်း အတ္တသမားတွေကြောင့် ဒီလိုဖြစ်နေတာ........'

ကိုဘချစ်ကထပ်ဆင့်၍ မကျေနပ်သော အသံဖြစ် ပြောလိုက်ပါတော့သည်။

'ဒါနဲ့သတိထားအုံးဗျာ့.... လက်ပံတန်း ဘူတာရောက်ရင် အလစ်သမားကြောက်ရသေးတယ်နော်....'

ကိုဘချစ်က သတိပေးလိုက်ခြင်းဖြစ်ပါသည်။

'ဒီလိုဆို ဒီညအဖို့တော့ အိပ်လို့ရမှာ မဟုတ်တော့ဘူးနော်........'

သူတို့နှစ်ဦးသည် အနိဋ္ဌာရုံမြင်ကွင်းဝယ် နစ်မျောနေရသဖြင့် စိတ်မောလူမော ဖြစ်နေရရှာတော့သည်။

ရထားကြီးက သူထမ်းဆောင်ရမည့် တာဝန်ကျေပြွန်ပါပေ၏။

ဘူတာစဉ်ဝယ် မပျက်မကွက် ဆိုက်ကပ်ရပ်နားသွားခဲ့လေသည်။ ခရီးစဉ်အတိုင်းရပ်နားသွားရသဖြင့် စီးလိုကျသောခရီးသည်အပေါင်းမှာလည်း လိုရာခရီးသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိသွားကြလေသည်။

နံနက်သင်းရောင်ခြည်နှင့်အတူ ရန်ကုန် ပြည်၊ စာပို့ရထားကြီး၏ အသံသည် နောက်ဆုံးအနေဖြင့် ဆိုက်ကပ်ရမည့်ဘူတာဖြစ်၍ တရှိန်ထိုးဥဩသံဖြင့် အော်မြည်လျက်ထိုးဆိုက် လိုက်ပါတော့သည်။

'ချွမ်း'

ခရီးသည်တွဲများသည် အရှိန်တန့်ဆုတ်လိုက်သည့် အသံယှက်ပေါ်လာပြီးနောက်၊ ခြေကုန်လက်ပန်း ကျလျက်ရှိနေသောပန်းတိုင်သို့ရောက်သည့်အပြေးသမားတဦးကဲ့သို့ပင် မောဟိုက်အပန်းဖြေအနားယူလိုက်ပုံနှင့် တူလေသည်။

'သူငယ်ချင်းရေ....ပြည်တော့ရောက်ပြီ တခါတည်းမကွေးကားဂိတ် သွားရအောင်........'

ကိုဘချစ်၏ ပြောလိုက်သောစကားကြောင့် ကိုအေးလွင်သည် ရထားပေါ်ရှိ ပစ္စည်းများကို အောက်သို့ သယ်ချလိုက်ပါသည်။ ပစ္စည်းများများစားစားတော့မဟုတ်ပေ၊ အိပ်ရာလိပ်နှင့်လွယ်အိတ်ပင်ဖြစ်သည်။

ဆိုက်ကားတစီးသည် မကွေး၊ပြည် ကားဂိတ် ရှေ့တွင် ထိုးဆိုက်လိုက်ပါတော့သည်။ ဆိုက်ကားပေါ်တွင် ပါလာသော လူနှစ်ဦးမှာ ပျာရိပျာယာဖြင့် ကားဂိတ် ခရီးသည် တည်းခိုရုံထဲသို့ ဝင်လာကြပါသည်။

'မကွေးသွားမဲ့ကား ဘယ်ကားလဲဗျာ....'

အရပ်ရှည်ရှည် အသားညိုညိုနှင့်လူတဦးက မေးလိုက်ပါသည်။ ၎င်းလူမှာ ကိုဘချစ်ပင်ဖြစ်သည်။

'ဟာ....'

ဟူသော ကားဂိတ်လွတ်တိုက်ကိုဘား၏အာမေဋိတ်သံဖြင့်

"ဘာဗျာ့....'

ကိုဘချစ်၏ အသံကြောင့်၊

'စောစောကဘဲ ထွက်သွားတယ်၊ နဲနဲလေး နောက် ကျသွားတယ်....'

'ဒီလိုဆို နောက်ထပ်ဂိတ်ထိုးမဲ့ကား မရှိဘူးလား....'

'မရှိဘူး....'

ကိုဘချစ်က ကိုအေးလွင်ဘက်လှည့်လိုက်ပြီး

'သူငယ်ချင်း ဒီလိုဆိုရင် ပစ္စည်းတွေကိုတည်းခိုစခန်းမှာ အပ်ပြီး တခုခုသွားစားမယ်၊ညကိုဒီစခန်းမှာဘဲအိပ်ကြတာပေါ့'၊

ကိုဘချစ်၏ပြောလိုက်သော စကားသံကြောင့် ကိုအေးလွင်သည် အနည်းငယ် ပြုံးယောင် သန်းလိုက်ပါတော့သည်။ သူ၏အပြုံးမှာမူ အဓိပ္ပာယ် လေးနက်လျက်ရှိသည်။

ကိုဘချစ်တဦးတည်းသာ စိတ်ပျက်ဖွယ်ရာ အကြောင်းကို စဉ်းစားရင်းပင် ကိုအေးလွင်ဖက်သို့ တစေ့တစောင်း လှမ်း

ကြည့်လိုက်ပါသည်။ ကိုအေးလွင်သည် အနီးတွင်ရှိသော ကွပ်ပျစ်ပေါ်တွင် ထိုင်ချလိုက်ပါသည်။ ၎င်းနောက်သူ၏ မျက်လုံးများက တခုတည်းသောလမ်းမဖက်တွင်ရှိသော အရာဝတ္တုတခုဆီသို့ စိုက်ကြည့်လိုက်ပါသည်။ မျက်လုံးများသည် တောက်ပဝင်းလဲ့တောက်ရှန်းနေ၏။ မျက်တောင်များကမူ လှုပ်ရှားမှုမရှိချေ။ ပကတိတည်ငြိမ်သော မျက်လုံးနှစ်လုံး၏အခြေအနေကို အကဲခတ်ကြည့်ရှုလေ့လာပါက တခုတည်းသော သမာဓိ ဖြစ်ပွားရန်အတွက် ဝိတက်၊ ဝိစာရပွားနေကြောင်း ဖြစ်သည်။ တခုတည်းသော အာရုံပေါ်တွင် ပျက်ကွက်သွားခြင်းမရှိရန် အတွက် အာရုံကိုတည်မြဲရန် အားထုတ်ကြိုးပမ်းနေသည့် ကိုအေးလွင်၏တခုတည်းသော ကသိုဏ်းကို ကြိုးစားအားထုတ် ပွားများနေခြင်းဟု သူ၏မျက်လုံးကသက်သေပြလျက်ရှိနေပါတော့သည်။

နံနက်ခင်း နေရောင်ခြည်အောက်ဝယ် ပကတိ တည်ငြိမ်စွာရှိနေသော ကတ္တရာလမ်းများသည် သူ၏ ကသိုဏ်းဝန်း၌ ဖြစ်ပေါ်လာသော အာရုံနိမိတ်များသည် တရိပ်ရိပ်ဖြင့်တခုမှ နှစ်ခုဆိုသကဲ့သို့ များလိုက်နည်းလိုက်ဖြင့် ရုပ်ဝတ္ထု ပစ္စည်းများသည် လှုပ်ရှားမှုကိုသာ ပြုလုပ်ဖန်တီးနေ၏။

ကိုအေးလွင်သည် ဤသို့ပေါ်နေသော မျက်လုံးသဏ္ဌာန်၏ လှည့်ပတ်သည့်နောက်မှ ပေါ်ထွက်ခဲ့သည့် သမာဓိ မဖြစ်ပွားသောအချိန်ကာလသို့ မရောက်သေးကြောင်း သတိပြုမိလိုက်သည်။

တရိပ်ရိပ်ပြေးနေသောစိတ်၏ လွင့်ပါးမှုနောက်သို့မလိုက်ဘဲ ၎င်းလမ်းများ၏လှုပ်ရှားမှုသည် တဖြေးဖြေး ကွဲပြားနေရာမှ

သူ၏ မျက်စေ့ထဲတွင်တခုတည်းသော အာရုံစုရပ် ဖြစ်လာသည်ကိုတွေ့မြင်ရလိုက်ပါသည်။

၎င်းတခုတည်းသော ပကတိ ကျောက်သား၊ ကျောက်ဆောင်ပမာကဲ့သို့ပင် ဖြစ်ရအောင် ဆွဲဆောင်နေပြန်သည်။

ဤကဲ့သို့ ကသိုဏ်းကြည့်ရှုနေရာမှ

'ဟေ့အေးလွင်၊ ဘာတွေငိုင်စဉ်းစားနေနေဒါလဲကွ ...'

ဤသို့မေးလိုက်သော ကိုဘချစ်၏အသံကို အလေး ဂရုမပြုသောကြောင့်

ကိုဘချစ်သည် မကျေချမ်းသော မျက်နှာဖြင့် ကိုအေးလွင်၏ ရှေ့နားဆီသို့ အရောက်တွင် သူ၏စိတ်များသည်တမျိုးတဖုံပြောင်းလဲသွားပါတော့သည်။

'အော်....ဟု အသံဖြင့်တဖက်သို့လှည့်ထွက်သွားပါသည်။

ကိုအေးလွင်သည် သူပြုလုပ်လျက်ရှိသော ကသိုဏ်းဝန်းတွင် ပေါ်လာသော အာရုံနိမိတ်များကို တခုပြီးတခု ပယ်ပြီးနောက် နောက်ဆုံးသူလိုလားသော အခြေအနေသို့ ရောက်လာသောအခါတွင် စိတ်ကမူတခုတည်း တွေးလိုက်ပြန်ပါသည်။

၎င်းတွေးတောမှုသည် စိတ်အင်အား ကြီးမားမှုကြောင့် မကွေးသို့သွားရန် နောက်ထပ်ခရီးသည်ကားများရှိခဲ့ပါက ယခုကြည့်ရှုနေသော အာရုံနိမိတ်ပေါ်တွင် ထင်ရှားစွာ တွေ့ရပါစေသတည်း။

ထို့ကြောင့် သူကြည့်နေသော ကသိုဏ်းဝန်းပေါ်တွင် အစိမ်းရောင်ဂျစ်ကားတစီးပေါ်တွင် လူနှစ်ဦး၊ ၎င်းတို့တည်းခိုသောစခန်းရှေ့တွင် ဂျစ်ကားဆိုက်လာပြီး ၎င်းဂျစ်ကားသည်

မကြာမီအတောအတွင်း ဤနေရာသို့ဆိုက်ရောက်မည်ဟုရုပ်ဝတ္ထု ပစ္စည်းကိုမူ အာရုံပေါ်တွင် တင်ရှားစွာတွေ့ရပြီးနောက်အချိန် ကာလအပိုင်းအခြားကို စိတ်အသိဖြင့် သိလိုက်ရပါတော့သည်။

ဤအကြောင်းအရာကို သိလိုက်ရသော ကိုအေးလွင်၏ မျက်နှာတခွင်သည် ပြုံးယောင်သန်းလျက်ရှိနေပါသည်။ ကိုအေး လွင်၏ပြုလုပ်နေခြင်းကို တစေ့တစောင်းကြည့်နေသော ကိုဘ ချစ်က တွေ့မြင်လိုက်ရပါတော့သည်။

ကိုအေးလွင်သည် အာရုံပြုနေသော နေရာမှထွက်ခွာလာ သောအခါတွင်

'သူငယ်ချင်း စောစောကပြုံးတာဟာ ဘာတွေသိုပြုံး နေတာလဲ....'

'သူငယ်ချင်းမပူနဲ့ မကြာဘူး လူနှစ်ယောက်နဲ့ အစိမ်း ရောင် ဂျစ်ကားတစီး ဒီဆီရောက်လာတော့မယ်....'

'ဟုတ်ပါ့မလားသူငယ်ချင်းရာ....'

'မင်းမယုံဘူးလား....'

'ယုံပါတယ်သူငယ်ချင်းရာ၊ ဒါပေမဲ့ မင်းပြောတာမှန် ရင် မင်းရဲ့သမထမျက်လုံးဟာ တန်ခိုးတော်တော်ရှိမှာဘဲ....'

ဤသို့ နှစ်ဦးသား စကားအခြေအတင် ပြောနေရာမှ အစိမ်းရောင်ဂျစ်ကားတစီးသည် သူတို့ တည်းခိုရာ စခန်းဆီသို့ မောင်းလာသည်ကို ရုတ်တရက် တွေ့လိုက်ရသော ကိုဘချစ်၏ အပြုအမူများမှာ ရုတ်ချည်းပြောင်းသွားပါတော့သည်။

အချိန်အနည်းငယ်တွင် သူတို့နှစ်ဦးသည် ဂျစ်ကားပေါ် တွင် မျက်နှာချင်းဆိုင် ထိုင်လိုက်မိကြသောအခါတွင်

'ကဲ .. သူငယ်ချင်း ယုံပြီလား....'

ကိုအေးလွင်၏ အမေးကြောင့်

'အေးပါကွာ....'ဟု ကိုဘချစ်ကပြန်ပြောလိုက်ပါတော့သည်။

နှင်းငွေများရိုက်ထားသော ရောဝတီမြစ်ပြင် ပေါ်တွင် သွားလာလှုပ်ရှားနေသော အရာတိုင်းကို သဲသဲကွဲကွဲမမြင်ရချေ၊ အနားရောက်လာတော့မှ ဘွားကနဲပေါ် လာသဖြင့်၊ သမ္ဗန်သင်္ဘောဟူ၍ ခွဲခြားနိုင်ပါတော့သည်။

မင်းဘူးဘက်သို့ကူးရန်အတွက် လူနှစ်ယောက်လွတ်ရုံသာ ဆောက်လုပ်ထားသော တံတားပေါ်တွင် ထိုင်လျက် အဝေးဆီသို့ အာရုံရောက်ရှိနေကြသော ကိုဘချစ်နှင့်ကိုအေးလွင်တို့နှစ်ဦးမှာ မြစ်ပြင်ပေါ်မှ တိုက်ခတ်လာသော ဆောင်း၏ အအေးဒဏ်ကို အေးဆေး တည်ငြိမ်စွာဖြင့် မလှုပ်မယှက်၊ စကားလည်း မပြောဘဲ၊သူတို့နှင့်ဦးသည် သောက်လက်စရှိသော စီးကရက်ကိုသာ တသွင်သွင်ဖွာထုတ်ရင်း၊ အအေးဒဏ်ကို တွန်းလှန်နေကြပါသည်။

နှင်းရိပ်နှင်းငွေများ ပျက်ပြယ်စပြုလျက် ရှိလာပြီး နေရောင်ခြည်သည် ကြည်လင်ဝင်ပစွာတောက်ထွန်း လာလေသည်။

နှစ်ထပ်သင်္ဘောတစင်းသည် သူတို့စောင့်နေသော ကူးတို့ဆိပ်သို့ တူရူ၍မောင်းနှင်လျက်ရှိသည်။

ပတ်ဝန်းကျင်သို့ အကဲခတ်ကြည့်ရှုရာတွင်လည်း တံကင် သမ္ဗန်စသည်တို့နှင့် လူအချို့မှာလည်း လှုပ်ရှားနေကြသည်ကို တွေ့ရသည်။

မကြာမီ…………
နှစ်ထပ်သင်္ဘောကြီးသည် ဆိုက်ကပ်လာပါတော့သည်၊ ဤအချိန်သို့ရောက်လာသောအခါတွင် ခရီးသည်များသည် ကူတို ဆိပ်တွင် စုစုရုံးရုံးဖြစ်လာပါသည်။

ကမ်းနဖူးပေါ်မှ ပြေးဆင်းလာကြသော ခရီးသည်များ မှာလည်းမနည်းချေ။

နှစ်ထပ်သင်္ဘောကြီးသည် မကွေးဆိပ်ကမ်းမှ ထွက်ခွာ သည့်အချိန်တွင် သင်္ဘောပေါ်တွင် လူများ ပြည့်ကျပ်လျက်ရှိ သည်။

လိုရာခရီးသို့မဆိုက်ရောက်မချင်း ကုန်းတတန်ရေတတန် သွားကြရသည်။

ခုတော့……..

သူတို့နှစ်ဦးတလှုပ်လှုပ်ဖြစ် ပြေးလွှားနေသော မြင်းလှည်း ပေါ်တွင် တငြိမ့်ငြိမ့်ထိုင်လျက်လိုက်ပါလာကြသည်။

သူတို့သွားမည့်နေရာကမူမင်းဘူးမြို့နှင့် (၆) မိုင်မျှဝေး သည်။

ရွာထဲသို့ရောက်သောအခါ ကတ္တရာလမ်းပေါ်တွင် ပြေး လွှားနေသည့် မြင်းလှည်းမှာ လှည်းလမ်းပေါ်သို့ ရောက်ရှိသည့် အခါတွင် တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေသည်။ သဲ၏ ဆွဲငင်အား ကောင်းသောကြောင့် မြင်း၏ဇက်သည်အောက်သို့ ငုံ့၍ အတင်း ရုန်းကန်နေရှာပါသည်။

ဤကဲ့သို့ ရွာဝင်လှည်းလမ်းအတိုင်း မောင်းနှင်နေရာမှ အမှတ်မထင် မြင်းလှည့်းသမားသည် မြင်းဇက်ကြိုးကို ဆွဲဆောင့်

လိုက်သောကြောင့် မြင်းသည်ခေါင်းမော့လာပြီး မြင်းလှည်းရပ်တန့်သွားလေသည်။ ရင်းနောက် မြင်းလှည်းသမား၏နှုတ်မှ

'ဆရာဘို့ပြောတဲ့ ခတ်ခန်းဆိုတာဒါဘဲ....'

သူ့အပြောအရ ခြေတံရှည်နှစ်ထပ်အိမ်တလုံးကိုမြင်တွေ့လိုက်ရသည်။ ပတ်ဝန်းကျင်ကိုလည်း အကဲခပ် ကြည့်လိုက်ပြန်သေးသည်။

ရွာသူရွာသားတွေမှာလည်း ဤခတ်ခန်းနှင့် ပတ်သက်၍ ထူးခြားမှုမှာ အရေးတယူ ဂရုပြုကြသည်ဟူ၍ကား မတွေ့ရချေ။ သူလိုင် လို နေထိုင်စားသောက်နေကြသည်။

သို့သော်....

ရွာနားဏာမြက် ရွာနွားမစားဆိုသော စကားပုံကဲ့သို့ဖြစ်လိမ့်မည်ဟု ထင်မိသည်။ ဤသို့အတွေးကိုယ်စီဖြင့် သူတို့ နှစ်ဦးအား ခတ်ခန်းရှိရာ အပေါ်ထပ်အထိ မြင်းလှည်းသမားက လိုက်ပို့ရှာသည်။

'ဘယ်သူတွေလဲကွ....'

အပေါ်ထပ်၏ ဒေါင့်စွန်းတနေရာမှ လူတယောက်လှမ်းမေးလိုက်သောကြောင့်

'ရန်ကုန်က ဧည့်သည်တွေပါ....'

ဟုမြင်းလှည်းသမားက ပြန်ပြောလိုက်သည်။

'အေးအေး....'

သူတို့နှစ်ဦး ခတ်ခန်းတွင် ကျန်ရစ်ခဲ့လေသည်။ မြင်းလှည်းသမားကမူ ထိုနေရာမှထွက်ခွာသွားသည်။

'ရေချိုးချင်တယ်ဆိုရင်ဟိုရှေ့ကရေတွင်းနားမှာ ရေစက် ရှိတယ်၊ သွားချိုးကြနော်....'

စောဦးက မေးမြန်းသည့်အတွက် အသက် ၅၀ ကျော် ပတ်ဝန်းကျင်ရှိ လူတဦး၏ဖြေသံပင်ဖြစ်၏။

ထိုစကားကြောင့် ကိုဘချစ်က ကိုအေးလွင်ဘက်သို့လှည့် လိုက်ပြီး

'မင်းရေချိုးမသွား၊ ငါတော့ ရေချိုးမှ ဖြစ်မယ်ကွ၊ နောက်မို့ဆို ပူစပ်ပူလောင်ချည်းကွာ၊ ရေချိုးလိုက်ရင်တော့ နေသာထိုင်သာရှိသွားမှာဘဲ....'

သူတို့နှစ်ဦးမှာ ရေချိုးရန် ရေတွင်းဆီသို့ ထွက်ခွာသွား ကြ၏။ ဟိုရောက်တော့ ရေခပ်၍မချိုးကြဘဲ တုံကင်လက်လှည့် ရေစုတ်စက်ဖြင့် အပေါ်သို့ကြုံကြိုတ်သည့် စက်ကဲ့သို့ရေကို လှည့် ယူကြသည်။

ရေချိုးပြီးနောက် ခေတ်ခန်း အခြေအနေကို သေချာစွာလေ့လာမိသောအခါ အတော်ကလေးစိတ်အားငယ် မိကြသည်။

အကြောင်းမူ၊

'ခေတ်ခန်းပိတ်ထားပါသည်။'

'ဘုရားကိုပြုပြီး အလှူမခံပါ'

စသည့်ဆိုင်းဘုတ်နှစ်ခုကိုရုတ်တရက် မြင်လိုက်ရပါသည်။ နံပါတ်(၁)ဆိုင်းဘုတ်က သူတို့အတွက် အတော်ကလေး အသိ ကအောက် နိုင်သွားပါတော့သည်။

ခေတ်ခန်း ပိတ်ထား သောကြောင့် ဘူတို့ သိလိုသော အကြောင်းအရာ အချက်အလက်များ သိရှိနိုင်မည် မဟုတ်ပေ။ သူတို့နှစ်ဦးသည် ဤသို့ကောက်နှုတ်ချက် ချလိုက်ပါတော့သည်။ ငွေကုန်လူပင်ပမ်းတော့ဖြစ်ပြီ။

ကိုဘချစ်မှာ ခေတ်ခန်းပေါ်ရှိ လူသုံးလေးဦး နှင့်အကြောင်းသင့်အောင် ပေါင်းဖက်မိတ်ဆက်လိုက်ပါသည်။

'ခင်ဗျားတို့က ဒီရွာကဘဲလား....'

ကိုဘချစ် အမေးကြောင့်၊

'မဟုတ်ပါဘူး........'

'ကျနော်တို့ကတော့ ရန်ကုန်ကပါ........'

ကိုယ့်ကိုကိုယ်ပြန်လည်မိတ်ဆက်လိုက်သောကြောင့်....

'ကျနော်တို့ကလဲ မြစ်ဝကျွန်းပေါ်ကပါ........'

'ဒီရောက်နေတာ အတော်ကြာပီလား........'

'ကျနော်တို့က အခိဋ္ဌာန်လာဝင်တာပါ....'

'အော်........'

'ဒါနဲ့ခင်ဗျားတို့က ဘာလာလုပ်တာလဲ....'

'ကျနော်တို့က အခြားကိစ္စတော့ မဟုတ်ပါဘူး၊ ဆရာတော်ရဲ့ သတင်းကြားလို့ လာဖူးတာပါ....'

ကိုဘချစ်တဦးတည်းနှင့်ရင်းတို့သုံးဦးသည် တရင်းတနှီးနှင့်စကားပြောနေကြသည်။

'ကျနော်တို့က ဆရာတော်ရဲ့ ဆရာရင်းတပည့်ရင်းတွေပါ'

'ဒီလိုဆို ဒီခေတ်ခန်း ဖွင့်တာ အတော်ကြာပြီပေါ့နော်'

'ဟုတ်ပါတယ်'

'အနှစ် နှစ်ဆယ်လောက်ရှိသွားပါပြီလို့ ဆရာတော်က မှတ်စီးပြီးပြောပါတယ်........'

ထိုစကားအရ ကိုအေးလွင်သည် အနှစ် နှစ်ဆယ်ကျော် မျှရှိနေပြီဖြစ်သောခေါင်း၏အခြေအနေကို အကဲခပ်ကြည့်မိပါသည်။ အနှစ် နှစ်ဆယ်ကျော်သက်တမ်းတွင် ဘာကြောင့်ယခုထက်ထိ တိုးတက်မှုမရှိသနည်း။ နှစ်ထပ်အိမ်ပေါ်ရှိ ခေါင်းမှာလည်း ရိုးရိုးခေါင်းတခုမျှသာ ဖြစ်နေပါသည်။

'ခင်ဗျားတို့ ဆရာတော်ကို မမြင်ဘူးကြသေးရင် ဟိုမှာ ခေါင်ပုံတပုံတွေ့တယ် မဟုတ်လား........'

၎င်းတို့သုံးဦးအနက် တဦးသောလူငယောက် လက်ညှိုးထိုးပြလိုက်သောနေရာသို့ လှမ်းကြည့်လိုက်ပါသည်။ ခေါင်ပုံရှိသောနေရာကိုတော့ ပီပီပြင်ပြင် တွေ့မြင် လိုက်ပါသည်။ ၎င်းခေါင်ပုံထဲ၌ အိမ်ထောင်စု တစုတွင် ရဟန်းပုဂ္ဂိုလ်တဦး ပါဝင်နေသည်ကို တွေ့မြင်ရပါသည်။

'အဲဒီဆရာတော်ဘဲ'

သူတို့နှစ်ဦးသည် ခုမှခေါင်ပုံထဲမှရဟန်းတော်ကို သေချာစွာ ကြည့်ရှုနေကြပါသည်။

ခေါင်ပုံကိုဂရုစိုက်ကြည့်နေရာမှ လှေခါးဆီမှ တက်လာသော ယောကျ်ားတဦးသည် သူတို့နောက်ဘက်မှ ဖြတ်လျှောက်ပြီး၊ မြစ်ဝကျွန်းပေါ်မှလူများဆီသို့ ဦးတည်၍ သွားပါသည်။

'ဒီမှာ....ဒီမှာ........'

ထိုစကားသံကြောင့် အသံလာရာဘက်သို့ သူတို့နှစ်ဦး လှည့်လိုက်ကြသည်။

'ဘာကိစ္စရှိလို့လဲ ခင်ဗျာ....'

ကိုအေးလွင်၏ အမေးကြောင့်

'ထူးထူးထွေထွေမရှိပါဘူး....'

'ဟုတ်ကဲ့....'

'ဒီပုဂ္ဂိုလ်က မောတ်စီးတဲ့ပုဂ္ဂိုလ်ပါ'

မောတ်စီးသော ပုဂ္ဂိုလ်ကိုကြည့်လိုက်ကြပါသည်။ အသားဖြူဖြူ ရောင်တုံးနှင့်နှာခေါင်းပေါ်ပေါ် မျက်လုံးပြူးပြူး အသွင်သဏ္ဍာန်ရှိသော သူဖြစ်သည်။

ဤကဲ့သို့ မောတ်စီးခြင်းနှင့် ပတ်သက်သော စကားကိုကြားလိုက်ရသော ကိုဘချစ်အဖို့ အတော် အံ့ဩနေပါသည်။ ဤသို့သောစကားဆန်းကြောင့် သူ၏ အမူအရာများ ပြောင်းလွဲသည်ကို အကဲခတ်မိသော ကိုအေးလွင်က....

'အေးပါကွာ ငါသိပါတယ်၊ နောက်တော့မှ ငါရှင်းပြမယ်....'

ကိုဘချစ်၏ မသိသော အကြောင်း တရပ်ကို မေးမည်အပြု ဤသို့အဟန့်အတားဝင်လုပ်လိုက်ပါသည်။

'ဩ'....ဟု သက်ပြင်းတချက်ချပြီး နားထောင် လိုက်ပါသည်။

'ခင်ဗျားတို့ ညနေစာ ဒီမှာစားကြမယ် မဟုတ်လား....'

'ဟုတ်ကဲ့....'

ဤသို့ ပြောဆိုကြပြီးနောက် လူစု ခွဲလိုက်ကြပါတော့သည်၊

ကိုဘချစ်နှင့် ကိုအေးလွင်တို့နှစ်ဦးသည် မောတ်ခန်းပေါ်မှ

အောက်သို့ဆင်းလာကြပါသည်။ အောက်သို့ ရောက်ရှိလာသော အခါတွင် သူတို့၏မျက်လုံးအစုံက ပတ်ဝန်းကျင်သို့ဝေ့ရမ်းကြည့် လိုက်ပါသည်။ ဓာတ်ခန်းအောက်ရှိ အခန်းတခုတွင် အိမ်ထောင် စုတစု နေထိုင်လျက်ရှိသည်ကို တွေ့ရပါသည်။ ၎င်းအခန်းနှင့် ကပ် လျက်ရှိသော အငှယ်ကလေးထုတ်ထားသော သက်ကယ်မိုးဖိုထိုး သော အခန်းငယ်တခုကို တွေ့ရပြန်ပါသည်။

သူတို့နှစ်ဦးသည် နေရောင်ကင်းပြီး အရိပ် အာဝါသ ကောင်းသော သင်ပင်ကြီးအောက်ရှိ ကွပ်ပျစ် တခုဆီသို့ သွား ကြသည်။

'သူငယ်ချင်း မင်းကိုဘဲ အားကိုးရတော့မယ်....'

ကိုဘချစ်သည် ကွပ်ပျစ် ပေါ်တွင် ထိုင်ချ လိုက်ပြီး နောက်....

'ဘာကြောင့်....'

ကိုအေးလွင်က ပြုံးလျက်ပြန်မေးလိုက်ပါသည်။

'ဘာတွေညာတွေ လုပ်မနေပါနဲ့၊ သူငယ်ချင်းက တရား အားထုတ်နေတယ်ဆိုတာ ငါသိပြီးဖြစ်တယ်၊ နောက်တချက် သူ ငယ်ချင်းအနေနဲ့က သမာဓိအားကောင်းနေတော့၊ ဒီဓာတ်ခန်းနဲ့ ပတ်သက်တဲ့ အကြောင်းအချက်တွေ ဘယ်လို ပုဂ္ဂိုလ်မျိုးတွေ ရှိ တယ်ဆိုတာ ကြည့်စမ်းပါအုံး....'

'နောက်တချက်ဓာတ်ခန်းပိတ်တယ် ဆိုတော့ ဒို့တွေလိုတဲ့ ပုဂ္ဂိုလ်တွေ တွေ့နိုင်အုံးမလားပေါ့ကွာ'

ကိုဘချစ်သည် သူသိလိုသော အကြောင်းကိုသာအတင်း. တိုက်တွန်းပူဆာနေပါတော့သည်။

'အေးပါကွာ မင်းသိချင်တဲ့ ကိစ္စ သိရမှာပါ....'

ဤသို့ပြောလိုက်သော စကားကြောင့် ဝမ်းသာသော အပြုံးကလေးများသည် မိုးဦး၏ နှုတ်ဆက် ခံရရှာသော ပန်းကလေးများသဖွယ် လန်းဆန်းလာပါတော့သည်။

'ငါအာရုံပြုကြည့်မယ်၊ မင်းငါ့နားမှာ မနေနဲ့'

'ဘာကြောင့်—'

'မင်း ငါ့နားရှိတော့ မင်းရှိတဲ့အသိစိတ်က ဦးဆုံး သိထားတော့ ငါ့ရဲ့သမာဓိဖြစ်မဲ့ မသိစိတ်ကို နှိုးဆွဖို့အတွက် မင်း ငါ့နားမှာ ရှိနေပါလားဆိုတဲ့ အသိစိတ်က နည်းနည်းဝင်ရောက် နှောက်ယှက်သမှု ပြုတတ်လို့ပါကွာ'

'ဒီလိုဆို ငါရှောင်ပေးမယ်နော်....'

ကိုဘချစ်သည် ကိုအေးလွင် နားမှ ထွက်ခွာ သွားပါသည်။

နေရောင်က အားကောင်းလျက်ရှိသေး၏။

ကိုအေးလွင်၏ မျက်စိအစုံက ပတ်ဝန်းကျင်သို့ဝှေ့ရမ်းကြည့်လိုက်ပါသည်။မည်သူတဦးတယောက်မျှ သူ့အနားတွင်မရှိသည်ကို သိလိုက်သောအခါတွင် မျက်လုံးအစုံမှိတ်ပြီး တခုတည်းသော အာရုံပေါ်တွင် စိတ်ကလေးကို တည်လိုက်ခါ အခြားသို့ မပျံ့လွင့်စေရန် သမာဓိကို ထူထောင်လိုက်ပါသည်။

ဤသို့အာရုံပြု၍ ကြည့်နေရာတွင် ရုတ်တရက် သူ့ရှေ့မှ အသားညိုညို ပိန်ပိန်ပါးပါး ရဟန်းတပါးပျောက်သွားသည်ကို ကွက်ကွက်ကွင်းကွင်း မြင်လိုက်ပါသည်။

ရင်းနောက် ဆက်လက်အာရုံပြုနေရာမှ ရွာထိပ်လမ်းမှနေ

လူတဦးပေါ်လာပြီး ဝေးလိုက်နီးလိုက်ဖြင့် ရင်းလူအားတွေ့မြင်နေရပါသည်။

မြင်ရပုံမှာမူ ခတ်မှန်ကိုနေရောင်တွင် ကြည့်ရှုသောအခါ ပေါ်လွင်နေသော သဏ္ဍာန်ကဲ့သို့တွေ့ရသည်၊

ဤလူပုဂ္ဂိုလ်ကိုတွေ့ရပြီးနောက်ရဟန်းပုဂ္ဂိုလ်တပါးပေါ်လာပြန်လေသည်။ ထိုအချိန်တွင် လူပုဂ္ဂိုလ်မှာမူ ပျောက်ကွယ်သွားပါသည်။ ရဟန်းပုဂ္ဂိုလ်တပါးတည်း နီးလိုက်ဝေးလိုက်ဖြင့်ရှိနေပြန်သည်။

ဤသို့မြင်တွေ့နေပြီး မကြာမီ ပျောက်ကွယ် သွားပြန်သည်။ ထို့နောက်အခြားတပါး ပေါ်လာပြန်သည်

နောက်ဆုံး ကိုအေးလွင် တွေ့လိုက် ရသော အကြောင်းများမှာ လူပုဂ္ဂိုလ်နှင့် ရဟန်းတော်(၃)ပါးကို တွေ့ရပါသည်။ တပါးမှာမူ အသက်အရွယ် အတော်ပင်ကြီးရင့်နေလျက်ရှိသည်။

ကိုအေးလွင်သည်အာရုံခံကြည့်ရှုပြီးသော အချိန် အနည်းအတွင်း၌ကိုဘချစ်သည် သူ့နားသို့ ရောက်ရှိလာသည်။

'အေးလွင် မင်းမဆိုးဘူးကွ'

'ဘာကြောင့်....'

'မင်းတရားထိုင်နေတာ ငါအဝေးက လှမ်းကြည့်နေတယ်၊ မင်းကိုယ်ဟာ နည်းနည်းလေးမှ မလှုပ်မရှက် ငြိမ်နေတာတွေ့ရလို့ပါကွာ....'

'ဒါဘာဖြစ်သလဲ'

'ငါစောင်မင်းလို ကျင့်ကြံချင်တဲ့စိတ်ပေါ်လာလို့ပါ'

ဒါနဲ့မင်းအာရုံပြုကြည့်တော့ ဘာတွေ့ရသလဲ....'

'ရဟန်း (၃)ပါးနဲ့ လူပုဂ္ဂိုလ်တဦးတော့'တွေ့ရတယ်'

အဲဒီတော့ မင်းမမေးကြည့်ဘူးလား'

'ဘာမေးကြည့်ရမှာလဲ....'

'ခေတ်ခန်းကြွဖို့ကိစ္စပေါ့ကွာ'

'ဒီလိုမေးလို့မရဘူး....'

'ဘာကြောင့်—'

'ဥပမာ တခုပြောမယ်ကွာ၊ မင်းမသိတဲ့လူတွေကို လမ်းမှာ တွေ့တိုင်းစကားပြောသလား'

'ဘာပြောရမှာလဲ....'

'အဲဒီလိုပေါ့ကွာ၊ တဦးနှင့်တဦး သိကြ ခင်ကြတော့မှ ပြောတယ်နော်....'

'ဒို့ကျင့်ကြံတဲ့ အခါမှာလဲ ခေတ်ဆက်တဲ့ ပုဂ္ဂိုလ်ရယ်၊ ဆရာရယ်စတဲ့ ပုဂ္ဂိုလ်တွေနဲ့ တွေ့ကြတော့မှ စကား ပြောကြရတယ်၊ နောက်မို့ဆို မြင်ရပေမဲ့ သူ့လမ်းသူသွားပေါ့။ ငါ့လမ်း ငါသွားပေါ့ကွာ'

ဤသို့ သူတို့နှစ်ဦး အချေအတင် စကားပြောဆိုနေကြစဉ် အမှတ်မထင်....

'ဗိုလ်ဆရာကြီး ထမင်းစားရအောင်....'

ထိုအသံကြောင့်....

'ကောင်းပါပြီ'ဟု ဆိုကာ နှစ်ဦးသား ထိုနေရာမှ ထွက်ခွာလာခဲ့ကြပါသည်။

သူတို့ နှစ်ဦးသည် ထမင်း စားသောက်ကြပြီးနောက် ခေတ်ခန်းပေါ်သို့ ပြန်ရောက်လာကြပါသည်။

မကြာမီ....

ခေတ်စီးသောသူသည် ခေတ်ခန်းထဲသို့ ရောက်ရှိ လာပြီး နောက် ဆရာတော်ကြွမည်ဖြစ်ကြောင်း ပြောပါသည်။

ထို့နောက်

ခေတ်စီးသူသည် ခေတ်စီးပါတော့သည်။ ယခုကြွ လာသူ သည့် ဘွဲ့အမည်ကိုပြောပြီး တရားဟော ပါသည်။ ဟောသော တရားများမှာ ဝိပဿနာ တရားပင် ဖြစ်ပါသည်၊ ကောင်းပါ သည် နာကြားရသူအဖို့ တရားရရှိနိုင်ပါသည်။ အသံသြဇာလည်း ကောင်းပါသည်။

သို့သော်....

ခေတ်ခန်းတွင်းရှိ ရုပ်တော်မှုဘုရား ကိုယ်တော် ကြီးကို လက်ညှိုးထိုးပြီး ၎င်းဘုရားသည် ဤ ခေတ်ခန်းသို့ ကြွရောက် သီတင်းသုံးပုံကို အကျယ်တဝင့်ခန့်ဟောပြောပြပါသည်။

၎င်းဘုရားကြီးသည် မိုးပေါ်မှ ဒေသစာရီ ကြွမြန်းပြီး ၎င်းခေတ်ခန်း၏ အိမ်ခေါင်မိုးကို ဖောက်ခါ ၎င်းတို့ကိုယ်တိုင်ပင့် လာရကြောင်း ပြောပါသည်။

ထို့ကြောင့်

ဤမျှလောက်ဘုန်းတန်ခိုးကြီးမားသော ဘုရားကြီးသည် အဘယ်ကြောင့် နှစ်ပေါင်း(၂၀)အတွင်း ဤမျှသော ခေတ်ခန်း ကလေးတွင့်ကိန်းဝပ်စံပါယ်နေပါသလဲဟူသောအသိစိတ်ကလေး များသည် ကိုအေးလွင်အဖို့ သံသယဝင်မိပါတော့သည်။

နောက်ပြီး....

ဓာတ်စီးနေသော ပုဂ္ဂိုလ်ကာပင် ၎င်းတို့ ရွာရှိသူများက အောက်လမ်းဆရာတွေဟုသတင်းလွှင့်နေကြောင်း၊ ယခုဓာတ်ခန်း ပိတ်ရသည်မှာ မသူတော်တွေလာမည်ဖြစ်၍ ပိတ်ထားရကြောင်း၊ စသည်ဖြင့် ပြောကြားသွားပါသည်။ ၎င်းရဟန်းပုဂ္ဂိုလ် ပြန်ကြွ သွားသော်လည်း ဓာတ်စီးသောသူမှာမူ ချက်ခြင်းအိပ်ရာမှ လန့် နိုးသကဲ့သို့ ဖြစ်ပြီး ကယောင်ကတန်းဖြစ်နေပါသဖြင့် ထိုသူအား အမည်နာမခေါ်ခေါ် လှုပ်လိုက်တော့မှ သတိ ပြန်လည် ရရှိလာ တော့သည်။

# ၂၀

အောက်လင်း မီးအိမ်ကြောင့် ခေတ်ခန်း တခုလုံးပင် အလင်းရောင် အားကောင်းလျက်ရှိပါသည်။

လရောင်အောက်ဝယ် ထိုရွာကြီးသည် အိပ်မောကျလျက် ရှိနေပါသည်။

အိပ်မော ကျနေသူတဦး အိပ်ပျော် နေခြင်း ကဲ့သို့ပင်

ညဏ်တိက်ဆိတ်ခြင်းကိုဖြိုခွင်းနေကြသူတွေကာမူ ညဥ့်ငှက် မျိုးစုံ၏ အသံများပင်ဖြစ်ပေသည်။

ခေတ်ခန်းထဲတွင် အိပ်နေကြသော လူအပေါင်းတို့သည် အိပ်မောကျလျက်ရှိလေသည်။ သို့သော် နှစ်နှစ်ခြိုက်ခြိုက် အိပ် ပျော်ခြင်းမရှိသူမှာမူ ကိုဘချစ်တဦးပင်ဖြစ်ပါသည်။

သူသည် ဤခေတ်ခန်းသို့ရောက်ရှိလာခြင်းမှာ သူသိလို သော အကြောင်းကိစ္စကို အခြေခံလာသောကြောင့်ပင်။

သူသည်ခေတ်ခန်းရှိ ပုဂ္ဂိုလ်တို့အား သိလိုသော ကိစ္စကို မေးမြန်းလိုပါသည်၊ ထို့ကြောင့် ဤညအဖို့ မအိပ်နိုင်သော ဝေဒနာတခု စွဲကပ်နေပါတော့သည်။

မမြော်လင့်ဘဲ လူတဦး၏အသံတခုသည် ခေတ်ခန်းဆီသို့ ပျံ့လွင့်လာပါသည်။

'ဟေ့ သောင်းမြင့်၊သောင်းမြင့်....'

ထိုနာမည်ကို ပီပီပြင်ပြင်ခေါ်နေသောအသံကြောင့်

ဓာတ်ခန်းတွင်းမှ အသံတခုကလည်း ၎င်းအသံနှင့်အတူ မရှေးမနှောင်း ပေါ်ထွက်လာပါသည်။

'ဟေ့ သောင်းမြင့်၊ ဘိုးတော်...........ရောက်နေတယ်၊ မင်းကိုလဲ ခေါ်နေတယ်....'

သောင်းမြင့် ဆိုသူ၏နံဘေးရှိ လူတဦးက လှုပ်နှိုးလိုက် သောကြောင့်

'ဟုတ်လား....'ဟုဆိုကာ ကဗျာကယာထလိုက်ပြီး

'ခု ဘယ်ကခေါ်နေတာလဲ...'

'အောက်ကပေါ့....'

'ဒီလိုဆို ဒို့သွားကြရအောင်....'

သောင်းမြင့်၏ အဖော်စပ်လိုက်ခြင်းကို ကျန်လူအားလုံး က သဘောတူလိုက်ကြပါသည်။

ဤသို့ လှုပ်လှုပ်ရွရွ ဖြစ်နေသောကြောင့် ကျန်တဖက် တွင်ရှိနေသော ကိုဘချစ်က စတင်၍သူတို့၏အခြေအနေကိုအကဲ ခပ်နေပါတော့သည်။ ဓာတ်ခန်းပေါ်ရှိ အခြားသူ အားလုံး သည် အောက်တွင်ရှိနေသည့်ဖိုထိုးသော အခန်းတွင်းသို့ ရောက် ရှိနေကြသည်။

ဓာတ်ခန်းပေါ်တွင် ကိုဘချစ်နှင့် ကိုအေးလွင်တို့ နှစ်ဦး သာ ကျန်ရစ်ခဲ့ကြပါသည်၊

ဤအချိန်ထိ ကိုအေးလွင်မှာ တခေါခေါနှင့် အိပ်မော ကျနေတုံးပင်၊

'ဟေ့ အေးလွင်၊အေးလွင်....'

ကိုဘချစ်က ကိုအေးလွင်၏လက်မောင်းကိုကိုင်၍ လှုပ်နှိုးလိုက်ပါသည်။

'ဘာလဲကွ....'

ကိုအေးလွင်သည် သူ့အိပ်ချင်သေးသော ဇောစိတ်က ဤမျှလောက်ပင် စကားပြောပြီး ပြန်အိပ်နေပြန်သေးသည်။

'ဒီကောင်တော့ ခက်ပါတယ်....'

ကိုဘချစ်သည် စိတ်မရှည်နိုင်သည့်အဆုံးတွင်

'ဟေ့ကောင် ဘိုးတော်...........ဆိုတာ လာနေတယ်၊ သအုံးကွ....'

'အေး၊ ဟုတ်လား....'

ကိုအေးလွင် ဒီတော့မှထဖြစ်ပါသည်။

'ရန်ကုန်ကညွှန့်သည်တွေ အောက်ကိုလာကြအုံး....'

ဤအသံက ဘိုးတော်...........အမိန့်ပင် ဖြစ်ပါသည်။ တိတ်ဆိတ်နေခြင်းကို ထိုးဖေါက်လိုက်ခြင်းကြောင့်၊

'ဟော ငါတို့နှစ်ယောက်ကိုခေါ်နေပြီ....'

'ဒီလိုဆိုလဲ သွားကြတာပေါ့...'

ကိုဘချစ်၏ မျက်နှာတခွင်သည် ရှင်ပျ လျက်ရှိနေ၏၊

သူတို့နှစ်ဦးသည် အောက်တွင်ရှိသော ဖိုထိုးသောတဲကလေးဆီသို့ ရောက်အောင် သွားကြပါသည်၊ ၎င်းတဲထဲတွင် ဘိုးတော်—........ဆိုသည့် ပိတ်ပြုဝတ်ပြီး သူ၏ မျက်နှာတခွင်သည် အမှောင်ရိပ်ထဲတွင်ရှိနေပါသည်။

'ကဲ ဝင်လာကြ၊ ဝင်လာကြ၊ မင်းတို့က ဘေးဖယ်ပေး ကြအုံး....'

ဦးစွာရောက်နေကြသောသူများကို ဘေးတဖက်သို့ ဖယ်ရှားကြရန် ပြောနေပါသည်။

'မင်းတို့ရန်ကုန်ကနှစ်ယောက် ရှေ့တိုးခဲ့ကြ....'

ကိုဘချစ်နှင့် ကိုအေးလွင်တို့နှစ်ဦးသည် ရိုသေကိုင်းရှိုင်းစွာ ဘိုးတော်ဆိုသူအား ဝတ်ပြုလိုက်ကြပါသည်။

ကိုဘချစ်သည် ဘိုးတော်ဆိုသူ၏ ပိတ်ဖြူကို သေချာစွာ ကိုင်ကြည့်လိုက်ပါသည်။

'တယ်ကောင်းတဲ့ တက်တရွန်ပိတ်ပါလား၊ ဘိုးတော်ဆိုတဲ့ပုဂ္ဂိုလ်ဟာ ဒို့ထက်အကောင်းစား ဝတ်ရသေးတာဘဲနော်....' ဟု စိတ်ထဲကတဦးတည်း ရေရွတ်မိပါသည်။ ထို့နောက် ကိုဘချစ်သည် ဆက်လက်ပြီး ဘိုးတော်ဆိုသူကို ဝိဇ္ဇာစစ်မစစ် သိရန် ဘိုးတော်၏ ခြေသလုံးမွေးကိုဆွဲနှုတ်လိုက်သောအခါ

'ဟဲ့ ငါ့ခြေထောက်မွေးတွေ ဘယ်သူ ဆွဲနှုတ်တာလဲ....'

ဤသို့ဘိုးတော်က အော်လိုက်ပါသည်။

ကိုဘချစ်မှာမူ ထိုအသံကြောင့် ဆိတ်ဆိတ်မျှမလှုပ်ဘဲအသာအယာ ငြိမ်သက်စွာနေလျက်ရှိပါသည်။

'ကဲ မင်းတို့ကို သိဒ္ဓိမြှောက်မဲ့ပစ္စည်းတွေ ပေးခအုံးမယ်....'

ဤသို့ ပြောဆိုပြီး သူ့လက်ထဲတွင်ရှိသော ငှက်ပျောသီးတဖီးမှတဦးလျှင် သုံးလုံးစီပေးပြီးနောက် ခတ်လုံးတလုံး ထပ်ပေးပြန်သည်။

'ခါတ်တော် ပေးပြီးပြီ၊ ဒို့တည်နေတဲ့ ဘုရား အတွက် လှူဒါန်းကြအုံးကွ....'

ဒီတော့ကိုဘချစ်သည်

'ဘိုးတော်ကြီး တခုလျှောက်ပါရစေ....'

'ဘာလျှောက်ချင်လို့လဲ....'

'မန္တလေးမှာရှိတဲ့ကျနော်ပိုင်တဲ့အိမ်ကိစ္စ လျှောက်မလို့ပါ'

'ငါတို့က ဘာကူညီရမှာလဲ....'

'အိမ်မြန်မြန် ပြန်ရဖို့ကိစ္စပါ....'

'အေးကွ အနန်းညွန့်ရယ်၊ အောင်သခြေရယ်၊ ဘုရားမှာ ထိုးလိုက်၊ မင်းကိစ္စတလအတွင်း အားလုံးပြီးစေရမယ်....'

'တကယ်လားဘိုးတော်....'

ကိုဘချစ်က ထပ်ဆင့်စောဒကတက်လိုက်ပြန်သည်။

'မင်းငါ့အကြောင်းမသိသေးဘူးလားကွ၊ ခါတ်ခန်းထဲ ကစာအုပ်ကိုမဖတ်ဘူးလား၊ ကိုယ်ပျောက်ဘဲ့ ဝိဇ္ဇာအကြောင်း'

'မသိသေးပါဘိုးတော်....'

ကိုဘချစ်သည်သူ့အိမ်ကိစ္စအောင်မြင်မည် ဆိုလိုက်သော ကြောင့် အထူးဝမ်းသာပြီး၊

'တပည့်တော်ဘုရားအတွက် ငွေ ၅ဝိလှူပါ်ဘယ်....'

ကိုဘချစ်သည် သူ၏ပိုက်ဆံအိတ်ထဲမှငွေကို လျှင်မြန်စွာ ထုတ်၍ လှူဒါန်းလိုက်ပါသည်။

'ဟော့ မင်းရော်မလှူဘူးလား....'

ကိုအေးလွင်ဘက်သို့ လှည့်ပြောပြန်သည်။

'ငွေတဆယ်လှူပါမယ်'

အလှူငွေ ထည့်လိုက်ပြီး

မကြာမီ သူတို့နှစ်ဦးသည် ငှက်ပျောသီး သုံးလုံးနှင့်အတူ ခေတ်ခန်းပေါ်သို့ပြန်တက်လာကြပါသည်။

ခေတ်ခန်းတခုလုံးတွင် သူတို့နှစ်ဦးသာ ရှိသည်။ ကျန်သူအားလုံးမှာ ဘိုးတော်ဆိုသူနှင့် ကျန်ရစ်ခဲ့ကြသည်။

သူတို့နှစ်ဦးက မိမိတို့အိပ်ရာပေါ်တွင် ခြေဆန့်လက်ဆန့် အိပ်မည်အပြုတွင်

ခေတ်စီးသောသူသည် ခေတ်ခန်းပေါ်သို့ ကုဗျာ စာရွတ်လာပြီး ကိုဘချစ်၏ ရှေ့သို့ရောက်ရှိခါ ဆရာတော် ခေတ်ဝင်လာပါတော့သည်။

ဝိပဿနာတရားအကြောင်းနှင့် ပတ်သက်ပြီး ဟောပြောပြီးနောက်....

ကိုဘချစ်သည် သူ့ပစ္စည်းထည့်ထားသောအိတ်ထဲမှ ရေမွှေးပုလင်းတပုလင်းကို ထုတ်ယူပြီး....

‘တပည့်တော်ကို ခေတ်တော်များ ချီးမြှင့်ပါအုံး’

ထိုသို့လျှောက်လိုက်သောအခါတွင်ဆရာတော် ခေတ်စီးနေသော ပုဂ္ဂိုလ်က....

‘မင်းရေမွှေးပုလင်းကို လက်နဲ့ပုလင်းဗူးဝကို ပိတ်ထားပြီး ကိုင်ထားနော်....၊ ငါဒီကခေတ်သွင်းလိုက်မယ်’

ကိုဘချစ်မှာ ရေမွှေးပုလင်းကို ခေတ်စီးနေသူ အမိန့်ပေးသည့်အတိုင်းကိုင်ထားလိုက်ပါသည်။

မကြာမီ

ခေတ်စီးသူသည် ပုလင်းကို သေချာစွာစိုက်ကြည့်ပြီး

'ဟောဓာတ်တော်တခုပုလင်းထဲကို ရောက်လာပြီနော်'

ထိုသို့ပြောလိုက်သောအခါတွင် ကိုဘချစ်သည် သူကိုင်ထားသော ပုလင်းကို ပြန်လည် ကြည့်ရှုလိုက်သည်။ ဓာတ်စီးသူပြောသည့်အတိုင်းပင် ဓာတ်တော်တဆူရောက်ရှိနေကြောင်းတွေ့ရ၏။

'ကဲ....နောက်ထပ်သုံးဆူရောက်လာအုံးမယ်၊ ငြိမ်ငြိမ်ကိုင်ထားကွ'

ကိုဘချစ်မျက်နှာသည် ဝမ်းသာအားရသော အသွင်ကိုချက်ချင်းဆောင်လာပါတော့သည်။

'ကဲကွာ ဒို့ဘုရားတည်နေတယ်၊ မင်းဘယ်လောက်လှူအုံးမလဲ'

ကိုဘချစ်အား ပြောလိုက်သောအခါ....

'တပည့်တော် တရာလှူပါ့မယ်'

'အေး....သာဓု....သာဓု....သာဓု'

ထိုအလှူခံခြင်းနှင့်ပတ်သက်၍ ကိုအေးလွင်သည် ဓာတ်ခန်းတွင် ချိတ်ဆွဲထားသော ဆိုင်းဘုတ်တခုဆီသို့ သူ၏မျက်လုံးအစုံက ရောက်ရှိသွားပါသည်။

'အလှူမခံ....'

ဟူသောဆိုင်းဘုတ်ရှိ စာတန်း ကလေးသည် မီးရောင်အောက်ဝယ် ထင်ထင်ရှားရှား ပေါ်လွင်နေပါသည်။

အလှူမခံ ဟူသော ဆိုင်းဘုတ်နှင့် အလှူခံ နေသောပုဂ္ဂိုလ်သည် မည်သို့ဆက်စပ်မှုရှိနေကြသနည်းဟူသော ဒွိဟစိတ်

သည့် တမျိုးတဖုံတော့ ကိုအေးလွင်အဖို့ ဝေဖန် လာပါတော့ သည်။

'ဆရာတော်....တပည့်တော်ကို ပုတီးတကုံး ချီးမြှင့်ပါ....'

ကိုဘချစ်၏ တောင်းခံ လိုက်သော စကားနှင့် မရှေး မနှောင်းပင်၊ခေတ်စီးနေသူသည် လက်တဖက်ကို နံဘေးရှိဖျာနှင့် သူ့ လက်နှင့် ပွတ်လိုက်ပြီး တချက်တည်း ဆုပ်ကိုင် လိုက် ပါသည်။

ထိုအချိန်တွင် ခေတ်စီးသူလက်ထဲတွင် ပုတီးတကုံး ပါ လာသည်၊ ၎င်းပုတီးကိုလှမ်း၍ ကိုဘချစ် လက်ထဲသို့ ပစ်ပေး လိုက်သည်။

'နောက် အလှူခံရအုံးမယ်၊ ခေတ်ခန်းမှာရှိတဲ့ အောက် လင်း မီးအိမ်က ရေနံဆီ မရှိဘူးကွ၊ အလှူငွေ ထည့်ပါအုံး....'

အလှူခံပုဂ္ဂိုလ်၏အလှူခံနေခြင်းကို ကိုဘချစ် ကလည်း နောက်ထပ် ငွေသုံးဆယ် ထပ်လှူလိုက်ပြန်သည်။

'သာခုကွယ် သာခု'

သာခု ခေါ်သံပြီးဆုံးသွားသောအခါတွင်....

'တပည့်တော် ကိုလဲ ပုတီး တကုံးလောက် ချီးမြှင့် ပါအုံး'

ကိုအေးလွင်က သူလိုချင်သည်ကို လျှောက်ထားလိုက် ပြန်သည်။

သို့သော်....

'မင်းမှာ စောင့်ရှောက်တဲ့ ပုဂ္ဂိုလ်တွေ အများကြီး ရှိ တယ်၊ မလိုပါဘူး၊ ငါ ကြွမယ်....'

ဟုပြောခါ ခေါတ်စီးသော ပုဂ္ဂိုလ်ထံမှ ထွက်ခွာ သွားပါတော့သည်။

ကိုအေးလွင်မှာနောက်ထပ်မစဉ်းစားတော့ဘဲ မိမိရောက်ရှိနေသောအချိန်ထိ တွေ့လိုက်ရသောတဒင်္ဂဖြစ်ရပ်ကလေးများကို တွေးလျက် ၎င်း၏ ဖတ်ဘူး၊ လေ့လာ၊ကျင့်ကြံ အားထုတ်မှုပေါ်တွင် ဝေဖန်သုံးသပ်ခါ အိပ်ပျော်သွားချေ၏။

ကိုဘချစ်က အကြံအစည်ရှိထားသူတဦး၏ လိုအင်ဆန္ဒပြည့်ဝသောကြောင့် ၎င်း၏ လသာရက်သည် သူ့အဖို့ မေ့နိုင်တော့မည်မဟုတ်ချေ။

သူတို့နှစ်ဦး ရန်ကုန်သို့ ပြန်လည်ရောက်ရှိလာသည်။ကိုဘချစ်သည် ဘိုးတော်ဟောလိုက်သည့်အတိုင်း သူ့အိမ်ရှိဘုရားစင်တွင် ယုံယုံကြည်ကြည်ဖြင့် ခေါတ်ရိုက် ခေါတ်ဆင် လိုက်ပါသည်၊

လ, ပေါင်းများစွာ ကူးခဲ့လေသည်။

တနေ့ ကိုဘချစ်တယောက် ရွှင်သိုးသိုး မျက်နှာပေးဖြင့် ကိုအေးလွင်အိမ်ပေါ်သို့တက်ရောက်လာပြီး....

'ဟေ့....အေးလွင်၊ ငါ့အိမ်ကိစ္စကလဲ ခုဆို(၃)လတောင်ကျော်ပြီကွ၊ ဟို....ဘိုးတော်ပြောလိုက်တာ မှန်လဲမမှန်ဘူးကွ....'

'မင်းက လောဘကို ရင်မှာပိုက်ပြီး သွားတဲ့လူ'

ကိုအေးလွင်သည် ရယ်မောကာ သူပြောသော စကားများကို ပျက်ရယ်ပြုလိုက်ပါတော့သည်။

'ဒီမှာသူငယ်ချင်း....ဟောဒါမှန်တယ် မှားတယ်ဆိုတာထက် အဲဒီပုဂ္ဂိုလ်တွေဟာ ဘယ်လိုကျင့်ကြံ အားထုတ်တယ်ဆို

တာကို မင်းမှာ ဝိဇ္ဇာတို့ရဲ့ ပညာနဲ့ ကြည့်ပြီးပြောမှ လိုရာခရီး ရောက်မှာပေါ့၊ တနည်းဆိုရရင် ချက်ချင်း ဆုံးဖြတ်တာထက် ယှဉ်ထားဘူဘကျကျ အကျိုးအကြောင်းနဲ့ ဆုံးဖြတ်စမ်းပါ....'

ဒါကြောင့်ဆန္ဒစောမှုတွေဟာ ဘယ်ကိစ္စမဆို မှားယွင်း တာများတာပေါ့ကွာ၊ အဲဒီပုဂ္ဂိုလ်တွေ ကျင့်ကြံမှုတွေဟာ စူလ ဂန္ဓာရီဝိဇ္ဇာလမ်းလား၊ ဒါမှမဟုတ် မဟာဂန္ဓာရီဝိဇ္ဇာလမ်းလား ဆိုတာ မိမိမှာကိုယ်ပိုင်သိလ၊ သမာဓိ၊ပညာတွေရှိဘို့ အရေးကြီး တယ်။မင်းမှတ်မိအုံးမှာပေါ့၊ မင်းကိုရေမွှေးပုလင်းထဲခေတ်တော် တွေ သွင်းပေးတုန်းက ပြောတဲ့စကားလေ....'

ဤသို့ ကိုအေးလွင်အမေးကြောင့်....

'ငါ ကောင်းကောင်းမမှတ်မိဘူး....'

'ငါ့ဆီမှာ အစောင့်အရှောက် တွေ့ရှိလို့ သူမပေးနိုင်ဘူး ဆိုတာ....'

'အေး....ငါမှတ်မိပြီ....'

'ဒါပေါ့သူငယ်ချင်း ငါလို(သမထ)ယာနိကကို ကျင့်ကြံ ရင်တော့ ဘယ်လိုပုဂ္ဂိုလ်ဟာ ဘယ်ဝိဇ္ဇာ အကျင့်ရှိတယ်ဆိုတာ မင်းသိထားနိုင်မယ်....'

ကိုအေးလွင်ကဤသို့ပြောလိုက်ပါတော့သည်။

သူတို့နှစ်ဦးဤသို့ပြောဆိုပြီးနောက် ကိုဘချစ်ထပြန်သွား ပါတော့သည်။

(သမထ) ဦးအောင်မြတ်

(သမထ) ဦးအောင်မြတ်

မြန်မာပြန်

# ခရားဇက်

## ကမ္ဘာကျော်စိတ်တန်ခိုးရှင်

ဥရောပ နိုင်ငံအသီးသီးနှင့် အမေရိကန်နိုင်ငံတို့မှ ရဲအဖွဲ့ကြီးများ မှုခင်းထောက်လှမ်းရေး အဖွဲ့ကြီးများ၊ အမေရိကန်မှ ကမ္ဘာကျော် အတ်ဖ်-ဘီ-အိုင် အဖွဲ့ကြီးစသည် တို့ကပင် ခရားဇက် ထံမေတ္တာရပ်ခံ အကူအညီတောင်း ကြရသည်။

- စိတ်တန်ခိုးရှင် **ခရားဇက်**၏စိတ်တန်ခိုး စွမ်းအင်ဖြင့်လျှို ဝှက်ခက်ခဲသော မှုခင်းများကို ထောက်လှမ်း ဖော်ထုတ် နိုင်ခဲ့သည်။

- စိတ်တန်ခိုးရှင် ခရာဇက်၏ စိတ်တန်ခိုး စွမ်းအင်သည် **အတိတ်၊ပစ္စုပ္ပန်၊အနာဂါတ်** ဤသုံးပါးကိုတသားတည်း ထိုးဖောက်၍မြင်နိုင်သည်။

- တခေါက်မှာ တယောက် ယွန်းပေါက်လာသော ဤ ပုဂ္ဂိုလ်နှင့်ဤစိတ်တန်ခိုး စွမ်းအင် အကြောင်းကို ဆရာ ဦးအောင်မြတ်က စိတ်သုတေသီ များအတွက် ရှားရှား ပါးပါးရှာဖွေပြုစုတင်ပြထားသည်။

**မြတ်စာပေမှထုတ်ဝေသည်။**

ဖြန့်ချိရေး---

**ကဝိရတနာစာပေ**
၂၀၄၊ ၃၀-လမ်း၊
ရန်ကုန်မြို့။

ဦးပြည်သိမ်း

ပြုစုတင်ပြသည်။

# ☆ ဝိဇ္ဇာလောက ☆

လူတိုင်း စိတ်ဝင်စားမည့်

စာအုပ်ကောင်း တအုပ်

ကဝိရတနာစာပေ
၂၀၄၊ ၃၀-လမ်း၊

★ လောကဓံမျက်နှာဖုံးကို ရဲရဲတင်းတင်း ခွာချလိုက်မည့် ပွဲတော်ကျင့်စဉ်၊

★ ဘဝသံဒါးမှ မိန်းမော တွေဝေသူတို့ကို လှုပ်နှိုးစေမည့် သမထတန်ခိုး၊

★ ကသုတ်ကရက် ပြေးတတ်သောစိတ်ကို ရင်ကြားစေ့ပေးမည့်နည်း၊

# ပွဲတော်စိပ်ပုတီးနှင့် ကျင့်စဉ်များ

(စိတ်ကိုစိတ်ဖြင့်ဟောမည်)
ဦးမောင်မောင်ညွန့်

ထွက်ရပ်ပေါက်ဆရာတော်များ၏ ပွဲတော်နှင့် ဘဝအထွေထွေကို တစ်ကြိမ်ဖတ်ရမည်၊လေ့လာရမည်။ (စာမျက်နှာ ၃၂၀ကျော်)

ထွက်ပါတော့မည်

ကဝိရတနာ
စာပေတိုက်

၁၀၄၊၁၀၀လမ်း

အရှင်သုသုက

ပြုစုရေးသားသော

'သမ္ဗုဒ္ဓေ အမျိုးမျိုးနှင့် တန်ခိုးသိဒ္ဓိများ'

မကြာမီထွက်မည်


ဖြန့်ချိရေး

ကဝိရတနာစာပေ

## ဤစာအုပ်တွင်

— ဝိဇ္ဇာဘယ်နှစ်မျိုးရှိသလဲ....။

— ပါရမီစရဏလမ်းစဉ်ဆိုတာ ဘာလဲ။

— ပေါက်ဆရာ (၆၄) ပါး ဆိုတာ ဘာကို ဆိုလိုတာလဲ....။

— ဝိဇ္ဇာဆရာကြီးများ ဘယ်အချိန်မှာ ကယ်မသလဲ....။

— မျက်မှောက်ခေတ် ရှုပ်ထွေးနေသော (သမထ) လမ်းကြောင်း....။

တို့ကို ပီပီပြင်ပြင် တင်ပြထားသည်။

မြတ်စာပေ

၅၃၊ ၉၄-လမ်း။